ဝင်းနိုင်ဦး (ရေနံ) မြန်မာပြန်

# ကမ္ဘာကျော်မှုခင်းကြီးများ



## ကမ္ဘာကျော်ချစ်မုန်းမာန် မှုခင်းကြီးများ

## THE WORL GREATEST CRIMES OF PASSION

ပန်းချီ ထွန်းအောင်

### ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ပဉ္စ ဂုဏံ အပယံ ဝန္ဒာမိ

ဝင်းနိုင်ဦး (မြန်မာပြန်) - ကမ္ဘာကျော်မှုခင်းကြီးများ

အဖုံးခွင့်ပြုချက်အမှတ် - ၆၂၀ / ၂၀၀၃ (၆)
စာမူခွင့်ပြုချက်အမှတ် - ၁၀၄၅ / ၂၀၀၂ (၁၀)
ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၇၀၀ ကျပ်
အဖုံးနှင့်အတွင်းပုံနှိပ်သူ - ဒေါ်မြင့်မြင့်တင်
(မြင့်သီဂီပုံနှိပ်တိုက်)
အမှတ် (၂၀၈)၊ လမ်း -၃၀၊
ပန်းဘဲတန်း၊ ရန်ကုန်မြို့။
ထုတ်ဝေသူ - ဦးလှနိုင် (မြတ်စာပေ)
အမှတ် ၆၆၊ ဗိုလ်ဥတ္တမလမ်း၊
ကြည့်မြင်တိုင်၊ ရန်ကုန်။
ဖြန့်ချိရေး - မြတ်စာပေ၊ (ဖုန်း-၇၀၄၄၉၀)
အမှတ်-၁၉၀၊ ၃၁ လမ်း၊ ရန်ကုန်။
စီစဉ်သူ - ကိုလှနိုင် (မြတ်)
အထက်မြန်မာပြည် - နဂါးစာပေ၊ (မန္တလေး)
ဖြန့်ချိရေး ထွန်းဦးစာပေ (မန္တလေး)

# ဝင်းနိုင်ဦး (မြန်မာပြန်)

# ကမ္ဘာကျော် မှုခင်းကြီးများ

ဖြန့်ချိရေး

မြတ် - စာပေ

၁၉၀၊ ၃၁ လမ်း၊ ရန်ကုန်။

# နိဒါန်း

ချစ်ခြင်းမေတ္တာ၊ သဝန်ကြောင်၊ သဝန်တိုမှု၊ လက်တုန့်ပြန် လက်စားချေမှုနှင့် ချစ်အားငယ်မှုတို့မှာ လူတိုင်းနားလည်သဘော ပေါက်နိုင်သည့်အကြောင်းအရာများ ဖြစ်သည်။ Mass Murders ခေါ် လူပေါင်းများစွာအား သွေးအေးအေးဖြင့် အကြောင်းမဲ့ သတ်ဖြတ်သည့် လူသတ်သမားသို့မဟုတ် Sex Killers ခေါ် ကာမဓါးပြ လူသတ်ကောင်တို့၏ စိတ်ပိုင်းဆိုင်ရာ အကြောင်းအရာကို နားလည်သဘောပေါက်ဖို့ဆိုသည်မှာ မလွယ်ကူ။ အလွန်ခက်ခဲသောအလုပ် ဖြစ်ပါသည်။

ဤစာအုပ်တွင် ပါဝင်သောအချစ်နှင့်ပတ်သတ်၍ ကျူးလွန်ခဲ့ကြသည့် ဇာတ်လမ်းတို့မှာ၊ ဖြစ်ရပ်မှန်မှုခင်းဇာတ်လမ်းတို့ ဖြစ်ကြပြီး၊ စာဖတ်သူအချို့တို့ ခံစားမိကြသကဲ့သို့ အချို့လည်း မိမိတို့အမှားကို ပြုပြင်ပေးဆပ်သွားကြမည်ဟု ယုံကြည်မိပေသည်။ သမုဒ္ဒယလောကီဘုံအတွင်း ချစ်ခြင်းသမုဒ္ဒယနှင့်မကင်းကြသူ မှန်သမျှ၊ မကြာခဏဆိုသလို သုံးပွင့်ဖူးစာကံနှင့် ကြုံမှကြုံတတ်ကြပြီး အချစ်အတွက် ရတက်မအေးနိုင်ကြဘဲ ဘဝများ ကြေမွပျက်ပြုန်းသွားခဲ့ကြသည်လည်း ရှိကြမည်ဖြစ်ပါသည်။ ယင်းသုံးပွင့်ဖူးစာကြေကွဲစရာ ချစ်ဇာတ်လမ်းမျိုးမှာ လူ့သမိုင်းစကတည်းက တွေ့ခဲ့၊ ကြုံခဲ့၊ ဆုံခဲ့ကြပြီး ကမ္ဘာကုန်ကျယ်သရွေ့ တွေ့ကြရ ကြုံကြရသည့်ဘဝဖြစ်စဉ်များသာ ဖြစ်ပါသည်။

ပြင်သစ်နှင့်အခြား လက်တင်နိုင်ငံတို့၌ ချစ်ရေး၊ ချစ်ရာ

စိတ်လှုပ်ရှားမှုဆိုင်ရာ ရာဇဝတ်မှုခင်းတို့နှင့် ပတ်သတ်၍ အထူးငဲ့ညှာစာနာသနားမှု တစ်ရပ်အနေဖြင့် ပြစ်ဒဏ်လျှော့ပေါ့စီရင်ကြလေ့ရှိကြသည်။ ပွင့်ပွင့်လင်းလင်းပြောရလျှင် ချစ်သူတို့၏ သဝန်တိုမှု သို့မဟုတ် စိတ်ပျက်၊ စိတ်ခြောက်ခြားမှုကြောင့် ကျူးလွန်ဖြစ်ပွားကြသော ရာဇဝတ်မှုခင်းတို့ကို ဆိုလိုခြင်း ဖြစ်သည်။ အကယ်၍ အလွန်ရက်စက်ကြမ်းကြုတ်သော လင်ယောကျာ်းတစ်ယောက်၊ ဥပမာအားဖြင့် သူဇနီး၏ တိတ်တိတ်ပုန်း လင်ငယ်အား သေနတ်ဖြင့် ပစ်သတ်မှုဆိုကြပါစို့၊ ယင်းသို့သော ပြစ်မှုမျိုးဆိုလျှင် လင်ငယ်အား ပစ်သတ်သူတရားခံ လူသတ်သမားလင်ကြီးမှာ ပြစ်မှုဆိုင်ရာ ရာဇသတ်ကြီးပုဒ်မအရ ကျခံရမည့် ပြစ်ဒဏ်မှ လုံးဝတရားသေလွတ်ငြိမ်းချမ်းသာခွင့် ရရှိနိုင်ပေသည်။ တရားဥပဒေ ရှုထောင့်မှ လင်ကြီးဖြစ်သူကို သူ၏မယား ကြာခိုမှုအား တိုက်ခိုက်မှုအပေါ် ထိုသူ၏ လက်ထပ်ပေါင်းသင်း အိမ်ထောင်ပြုမှု၏ ဖြူစင်သန့်ရှင်းစင်ကြယ်မှုကို ကာကွယ်စောင့်ရှောက်ခြင်းအဖြစ် (as defending the conctity of his marriage) ထင်မြင်ယူဆခြင်း ဖြစ်ပြီး တရားဥပဒေကလည်း လိုက်လျောညီထွေ မညီမညာဖြစ်အောင် စီရင်သုံးသပ် ဆုံးဖြတ်ခြင်းပင် ဖြစ်ပါသည်။

သို့သော်လည်း ယင်းတရားစီရင်ရေးစနစ်မျိုးကို အင်္ဂလိုဆက်ဆွန်ခေါ် ဥရောပအင်္ဂလိပ်ဘာသာစာပေသုံးစွဲသော နိုင်ငံတရားရုံးတို့၌ မကျင့်သုံးကြချေ။ အချစ်ရူးရူးခြင်းနှင့် အချစ်နှင့်ပတ်သတ်၍ လိုဘမပြည့်မှုတို့တွင် အခြေခံသော မည်သည့်ကျူးလွန်ခြင်း ပြစ်မှုမျိုးမဆို ဖော်ပြရာ၌ "သမုဒယမှုခင်း" (ကရိုင်းအော့ဖ်ပါရှင်း) ဟူ၍ ဝေါဟာရသုံးစွဲကြသည်မှာ ရေပန်းစားနေပေသည်။ ဇာတ်နိပါတ်၊ ဒဏ္ဍာရီ၊ အစွဲအလန်း၊ အယူသည်းမှု၊ ရိုးရာဓလေ့ပုံပြင်နှင့် စာပေကဲ့သို့ပင် တကယ့်သက်ရှိဘဝတွင် သဝန်တိုမှု၊ သဝန်ကြောင်မှုမှာလည်း သံသရာလည်နေသည့် အကြောင်းအရာအဖြစ် ကျန်ရှိနေပေတော့သည်။

ဤစာအုပ်တွင် ချစ်ရေးချစ်ရာ၊ အိမ်ထောင်ရေးနှင့် ပတ်သတ်၍ ဒေါသရှေ့ထားကာ "ရည်းစားလူလု၊ အူနုကျွဲခတ်၊ မယားထိခါးကြည့်" ကျူးလွန်မိကြသည့် ရာဇဝတ်ပြစ်မှုတို့ကို တစ်ဝကြီးဖော်ပြထားရာ၊ အချစ်နှင့် စွန့်စားခန်းများ လျှို့ဝှက်သည်းဖိုဆန်းကြယ်မှုများနှင့် ကြောက်စရာ၊ လန့်စရာဇာတ်လမ်းတို့လည်း ပါဝင်လေသည်။ မည်သို့ဆိုစေ၊ ယင်းတို့၏ သမုဒယယှက်နွယ်ချစ်ခြင်းရမ္မက်သဘာဝအလျောက် ကျူးလွန်ခဲ့ကြသော ရာဇဝတ်မှုခင်းအလုံးစုံကို စုရုံးတင်ပြထားခြင်း ဖြစ်သည်။ အချို့ဖြစ်ရပ်မှန်ဇာတ်လမ်းတို့ဆိုလျှင် သွေးဆူစရာ (ဒေါသအမျက်ခြောင်းခြောင်းထွက်လောက်စရာ) ကောင်းလောက်အောင် ကသောင်းကနင်းဖြစ်နေလင့်ကစား၊ တရားခံသည် စိတ်တည်တည်ငြိမ်ငြိမ် ပိပိရိရိ သွေးအေးအေးဖြင့် လူသတ်မှုကျူးလွန်သွားခဲ့ကြသည့် ဇာတ်လမ်းတို့ကို လည်း စာရှုသူတို့ဖတ်ရှုကြရမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

* * *

## ချစ်မုန်းမာန်

အသက်(၂၃)နှစ်အရွယ်ရှိ ကစ်တီဘိုင်ရွန်သည် သူမ ချစ်သူအား လန်ဒန်မြို့ စာတိုက်ဌာနတစ်ခု၏ လှေကားပေါ်၌ ဓါးဖြင့်အသေထိုးသတ်ခဲ့သည်။ သူမကျူးလွန်ခဲ့သော ပြစ်မှုအတွက် တရားရုံးတော်မှ လူသတ်မှုအဖြစ် အမှုစွဲဆိုစွဲချက်တင်ရမည်သာဖြစ်သည်။ ယင်းလူသတ်မှုမှာ ၁၉၀၂ ခုနှစ် အတွင်းက ကျူးလွန်ခဲ့သော သေဒဏ်ချမှတ်ခဲ့ရမည့် ပြစ်မှုပင် ဖြစ်သည်။ သေသူအာသာရီဘောကာအား တရားခံမ ကစ်တီတိုင်ရွန်က တိရစ္ဆာန်တစ်ကောင်နှင့်မခြား ရက်စက် ကြမ်းကြုတ်စွာဖြင့် နှစ်ချက်ဆင့်ထိုးသတ်ခဲ့ပြီးနောက် သွေးအိုင် ထဲလဲကျသေဆုံး နေသောသူမချစ်သူရီဂီဘောကာ အလောင်းပေါ် အရုပ်ကြိုးပြတ် ခွေကျသွားပြီး တစ်အား ဖတ်ကာ''ရီဂီ––အမလေး ရီဂီမောင်ရဲ့–မောင့်ကို နောက်ဆုံးအနမ်းလေးပေးပါရစေဦး– အမလေး ဟီး–ဟီး–ဟီး'' ဟူ၍ သနားစဖွယ် ကြူကြူပါအောင် ငိုကြွေးခဲ့သည် မှာလည်း အများအမြင်ပင်ဖြစ်သည်။

အခင်းဖြစ် လူသတ်မှုမှာ နေ့ကြောင်တောင် မျက်မြင်သက်သေ တစ်ဒါဇင်လောက်ရှေ့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ကဒ်တီဘိုင့်ရွန်က သူမ၏တိတ်တခိုးချစ်သူ လင်တော်မောင်ဘောဂါအား ဓါးဖြင့် နှစ်ချက်ဆင့်ထိုးသတ်ခဲ့သည်။ တစ်ချက်မှာ နောက်ကျောဖြစ်ပြီး၊ ကျန်တစ်ချက်မှာ ရင်အုံဖြစ်သည်။ ဒုတိယဓါးချက်ရင်အုံကို ထိုးစိုက်ချက်မှာ တစ်ချက်တည်းဖြင့် ပွဲချင်းပြီး

သေနိုင်လောက်သော ဓါးချက်ဖြစ်ပါသည်။ အထိုးခံရသူဘေဂါမှာ နေရာတွင်ပွဲချင်းပြီး လဲကျသေဆုံးသွားခဲ့ခြင်း ဖြစ်သည်။

အားလုံးက ဓါးဖြင့်ထိုးသတ်သူနက်မှောင်သော ဆံကေသာပိုင်ရှင်မလေးကိုသာ ဂရုဏာသက်ခဲ့ကြသည်။ မှုခင်းစစ်ဆေးသူ ရဲအရာရှိက(ကရိုနာ)၏ ဂျူရီလူကြီးတိုအား ကြိုတင်ရည်ရွယ်ခြင်းမရှိဘဲ လူသေမှုအား အဆုံးအဖြတ်ပေးရန် ခေါ်ယူတိုင်ပင်နှီးနှောခဲ့ပါသည်။ အခင်းဖြစ်အမှုကို ကိုင်တွယ် ကြသူသက်ဆိုင်ရာ ရာဇဝတ်ဘက်အရာရှိတို့မှာ အခင်းဖြစ်မှု အပေါ်သေစေလိုသော စေတနာမပါဘဲ သတ်ဖြတ်မှု(လူသတ်မှု)ဟုမယုံကြည်ကြချေ။ အသေဆိုးဖြင့် သေဆုံးမှုစစ်ဆေးသူ ရဲအရာရှိက ရိုနာက ဂျူရီလူကြီးတို့အား ဤသို့မေးမြန်းခဲ့သည်။ "ခင်ဗျားတို့ ဆိုလိုတာကအခင်းဖြစ်အမှုဟာ သေမသေစေဆိုတဲ့ မရွေရစိတ်မပါဘဲ တရားဥပဒေချိုးဖောက်ကာ သတ်ဖြတ်မှု (လူသေမှု) သဘောမျိုးဖြစ်ပါသလား"

"ဟုတ်ပါတယ်"ဂျူရီလူကြီး ခေါင်းဆောင်လုပ်သူက အခိုင်အမာထွက်ဆိုလေသည်။ သူက ဆက်လက်၍ "အချင်းဖြစ်မှုမှာ စိတ်လိုက်မာန်ပါ ဒေါသအလျှောက် သတ်ဖြတ်ခြင်း ဖြစ်ပါသည်။ ကျုပ်တို့ ဂျူရီလူကြီးအားလုံးက ကလေးမလေးကစ်တီဟာရီဂီအား တမင်သတ်ဖို့ရည်ရွယ်ချက်ဖြင့် သူ့ဆီလာခဲ့ခြင်း မဟုတ်ဟု ယုံကြည်ယူဆထားပါတယ်" ဟူ၍ ဖြေကြားခဲ့သည်။

အမှန်စင်စစ် ရီဂီဘေဂါထံသို့ ကစ်တီဘိုင်ရွှန်သွားရောက်ခဲ့ခြင်းမှာ သူ့အားသတ်ဖြတ်ရန် တမင်ရည်ရွယ်ချိန်ရှိနေခဲ့ကြောင်း



လယ်ပြင်ဆင်သွားသကဲ့သို့ သက်သေအထောက်အထား ခိုင်လုံနေပေသည်။ သို့နှင့်သက်ဆိုင်ရာ ရာဇဝတ်တရားရုံး၌ လူသတ်မှုဖြင့် ကြားနာစစ်ဆေးရန် တရားစွဲဆိုတင်ပို့ခဲ့သည်။

အခင်းမဖြစ်ပွားမီ လပေါင်းအတန်ကြာက ကစ်တီဘိုင်ရွှန်သည် ရီဂီဘေကာနှင့်အတူ ပေါင်းသင်းကာ လန်ဒန်မြို့အနောက်ပိုင်းအောက်စဖို့လမ်းအလွန် လမ်းအမှတ်(၁၈) အငှားအိမ်ခန်း၌ နေထိုင်ခဲ့ကြသည်။ ဘေဂါမှာ သားမယားရှိသူအိမ်ထောင်သည်ဖြစ်ပြီး စတော့ရောင်းဝယ်ရေးဌာန၌ အဖွဲ့ဝင်လူကြီးတစ်ဦးဖြစ်သည်။ ဘေဂါက အိမ်ရှင်အား သူနှင့်အတူသူ့အငယ်အနှောင်းကစ်တီဘိုင်ရွှန်တို့အား မစ္စတာနှင့်မစ္စစ်ဘေဂါအဖြစ် အသိပေးမိတ်ဆက်ထားခဲ့သည်။ ဘေဂါမှာ အရက်အိုးသမားဖြစ်ပြီး မကြာမကြာအရက်သေစာအလွန်အကျွံ မူးယစ်ကာ မယားငယ် ကစ်တီအား ရိုက်ပုတ် နှက်ပုတ်လုပ် တတ်သည်။ တစ်ခါကဆိုလျှင် မိန်းကလေးအား လည်မြို ညှစ်သတ်ဖို့ပင် ကြိုးပမ်းခဲ့သေးသည်။ သို့သော်ကစ်တီမှာ သူ့အပေါ်သစ္စာရှိရှိဖြင့် ဝတ္တရားမပျက်ပေါင်းသင်းနေခဲ့သည်။ သူမကတော့ မည်သည့်အခါမျှ မသောက်မစားဘဲ မိမိအပေါ် နှိပ်စက်မှုတို့ကို ဖုံးကာဖိကာ လုပ်ခဲ့ရှာသည်။

၁၉၀၂ ခုနှစ်၊ နိုဝင်ဘာ(၇) ရက် သောကြာနေ့ ည၌ ကြင်တို့ လင်မယားအကြီးအကျယ်ပြဿနာဆိုက်ခဲ့ကြသည်။ သူတို့အိပ်ခန်းထဲမှ ဝုန်းဒိုင်းဝုန်းဒိုင်း သတ်ကြပုတ်ကြသည့်အသံ သံများ ဆူညံစွာ ပေါ်ထွက်လာသဖြင့် အိမ်ရှင်အဘွားကြီး

ဘဲ အေးအေးဆေးဆေးနေခဲ့ကြသည်။ တနင်္လာနေ့ နံနက်ရုံး မသွားခင် ခင်ရီဂီဘောဂါက သူ့ဇနီးလေး ကစ်တီအတွက် လက်ဖက်ရည်ဖျော်၍ ယူလာပေးခဲ့သေးသည်။ ကစ်တီကလည်း သူချစ်သူအား နမ်းရှုံ့ကာ နှုတ်ဆက်ခဲ့လေသည်။ သူတို့အိမ်တွင်းရေး တည်ငြိမ်ပြင်ကွင်းတွင် နောက်ပိုင်းဇာတ်လမ်းဖြစ်ပွားလာမည့် အရိပ်အယောင်ကိုမျှ မတွေ့ရချေ။ ၁၉၀၂ ခုနှစ်၊ နိုဝင်ဘာ(၁၀) ရက် နေ့မှာ ရီဂီဘောဂါ၏ ဘဝဇာတ်သိမ်းရမည့် ဓါးထိုးပွဲနေ့ပင် ဖြစ်ပါသည်။

တရားဆိုင်သည့် ရုံးတော်၌ အခင်းဖြစ်အမှု၏ ဆက်စပ်မှုများ အထင်အရှားပေါ်ထွက်လာခဲ့သည်။ လန်ဒန်မြို့အနောက်ပိုင်းရပ်ကွက်၊ အိမ်ခန်းမှ မထွက်ခွာမီ အိမ်ရှင်အား ဘောဂါက နှစ်ကိုယ်ကြား စကားတစ်ခွန်းမေးခဲ့သေးကြောင်း သိရှိရသည်။ သူတို့အား ယင်းအိမ်ခန်း၌ ဆက်လက်နေထိုင်ခွင့်ပြုရန် တောင်းပန်ခဲ့သေးသည်။ သို့ရာတွင် အိမ်ရှင်အဒေါ်ကြီးက အခန်းမှ ထွက်ခွာပြောင်းရွှေ့သွားရန်သာ အဖြေပေးခဲ့သည်။ သို့နှင့် ဘောဂါက အခန်းရှင်အမျိုးသမီးကြီးအား ကစ်တီမှာ သူ၏ တရားဝင်ဇနီး မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ထိုမိန်းကလေးမှာ သူ့အားအမျိုးမျိုးဒုက္ခပေးခဲ့ကြောင်း သူမမှာ အဆင့်မရှိသူ ပေါက်လွှတ်ပဲစားဖြစ်၍ နက်ဖြန်တွင် သူမနှင့်ဝေးရာသို့ သွားတော့မည်ဖြစ်ကြောင်းကိုလည်း သိရှိရ၏

ဘောဂါနှင့် အိမ်ရှင်အမျိုးသမီးကြီး စကားပြောဆိုသံကို အိမ်ဖော်မိန်းကလေးတစ်ယောက်ကြားသွားခဲ့ပြီး ချက်ချင်းပင်



သိသွားခဲ့သည်။ အဖွားကြီးလည်း မနေသာတော့ဘဲ သူတို့အခန်းရှိရာ အပေါ်ထပ်သို့တက်ခဲ့ပြီး အခန်းထဲဝင်ခဲ့သည်။ အိပ်ရာခင်းများ စုတ်ပြတ်ကာ ကြမ်းပေါ် ပြန့်ကျဲနေသည်။ အခန်းထောင့်တစ်နေရာ၌ ဦးထုပ်တစ်လုံးမှာလည်း ကျေမွလွင့်စင်ကျနေသည်။ အိမ်ရှင်အဒေါ်ကြီးနှင့် အရက်သမားရီဂီဘောဂါတို့ ထိပ်တိုက်ရင်ဆိုင်ထိုးခဲ့ကြသည်။ သူမယားငယ် ကစ်တီက ကြားဝင်၍ တောင်းပန်ခဲ့သည်။ ''ကျွန်မတို့ဘာမှ မဖြစ်ကြပါဘူး-အို-အင်း-ဟဲ-ဟဲ-ကျွန်မတို့အချင်းချင်း နောက်ပြောင်ကျီဆယ်နေကြတာပါ'' ဟူ၍ အိုးနင်းခွက်နင်းဖုံးဖိကာ ပြောခဲ့လေသည်။

အိမ်ရှင်အဒေါ်ကြီးလည်း မကျေမနပ်အောင့်သက်သက်ဖြင့် သူမအခန်းသို့ ပြန်ခဲ့သည်။ အိမ်ရှင်မကြီး ပြန်သွားပြီး မကြာခင်၌ပင် သူတို့သတ်ပွဲပြန်စခဲ့ကြပြန်သည်။ ညဥ့်ဦးပိုင်း တစ်ချိန်လုံး ရန်ဖြစ်သံမစဲတော့ချေ။ နံနက် (၁:၀၅) မိနစ်တွင် အိမ်ရှင်လည်းမခံမရပ်နိုင်တော့ဘဲ သူတို့အခန်းသွား၍ ဝီတိုအာဏာသုံးတော့မှ နောင်ကျိန်တိုက်ပွဲရပ်စဲသွားခဲ့သည်။ ကစ်တီအား အပေါ်ထပ်စကြံထောင့်၌ ညဝတ်အကျီဖြင့် ကြောက်ကြောက်လန့်လန့်တုန်လှုပ်နေသည်ကို အဖွားကြီးတွေ့ရှိခဲ့ရသည်။ သူမမှာ ကြောက်လန့်တုန်လှုပ်နေသော်လည်း ဟန်ဆောင်၍ ဘာမျှမဖြစ်ပါဟု ဖြေကြားခဲ့ပါသည်။

နောက်နေ့နံနက်တွင် အိမ်ရှင်ဖြစ်သူက သူတို့လင်မယားအား အခန်းမှပြောင်းရွှေ့သွားကြရန် နို့တစ်ပေးခဲ့သည်။ ထိုနေ့မှစ၍ ရက်သတ္တတစ်ပတ်ကြာ အကြင်တို့လင်မယားရန်မဖြစ်တော့

ကစ်တီအား ဘောဂါ သူမအား ပစ်၍ပြေးတော့မည်ဖြစ်ကြောင်း တီးတိုးပြန်ပြောပြခဲ့ခြင်း ဖြစ်သည်။ "ဩော်-သင်းကဒီလိုကိုး" ဒေါသအမျက်ခြောင်းခြောင်းထွက်နေသော ကစ်တီမှာ ဆွေ့ဆွေ့ခုန် နာကျင်သွားတော့သည်။ သူမက ဤသို့ကြိမ်းဝါးလိုက်သည်။ "အေး-အစာဝတော့ ဌာနပြန်ချင်တဲ့ကောင်-မိုးလင်းပါစေအုံး-သင်းကို သတ်ကိုသတ်မယ်" သူမလည်း အထုပ်အပိုးပြင်ကာ အခန်းရှင်အမျိုးသမီးကြီးအား သူတို့၏တရားမဝင် အိမ်ထောင်ရေး အကြောင်း ဝန်ခံပြောကြားခဲ့ပြီး အခန်းမှထွက်ခွာသွားခဲ့သည်။ သူမ မသွားခင်အိမ်ရှင်က "ဒါနဲ့မျှားကလေးမရယ်-အနှိပ်စက်ခံနေရတာလဲလို့ အစကတည်းက ခွာချလိုက်ပါတော့ လား" ဟူ၍ ရင်ထုမနာပြောကြားခဲ့သည်။ အဖွားကြီးက သူတို့ လင်မယား အိမ်ထောင်ရေး ကတောက်ကဆကြောင့် နင့်ဘဲကဆ ပြောဆိုနေကြခြင်း ဖြစ်သည်။ "ခက်တာက-သူ့ကိုပစ်မသွား နိုင်ဘူးရှင့် သူ့ကိုသိပ်ချစ်လွန်းလို့ပါဘဲ" ဟူ၍ ကစ်တီကပြော ခဲ့သည်။

ကစ်တီကလည်း အောက်စဖို့လမ်းထဲရှိ ဈေးဆိုင်တစ်ဆိုင်သို့ဝင်ကာ အသွားရှည်ရှည်ချွန်ချွန်မြမြမောင်းချ ဓါးတစ်ချောင်း လိုချင်ကြောင်း ပြောသည်။ ဆိုင်ရှင်က အကြီးဆုံးမောင်းချဓါး တစ်ချောင်းကို ပြသခဲ့သည်။ သို့သော် ဓါးမှာ မောင်းသန်၍ နုနုနယ်နယ်ကလေးမအဖို့ ဖွင့်နိုင်ပိတ်နိုင်မည် မထင်ခဲ့ချေ။ ကစ်တီက ဖွင့်ချီပိတ်ချီအကြိမ်ကြိမ်လုပ်ပြခဲ့သည်။ သို့နှင့် ထိုဓါးကိုပင် ဝယ်ယူခဲ့ပြီး၊ လက်ကို နွေးထွေးရန် ထည့်သည့်သိုးမွေး အိတ်ထဲဝှက်ဆောင်ခဲ့ပြီး မြို့လယ်ခေါင်၌ တည်ရှိသော ဘောဂါ



အလုပ်လုပ်သည့်ဌာနသို့ လာခဲ့သည်။ ထိုနေ့မှာ ပွဲတော်နေ့ဖြစ်သည်။ လမ်းတွေထဲ၌ လူတွေနှင့်ညပ်ညပ်ပြန့်အောင် စည်းကားနေသည်။

စာတိုက်ဌာန၌ ဘောဂါအား မတွေ့၍ ကစ်တီက အလျင်အမြန်စာတိုကလေးဖြင့် အကြောင်းကြားခဲ့သည်။ စာထဲ၌ "ချစ်ရပါသောရဓဂီ-သိပ်အရေးကြီးလို့ ခုချက်ခြင်းတွေ့ချင်ပါတယ်-ကစ်တီ"ဟူ၍ ဖြစ်သည်။ သို့ရာတွင် မင်းစေကလေးမှာ ဘောဂါရှိရာစတော့အိပ်ချိန်း ရောင်းဝယ်ရေးဌာနသို့မရောက်ဘဲ လမ်းတစ်ဝက်မှ ပြန်လာခဲ့သည်။ ကစ်တီက မကျေနပ်။ ဘောဂါကိုအပါခေါ်လာရန် လွှတ်လိုက်ပြန်သည်။ ဘောဂါလည်း မင်းစေနှင့်အတူ စာတိုက်ထိ လိုက်လာခဲ့သည်။

စာတိုက်မှ ဝန်ထမ်းများအား ကစ်တီဂနာမငြိမ်ယောက်ယက်ခတ်နေပုံကို သတိပြုမိခဲ့ကြသည်။ ဘောဂါရောက်လာပြီး သူတို့နှစ်ဦးဘာမဟုတ်သည့် ရှက်ဖွယ်လိလိ အသေးအဖွဲကိစ္စကလေးဖြင့် ခွန်းကြီးခွန်းကျယ်စကားများကြသည်။ အကြောင်းကြား ခေါ်ယူပေးခဲ့သည်။ မင်းစေကလေး၏ လုပ်အားခနှစ်ဆပေးရေးကိစ္စပင်ဖြစ်သည်။ ကစ်တီက ထိုအခကြေးငွေကို ဘောဂါက ပေးရမည်ဟု အကြောက်အကန်တောင်းဆိုခဲ့သည်။ ဘောဂါကလည်း မပေးဘူးဟု ဇွတ်ဘူးခံခဲ့သည်။ ကစ်တီကလည်း အခေါ်ခိုင်းခနှစ်သျှီလင်ကို ထပ်တလဲလဲတောင်းခဲ့သည်။ မည်သို့ဆိုစေ ဘာမဟုတ်သည့် အသေးအဖွဲကိစ္စကနေ သူတို့စုံတွဲ၏ အကျင့်စာရိတ္တနှင့် ပတ်သက်၍ အမနာပသတင်းများ ပုံကြီးချဲ့ကား

သွားလေတော့သည်။ ဘောဂါကလည်း ထိုငွေကြေးကို လုံးဝမပေးဟု ပြောပြောဆိုဆိုနှင့် စာတိုက်မှ ထွက်ခွာသွားခဲ့သည်။ စာတိုက်ဌာနမှအထွက် ကစ်တီလက်ထဲမှ တစ်စုံတစ်ရာ လင်းကနဲဝင်းလက်သွားသည်ကို နေရောင်၌ ရုံးအမှုထမ်းများ လှမ်းမြင်လိုက်ရသည်။

ဘောဂါအား ရုံးလှေကားပေါ်၌ မိသွားခဲ့သည်။ လုစ်ခန့်ဘောဂါအား ထိုးလိုက်သည်ကို လှေကားအဆင်းအတက်သွားလာသူတို့ တွေ့လိုက်ရသော်လည်း သွေးထက်သည်ကို သတိမပြုမိခဲ့ကြချေ။ အမှန်စင်စစ် မူလမျက်မြင်သက်သေတို့က ထိုအချိန်က ကစ်တီလက်ထဲမှ သိုးမွေးလက်အိတ်ဖြင့် လှမ်းရိုက်ပုတ်လိုက်သည်ဟု ထင်မြင်ယူဆခဲ့ကြသည်။ စာတိုက်အလုပ်သမားတစ်ဦးက ကစ်တီလက်ကို ဖမ်းချုပ်လိုက်ရာ မောင်းချခါးမှာ စကြံလမ်းပေါ်သို့ အသံမြည်ကာ လွတ်ကျသွားခဲ့သည်။ သူမအား ဖမ်းမချုပ်မီကတည်းကပင် ဘောဂါမှာ အသက်ပျောက်နေပြီဖြစ်ပါသည်။ တစ်ကယ့်တကယ်ရဇဂီသေသွားမှန်း သိလိုက်ရသည့်အခါ၌ ကစ်တီ၏ ဒေါသမုန်းတိုင်းမှာ ပြိုကွဲသွားခဲ့ရတော့သည်။ သူမချစ်သူရဇဂီ၏ သွေးအိုင်ထဲလဲကျသေဆုံးနေသော ခန္ဓာကို အတ္တဘောကြီးပေါ်သို့ ပစ်လှဲကာ တစ်အားငိုကြွေးလေသည်။ သူ့ကိုနမ်းပါရစေ၊ ကျွန်မယောက်ျားကို နမ်းပါရစေ''ဟူ၍လည်း နှုတ်မှတစ်တွတ်တွတ်ရေရွတ်နေသည်။

သူမအဖမ်းခံရပြီးနောက် ရဲရှေ့အက်ဖ်၊ အိုင်-အာရ်(FIR)တွင် ကစ်တီထွက်ဆိုချက်နှစ်မျိုးပေးခဲ့သည်။ ပထမထွက်



ချက်၌ ''သူ့ကို ကျွန်မသတ်ကို သတ်ချင်လို့သတ်ခဲ့တာပဲ-ဒါကတော့ သူရသင့်ရထိုက်တဲ့ပြစ်ဒဏ်မို့သူခံကိုခံရမယ်။ မကြာမီကျွန်မကျခံရမယ့် သေဒဏ်ကိုလှလှကြီး ခံရမှာပေါ့'' ဟူ၍ ဖြစ်သည်။ ဒုတိယထွက်ဆိုချက်တွင်မူ''သူ့ကိုသတ်ဖို့ ကျွန်မဓါးကိုဝယ်ခဲ့ပါတယ်။ သူ့ကိုသတ်လိုက်တာ ကျွန်မမသိခဲ့ပါဘူး'' ဟူ၍ထွက်ဆိုသွားခဲ့သည်။ တရားခွင်၌ ကစ်တီသည် စွဲချက်ကို ခုခံကာကွယ် လျှောက်လဲသည့်အနေဖြင့် ''ကျွန်မမှာ အပြစ်မရှိပါ'' ဟုတိုးတိုး ကလေးရေရွတ်လိုက်ပါသည်။

ကစ်တီမှာ တရားခံဝက်ခြံအတွင်းတွင် သနားဂရုဏာသက်စရာ တွေ့ရသည်။ နက်မှောင်သည့် မျက်ဝန်းအစုံဖြင့်တရားခွင်တစ်ခုလုံး လှည့်ပတ်ကြည့်ရှုနေသည်။ အပြာရောင်သက္ကလပ်ဝတ်စုံကို ဝတ်ဆင်ထားပြီး အောက်ခံလီနင်ရှပ်အကျီလည်တောင်ကော်လံကို ဝတ်လျက် နက်တိုင်လည်စည်း အနက်တစ်ခုကို သေသေသပ်သပ်တပ်ဆင်ထားသည်။ သူမမှာ အသားအရေဖျော့တော့ပြီး နူးညံ့သိမ်မွေ့သည့် အသွင်ဆောင်နေသည်။ ရုံးတော်မှ သူမအမှုကို ကြားနာစစ်ဆေးတော့မှ သူမနာမည်ရင်းမှာ အမ်မာဘိုင်ရွန်ဟု သိရှိရ၏။ ဆာထရာဗတ်စ် ဖရေးမှာ အခင်းဖြစ်အမှုကြားနာစစ်ဆေးစဉ်က တရားခံကစ်တီ၏ အကျိုးတော်ဆောင်ရှေ့နေကြီး၏ ဂျူနီယာလက်ထောက်တစ်ဦး ဖြစ်ပြီး အခင်းဖြစ်အမှု၏ အချက်အလက်အကျဉ်းချုပ်ကို ထုတ်ဖော်လျှောက်လဲကာကစ်တီဘက်မှ ခုခံကာကွယ်ခဲ့သည်။ နောက်ထပ်ပြန်ခေါ် စစ်မေးခဲ့ရာ၌ ထောင်ဝန်ထမ်းအမျိုးသမီး ဝါဒါက ကစ်တီအား ရုံးတော်သို့

ခေါ်ဆောင်ကာ ဝက်ခြံအတွင်း ပို့ရာတွင် တရားခံမှာ ဝန်ထမ်း အမျိုးသမီးအား အတင်းဖက်တွယ်ထားသည်ကို တွေ့ရ၏။ ယင်း မြင်ကွင်းအမှုအရာ ပုံပန်းသဘောမှာ အခင်းဖြစ်အမှု ဖြစ်ပွား ခဲ့ရလေခြင်း ဟု ယူကြုံးမရဖြစ်မိဟန် တူပေသည်။

သူမအမှုကို တရားစွဲဆိုကြားနာစစ်ဆေးရာ၌ မျက်မြင် သက်သေပေါင်း(၂၀)ခန့်ခေါ်ယူကြားနာစစ်ဆေးခဲ့ပြီး တရားခံ ကစ်တီမှာ အမှန်ပင်စိတ်ဓါတ်ကျခဲ့သည်။ ယင်းသို့ စိတ်ဓါတ် အကြီးအကျယ်ကျဆင်းသွားခဲ့သည်မှာ အမှုစစ်ဆေးသက်ဆိုင်ရာ ဆရာဝန်၏ အသတ်ခံရသူ ရဇဂီဘောဂါရရှိခဲ့သည်မှာ အမှုစစ်ဆေး သက်ဆိုင်ရာဆရာဝန်၏ အသတ်ခံရသူ ရဇဂီဘောဂါ ရရှိခဲ့သော ကစ်တီကို သတ်ခဲ့သည့် ဓါးဒဏ်ရာနှင့်ပတ်သတ်၍ ထွက်ဆိုချက် ကို ကြားနေရသောကြောင့် ဖြစ်ပါသည်။ ထိုစဉ်ချုံးပွဲချ၍ ငိုသံဟစ်သံကြားလိုက်ရသည်။ တရားခွင် ပရိသတ်တစ်ရပ်လုံး၏ မျက်လုံးအစုံတို့မှာ ဝက်ခြံကလေးအတွင်းမှ တရားခံကစ်တီဆီသို့ လှည့်ကြည့်လိုက်ကြသည်။ ကစ်တီမှာ ဝက်ခြံအတွင်း၌ သံကုန် ဟစ်၍ ချုံးပွဲချငိုနေပါသည်။

တရားခံဘက်မှ ခုခံကာကွယ်ထွက်ဆိုမည့် သက်သေ တစ်ယောက်မျှမရှိချေ။ ကုန်ကုန်ပြောရလျှင် တရားခံကစ်တီ ကိုယ်တိုင်ပင် သူမအတွက် ခုခံကာကွယ်မထွက်ဆိုခဲ့ချေ။ သူမ၏ အကျိုးတော်ဆောင် ဝတ်လုံတော်ရမှာ ''ဗိတိုရိယခေတ် ဂန္တဝင် ကမ္ဘာ့ကျော်စာရေးဆရာကြီး ချားလ်စ်ဒစ်ကင်း၏ သား ဟင်နရီ (ဟာရီ)ဒစ်ကင်းဖြစ်သည်။ ရှေ့နေကြီးမှာဖခင်စာရေးကြီး၏ ဖခင်



စာရေးဆရာကြီး၏ ကရုဏာရသမြောက်မှုကို အမွေ ဆက်ခံထား သူပီပီ အခင်းဖြစ်ကစ်တီ၏ လူသတ်မှုကို သူ့ကိုယ်သ သတ်သေ သည်။ အမှုအဖြစ်ရည်ရွယ်ဖန်တီးကာ စီကာပတ်ကုံး ယုတ္တိယုတ္တာ နှင့်တကွ လျှောက်လဲထုချေသွားခဲ့သည်။ သူ၏ ခုခံကာကွယ် လျှောက်လဲ ထုချေချက်မှာ သက်သေအထောက်အထားတို့နှင့် ဆန့်ကျင် ဝိရောဓိဖြစ်ကာ ဖြစ်နိုင်ခြေမရှိသော စာတမ်း တစ်စောင် ဖြစ်နေပေတော့သည်။ တရားခံ မိန်းကလေး၏ ကံဆိုး မိုးမှောင် ကျနေသည့်အခြေအနေနှင့် ထိခိုက်နစ်နာရရှာသော အကျင့် စာရိတ္တကို ထောက်၍သုံးသပ်တင်ပြခဲ့ခြင်းဖြစ်ရာ ကြားနာနေကြ သည့် ဂျူရီလူကြီးမင်းတို့၏ စိတ်နှလုံးကို ထိခိုက် သွားလောက် အောင် ကံရုဏာသက်သွားစေခဲ့ပေသည်။

အခင်းဖြစ်အမှုကို ကြားနာစစ်ဆေးသည့် စက်ရှင်တရား သူကြီးက သူ၏သဘောထားအကျဉ်းချုပ်၌ သူ၏ခံစားချက်ကို ဤသို့အတိအလင်းဖော်ပြထားသည်မှာ ''ဂုဏ်သရေရှိဂျူရီလူကြီး မင်းတို့ခင်ဗျား၊ အကယ်၍ ကျွန်ုပ်၏ကိုယ်ပိုင် ခံစားချက်သဘော ထားပြောရမည်ဆိုလျှင် ဤအခင်းဖြစ်အမှု စတင်ဖြစ်ပွားစဉ် ကတည်းက အမှုပိတ်ပစ်လိုက်မည်သာ ဖြစ်ပါသည်''ဟူ၍ ဖြစ် သည်။ သို့သော်လည်း တရားခံပေါ် စာနာထောက်ကရုဏာ စိတ်ထားသကဲ့သို့ သေမှုသေစေဟူသော ရည်ရွယ်ချက်မပါဘဲ ဒေါသလျှောက် ကျူးလွန်မိသော လူသတ်မှုမျိုး ပပျောက်စေရာ ၌လည်း ထပ်တူထပ်မျှပင် ဖြစ်ပါသည်။ ရာဘက်တရားသူကြီးက တရားဥပဒေနှင့်အညီ ချိန်ခွင်လျှာကဲ့သို့ တည့်မတ်စွာ အဆုံး

အပြတ်စီရင်ချက်ပေးသကဲ့သို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။

ဂျူရီလူကြီးတို့အား အခင်းဖြစ်အမှုကြားနာစစ်ဆေးပြီး စီရင်ချက်ချမှတ်ရန် သဘောထားအဆုံးအဖြတ်ပေးရန် အချိန် (၁၀)မိနစ် ဆွေးနွေးညှိနှိုင်းခွင့်ပေးခဲ့သည်။ ဤအမှု၌ တရားခံ ကစ်တီ ဘိုင်ရွန်၌ လူသတ်မှုကျူးလွန်ကြောင်း အပြစ်ရှိသည်ကို တွေ့ရှိခဲ့ ကြသည်။ သို့သော်လည်း တစ်ဘက်မှကြည့်လျှင်လည်း တရားခံ အပေါ် ငဲ့ညှာစာနာထောက်ထားရန် အထောက်အထား များ ခိုင်လုံစွာရှိနေပေသည်။

မှန်ပါသည်။ မည်သို့ပင် တရားဥပဒေအရ အရှိကိုအရှိ အတိုင်း အမှန်ကိုအမှန်အတိုင်း စီရင်ချင်ပါသော်လည်း'' သံဃာ အား ဘုရားသော်မှ မလွန်သာ'' ဆိုသကဲ့သို့ ပြည်သူ့ဆန္ဒကို မဖီဆန်ဝံ့ပါချေ။ သေဒဏ်စီရင်ချက် အမိန့်ချမှတ်ရန် စက်ရှင် တရားသူကြီးက ဘလက်ကတ်ခေါ် ဦးထုပ်နက်ကို ဦးခေါင်းထက်၌ ဆောင်းလိုက်လေသည်။ ထို့နောက် အခင်းဖြစ်အမှု၌ တရားခံ ကစ်တီဘိုင်ရွန်အပေါ် စွဲချက်တင်ထားသော လူသတ်မှု ကျူးလွန် ကြောင်း ပြစ်မှုထင်ရှား၍ သေဒဏ်အမိန့်ချမှတ် လိုက်ပါသည်။ ဝက်ခြံအတွင်း မတ်တပ်ရပ်ကာ စီရင်ချက်ကို နားထောင်နေသော ကစ်တီမှာ အရုပ်ကြိုးပြတ်လျော့ခွေကျသွားရင်း အသံတိမ်တိမ် ကလေးဖြင့် သူမ၌ အပြစ်မရှိကြောင်း တစ်ဖွဖွဝန်ခံနေသေးသည်။ စီရင်ချက်အရ သူမမှာ မသေမခြင်း ကြိုးဒဏ်ခံရမည် ဖြစ်ပါ သည်။

သေကံမရောက်သက်မပျောက် ဆိုသည့်စကားကဲ့သို့



ကစ်တီမှာ သေဒဏ်ကြိုးမိန့်မကျခံခဲ့ရပေ။ ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် သနားဂရုဏာသက်မှုသည် ကံဆိုးမိုးမှောင်ကျသော ကံဆိုးမသွားရာ မိုးလိုက်၍ရွာခံရရှာသော ကစ်တီအပေါ် လွှမ်းမိုး သွားခဲ့တော့သည်။ သက်ဆိုင် ရာဘက်တရားရုံးတော်မှ တရားခံ ကစ်တီဘိုင်ရွန်အပေါ် ပြစ်ဒါဏ်စီရင်ချမှတ်ခဲ့သော သေဒါဏ်ကြိုး မိန့်ကို ဆိုင်းငံ့ထားရန် ပြည်သူတို့၏ တစ်ခဲနက်အသနားခံတောင်း ဆိုမှု ထွက်ပေါ်လာခဲ့လေသည်။ တစ်နံနက်ခင်း၌ပင် လူပုဂ္ဂိုလ် ပေါင်း(၃၀၀၀)၏ လက်မှတ်ရေးထိုးသော အသနားခံလွှာမှာ သက်ဆိုင်ရာ အာဏာပိုင်တို့ထံ ရောက်ရှိလာခဲ့သည်။ ယင်း လက်မှတ်ရေးထိုးတင်သွင်းလာခဲ့သော အသနားခံကြသည့်ပုဂ္ဂိုလ် တို့မှာ အသတ်ခံရသူ အာသာရီဂီဘေဂါအလုပ်လုပ်ခဲ့သော စတော့အိတ်ချိန်း ရောင်းဝယ်ရေးဌာနမှချည်း ဖြစ်သည်။ အကယ် ၍ သက်ဆိုင်ရာ အာဏာပိုင်တို့ထံ ပြည်သူတို့၏ အသနားခံလွှာ မတင်သွင်းသော်မှ အကြောင်းမဟုတ်ချေ။ အဘယ်ကြောင့် ဆိုသော် ပြည်ထဲရေးဌာန အတွင်းဝန်ကိုယ်တိုင် အသနားခံလွှာ များ ရောက်ရှိမလာခင် အခင်းဖြစ်အမှုကို ဆိုင်းငံ့ထားရန် အမိန့် ထုတ်ခဲ့သောကြောင့် ဖြစ်သည်။

ကစ်တီဘိုင်ရွန်၏ ကြိုးမိန့်(သေစား သေစေ) ပြစ်ဒဏ် အားလျော့ပေါ့၍ တစ်သက်တစ်ကျွန်းကျခံစေရန် ပြောင်းလဲစီရင် ချက်ချမှတ် လိုက်လေသည်။ ၁၉၀၇ ခုနှစ်တွင် သူမကျခံနေသော ထောင်တစ်သက်လွတ်ရက်မရှိ ပြစ်ဒဏ်ကို လျှော့၍ ထိုနှစ်၌ပင် အကျဉ်းမှ လွတ်ပေးခဲ့သည်။

## (၂)သစ္စာပျက်သူ၏ အကျဉ်းဓာတ်သိမ်း

ရှက်ဖော်လီးယား၏ ပြည်သူ့ဝန်ထမ်းဘဝမှာ အောင်မြင်ပြောင်မြောက်လှသည့် ဇာတ်လမ်းတစ်ပုဒ်ဖြစ်ခဲ့သည်။ သူသည် မကြောင့်မကျ မတောင့်မတဆရာဝန်အလုပ်ဖြင့် အသက်မွေးကျောင်းသော သမားမိသားစုမှ ဆင်းသက်လာခဲ့သူ ဖြစ်၏။ ဒုတိယကမ္ဘာစစ်ကြီးစောစောပိုင်း ကာလအတွင်းက ဆေးဘက်ဆိုင်ရာ အရာရှိအဖြစ် အမှုထမ်းခဲ့သည်။ ကျည်ဆံမိုးတွေကြားမှ ဒဏ်ရာအနာတရ ရရှိလာခဲ့ကြသော စစ်သည်လူနာတို့ကို ရဲရဲဝံ့ဝံ့သက်စွန့်ဆံဖျားကုသခဲ့သည့်အတွက်ကြောင့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်တို့ အပ်နှင်းခြင်းခံခဲ့ရသည်။ ဂျာမန်နာဇီစစ်တပ်များ သူ၏ဇာတိချက်ကြွေမွေးရပ်မြေ ပြင်သစ်နိုင်ငံအလယ်ပိုင်းရှိ အော်လီယန်မြို့ကို သိမ်းပိုက်ခဲ့သောအခါ၌ ဖော်လီးယားသည် နေ့ဘက်တွင် ဆေးတပ်ဆရာဝန်အဖြစ် အမှုထမ်းကာ ညအခါတွင် ဒေသခံနာဇီဆန့်ကျင်တော်လှန်ရေးသမားတို့အား ဦးဆောင်ခဲ့လေသည်။ သူတို့မြို့ကလေးကို ဂျာမန်လက်အောက်မှ လွတ်မြောက်အောင် မဟာမိတ်များလာရောက် ထိုးစစ်ဆင် မတိုက်ခိုက်မီဒေသခံတော်လှန်ရေးသမားတို့နှင့်အတူ သူသည် ရှုပ်ရှုပ်ချွန်ချွန်ဂျာမန်တို့အား တွန်းလှန်မောင်းထုတ်ခဲ့သည်။

အသက်(၃၀)တွင် အော်လီယန်မြို့တော်ဝန်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရပြီး ရှက်ဖော်လီးယားသည် စစ်ပြီးခေတ်တိုင်း ပြည်ပြန်လည်တည်ဆောက်ရေး ပြည်ကျိုးဆောင်အလုပ်တို့



၌ သူ့ဘဝကို မြှုပ်နှံထားခဲ့လေသည်။ ထိုလုပ်ငန်း၌ သူ၏စွမ်းစွမ်းတမံစီစဉ်လုပ်ကိုင်ဆောင်ရွက်ခဲ့သောကြောင့် ပြင်သစ်နိုင်ငံပြန်လည်တည်ဆောက်သည့် မြို့ကြီးတို့အနက် အကောင်းဆုံးမြို့အဖြစ် ရည်ညွှန်းကိုးကား ဖော်ရလောက်အောင် အောင်မြင်ခဲ့ပါသည်။ ရှက်ဖော်လီးယားမှာ အော်လီယန်မြို့ပါလီမန်အမတ်အဖြစ်ရွေးကောက်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ၁၉၅၁ ခုနှစ်၊ ဩဂုတ်လ(၁၁)နေ့၌ မဟာဂုဏ်ရည်ဘွဲ့ထူး တစ်ဦးအဖြစ် ချီးမြှင့်ခြင်းခံခဲ့ရသည်။ အသက်(၄၁)နှစ်တွင် ပြင်သစ်နိုင်ငံ ရီနေပလီဗင်အစိုးရအဖွဲ့ဝင်ဝန်ကြီးဖြစ်လာခဲ့သည်။

နောက်နေ့၌ ရှက်ဖော်လီးယားသည် ပဲရစ်မြို့မှ အော်လီယန်မြို့သို့ စက်မှုပညာရေးဌာန နိုင်ငံတော်အတွင်းဝန် (အတွင်းရေးမှူး) တာဝန်ဖြင့် ပြန်လာခဲ့သည်။ နိုင်ငံတော်အစိုးရ သုံးရောင်ခြည်တံဆိပ်တပ်ဆင်ထားသော အနက်ရောင်ဇိမ်ခံကားကြီးဖြင့် စီးနင်းလိုက်ပါလာခဲ့သည်။ သူ့အိမ်သို့ ပြန်ရောက်လာခဲ့ခြင်းမှာ မင်းစိုးပွဲစိုးများ တက်ရောက်ရန် အဝတ်အစားလဲလှယ်ဖို့ဖြစ်သည်။ ဇနီးဖြစ်သူ ဗွန်နီမှာလင်တော်မောင်ပြန်အလာကို စောင့်နေခြင်းဖြစ်သည်။ သူမက သားထွေးကလေး မက်သ်ရူးအား ဖခင်အားပြေး၍ "ဘင်ဗွန်မွန်ဆီယာလီမီနီစတွ်"(ကောင်းမြတ်သောနေ့ပါဝန်မင်း) ဟူ၍ နှုတ်ဆက်ခိုင်းလိုက်လေသည်။

တံခါးဝဆီသို့ သားငယ်လည်း ဖခင်အား နှုတ်ဆက်ရန်ပြေးထွက်ခဲ့သည်။ ရှက်ဖောလီးယားလည်း သားငယ်အားပွေ့ဖက်ကာ အားရဝမ်းသာ ပြန်လည်နှုတ်ဆက်လိုက်ပါသည်။ သို့သော်

သူ၏ဇနီးသည်မှာ လုံးဝမပျော်ခဲ့ချေ။

ရှက်ဖော်လီးယားလည်း အပေါ်ထပ်အိပ်ခန်းဆီသို့ အဝတ်အစားလဲရန် ဝက်လာခဲ့သည်။ ဇနီးသည် ဗွန်နီ ထက်ချပ်မကွာ လိုက်ပါလာခဲ့သည်။ အခန်းထဲရောက် လင်မယားနှစ်ယောက် အကြီးအကျယ်စကားများကြပြီး သူမကလင်တော်မောင်အား(၇.၆၅မမ)မောင်းပြန်ပစ္စတိုဖြင့် လေးချက်ဆင့်ပစ်ခတ်ခဲ့သည်။

အောက်ထပ်မှ သားထွေးကလေးမက်သရူးသည် အပေါ်ထပ်မှ သေနတ်သံကြားလိုက်ရသဖြင့် တစ်ရှိုက်ရှိုက်ငိုကြွေးနေသည်။ ဗွန်နီအောက်ထပ်သို့ ဆင်းလာခဲ့ပြီး သားငယ်အား ချော့မော့နှစ်သိမ့်လိုက်သည်။ ထို့နောက် အိမ်ဖော်မလေးတစ်ယောက်လက်ထဲသို့သားငယ် မင်သရူးအား ကလေးထိန်းခဲ့စေသည်။ ဗွန်နီသည် အခင်းဖြစ် အပေါ်ထပ်အိပ်ခန်းသို့ ပြန်တက်လာခဲ့သည်။ ပဉ္စမမြောက်ကျည်မှာ သူမခင်ပွန်းရှက်ဖော်လီးယား၏ ခန္ဓာကိုယ်အလောင်းကောင်ကြီးအတွင်းသို့ ထိုးဖောက်ဝင်ရောက် သွားခဲ့လေသည်။

ဇာတ်သိမ်းမကောင်းရှာသူ ရှက်ဖော်လီးယားမှာ နိုင်ငံတော် ဝန်ကြီးအဖြစ် တစ်နေ့တာမျှသာ စည်းစိမ်ခံစားခဲ့ရ၏။ မကြာမီ ပြင်သစ်တစ်နိုင်ငံလုံး ကွယ်လွန်သူဝန်ကြီး ရှက်ဖော်လီးယား၏ နေလိုလလိုနှယ် လျှမ်းလျှမ်းတောက်ကျော်ကြား ထင်ရှားခဲ့သော ဘဝနောက်ကွယ်မှ ချစ်ကြွေးမပြေအိမ်ထောင်ရေး အဆင်မပြေမှု ဇာတ်လမ်းကို သိရှိလာခဲ့ကြလေတော့သည်။



ဖော်လီးယားနှင့် ဗွန်နီတို့ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီ စစ်ကြိုကာလကတည်းက အိမ်ထောင်ကျခဲ့ကြသည်။ ဗွန်နီမှာ ကျေးတောသူ သူနာပြုဆရာမလေးတစ်ယောက်ဖြစ်သည်။ သူမမှာ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်နှယ်အောင် မြင့်ထင်ရှားသည့် ဂုဏ်ကြီးရှင်ဆရာဝန်ကလေးကိုမှ ကိုးကွယ်ရာအဖြစ် ချစ်မြတ်နိုးခဲ့မိလေသည်။ သူတို့အိမ်ထောင်ရေး မင်္ဂလာဦး၌ပင် ဖော်လီးယား၏ မိသားစုတို့က သူတို့သားအိမ်ထောင်အရွေးမှားခဲ့လေခြင်းဟု ရင်ထုမနာဖြစ်ကာ သူတို့မင်္ဂလာပွဲကို အသိအမှတ်မပြုခဲ့ကြပေ။ သူတို့နှစ်ဦး၏ ကိုယ့်ကြမ္မာကိုယ်ဖန်တီး၍ အိမ်ထောင်ပြုခဲ့ကြသည့် ဆုံးဖြတ်ချက်မှာ ဖော်လီးယား၏ကံဇာတာစန်းလင်္ဂထလာဘိသကဲ့သို့ ခိုင်မြဲလာခဲ့သည်။ ဗွန်နီမှာ တောသူပီပီပေါင်းသင်းဆက်ဆံရေးအားနည်းလာခဲ့သည်။ မင်းစိုးရာဇာ ဂုဏ်သရေရှိမင်ဝိုးပွဲတို့၌ စကားဝိုင်း၌လည်း မဝင်ဆန့်သဖြင့် တုံနိဘာဝေဆိတ်ဆိတ်နေခဲ့သည်။ နောက်ပိုင်း၌ သူ၏လုပ်ဖော်ကိုင်ဘက်တို့က "ဒီကောင့်မိန်းမကအတုံးကွ–ဘာမျှပေါင်းသင်းဆက်ဆံရေးမတတ်တဲ့ဟာမပဲ"ဟုလည်း တီးတိုးပြောဆိုလာခဲ့ကြကာ သူမဘက်မှ လင့်ဝတ္တရားချို့ယွင်းလာခဲ့တော့သည်။ မှန်သည် "နေနှင့်လ၊ ရွှေနှင့်မြ" ကဲ့သို့ ရေ့သွားနောက်လိုက်မညီ ဖြစ်ခဲ့ ရရှာသည်။

အမှန်စင်စစ် ဗွန်နီသည် သူမခင်ပွန်းအား အသည်းနှင့်အောင်ချစ်ခဲ့ရှာသည်။ အကယ်၍သာ လင်တော်မောင်က သူမချစ်သလိုချစ်တုန့်ပြန်မေတ္တာရောင်ပြန်တပ်ခဲ့ပါမူ သူမ၏ပေါင်းသင်းဆက်ဆံရေး မကျေပွန်ညံ့ဖျင်းမှုဆိုသည့် "ဆားပွင့်ကလေး"

မှာ ''ပြည်ပန်းညိုဟုင်းချို''၏ အရသာကို ဖျက်ဆီးနိုင်စရာ အကြောင်းမရှိပါချေ။ သို့သော်လည်း သူမကသာ တစ်ဘီးလိမ့် ချစ်ခြင်းမေတ္တာဖြင့် ချစ်ခဲ့ရသလောက် သူက မတုန့်ပြန်ခဲ့ပါ။ ကြာတော့လည်း သွေးနှင့်ကိုယ်သားနှင့်ကိုယ် တည်ဆောက်ထားသော လူသားပီပီ ဗွန်နီသည်းငြီးမခံနိုင်တော့။ ခင်ပွန်းသည်၏ လုပ်ငန်းနှင့် အသိုင်းအဝိုင်းကို ဝေးနိုင်သမျှ ဝေးအောင် ရှောင်ရှား ခဲ့လေသည်။

အကြင်တို့လင်မယားသံယောဇဉ်ကင်းဖြတ်ကြဖို့ ဖန်လာခဲ့သည်။ သူတို့ ရင်သွေးသားယောကျ်ားနှစ်ဦးအနက် တစ်ဦးမှာ အလူးအလဲနေမကောင်းဖြစ်ခဲ့သည်။ ထို့ကြောင့် နေထိုင်မကောင်းစဉ်၊ ကလေးငယ်အား သူတို့လင်မယားအိပ်ခန်းအတွင်းသို့ ရွှေ့ပြောင်းသိပ်ခဲ့ကြသည်။ ကလေးပြန်လည် ကျန်းမာနေထိုင်ကောင်းသော်လည်း သူ့အခန်းထဲ၌ပင် ဆက်လက်အိပ်ခဲ့သည်။ သူတို့ လင်မယားအတူအိပ်သော အခန်းသို့ဘယ်သောအခါမျှ ပြန်၍ မအိပ်စက်တော့ချေ။

မိန်းမဆိုသည်မှာ အူတိုတတ်သည့်သဘာဝရှိကြသူများ ဖြစ်ပြီး လင်သားအပေါ်အလိုလို သံသယရှိနေခဲ့သူဖြစ်၏။ ယခု လင်တော်မောင် လုပ်ပုံက သူမ၏ သံသယစိတ်ကို ကြီးထွားစေ ခဲ့ပါတော့သည်။ တစ်နေ့ ဗွန်နီသည် ခင်ပွန်းသည်၏ အကျႌ အိတ်ကပ်များထဲ မသင်္ကာစိတ်ဖြင့် ရှာဖွေကြည့်ရာ ဂျင်နက်ဆိုသူ အမျိုးသမီးတစ်ဦးကို ဗော်လီးယားကပေးသော ရည်းစားစာ တစ်ဆောင်ကို တွေ့လိုက်ရသည်။ ဗွန်နီစိတ်ထဲ ထောင်းကနဲ



ဒေါသထွက် မသင်္ကာစိတ်လည်းပြင်းထန်လာခဲ့သည်။ သူမအထင် သူတို့ဇနီးမောင်နှံနှစ်ဦးစလုံး၏ သူငယ်ချင်းဂျင်နီဖါရှူးဆိုသူ မိန်းကလေးဟု မှတ်ထင်လိုက်သည်။ ထိုမိန်းကလေးမှာ သူမ ထက် အသက်အားဖြင့် (၁၅)နှစ်ငယ်သူဖြစ်၏။ မရေမရာမသေ မသပ်ဖြင့် ဂျင်နီ၏လက်ရေးလက်သားနမူနာရယူရန် ကြိုးပမ်း ခဲ့သည်။ ရည်းစားလူလု အူနုကျွဲခတ်ဆိုသကဲ့သို့ ဗွန်နီလည်း ဂျင်နီအား လှည့်ပတ်ရှာဖွေပြီး ''လင်ခိုးမ'' ဘယ်နှယ်မနှယ်ဟု စွပ်စွဲက ပက်ပက်စက်စက်ရန်တွေ့တော့သည်။ သူမကလည်း အစွပ်အစွဲခံရခြင်းဖြစ်ကြောင်း မိမိမဟုတ်ကြောင်း ငြင်းဆိုခဲ့သည်။ ထို့နောက် အိမ်ပြန်လာခဲ့သည်။ လင်ဖြစ်သူက ဗွန်နီအား သူ့ကိစ္စ ဝင်မရှုပ်ရန် ခပ်ပြတ်ပြတ်ပြောခဲ့သူသည်။

ဗွန်နီ၏ သံသယဒွိဟစိတ်မှာ မငြိမ်တော့။ ဆထက် ထမ်းပိုး တိုးပွားလာခဲ့ကြသည်။ ဂျင်နီမှာ ကုန်တိုက်ပိုင်ရှင် သူဌေးကြီးတစ်ဦး၏ ဇနီးဖြစ်သည်။ သူမမှာ မိန်းမချော တစ်ယောက်ဖြစ်ပြီး ရွှေရောင်ဆံပင်ပိုင်ရှင်ဖြစ်သည်။ ကြေးရည် တက်လူချမ်းသာ အသိုင်းအဝိုင်းတွင် ပေါ်ပြူလာဖြစ်သူတစ် ယောက် ဖြစ်သည်။ ထို့ပြင် ဉာဏ်များပြီး သဲကိုးဖျာမက မာယာ များသူလည်းဖြစ်သည်။ သူမ၏ ဂုဏ်ဓနနှင့် အလှအပ မာယာ တို့သည် ဗွန်နီအတွက် အားပြိုင်ပွဲဖြစ်လာတော့သည်။ ၁၉၅၁ ခုနှစ်၊ ဇွန်လ၌ ဗော်လီးယားပါလီမန်အမတ်ဖြစ်လာခဲ့ပြီး ငွေကို ရေလိုဖြုန်းကာ ညှော်ခံပွဲများကျင်းပခဲ့သည်။ ဇနီးဖြစ်သူ ဗွန်နီအား ဖုတ်လေသည့်ငပိ ရှိလေသည်မမှတ် ခပ်ပြောင်ပြောင် ဗော်လီးယား

နှင့် ဂျင်နီပါရှူးတို့ တွဲခုတ်ကြတော့သည်။ သို့သော်လည်း စိတ်ရှည်ရှည်ထားကာ ဗွန်နီက လင်တော်မောင်အပေါ် ဝတ္တရားမပျက်ကြောင်း ပြသခဲ့သည်။ သူကလူအများရှေ့၌ပင် သူမ၏ယုယမှုကို ငြင်းဆန်ခဲ့သည်။

ထိုည၌ သူတို့လင်မယားခွန်းကြီးခွန်းငယ် အချင်းများခဲ့ကြသည်။ ဗွန်နီက လင်ဖြစ်သူအား မိမိ၏ကြင်နာယုယမှုကို ဘာကြောင့်မခံလိုသနည်းဟု အဖြေတောင်းခဲ့သည်။ သူမက အမုန်းတရားတွင် သင်ပုန်းချေပြီး ယခင်ကလို ချစ်ချစ်ခင်ခင် တစ်က ပြန်စကာ ပေါင်းသင်းနေထိုင်သွားကြရန် တောင်းပန်တိုးလျှိုးခဲ့သည်။ သူက ဗွန်နီအပေါ် မိမိအား ညှော်ခံပွဲ၌အရှက်ခွဲခဲ့ကြောင်း အပြစ်တင်ခဲ့သည်။ "နေစမ်းပါအုံး၊ မရှေ့စာဗွန်နီမင်း ပဲရစ်မြို့မှာ ဒီလောက်ကြီးကျယ်ခမ်းနားတဲ့ ညစာစားပွဲမျိုးရောတွေ့ဖူး၊ မြင်ရောမြင်ဖူးလို့လားကွဟေ့" ဟူ၍ ချိုးချိုးနှိမ်နှိမ်မေးခဲ့သည်။

ဇော်လီးယားက လင်မယားကွာရှင်းဖို့တောင်းဆိုခဲ့သည်။ သူ့ကို စွန့်လွှတ်ပြီး နောက်ထပ်အချစ်သစ်ရှာရန်ကိုလည်း စိမ်းစိမ်းကားကားပြောခဲ့သည်။ ဗွန်နီလည်း မိန်းမသားပီပီ မုန့်သာဝေစားမည်၊ အချစ်ကိုတော့ မဝေမျှနိုင်သူဖြစ်၍ ဒေါသအထွဋ်အထိပ်တက်လာကာ လုံးဝကွာရှင်းမပေးနိုင်ပါကြောင်း ငြင်းဆန်ပြောဆိုခဲ့လေသည်။ ကွာရှင်းဖို့ မဆိုထားနှင့် သူမအဖို့ ချစ်ရသည့် လင်တော်မောင်နှင့်ကြားလေသွေးမှာတောင် စိုးရိမ်သူဖြစ်ပါသည်။

အကြင်တို့လင်မယား အိမ်ထောင်ရေးအဆင်မပြေမှုမှာ



အသေးအဖွဲမှ ကြီးထွားလာခဲ့သည်။ တစ်ဦးတစ်ယောက် အကြိတ်အဖုတို့မှာ ကြီးထွားကာ ပေါက်ကွဲဖို့ ဖန်လာခဲ့တော့သည်။ ဗွန်နီမှာ စိတ်သောကဖိစီးပြီး အိပ်မပျော်၍ စိတ်ငြိမ်ဆေးများ သောက်၍ အိပ်ခဲ့ရသည်မှာ အချိန်အတန်ကြာခဲ့၏။ ကော်ဖီခါးခါး နေ့စဉ်ခွက်ရေများများသောက်ခဲ့ပြီး ဆေးလိပ်လည်း အရမ်းမဲ့သောက်ခဲ့သည်။ ကလေးနှစ်ယောက်ဆွဲကာ ပင်လယ်ကမ်းခြေတစ်နေရာသို့ ဗွန်နီထွက်ခဲ့သည်။ ဤသည်မှာ ကြောက်စရာပြဿနာစခဲ့ခြင်းဖြစ်သည်။ ဆိပ်ကမ်းသာ တစ်နေရာမှာ ချစ်သူလင်တော်မောင် ဇော်လီးယာထံ "အမျက်တော်ပြေ"လွှမ်းစာခွေခဲ့သည်။ သူက အရေးမလုပ်၊ ပြန်စာမရေးခဲ့။ သို့နှင့် ဒိန်းဒလိန်းနတ်ဖမ်းနေသော ဗွန်နီသည် အိမ်သို့ ကဆုန်စိုင်းပြန်ခဲ့ပြီး ဘဝကို အဆုံးစီရင်ရန် အဆိပ်သောက်သေကြောင်းကြံခဲ့သည်။

သေချင်တိုင်းလည်း သေခွင့်မရခဲ့ပဲ အကြီးအကျယ်မကျန်းမမာဖြစ်ခဲ့သည်။ ဗွန်နီက စိတ်မလျှော့သေးဘဲ လင်တော်မောင်ချစ်မေတ္တာကို ပြန်လည်ရရှိရန် ကြိုးပမ်းခဲ့သော်လည်း သူ့ဘက်က လုံးဝရောင်ပြန်မဟပ် ထင်ခဲ့ချေ။ သူမလည်း ပိုက်လာရီ ရုံးထိုင်ရာ ပဲရစ်မြို့အတွင်းဝန်များ ရုံးသို့ သွားရောက်ပြီး သူနှင့်တွေ့ဆုံဖို့ ကြိုးပမ်းခဲ့သည်။ သို့သော် အရာရှိတစ်ဦးနှင့် အလုပ်များနေ၍ မတွေ့နိုင်ကြောင်း အကြောင်းပြန်ခဲ့သည်။ ဗွန်နီကလည်းပဲရစ်မြို့ သူနေထိုင်ရာ အိမ်သို့လာခဲ့ပြီး လူမှုရေးဖောက်ဖျက်သည့် အထောက်အထားကို တစ်အိမ်လုံးရှာဖွေခဲ့သည်။ မီးရထားအချိန်ဇယားတစ်ခုရှာဖွေ တွေ့ရှိခဲ့ပြသည်။ ရာတဲလ်ဂူယွန်

မြို့ထွက်သည့်ရထားချိန်များကို မော်လီးယားအမှတ်အသားပြုထားသည်ကို တွေ့ရှိရ၏။ သူ၏ တိတ်တခိုး ချစ်သူဂျင်နီဖာဇော်ဟောဒီးဒေးအပန်းဖြေရာစခန်းဖြစ်၏။

ဗွန်နီလည်း ဒေါသတစ်ကြီးနှင့် အော်ဒီယန်သို့ ပြန်လာခဲ့ပြီး ဂျင်နီ၏ ခင်ပွန်းအမ်ပါဂူနှင့် သွားရောက်တွေ့ဆုံကာ သူ၏ဇနီးဖြစ်သူနှင့် မိမိယောက်ျားတို့ မရှုပ်မရှင်းဖြစ်နေသည့်ကိစ္စကို ဖွင့်ချတော့သည်။ ပထမတော့ အမ်ပါဂူက သူမ၏စိုးရိမ်ကြောင့်ကျဗျာပါဒကို နှစ်သိမ့်ရှာသေးသည်။ သို့ရာတွင် သူမနောက်တစ်ခေါက်ပြန်လာခဲ့သောအခါ၌ သူ့ဇနီးဂျင်နီနှင့် ဗော်လီးယားတို့ တိတ်တိတ်ပုန်းဖောက်ပြားနေကြသည်ကို သိကြောင်း ဝန်ခံခဲ့သည်၊ အမ်ပါရူမှာ မိမိမယား မျောက်မထားသည်ကို နည်းနည်းကလေးမျှ စိတ်မပျက်ခဲ့ပေ။ သူသည် ပြင်သစ်ပြည်သူတို့ နှစ်သက်မြတ်နိုးကြသည့် "မာရီကွန်ပလိုက်ဆန်" သို့မဟုတ် "အပြုံး မပျက်ပေါင် စိတ်လက်ရှည်ရှည်လင်သား" ဟူသော ဟာသ ပြဇာတ်ထဲမှ "မယားငယ် လင်နေသည်ကိုပင် ဗွေမယူသော လင်ယောက်ျား" ဇာတ်ကောင်မျိုး ဖြစ်၏။

သို့သော် ဗွန်နီမှာ ဤမျှသဘောမကောင်းနိုင်။ မုန့်ကိုသာ ဝေစားမည်။ အချစ်ကိုတော့ ဝေမပေးနိုင်သည့် မယားမျိုးဖြစ်သည်။ ဗော်လီးယားလည်း ဗွန်နီပဲရစ်သို့ သွား၍ မိမိနှင့်ဂျင်နီတို့ ဇာတ်လမ်းကို သူမခင်ပွန်းလင် အမ်ပါရူထံ ဖွင့်ချခဲ့ကြောင်း သိရှိသွားခဲ့သည်။ သို့နှင့် သူမထံဖုန်းဆက်၍ "နွားမ-ခွေးမ"ဟု မကြားဝံ့မနာသာ ဆဲရေးတိုင်းတာ၍ မိမိဘဝကို မဖျက်ဆီးရန်နှင့်



ခုပ်တန်းက ရပ်ရန်သတိပေးခဲ့လေသည်။ ဗွန်နီမှာ ဆွေ့ဆွေ့ခုန်အောင် နာကျည်းသွားခဲ့သည်။ သူမအား နင့်နင့်နာနာဆဲရေးတိုင်းထွာမှုနှင့် အမြှောင်မ ဂျင်နီယောက်ျား၏ ဝန်ခံမှုတို့က သူမ၏ဒေါသအရှိန်ကို အထွင့်အထိပ်သို့ မြှင့်တင်ပေးလိုက်တော့သည်။ သို့နှင့် ဗွန်နီသည် မြို့ထဲသို့ထွက်ခဲ့ပြီး သေနတ်ကိုင်ဆောင်ခွင့်လိုင်စင်တစ်စောင်လုပ်ခဲ့သည်။

သေနတ်လိုင်စင်ရဖို့မှာလည်း ဘာမျှမခဲယဉ်းချေ။ သူမခင်ပွန်းသည်မှာ ယခုအခါနိုင်ငံရေးလောကတွင် အရေးပါအရာရောက်သူ ပုဂ္ဂိုလ်တစ်ဦးဖြစ်၍ သူ့၌အန္တရာယ်ပေးနိုင်သည့် ရန်သူများရှိနိုင်ကြောင်း အကြောင်းပြခဲ့သည်။ ထို့နောက် သေနတ်ဆိုင်နှင့် လက်နက်ရောင်းချသည့် ဆိုင်တစ်ဆိုင်သို့ဝင်ခဲ့ပြီး ရန်သူအားသေချာပေါက် ပစ်ခတ်နိုင်သည့် သေနတ်တစ်လက် ဝယ်လိုကြောင်း ပြောပြခဲ့သည်။ ဆိုင်ရှင်က သူမအား မက်အော်တိုမက်တစ်မောင်းပြန် ပစ္စတိုတစ်လက်ရောင်းချလိုက်လေသည်။

သူမစိတ်ထဲ၌ လူသတ်ဖို့သာ စိတ်စောနေသည်၊ ဩဂုတ်လ (၁၁)ရက်နေ့ ရေဒီယိုသတင်းကြေငြာချက်မှ ဗော်လီးယားအားဝန်ကြီးတစ်နေရာအဖြစ် ခန့်အပ်လိုက်ကြောင်း ကြားလိုက်ရသည်။ ချက်ခြင်းအပြေးအလွှား သံကြိုးရုံးသို့လာခဲ့ပြီး ခင်ပွန်းသည်ထံ ဂုဏ်ယူကြောင်း ကွန်ကရက်ကျူလေးရှင်း သံကြိုးစာရိုက်ခဲ့သည်။ ထို့နောက် ဗွန်နီသည် အလွန်ရင်းနှီးသော သီလရှင်တပါးထံသို့သွားခဲ့ပြီး မိမိကိုယ်ကို မိမိအဆုံးစီရင်တော့မည်ဖြစ်ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

သီလရှင်က ယင်းသို့ပြုလုပ်ပါက တရားဥပဒေနှင့် ဆန့်ကျင်နေကြောင်း ဆိုဆုံးမခဲ့ပါသည်။ ထို့နောက် ပဲရစ်မြို့ ခင်ပွန်းသည်ထံမှ နောက်နေ့၌ အကျီအဝတ်အစားများ လာယူမည်ဖြစ်ကြောင်း ဖုန်းဆက်အကြောင်းကြားသည်။ သို့ရာတွင် သူမ၏ ကွန်ဂရက်ကျူလေးရှင်းအတွက် ကျေးဇူးတင်ကြောင်း လောကွတ်စကားလေးတစ်လုံးမျှတောင် မပြောကြားခဲ့ချေ။ မူလက ချစ်သောသူနှင့်ကွေကွင်းရခြင်း ဒုက္ခကို မခံမရပ်နိုင်၍ မိမိကိုယ်ကို အဆုံးစီရင်ရန် ကြံစည်ခဲ့သည်။ သို့သော်လည်း ဂျင်းစိမ်းနှင့်မိတ်သလင် သူကြင်မှုကိုယ်ကြင်မည် မချစ်ပြင်ပြင် မကြင်နာလေပြီမို့–မေ့ကွက်ကိုရှာသာ သူ့အား သေဒဏ်ချမှတ်ပြီး ကိုယ့်တရားကိုယ်စီရင်ရန် သံမိဋ္ဌာန်ချလိုက်ပါတော့သည်။

အိပ်မပျော်သူအဖို့ ညတာသည် ရှည်လျားစွာတကားဟု သူမစိတ်ထဲ ခံစားလာခဲ့မိသည်။ ဘယ်လူး၊ ညာပြောင်းနှင့် တစ်ပြောင်းပြန် ပြန်ညဦ့တာကို ကုန်လွန်ခဲ့သည်။ နောက်နေ့ နံနက်မိုးသောက်၌ ခင်ပွန်း၏ဂုဏ်သတင်းမှာ နေ့စဉ်ထုတ်သတင်းစာတို့တွင် မွှေးပြန့်နေသည်။ ''ရှက်ဖော်လီးယားတို့များ အာဂလူပဲ၊ ဝန်ကြီးတောင်တက်ဖြစ်သွားပြီး'' ဟူ၍ ချီးမွမ်း ထောပနာပြုကြသော်လည်း ထုံတမ်းစဉ်လာနှင့် လျော်ညီစွာ သူ၏ဇနီးသည်အမည်ကို တစ်စွန်းတစ်စမျှ ထည့်သွင်း မရည်ညွှန်းကြချေ။ ဤအချက်မှာလည်း သူ့အပေါ်တစိမ့်စိမ့်နာကျည်းစေခဲ့ခြင်းဖြစ်၏။ သို့သော် သူမဝတ္တရားမပျက်ဘဲ သားငယ်ကလေး မက်သရူးအား ဖခင်ဖြစ်သူကို ''ဘွန်ဂျာမွန်ဆီယာအင်နစ်စတွီ''



ကောင်းသောနေ့ပါ ဝန်မင်း)'' ဟူ၍ နှုတ်ဆက်ခိုင်းခဲ့သေးသည်။

ရှက်ဖော်လီးယားလည်း တီတီတာတာနှုတ်ဆက်ရှာသော သားငယ်အား ပွေ့ဖက်ကာ ဖတ်လဲတစ်ငင်နမ်းရှုပ်ပြီး အပေါ်ထပ်သို့ တက်ခဲ့သည်။ သူ၏ ဇနီး''ဖုတ်လေတဲ့ငပိ၊ ရှိလေသည်မထင်'' ဟန်ဆောင်ပြုံးကလေးသော်မျှ ပြုံး၍နှုတ်မဆက် ''ငါးစိမ်းမြင် ငါးကင်ပစ်တာ သစ်စိမ်းချိုးချိုးနိုင်ရက်လွန်းလှသည်'' အပေါ်ထပ်အိပ်ခန်းထဲ၌ ရှက်ဖော်လီးယားသည် သူ့သေတ္တာကို ဖွင့်လျက် လျှော်ပြီးသား လီနင်အကျီကို လက်ဆင့်အကမ်းခိုင်းလိုက်ပါသည်။ ဗွန်နီဒေါသ အိုးပေါက်ကွဲကာ အမြှောင်မ ဂျင်နီနှင့် ဆက်သွယ်မှုကို မည်သို့ငြင်းမည်နည်းဟု ဖြေရှင်းချက် တောင်းလေတော့သည်။ သူကောင်းသား ဖော်လီးယားက ပြေပြေလည်လည်မပြောဘဲ ညစ်ညစ်ကန်းကန်းပြန်ဖြေခဲ့သည်။ ဂျင်နီနှင့် လက်ထပ်တော့မည်ဟု ပြောကာ ''အေး–မင်းဖာသာ အဆင့်မရှိတဲ့ အတိုင်းအောက်လူတန်းစားတွေနဲ့သာ နေခဲ့ပေတော့'' ဟူ၍ နင့်နင့်သီးသီးပြောလေသည်။ အမျိုးမျိုးဆဲရေးတိုင်းထွာပြီးသူက မိမိရာထူးကို ဂုဏ်ယူဝင့်ကြွားစွာဖြင့် ဟေး–ဒီမှာကြည့်စမ်း၊ ငါဟာဝန်ကြီးတစ်ယောက်ဆိုတာလဲ သိထားဦး'' အော်ဟစ်ပြောဆိုခဲ့သည်။

ဗွန်နီမှာ လူးလိမ့်ငိုကြွေးပြီး သူမခင်ပွန်း၏ ခြေသလုံးဖက်ကာ ပစ်မသွားရန် ပြန်လည်ပေါင်းသင်းကြရန် အနူးအညွတ်တောင်းပန်ရှာသည်။ သူ့နှုတ်မှ အယုတ္တအနတ္တတွေ ကမ်းကုန်အောင် ဆဲရေးတိုင်းထွာချိုးနှိမ်၍ ပြောဆိုနေသည်။ နောက်ဆုံး

ဗွန်နီလည်း နဖူးနှင့်သူ့အခြေစုံကို ဦးခိုက်ကာ အမျိုးမျိုးတောင်းပန်တိုးလျှိုးခဲ့သည်။ ဤသည်မှာ ယမ်းပုံမီးကျစေခဲ့သော အချက်ပင်ဖြစ်သည်။ မှန်ပါသည်။ ဗွန်နီသည် နိုင်ငံတော်အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦးအား ကိုယ်ထိလက်ရောက် စော်ကားလိုက်ခြင်းပင်ဖြစ်သည်။ ရှက်ဖော်လီးယားသည် ဗွန်နီအား ရစရာမရှိအောင်ညစ်ညစ်ညမ်းညမ်းကမ်းကုန်အောင် ဆဲပြီး မတော်မတရားလက်ဟန်ခြေဟန် အမူအရာနှင့်ပါ ရိုင်းရိုင်းပြပြစော်ကားလေတော့သည်။

ဗွန်နီမှာ တောင့်တောင့်ကြီးဖြစ်သွားသည်။ သူမကမယားငယ်ဂျင်နီနှင့် ဆက်လက်နေစ်ပါးသွားနေကြဦးမည်ဆိုလျှင်မိမိကိုယ်သတ်သေမည်ဟု ကြိမ်းဝါးလိုက်သည်။ "သေလိုက်ပါလား–ဆယ်ခါပြန်"ဟူ၍ သူကတုန့်ပြန်လိုက်သည်။ "ဒါမှ မင်းဘဝတစ်လျှောက်လုံးမှာ ပထမဆုံးအကြိမ် အမိပွါယ်ရှိတဲ့ အလုပ်လုပ်ဆောင်သွားတာဖြစ်မယ်" အကြင်နာမဖက်၊ ရက်ရက်စက်စက်ပြောလိုက်ပါသည်။

"အေး–ငါသိပ်ကို စိတ်ဆိုးနေပြီးနော်" ဟူ၍ အော်ဟစ်ပြောဆိုကာ လက်ထဲမှာ မောင်းပြန်သေနတ်ကို သူမြင်သာအောင်ပြလိုက်သည်။"ဘာမှတ်လို့လဲ ငါမသေရဲဘူး မထင်နဲ့ငါ့ကိုယ်ငါမသေရဲဘူး မထင်နဲ့ ငါ့ကိုယ်ငါ ပစ်သတ်လိုက်မှာ"

"ကောင်းတယ် ဘုရားသခင်ရဲ့အလိုတော်အတိုင်း မင်းဖာသာ သတ်သေလိုက်စမ်းပါ၊ အဲ–ဟိုး–ဟိုး–ခုတော့ မသေလိုက်ပါနဲ့ဦး ငါအိမ်က ထွက်သွားတော့မှ သေပါအမိ"



ယင်းစကားတို့မှာ ရှက်ဖော်လီးယား၏ နောက်ဆုံးထွက်ခဲ့သော စကားများဖြစ်ပါသည်။ ဗွန်နီမှာ ရှေ့ထိုးကာ ယင်းလက်ထဲရှိ မောင်းပြန်ပစ္စတိုပြောင်းဝမှ လိမ္မော်ရောင်မီးပွင့်ကလေးများပွင့်ထွက်လာခဲ့သည်။ လေထဲလေချွန် ဖြတ်သန်းလာခဲ့ကြသောကျည်ဖူးတို့မှာ ရှက်ဖော်လီးယား၏ ခြေသလုံး၊ မေးစေ့၊ ရင်အုံနှင့်နဖူးသို့ စူးဝင်နစ်မြုပ်သွားခဲ့ကြသည်။ ထို့နောက် အောက်ထပ်မှငိုကြွေးနေသော သားငယ်မတ်သရူးအား သွားရောက်ချော့မော့ပြီး အပေါ်ထပ်အလောင်းဆီသို့ ပြန်တက်လာခဲ့သည်။ နောက်ထပ်ဘာတွေဖြစ်ပွားခဲ့သည် ဆိုသည်မှာ ဆန်းကြယ်လွန်းနေသည်။ ဗွန်နီ၏ ဖြောင့်ချက်၌ သူမသည် ခင်ပွန်းသည်၏ အလောင်းပေါ်ကိုကိုယ် ကိုင်းညွတ်ပြီး သူမဇာတ် သူမသိမ်းရန် ကြံရွယ်ခဲ့သည်ဟုဆိုပါသည်။ သို့သော်လဲ ဥမမယ်၊ စာမမြောက်သေးသည့် သားနှစ်ယောက်မှာ သောင်ပြင်လွတ်သည့် ခွေးပမာ မျက်စေ့ သူငယ်နားသူငယ်နှင့် ကျန်ရစ်ခဲ့မှာကို တွေးလိုက်မိ၍ လက်တုန့် သွားခဲ့သည်။ ရှက်ဖော်လီးယား၏ အလောင်းပေါ်မှ ထလိုက်စဉ်မတော်တဆလက်ထဲမှ သေနတ်မောင်း ပြုတ်ကျသွားခဲ့ပြီး ပဋ္ဌမမြောက်ကျည်ဆံသည်သူ၏ ကျောပြင်သို့ ထိမှန်သွားခဲ့လေသည်။

ပြင်သစ်နိုင်ငံ၌ ရက်ရက်စက်စက်သေနတ်ဖြင့် ပစ်ခတ်သတ်မှုများ ရမ်းကားလွန်းလှသည်။ ဒုတိယကမ္ဘာစစ်သူရဲကောင်းကြီး လျှမ်းလျှမ်းတောက်၊ ငယ်ငယ်ရွယ်ရွယ်၊ မြို့တော်ဝန်ရှက်ဖော်လီးယားမှာ ဝန်ကြီးဖြစ်သည့်နေ့၌ပင် သားမယားလက်ချက်ဖြင့် အသက်ထွက်ခဲ့ရှာသည်ဟူ၍ နေ့စဉ်ထုတ်သတင်းစာတို့

က ဗွန်နီအပေါ် အပြစ်ဖို့၍ ရေးသားခဲ့ကြသည်။ အခင်းဖြစ်အမှုနှင့် ပတ်သတ်၍ အော်လီယန်မြို့သူမြို့သားတို့မှာ အသတ်ခံသူ ရှက်ဖော်လီးယားအတွက် မခံမရပ်နိုင် သွေးဆူနေကြသည်။ ထိုကြောင့် ယင်းအမှုကို ရုံးတင်တရားစွဲဆိုကြားနာ စစ်ဆေးရန် ထိုမြို့နှင့်ဝေးကွာသော ရင်းမြို့သို့ ရွှေးချယ်ခဲ့ကြသည်။

သို့ရာတွင် အခင်းဖြစ်အမှုကို ရုံးတင်တရားစွဲဆိုသော အခါ ပြည်သူတို့၏ သဘောထားပြောင်းလဲသွားခဲ့တော့သည်။ ယင်းသို့ဆိုးဝါးသော အခြေအနေမှ တည်ငြိမ်လာရခြင်းမှာ တရားခံ ဗွန်နီ၏ သနားစဖွယ် ကြေကွဲစရာ ပုံပွားရုပ်ကြောင့်လည်း တစိတ်တစ်ဒေသ ပါဝင်လာသည်။ ပူဆွေးသောက ရောက်နေရှာသော ဗွန်နီမှာ တရားခံဝက်ခြံကလေးအတွင်း၌ သနားစဖွယ်တွေ့မြင်ကြရသည်။ သူမမျက်နှာမှာ တကယ့်ကို ပရိဒေဝသောကမီး တောက်လောင်နေသည့်အသွင် ဆောင်နေပါသည်။ မျက်ကွင်းများ ညိုနေသည်။ ဤသည်မှာ နေ့ပေါင်းများစွာ ညပေါင်းများစွာ စိတ်ဆင်းရဲမှု ဒဏ်ဖိစီးခဲ့ကြောင်း ထင်ရှားသည့် သင်္ကေတများ ဖြစ်သည်။ ဗွန်နီသည် အရှက်တကွဲအကျိုးနည်းလင်သား၏ နှိပ်စက်က လူပြုကျင့်မှုကို နှစ်ရှည်လများခံခဲ့ရကြောင်း၊ ခုခံ ထွက်ဆိုရာ၌ လက်ထဲကိုင်ထားသော လက်ကိုင်ပုဝါကလေးကို စိတ်မှတ်မဲ့ ယန္တရားဆန်ဆန်ထုံးလိုက်၊ ဖြို့လိုက်လုပ်နေခဲ့လေ သည်။ တရားခွင်သို့ သက်သေအဖြစ် ထွက်ဆိုရန် ရောက်ရှိလာသော ဂျင်နီပါရှူးမှာ ရုပ်ရှင်မင်းသမီးရုံးလောက်အောင် ပြင်ဆင် ထားသည်။ သူမပုံပန်းမှာ တရားခံဗွန်နီအား ပမာမခန့်မထီ



လေးစားလုပ်နေဟန်တွေ့ရသည်။ သက်သေခံဝက်ခြံထဲမှ နေ၍ ဗွာလောင်စွာလောင်ဖြင့် ထွက်ဆိုနေသံမှာ တရားခွင်နောက်ဆုံး တန်းမှပင် ကြားရသည်။

ဂျင်နီ၏ ခင်ပွန်းဖြစ်သူ အမ်ပါရှူးမှာ သူဇနီးနောက်ကွယ် နှင့်ပတ်သတ်၍ သူမအား မေးမြန်းခြင်းမရှိခဲ့ပေ။ ယင်းအချက်မှာ သေသူအား သေမှုသေစေ သဘောဖြင့် ကြိုတင်ကြံစည်သည့် လက္ခဏာဖြစ်ပြီး ခရစ်ယာန်ဓမ္မန္တရယ်ဖြစ်သော သေသူ၏ အလောင်းဖျက်ဆီးမှုသဘောသက်ရောက်သွားနိုင်သောကြောင့် ဖြစ်သည်။ ထိုထက်မက ထိုသူအပေါ်စာနာထောက်ထားသနား ကရုဏာသက်ခဲ့သနည်းဆိုလျှင် ထုံးထမ်းစဉ်လာသေဒဏ်အမိန့် သိ ချမှတ်ရန်ကိုပင် တောင်းဆိုမှု မပြုလုပ်ခဲ့ပေ။ (အခင်းဖြစ်အမှု စီရင်ဆုံးဖြတ်ခဲ့သည်မှာ ပေါလင်ဒဘွိုက်ဆန်နှင့် လီယွန်ပေါက်လီး သားစီရင်ထုံးကဲ့သို့ပင် ဖြစ်ပါသည်။) ရုံးတော်မှာ ဂျူရီလူကြီးမင်းတို့ အား သင့်တင့်လျောက်ပတ်သော ပြစ်ဒဏ်နှစ်နှစ်ကာလကိုသာ ချမှတ်ပါရန် ဖိအားပေးခဲ့ပါသည်။

ဂျူရီလူကြီးတို့ တရားခွင်ပြင်ပ၌ နှစ်နာရီကြာမျှ အခင်း ဖြစ်အမှုစီရင်မှုနှင့် ပတ်သတ်၍ စဉ်းစားတိုင်ပင်ခဲ့ကြသည်။ ဂျူရီအဖွဲ့ဝင်လူကြီးတစ်ဦးက အခင်းဖြစ် လူသတ်မှုပေါ်ပေါက်ရ ခြင်း အပေါ်လွင်ဆုံး အကြောင်းအချက်ကို မေးမြန်းလေသည်။ သူဆိုလိုသည်မှာ ဗွန်နီ၏ဒေါသကို သေနတ်ဖြင့် ပစ်ခတ်ချင် အောင် နှိုးဆွခဲ့သော သူမအပေါ် ညစ်ညစ်ညမ်းညမ်းစော်ကားမှု ပင်ဖြစ်ပါသည်။ စွဲချက်တင်ခံရသော တရားခံဗွန်နီမှာ ကြားနာစစ်

ဆေး နေစဉ်အတွင်း သူမအား မေးမြန်းစစ်ဆေးရာ၌ပင် ငိုကြွေးယင်းတက်ချက်မူးမေ့သွားခဲ့သည်။ သို့သော်လည်း သူမအား ဖိအားပေး၍ အတင်းအကြပ် မစစ်ဆေးမမေးမြန်းခဲ့ပေ။ သက်ဆိုင်ရာ အာဏာပိုင်တို့က လျှို့ဝှက်စွာ အသေးစိတ်ဖော်ပြချက်တစ်ရပ်ကို တင်ပြခဲ့ကြသည်။ ယင်းတင်ပြချက်မှာ သေချာပေါက် ရက်စက်မှုပင် ဖြစ်ပေလိမ့်မည်။ သို့သော်လည်း ဂျူရီလူကြီးမင်းတို့ တရားခွင်သို့ ပြန်လာခဲ့ပြီး တရားခံဗွန်နီရှက်ဖော်လီးယားအပေါ် တင်ထားခဲ့ရာ လာရောက်နားဆင်နေကြသော ပြည်သူပရိသတ်အပေါင်းက ကောင်းချီးဩဘာပေးခဲ့ကြလေသည်။

ဤသို့ဖြင့် သူမ၏ကြေကွဲ ဝမ်းနည်းစရာအဖြစ်အပေါ် သက်ညှာထောက်ထားပြီး တရားဥပဒေက ကျခံရမည့်ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ပါသော်လည်း ဗွန်နီရှက်ဖော်လီးယားမှာ မိမိကိုယ်ကို မိမိဖာသာ ပြစ်ဒဏ်ခတ်ရန် ဆုံးဖြတ်ခဲ့သည်။ တရားရုံးတော်မှ ထွက်ခဲ့ပြီး လအနည်းငယ်အကြာ၌ သားနှစ်ယောက်လက်ဆွဲကာ စိန်လောရင့်ဒူမာရိုနီအရပ် မစ္စန္တရပ်ဒေသသို့ ထွက်ခွာခဲ့လေသည်။ ဤဒေသမှာ ပြင်သစ်ပိုင် ဂီနီအရပ် မစ္စန္တရစ်ဒေသသို့ ထွက်ခွာခဲ့လေသည်။ ဤဒေသမှာ ပြင်သစ်ပိုင် ဂီနီကျွန်းခြင်များ သောင်းကြမ်းရာ ရွံ့နွံအရပ်ဖြစ်ပြီး ယင်းနယ်ပယ်မှာ ပြင်သစ်နိုင်ငံ၏ သတင်းဆိုးထွက်လှသော ကိုလိုနီထောင်တစ်သက်ထွက်ရက်မရှိ၊ ရာဇဝင်ပြစ်ဒဏ်ခံရသတို့ နေထိုင်ရာ တစ်ကျွန်းပင် ဖြစ်ပါသည်။ ယခင်က အကျဉ်းထောင်ကြီးမှာ မရှိတော့၊ ဖျက်သိမ်းခဲ့ပြီး ဖြစ်၏။ သို့သော်လည်း ဒေသခံဖြစ်



ကတက်ဆန်း လူနေအိမ်ခြေတို့နှင့် အခြေချပြင်သစ်များ ယနေ့ထက်တိုင် ထိုဒေသတွင် နေထိုင်ကြတုန်းပင် ဖြစ်သည်။

ကံဆိုးမလေး ဗွန်နီမှာ အပူပိုင်းဒေသ ပစ္စန္တရာစ်ငရဲရွာ၌ သူမကိုယ်ကို ဆယ်နှစ်ဒဏ်ပေးကာ လူမှုဝန်ထမ်းဘဝဖြင့် နစ်မြှုပ်နေခဲ့သည်။ အထွေထွေဆေးရုံ သားဖွားဌာန၌ ကြီးကြပ်ရသည့် သူနာပြုဆရာမအုပ်(မစ္စတာ)အဖြစ်ဖြင့် အမှုထမ်းနေခဲ့သည်။ ယင်းအလုပ်မှာ သူမအတွက် လေ့ကျင့်ပြီးဖြစ်သည်။ ဗွန်နီသည် ကွယ်လွန်သူ ခင်ပွန်းနှင့် မတွေ့ဆုံမီကတည်းက သားဖွားဆရာမ တစ်ယောက်ဖြစ်ခဲ့ပြီး သူနှင့်တွေ့သိကျွမ်း ချစ်ကျွမ်း ဝင်စဉ်ကတည်းက သူက ဆရာဝန်၊ သူမက သူနာပြု ဆရာမအဖြစ် အတူလက်တွဲဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

ပုံစံ- (၁) ဝန်မင်းရှက်ဖော်လီးယားနှင့် မရှုပ်မရှင်း ဇာတ်လမ်းခင်နေခဲ့သူ ကုန်တိုက်ပိုင်ရှင် သူဌေးကြီးတစ်ဦး၏ ဇနီးလိုပြု သက်သေ ဂျင်နီဖာကူး ဝက်ခြံကလေးအတွင်းမှ သက်သေခံအစစ်ခံနေစဉ်။

(၂) လူသတ်မှု တရားခံမလေး ဗွန်နီရှက် ဖော်လီး ယား အစစ်ခံထွက်ဆိုနေစဉ်။

(၃) အသတ်ခံရသူ ဝန်ကြီးရှက်ဖော်လီးယား

## (၃) ပေါက်ကွဲသွားသော တစ်ရေးနိုးချစ်စိတ်

ဒီဒေးခေါ် ၁၉၄၄ ခုနှစ်၊ ဇွန်လ(၆)ရက်နေ့တွင် မဟာမိတ်တပ်များ ပြင်သစ်နိုင်ငံသို့ ထိုးဖောက်ဝင်ရောက်သိမ်းပိုက်ခဲ့ရာ နာဇီဂျာမန်တို့ လက်အောက်မှ လွတ်ခဲ့လေသည်။ ၁၉၃၉ခုနှစ် စက်တင်ဘာလ(၁)ရက်နေ့တွင် ဂျာမန်နာဇီဟစ်တလာ ဦးဆောင်သော ဝန်ရိုးတန်းနိုင်ငံများနှင့် အင်္ဂလိပ်၊ ပြင်သစ် ဦးဆောင်သည့် မဟာမိတ်နိုင်ငံများအကြား အားပြိုင်သော၊ ဒုတိယကမ္ဘာစစ်ပွဲကြီးလည်း ၁၉၄၅ခုနှစ်၊ မေလ(၄)ရက်နေ့တွင် ဂျာမန်တို့လက်နက်ချပြီး ၁၉၄၅ခုနှစ်၊ ဩဂုတ်လ(၁၄)ရက်နေ့တွင် ဂျပန်တို့လက်နက်ချခြင်းဖြင့် အဆုံးသတ်ပြီးဆုံးခဲ့သည်။

စစ်ပြီးခေတ်ကာလ၌ ပြင်သစ်နိုင်ငံ၌ စစ်ကြီးအတွင်းဂျာမန်တို့ လက်အောက်ကျရောက်ခဲ့စဉ်က တိုင်းပြည်မျက်နှာကို မထောက်သူခိုး၊ ဓါးပြိုးကမ်းခဲ့ကြသော အမျိုးသားသစ္စာဖောက် ပုဆိန်ရိုးတို့အား ပြည်သူတို့ဒဏ်ခတ်ကြသည်ကို မည်သူကမျှ မသနားကြချေ။ ပြင်သစ်ပြည်သူအများဆုံးမှာ ကျူးကျော်နယ်ချဲ့သိမ်းပိုက်လာသော ဂျာမန်တို့လက်အောက် လက်နက်ချအညံ့ခံခဲ့ကြသည်။ သို့ရာတွင် သူ ကျွန်မခံရဲရဲတောက် ပြင်သစ်မျိုးချစ်မြေအောက် တော်လှန်ရေးသမား အင်အားစုတို့ကလည်း လျှို့ဝှက်ချည်းကျန်၊ အလံမလှဲ စတမ်း ခုခံမောင်းထုတ်ခဲ့ကြသည်မှာ ကမ္ဘာစစ်ကြီး ပြီးဆုံးခါနီး နောက်ဆုံးလတိုင် ဖြစ်ပါသည်။ မြေအောက်တော်လှန်ရေးတိုက်ပွဲများ ယူဆထားသည်ထက်ပင် အတိုင်းအတာများပြားကြောင်း



သိရှိရ၏။ သို့ပါသော်လည်း ဂျာမန်တို့အား လိုလိုလားလားဖြင့် စိတ်ရောကိုယ်ပါ အားတက်သရောပူးပေါင်း ကူညီခဲ့သူများလည်း အများအပြားပင်ရှိခဲ့သည်။ ယင်းအမျိုးသားသစ္စာဖောက်ပုဆိန်ရိုးတို့မှာ ဒီဒေးခေါ်မဟာမိတ်တပ်များ ထိုးစစ်ဆင်ဝင်ရောက် သိမ်းပိုက်ပြီးနောက် (၁၉၄၄ခုနှစ်၊ ဇွန်လ-၆ရက်) သူတို့ပြစ်မှုအတွက် ပြေးစရာမြေမရှိ ကျီးလန့်စာစား ဘဝနှင့် နေကြရတော့သည်။ ညည ဤတစ်ထိတ်ထိတ်လန့်လန့်နှင့် ကြက်အိပ်ကြက်နိုးအိပ်စက်ခဲ့ကြရာမှာ သန်းခေါင်ယံအိမ်တံခါးခေါက်သံကြားရပြီး တံခါးဖွင့်ပေးလိုက်သည်နှင့် သေမင်းတမန်သေနတ်သံနှင့်အတူ အသက်ပါပျောက်ခဲ့ကြရသည်။

ဂျာမန်တွေ မိုးကောင်းနေစဉ်က နာဇီဂျာမန်စစ်သားတို့ဖြင့် တစ်ရှန်းရှန်းတွဲခုတ်ကာ တစ်ပြည်သားကို လင်လုပ်ချင်ကြသော အသားထဲကလောက်ထွက်ခဲ့ကြသည့် ပြင်သစ်မလေးတို့မှာလည်း ရိုးရာအစဉ်အလာအရှက်ခွဲခံရသည့်နည်းဖြင့် ပြစ်ဒဏ်ခတ်ခြင်းခံကြရသည်။ ဦးပြည်းကတုံးပြောင်အောင်ရိတ်ပြီး လမ်းတကာလမ်းစီတန်းလှည့်လည်အသွားခိုင်းပြီး အများပြည်သူတို့၏ အကန်အကျောက်၊ တံတွေးဖြင့် ဝိုင်းအထွေးခံ၍ ဆဲရေးတိုင်းထွာခြင်းအခံခိုင်းကာ ထိုက်တန်သော ပြစ်ဒဏ်ပေးဆုံးမခဲ့ကြသည်။ ပေါက်လင်ဆိုသူ မိန်းကလေးမှာလည်း ယင်းသို့သော ကမ္ဘာလေးရပ် ပြစ်ဒဏ်သင့်ခဲ့ပြီး ကတုံးအရိတ်ခံခဲ့ရသည်။

ထိုအမျိုးသမီး၏ ဖခင်မှာ ဒမ်းကတ်မြို့ တွင်နေထိုင်သည့် အောင်မြင်ကျော်ကြားသည့် အင်ဂျင်နီယာတစ်ဦးဖြစ်သည်။

ဒမ်းကတ်မြို့မှာ ပြင်သစ်နိုင်ငံမြောက်ပိုင်းရှိ ပင်လယ်ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်ပြီး ဒုတိယကမ္ဘာစစ်ကြီး စခါစ ၁၉၄၈ခုနှစ်၊ ဇွန်လ(၆)ရက်နေ့က ဂျာမန်တို့ပြင်သစ်နိုင်ငံကို ကျူးကျော်ထိုးစစ်ဆင်လာသောအခါ ဗြိတိသျှတပ်များ အောင်မြင်စွာဆုတ်ခွာခဲ့ရသောမြို့ဖြစ်သည်။ သူသည်(၁၈၄၄–၁၉၀၀) နှစ်တွင် ပေါ်ထွန်းခဲ့သော ဂျာမန်ဒဿန(ဖီလိုဆိုဖီ) ပညာရှင်ကြီး ဖရက်ဒရစ်နီးရှေး၏ ဒဿနကို မြတ်နိုးသူဖြစ်ပြီး နာဇီတို့ဘုန်းမီး နေလတောက်စဉ် တန်ခိုးဩဇာအာဏာရှိခဲ့သူ တစ်ဦးဖြစ်၏။ ဂျာမန်အာဏာပိုင်တို့အတွက် တိုက်တာအဆောက်အဦးတို့ကို လိုလိုလားလား ဆောက်လုပ်ပေးခဲ့သည်။ သမီးဖြစ်သူ ပေါက်လင်အား စည်းကမ်းတင်းကြပ်သည့် ထိပ်တန်းကျောင်း၌ ထားကာကြီးပြင် အောင်ကျွေးမွေးစောင့်ရှောက်ခဲ့သည်။ သူမအား များများကျွေး၍ နည်းနည်း ခံစားတတ်အောင် သွန်သင်ခဲ့သည်။

ပြင်သစ်နိုင်ငံကြီး ဂျာမန်နာဇီတို့၏ လက်အောက်ကျရောက်ခဲ့စဉ်က ပေါက်လင်မှာ အသက်(၁၃)နှစ်ရွယ်သာ ရှိသေးသည်။ သို့သော်လည်း ဂျာမန်စစ်သားတို့နှင့်တွဲ၍ နေခဲ့သည်။ သူမ အသက်(၁၇)နှစ်အရွယ်၌ အသက်(၅၅)နှစ်ရွယ် ဂျာမန်သက်ကြီးရွယ်အို ဗိုလ်မှူးကြီးတစ်ဦး၏ အငယ်အနှောင်းဖြစ်လာခဲ့သည်။ သူမအား ဂျာမန်နာဇီဆန့်ကျင်ရေး မြေအောက်ဆက်နွယ်စာရင်း သွင်းခဲ့ကြသည်။ မဟာမိတ်တပ်များ ရန်သူဂျာမန်တို့အား ထိုးစစ်ဆင်ပြီးမောင်းနှင်ထုတ်ခဲ့ပြီး နောက်ပိုင်းကာလ၌ တင်ရစ်ခဲ့သော 'တိုင်းပြည်သစ္စာဖောက်ခဲ့သည့်အကြွေး' ကို ထိုက်ထိုက်တန်တန်



ပေးဆပ်ခဲ့ရလေသည်။ ပေါက်လင်အား မြို့လည်ခေါင်ကွက်လပ်သို့ ဒရွတ်တိုက် ဆွဲခေါ်သွားခဲ့ကြပြီး ခွေးခြေကလေးတစ်လုံးပေါ် အတင်းထိုင်စေခဲ့သည်။ ထို့နောက် သူမ၏ ရှည်လျားသော ဆံကေသာတို့အား အမျိုးသားတစ်စုက ဝိုင်း၍ဖြတ်တောက်ပစ်ခဲ့ကြသည်။

ပေါက်လင်မှာ ခေတ်ရေ့ပြေးနေသော မိန်းကလေးတစ်ယောက် ဖြစ်သည်။ ၁၉၄၆ ခုနှစ် စစ်ကြီးအတွင်းက ရန်ဘက်အမုန်တရားတွေနှင့် အာဃာတတရားတွေလည်း ချုပ်ငြိမ်းသွားခဲ့လေသည်။ သူမလည်း ပြင်သစ်နိုင်ငံမြောက်ပိုင်းရှိ လိုက်လီမြို့ တက္ကသိုလ်၌ ဆေးကျောင်းသူတစ်ယောက်အဖြစ် ပညာဆက်လက်သင်ကြားခဲ့သည်။ ဆေးတက္ကသိုလ်ပထမနှစ်၌ သူမ၏ပညာရည်ချွန်ကြောင်း ထိုစဉ်က အတော်ဆုံးအဖြစ်ဖော်ပြထားသည်ကို တွေ့ရှိရသည်။ သို့သော် သူမသည် ကျောင်းတက်ရက်မမှန်ချေ။ ပေါက်လင်မှာ အသိဉာဏ်ပညာရှိသော မိန်းကလေးဖြစ်သော်လည်း လုဂုဏ်မောက်ကာ ယောကျ်ားကလေးများအား ပြိုတီတီ လုပ်တတ်သည်။ သူမအပြုအမူအကျင့်သိက္ခာမှာ ကောင်းသည် ဟုဆိုနိုင်သကဲ့သို့ မကောင်းဟုလည်း ပြော၍ရသည်။

လိုက်လီတက္ကသိုလ်ရောက်ပြီး ပေါက်လင်သည် ဝိန့်အိုးမာမြို့မှ လာရောက်ပညာသင်ကြားနေသော ဖီးလစ်ဘေလီ ဆိုသူ လူချောလူလှကာယဗလကြံ့ခိုင်သည့် လူရွယ်ဆေးကျောင်းသားနှင့် ချစ်ကြိုးသွယ်ခဲ့ကြသည်။ သူတို့နှစ်ဦး သုံးနှစ်သုံးမိုး အရှုံးအမူးချစ်ခဲ့ကြသည်။ သို့သော် သမီးရည်းစားလည်းမကာ၊

လင်မယားလဲမကျ နေခဲ့သောချစ်သူအပေါ် အကြိမ်ကြိမ်သစ္စာဖောက်ပြီး အခြားကျောင်းသားတို့သာမက ကျောင်းအုပ်ချုပ်ရေးအဖွဲ့ဝင် အစ်ကိုကာလသားတို့နှင့်ပါ တွဲခဲ့သည်။ ဖီးလစ်က သူမအား ပုဆိုးတန်းတင်လူကြီး မိဘ ဘဝအသိပေးကာ တရားဝင် လက်ထပ်ကြရန် တောင်းဆိုခဲ့သော်လည်း ပေါက်လင်က ငြင်းပယ်ခဲ့သည်။ သူသည် မထေမဲ့မြင်ပြုကာ အကျင့်ဝသီစရိုက်ကို မစွန့်ပဲဆက်လက်မိုက်မြဲမိုက်နေခဲ့သည်။ ယိုသူမရှက်၊ မြင်သူရှက်ဆိုသကဲ့သို့ သူမ၏ ဒိုင်ယာရီထဲ၌ သူမ၏ချစ်သူပေါင်းများစွာနှင့် ဘယ်နေ့ဘယ်အချိန်က ဘယ်နေရာတွင် အိပ်စက်ခဲ့သည်မှအစ အသေးစိတ်ရေးသားထားလေသည်။ နောက်ဆုံး၌ ဖီးလစ်မှာ သည်းခံမနိုင်တော့ပဲ သူမနှင့် အဆက်ဖြတ်ခဲ့သည်။ လိုက်လီတက္ကသိုလ်မှ နုတ်ထွက်ကျောခိုင်းခဲ့ပြီး ပဲရစ်မြို့ဆေးတက္ကသိုလ်၌ ပညာဆက်လက်သင်ကြားခဲ့သည်။

ထို့နောက် သူတို့နှစ်ဦးလမ်းခွဲခဲ့ကြပြီး တစ်နှစ်နှင့်ခြောက်လအတွင်း တစ်ဦးနှင့်တစ်ဦးမျက်နှာချင်းမဆုံမိခဲ့ကြပေ။ ဖီးလစ်မှာ ပဲရစ်ဆေးတက္ကသိုလ်၌ လုံ့လဝီရိယဖွဲ့ဖြင့် သင်ခန်းစာတို့ကို အပတ်တစ်ကုတ်ကြိုးစားသင်ယူနေခဲ့ပြီး လူရည်ချွန်ကျောင်းသား ဖြစ်လာခဲ့သည်။ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်အရွယ်ဖြစ်သည်နှင့်အညီ လှပသည့်ငွေရောင်ဆံပင်ပိုင်ရှင် ပဲရစ်သူလှပျိုဖြူ ဆေးကျောင်းသားတစ်ဦးနှင့် သမုဒယယှက်နွယ်ချစ်ကြိုးသွယ်ခဲ့ကြသည်။ သူမနာမည်မှာ မော်နီကာလွန်းဘတ်ဖြစ်သည်။



လိုက်လီမြို့၌ ထိုအတောအတွင်း သူ၏ချစ်သူဟောင်းပေါက်ခင်မှာ ရည်းစားထည်လဲဖြင့် ခွေးမြီးကောက်ကျည်တောက်စွပ် ယခင်အတိုင်း အပျော်လိုက်နေတုန်းပင်။ ပြင်သစ်တွင် အားမရသေး ဂျာမနီနိုင်ငံသို့ ဟောလီးဒေးအပျော်ခရီးထွက်ဖို့ပင် စိတ်ကူးထားသည်။ သူမရည်ရွယ်ချက်မှာ "ဘုရားလည်းဖူး လိပ်ဥလည်းတူး" ဆိုသကဲ့သို့ ကလျာဖူးစသစ်အရွယ်က အငယ်အနှောင်းအဖြစ်ဖြင့် ဆုံဖူးခဲ့သော ဂျာမန်ဗိုလ်ချုပ်ကြီးဟောင်းနှင့် ပြန်လည်အကြောင်းဆက်ရန်ပင် ဖြစ်သည်။ ပဲရစ်မြို့ဆေးတက္ကသိုလ်တွင်ရောက်ရှိနေသော အချစ်ဟောင်းဖီးလစ်နှင့် ဆက်သွယ်ဖို့ဘော့စိတ်လည်းမကူးမိ၊ ကြိုးလည်းမကြိုးပမ်းခဲ့ချေ။ ၁၉၅၁ ခုနှစ်တိုင်တိုင် အဆက်အသွယ်မလုပ်ခဲ့။

ဤသို့ဖြင့် ၁၉၅၁ ခုနှစ် မတ်လဆန်း၌ သူတို့နှစ်ဦးနှင့်ငယ်ပေါင်းကြီးဖော်သူငယ်ချင်းတစ်ယောက် ပဲရစ်မြို့သို့ရောက်ခဲ့ရာဖီးလစ်အိမ်ထောင်ပြုတော့မည့် သတင်းကို သိရှိလာခဲ့သည်။ သူ့ထံမှ တစ်ဆင့်ကြားသိခဲ့သည်။ ဖီးလစ်၏ ဇနီးလောင်းချစ်သူကလေးမှာ လှပျိုဖြူကလေးဖြစ်ပြီး "နေနှင့်လ ရွှေနှင့်မြ" သူတို့အတွဲညီချစ်မောင်နှံတို့၏ အနာဂတ်မှာလည်း ပန်းခင်းသောလမ်းနှယ် ဖြောင့်ဖြူးသာယာမည်ဖြစ်ကြောင်းကိုလည်း ကြားသိရသည်။ ပေါက်လင်မှာ "လွှတ်သွားသည့် ငါးကြီးသည်" ထင်ကာမျောက်မီးခဲကိုင်မိသကဲ့သို့ ဆောက်တည်ရာမရဘဲ ပဲရစ်သို့ ချက်ခြင်းလိုက်ခဲ့သည်။ ငယ်ချစ်ဟောင်း ဖီးလစ်နှင့်သွားရောက် တွေ့ဆုံကာသူမအပေါ် စိတ်လည်လာစေရန် မာယာကွန်ယက်ဖြန့်ကျကာ

ကြိုးပမ်းခဲ့သည်။ သို့သော် သူမနှင့်ပတ်သတ်လာလျှင် ဖီးလစ်အဖို့ လုံးဝစိတ်ကုန်နေပြီဖြစ်၍ သူမ၏ကြိုးပမ်းချက်တို့မှာ သဲထဲရေသွန် အရာမထင်ခဲ့ချေ။

သူတို့နှစ်ဦးအကြီးအကျယ်စကားများခဲ့ကြပြီး ပြန်လစ်ခဲ့သည်။ မတ်လ(၁၀)ရက်နေ့၌ ပေါက်လင်တစ်ယောက် သူမ ချက်မြုပ်အား ကတ်မြို့သို့ ပြန်ခဲ့ပြီး သူမမွေးနေ့ပါတီကျင်းပခဲ့သည်။ သူမဖခင်က ပြင်သစ်နိုင်ငံသုံး ဖရန့်စ်ဒေါ်လာငွေ(၅၀၀၀) မွေးနေ့လက်ဆောင်ပေးခဲ့သည်။ ပေါက်လင်လည်း ထိုငွေဖြင့် တရားဝင်လက်နက်ကိုင်ဆောင်ခွင့် လိုင်စင်လျှောက်ထားခဲ့ပြီး မိန်းမကိုင် ဒဿမ ၂၅ ကာလီဘာအော်တိုမစ်တစ်ပစ္စတို တစ်လက်ဝယ်ယူခဲ့သည်။

ပေါက်လင်သည် ပဲရစ်မြို့သို့ တိုက်ရိုက်မသွားသေးပဲ လိုက်လီမြို့သို့ ပြန်လာခဲ့သည်။ ထို့နောက် ဖီးလစ်ကိုသတ်ပြီး မိမိကိုယ်ကို အဆုံးစီရင်မည်ရည်ရွယ်ချက်ကို ကြေငြာစာတမ်းတစ်စောင်ရေးသားခဲ့သည်။ အိမ်ခန်းရှင်အမျိုးသမီးကြီးလည်း ပေါက်လင်၏ လက်ပွေ့အိတ်ထဲမှ ပစ္စတိုသေနတ်ကို သတိပြုမိခဲ့သည်။ သူမပဲရစ်မြို့သို့ ထွက်မည့်ရထားစီးနင်းလိုက်ပါသွားသောအခါ သူမအခန်းထဲမှ ခြိမ်းခြောက်စာကို ရှာဖွေတွေ့ရှိခဲ့သည်။ ဖီလစ်တစ်ယောက် အန္တရာယ်ဆိုးနှင့်ကြုံတွေ့တော့မည်ကို သိရှိပြီး သူ့ဖခင်ထံ ဆက်၍ ပြောပြခဲ့သည်။ ထို့နောက် ပဲရစ်မြို့ရှိ ဖီးလစ်ထံကိုလည်း သတိပေးသံကြိုးရိုက် အကြောင်းကြားခဲ့သည်။

ဤဖြစ်ရပ်မှာ ဖီးလစ်တို့ ချစ်သူနှစ်ဦးလက်မထပ်ကြသေး



ခင်ရက် ရက်သတ္တနှစ်ပတ် အချိန်ကဖြစ်ပါသည်။ ဖီးလစ်မှာ အန္တရာယ်ကျရောက်တော့မည်ကို သိသဖြင့် မတ်လ(၁၅)ရက်နေ့၌ သူငှားရမ်းနေထိုင်ရာ လက်ဖ်ကင်းရှိ အခန်းငယ်ကလေးမှ ထွက်ခွာခဲ့ပြီး ဂျော့ဂေါ်ဒီးလ်ဆိုသူ သူငယ်ချင်း၏အိမ်၌ ရှောင်တိမ်းနေထိုင်ခဲ့သည်။ နောက်နေ့ညနေ၌ သူ့အခန်းသို့ ပြန်လာခဲ့သည်။ သို့သော် သူတစ်ဦးတည်းမဟုတ်၊ သူငယ်ချင်းဂေါ်ဒီးလ် အစောင့်အရှောက်အဖြစ် အတူလိုက်ပါလာခဲ့သည်။ မတ်လ(၁၇) ရက်နေ့နံနက်စာကို သူတို့နှစ်ဦးသူ့အခန်း၌ပင် စားလိုက်ကြသည်။ ထိုစဉ်အခန်းတံခါးခေါက်သံကြားရပြီး တံခါးအဖွင့်၌ ပေါက်လင်အားတွေ့ရသည်။

ဖီးလစ်နှင့် နှစ်ကိုယ်ကြားစကားပြောဆိုကြောင်း အရေးဆိုခဲ့သည်။ ဖီးလစ်က သူ့သူငယ်ချင်းရှိနေ၍ သူမတောင်းဆိုချက်ကို မလိုက်လျောနိုင်ကြောင်း အပြတ်ပြောခဲ့သည်။ ပေါက်လင်ကလည်း အတင်းပင် ပြောသည်။ “ကျွန်မ ရှင်နှင့်နှစ်ယောက်ချင်းပဲ စကားပြောချင်တယ်။ ခဏလေးပဲ ဘာများဖြစ်သွားမှာမို့လဲ”

“ဘာကြောင့် နှစ်ယောက်ချင်းတွေ့ချင်တာလဲအမိပြောပါဦး”

“ဘာလို့လဲဆို ကျွန်မစိတ်တွေမထိန်းနိုင်ပဲ ငိုမိမှာစိုးလို့ပါ”

ဖီးလစ်က သူမစကားမယုံ၊ ဝင်ခွင့်မပြုခဲ့ချေ။ နောက်ဆုံးအများပြည်သူစည်ကားသည့် နေရာတစ်နေရာ၌ သူ့လူယုံတော် သူငယ်ချင်းကောင်း ဂေါ်ဒီးလ်ရှိနေသမျှ တွေ့ဆုံကြရန် ချိန်းဆိုခဲ့ကြသည်။ ထို့နောက် ပေါက်လင်လည်း သူ့အခန်းမှ ပြန်သွားခဲ့

သည်။ ချိန်းဆိုသည့်နေ့၌ ဖီးလစ်နံဘေး၌ သူငယ်ချင်း ဂေါ်ဒီးလ်မှာ ရှိနေခဲ့သည်။

မနာလိုမရှုဆိတ်မှု၊ စိတ်ပျက်အားငယ်မှု သို့မဟုတ် ဖီးလစ်တို့ချစ်သူနှစ်ဦးအပေါ် မစ္ဆေရမနာလိုစိတ်ပြင်းထန်မှုနှင့် အတူ သူမပရိဝေဒမီးတောက်လောင်နေသည်မှာ မှန်ပါသည်။ သို့သော် ယခုအခါ ပေါက်လင်မှာ စိတ်နှလုံး ဒုံးဒုံးဆုံးဖြတ်ချက် ချပြီး ဖြစ်၍ သူမစိတ်ကို တည်ငြိမ်ကာ သွေးအေးနေခဲ့ပြီဖြစ်သည်။ ချိန်းဆိုထားသည့် ကင်ဘရစ္ခန်နီသို့ မသွားတော့။ ဖီးလစ်နေထိုင် ရာအခန်းနှင့် မျက်နှာချင်းဆိုင်လမ်းတစ်ဘက်ရှိ ကဖီးဆိုင်ကလေး တစ်ဆိုင်နေရာကောင်းတွေ့ခဲ့လေသည်။ ဆိုင်ထဲဝင်ထိုင်ကာ ဖီးလစ်တို့ အိမ်ပြင်ထွက်အလာကို စောင့်ဆိုင်းကြည့်ရှုချောင်း မြောင်းနေခဲ့သည်။ သူမလက်ဖက်ရည်မသောက်ရသေးခင်ပင် ဖီးလစ်တို့သူငယ်ချင်းနှစ်ယောက် ချိန်းဆိုသည့်နေရာသို့ ထွက်ခွာ သွားကြသည်ကို လှမ်းတွေ့လိုက်ရသည်။

ဖီးလစ်နှင့် ဂေါ်ဒီးလ်တို့နှစ်ဦး ပလေ့ကင်ဘရစ္ခန်နီ အဆောက် အဦး၌ ရင်တထိတ်ထိတ်ဖြင့် ပေါက်လင်ပေါ်အလာကို စောင့်ဆိုင်း နေခဲ့ကြသည်။ နောက်ဆုံး အန္တရာယ်ငတော့ တစ်တော ရှင်းသွားပြီ ဟုယူဆကာ ဖီးလစ်အခန်းပြန်ရန် ဆုံးဖြတ်လိုက်ပါ သည်။ ဂေါ်ဒီးလ်အား သွားစရာရှိသည့်နေရာသို့ သွားနိုင်ပြီဖြစ် ကြောင်း ဖီးလစ်က ပြောခဲ့သည်။ သို့သော် သူငယ်ချင်း ဂေါ်ဒီးလ် က စိတ်မချ။ သူက တစ်ခြားသူငယ်ချင်းတစ်ယောက် ဖြစ်သူ အောက်ဂေ့ါအား ဖုန်းဆက်၍ သူ့အစားဖီးလစ်အား စောင့်ရှောက်



ပေးပါရန် တောင်းပန်ခဲ့ပြီး ချက်ခြင်း ဖီးလစ်အိမ်သို့ တစ်နေ့တာ သွားရန်ပါ မှာကြားခဲ့သည်။

ဂေါ်ဒီးလ်လည်း အောက်ဂေ့ါ ဖီးလစ်နေအိမ်သို့ ရောက် နှင့်လောက်ပြီဟု ထင်မှတ်ခဲ့ပါသည်။ သို့သော် ကံကြမ္မာဖန်လာခဲ့ သဖြင့် ဖြစ်ချင်သကဲ့သို့ ဖြစ်မလာခဲ့ချေ။ ထိုနေ့က ပဲရစ်မြို့၌ ပို့ဆောင်ရေးဌာနသပိတ်မှောက်ခဲ့သဖြင့် အလျင်စလို အပြေး အလွှား အော်ဟစ်လာခဲ့သော ဂေါ်ဒီးလ်စီးနင်း လိုက်ပါလာခဲ့ သည့် တက္ကစီမှာ ယာဉ်ကြောထဲ ပိတ်မိနေခဲ့သည်။ ပေါက်လင်မှာ အခွင့်ကောင်းကို ဖွဲကောင်းကောင်းဖြင့် ချောင်းနေစဉ် သူမ၏ ချစ်သူဟောင်းဖီးလစ်တစ်ယောက်တည်း သူ့တိုက်ခန်း ပြန်လာ သည်ကို တွေ့လိုက်လေသည်။ ကော်ဖီကမန်းကတမ်း သောက်ပြီး ကျသင့်ငွေရှင်းခဲ့သည်။ ထို့နောက် ဖီးလစ်နောက်မှ နောက် ယောင်ခံ၍ တိုက်ခန်းရှိရာ သတ္တမမြောက်အထပ်သို့ တက် ခဲ့သည်။

ဖီးလစ်အခန်းထဲသို့ ဝင်ရောက်နိုင်ခဲ့သည်မှာ သူကပဲဖွင့် ၍လော မပြောတတ်။ ဖြစ်နိုင်သည်မှာ တံခါးခေါက်သံကြား၍ ဖီးလစ်က သူ၏ သူငယ်ချင်းအောက်ဂေါ ပြန်လာသည်အမှတ်ဖြင့် တံခါးထဖွင့်ပေးခဲ့ခြင်း ဖြစ်ကောင်းဖြစ်နိုင်ပေသည်။ မည်သို့မည်ပုံ အခန်းထဲရောက်လာခဲ့သည်မသိ။ ပေါက်လင်က ချစ်သူဟောင်း ဖီးလစ်အား သေနတ်ဖြင့် သုံးချက်တိတိဆင့်ပစ်ခဲ့သည်။ တတိယ ကျည်ဆံဖူးမှာ တစ်ချက်တည်းနှင့် ပွဲသိမ်းသည့် ပစ်ချက်ဖြစ်ပြီး သူ့ဘက်နားအုံကို စူးဝင်သွားခဲ့ခြင်း ဖြစ်သည်။

ထို့နောက် ပေါက်လင်လည်း သူမကိုယ်သူမ သေနတ်ဖြင့် ပစ်ခတ်ကာ အဆုံးစီရင်ရန် ကြိုးပမ်းခဲ့သည်။ သို့ရာတွင် သေကံမရောက် သက်မပျောက်ဆိုသကဲ့သို့ စတုတ္တမြောက် ကျည်ဆံမှာ ဂျမ်းဖြစ်သွားပြီး မထွက်တော့ချေ။ သို့အတွက် မီးဖိုနှင့် ဆက်သွယ်ထားသော ဂတ်စ်ပိုက်ကို ဆွဲဖြုတ်လိုက်ပြီး ပိုက်ခေါင်းဝကို သူမပါးစပ်ဖြင့်ငုံကာ သေကြောင်းကြံလိုက်ပြန်သည်။

သို့သော် လက်မတင်အချိန်ကလေးအတွင်း သူငယ်ချင်းဖြစ်သူ အောက်ဂေါ့ဖီးလစ်တိုက်ခန်းကို ပြန်လာခဲ့သည်။ အခန်းပြင် စင်္ကြံကော်ရစ်တာကတည်းက သူ့အခန်းမှ ထွက်လာ သည့် ဂက်စ်နံ့များ နှာခေါင်းထဲ စူးဝင်ခဲ့သည်။ သို့နှင့် အခန်းထဲက ကမန်းကတန်းဝင်ခဲ့ရာ ဖီးလစ်အားသွေးအိုင်ထဲ လဲကျသေဆုံးနေသည်ကို တွေ့လိုက်ရသည်။ ပေါက်လင်အား မီးဖိုခန်းထဲ သတိလစ်မေ့မျောလဲကျနေသည်ကို တွေ့လိုက်ရပြန်သည်။ အောက်ဂေါလည်း သူမပါးစပ်၌ တွေ့ရသော ဂတ်စ်ပိုက်တန်းလန်းကို ဆွဲဖက်ရှားပစ်လိုပြီး မီးသတ်ဌာနသို့ အကြောင်းကြားလိုက်လေသည်။ သက်ဆိုင်ရာ မီးသတ်တပ်ဖွဲ့ဝင်များ ချက်ခြင်းရောက်လာခဲ့ကြပြီး မေ့မျောနေသော ပေါက်လင်အား အရေးပေါ် အောက်ဆီဂျင်ပိုက်တပ်ပေးလိုက်ကြသည်။

ဆေးရုံရောက်ပြီး ပေါက်လင်မှာ သတိပြန်လာခဲ့သည်။ ပေါက်လင် ကျူးလွန်ခဲ့သော လူသတ်မှု ရုံးတင်တရားမစွဲရသေး ခင်ပင် နောက်ထပ်လူသတ်မှုတစ်ခုပေါ်ပေါက်ခဲ့ပြန်သည်။ အခင်းဖြစ်အမှုမှာ ဒမ်းကတ်မြို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပေါက်လင်



ဖခင်ကြီး သမီးဖြစ်သူအကြောင်း သိသွားခဲ့သည်။ သူတို့ သားစု သမီးအတွက် မည်သည့်ရှေ့နေငှား၍ အမှုရင်ဆိုင်ကြမည် သည်ကို မသိကြောင်း၊ တိုင်ပင်ဆွေးနွေးကြလေသည်။ ဖခင် ဖြစ်သူ အမ်ဒလိုက်ဆန်မှာ သူ့ဖာသာ မိမိကိုယ်ပိုင်ဆုံးဖြတ်ချက် ချခဲ့သည်။ ဖီးလစ်၏ မိဘတို့ထံ စာတစ်စောင်ရေးခဲ့သည်။ စာထဲ၌ မိမိသမီးမိုက်၏ အရှက်တကွဲအကျိုးနည်းလုပ်ရပ်ကြောင့် ခံမရပ်နိုင်အောင် ရှက်မိကြောင်း၊ သူမကျူးလွန်ခဲ့သော ပြစ်မှုအတွက် ဝမ်းနည်းကြေကွဲယူကြုံးမရ ဖြစ်မိပါကြောင်း ဖော်ပြထားလေသည်။ ထို့နောက် သေလောက်သည့်အတိုင်းအတာ ရှိသည့် အဆိပ်ကိုသောက်ပြီး မီးဖိုခန်းထဲ၌ မိမိကိုယ်မိမိဂတ်စ်ပိုက်ငုံကာ သတ်သေသွားခဲ့သည်။ သက်ဆိုင်ရာ မစ္စတာအမ်ဒလိုက်ဆန်၏ အလောင်းကို သူ့အိမ်မီးဖိုခန်းထဲ၌ တွေ့ရှိခဲ့ကြသည်။

အမ်ဒလိုက်ဆန် သူ့ကိုယ်သူ အဆုံးစီရင်သွားခဲ့သော ကိစ္စမှာ သမီးဖြစ်သူ ပေါက်လင်အမှု ပဲရစ်မြို့၌ ရုံးတင်တရားစွဲဆို ကြားနာမစစ်ဆေးခင် လပေါင်းများစွာက ဖြစ်ပါသည်။ ၁၆၅၅ ခုနှစ်၊ အောက်တိုဘာလ(၂၈)ရက်နေ့ နံနက်၌ တရားခံပေါက်လင် အား သူမချုပ်ဆိုထားရာ အကျဉ်းထောင်အခန်းထဲတွင် လက်ကောက်ဝတ်သွေးကြောပြတ်ကာ သတိလစ်မေ့မျောနေသည်ကို ထောင်အာဏာပိုင်တို့ တွေ့ရှိခဲ့ကြသည်။ သူမလက်ကောက်ဝတ် သွေးပြန်ကြောကို အပ်ဖြင့်ဖန်စကွဲဖြင့် လှီးဖြတ်ကာ သေကြောင်း ကြံစည်ခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရှိရ၏။ သူမသေကြောင်းကြံစည် နှင့် ပတ်သတ်၍ သက်ဆိုင်ရာသို့ အမှာစာရေးခဲ့သည်။ ထိုစာကို

လက်ကောက်ဝတ်သွေးကြောဖြတ်တောက်ပြီးမှ မှောင်ထဲ၌ ရေးသားခဲ့ခြင်း ဖြစ်သည်။ စာထဲ၌ သူမကျူးလွန်ခဲ့မိသော ရာဇဝတ်မှုအတွက် နောင်တကြီးစွာရပြီး ရုံးတင်တရားစွဲဆို စစ်ဆေးခံရမည်ကိုလည်း လွန်စွာမှ ရှက်မိကြောင်း ဖော်ပြထားလေသည်။ ကျွန်မမိုက်ပြစ်ကြောင့် ကျွန်မမိသားစုနဲ့ ကျွန်မပါသူတစ်ကာ တံတွေးခွက် ပက်လက်မျောရသည့်အခြေရောက်ခဲ့ရပါတယ်။ ကမ္ဘာပေါ်မှာ ကျွန်မအချစ်ရဆုံးသူကို စိတ်နာကျည်းဆုံးပါဘဲ။ ခုဒီစာရေးနေတဲ့ အချိန်မှာ ကျွန်မလက်ကောက်ဝတ်က ဒဏ်ရာမှ သွေးတွေ တစ်လီတာလောက်ထွက်နေပြီ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်မသတိကောင်းရှိနေတုန်းပါပဲ စသည်ဖြင့် ရေးသားထားလေသည်။

သေချင်တိုင်းလည်း သေမရဆိုသလို ပေါက်လင်မှာ ဒုက္ခယံမိနှစ်ကြိမ်မြောက် ကိုယ့်ကိုယ်ကို အဆုံးစီရင်ရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ဘဲ အသက်ပြန်ရှင်လာခဲ့ပြန်သည်။ သူမအား ရုံးတင်ကြားနာ စစ်ဆေးခဲ့ပြီး တစ်လအကြာ၌ ပဲရစ်မြို့နေ ပြည်သူတို့အခင်း ဖြစ်အမှုကို စိတ်ဝင်စားမှု ပြင်းထန်လာခဲ့ကြသည်။ ''ချစ်ကြွေးမပြေ'' မှုခင်းတို့မှာ ပြင်သစ်ပြည်သူတို့၏ တစ်နည်းတစ်ဖုံ ထူးခြားသော စိတ်ဝင်စားမှုတစ်ရပ်ပင် ဖြစ်သည်။ သို့သော် အခင်းဖြစ်ပေါက်လင်၏ ရာဇဝတ်မှုခင်းမှာ ပြင်သစ်ဂန္ထဝင်ပုံစံနှင့်တော့ အံမဝင်ဂွင်ကျချေ။ အခင်းဖြစ် ပေါက်လင်၏ အမှုအပေါ် ပြည်သူတစ်ရပ်လုံးက စိတ်ဝင်စားနေကြသဖြင့် ဂျူရီလူကြီးတို့အဖို့ အဆောတလျင် ဆုံးဖြတ်ရန် ခက်ခဲကြန့်ကြာနေခဲ့ကြသည်။ ဖီးလစ်နှင့် ပေါက်လင်တို့ချစ်သူနှစ်ဦး ညောင်ညို



င်စခန်းက လမ်းခွဲခဲ့ပြီး သံယောဇဉ်ဖြတ်တောက်သွားခဲ့ပြီး (၁၈) သကြာမှ ချစ်သဝန်ကြောင်စိတ် ဖြုန်းစားကြီးဖြစ်ပေါ်လာနိုင်ပါ လား သို့မဟုတ် ပေါက်လင် စိတ်လိုက်မာန်ပါ ဖီးလစ်အား သေနတ်ဖြင့် သုံးချက်ဆင့်ပစ်သတ်လိုက်ခြင်းမှာ မစားရသည့်အမဲ သဲနှင့်ပက်ဆိုသကဲ့သို့ မနာလိုမရှုဆိတ်သောစိတ်ဖြင့် ကျူးလွန်ခဲ့ ခြင်းပေလော၊ ယင်းသို့မဟုတ်ပါက သူမနှင့်ဖီးလစ်တို့ လမ်းခွဲကြ ဉ် သူကပဲ ဖောက်ပြန်ခဲ့၍ ဒေါသအမျက်မပြေခဲ့ခြင်း ပေလော။

လွန်လေပြီးသော အတိတ်စစ်ကြီးအတွင်းက အရှက် တကွဲ အကျိုးနည်းဖြစ်ခဲ့ရသည့်ကိစ္စတို့သည် အရိပ်ပမာထက်ချက် မကွာ လိုက်လျက်ရှိသည်။ သူမဘဝတွင် ထိုအမည်းစက်ကြီးမှာ ဖျောက်ဖျက်၍ မရနိုင်ပေ။ သို့ဖြစ်ပါ၍ ဖီးလစ်နှင့်ပတ်သတ်၍ သူမမှာ အသည်းကွဲရသူပါဟု မည်သို့ဆိုနိုင်ပါမည်နည်း။ တရား ခွင်၌ သနားစရာကောင်းသည့် အမျိုးသမီးတစ်ဦးကို လက်ညှိုး ထိုးပြပါဆိုလျှင် ချစ်သောသူနှင့် ကွေးကွင်းရခြင်း ဒုက္ခခံစား နေရရှာသူ အသတ်ခံရသည့် ဖီးလစ်၏ လက်ထက်မည့် ဆဲဆဲ ချစ်သူမိန်းမချောကလေး မော်နီကာလွန်းတက်ပင် ဖြစ်ပါသည်။ သူမသည် သက်သေခံထွက်ဆိုရန် ဝက်ခြံကလေး အတွင်း သနားစဖွယ် ညှိုးငယ်စွာတွေ့ရသည်။ တရားလိုရှေ့နေ ကြီးက လျှောက်လဲချက်တစ်နေရာတွင် ဖီးလစ်အပေါ်ထားရှိခဲ့ သော ဖြူစင်သော ချစ်ခြင်းမေတ္တာနှင့် ပတ်သတ်၍ နှိုင်းယှဉ်ပြ ရာ၌ ကဏ္ဍသမဏ္ဍာရှိအဃာတကြီးမားလွန်းသူ တရားခံမ ပေါက်လင်ကို လက်ညှိုးငေါက်ငေါက်ထိုး၍ ''ဒီခွေးမ'' ဟု ထိုးကာ သက်သေ

ထူသွားခဲ့ပါသည်။

တရားလိုရှေ့နေကြီး၏ လျှောက်လဲချက်တွင် တရားခံအား သေဒဏ်ပေးရန် တောင်းဆိုထားပြီး အခင်းဖြစ်အမှု မှာ ရက်စက်ကြမ်းကြုတ်လွန်းကြောင်း စွဲချက်တင်လိုက်ပါသည်။ ထို့ထက်မက ပေါက်လင်သေကြောင်း ကြံစည်သည်ကိုပင် မူယာမာယာများခြင်းဖြစ်ကြောင်း၊ ပျက်ရယ်ပြုထားလေသည်။ တရားခံပေါက်လင်၏လုပ်ရပ်တို့မှာ အဘယ်မျှပညာသား ပါလိုက်ပါ သနည်းဆိုလျှင် ဖီးလစ်အား သေနတ်ဖြင့် သုံးချက်ဆင့် ပစ်ခတ်သတ်ပြီး နောက်သူမကိုယ်ကို သူမပစ်သတ်သေလေတော့ မှ ကျည်ဆံမထွက်တော့ဘဲ သေနတ်ဂျမ်းဖြစ်သွားခဲ့သည်မှာ အံ့သြစရာကောင်းနေပေတော့သည်။ သူမကိုယ်သူမ ထမင်းချက်သည့် ဂက်စ်ငွေ့ဖြင့် သေကြောင်းထပ်မံကြံစည်ခဲ့သည်ဆိုခြင်းမှာ ဟုတ်မှ ဟုတ်ပါလေစ သို့မဟုတ် တံခါးခေါက်လိုက်သဖြင့် ဂတ်စ်ပိုက်ပြန်ထားလိုက်ခြင်းများ ဖြစ်လေမလား၊ သည့်နောက် ထောင်ထဲ၌ တစ်ခါထပ်မံ၍ လက်ကောက်ဝတ်သွေးကြောဖြတ်၍ သေကြောင်းကြံစည်ခဲ့ ပြန်သည်ဆိုခြင်းမှာလည်း အလွန်ပင် တွေးတောစရာဖြစ်နေ ပါသည်။ ''မင်းဟာ ဖီးလစ်ကို မသတ်ခင်ကတည်းက ကြိုတင် ပြင်ဆင်ပြီး ထားတာ ဖြစ်တယ်'' ဟူ၍ တရားလိုရှေ့နေကြီးက လျှောက်လဲယင်း တရားခံပေါက်လင်အား မခံချင်အောင် ကလိသွားခဲ့သည်။

တရားလို အကျိုးတော်ဆောင် ရှေ့နေကြီး၏ တရားခံအပေါ် စွပ်စွဲလျှောက်လဲသွားချက်မှာ အပြစ်ရစေလိုသည့် မကောင်းသော



ရည်ရွယ်ချက်ပါရှိနေကြောင်း ပေါ်လွင်နေပြီး တရားမျှတမှု မရှိချေ။ လူသတ်လက်နက် ဒသမ ၂၅ ကာလီဘာ မိန်းမကိုင် ပစ္စတိုကို လက်နက်ကျွမ်းကျင်သော ပါရဂူတို့ စစ်ဆေးချက်အရ စတုတ္ထ မြောက်ကျည်မှာ ဂျမ်းဖြစ်နေကြောင်း သိရှိရသည်။ မီးသတ်သမားတို့၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာတွင် သူတို့အခင်းဖြစ် နေရာသို့ ရောက်ရှိသွားသောအခါ တရားခံပေါက်လင်မှာ ဂတ်စ် ငွေ့မိကာ မွန်းကြပ်ပြီး သတိလစ်မေ့မျောနေသည်ကို တွေ့ရှိရသည်ဟု ဆိုပါသည်။ သူမနှုတ်ခမ်းတို့တွင် ဂက်စ်အမြှုပ်များ းလွှမ်းနေကြောင်းလည်း ပါရှိသည်။ ထို့နောက် အကျဉ်းထောင်ထဲ ၌ သေကြောင်းကြံစည်ပြန်ရာတွင်လည်း သက်ဆိုင်ရာ ဆရာဝန် ၏ အစီရင်ခံစာတွင် လက်ကောက်ဝတ်သွေးပြန်ကြော ပြတ်တောက်ကာ သေကြောင်းကြံစည်ရာ၌ သွေးနှစ်ပိုင်းခန့်မျှ သွန်ခဲ့သည်ဟု သိရှိရ၏။

ပေါက်လင်၏ အကျင့်စာရိတ္တမှာ ဤမျှအကျည်းတန် အရုပ်ဆိုး လွန်းလှသည်။ သူမ၏ ဒိုင်ယာရီထဲ ရေးမှတ်ထားသော ရည်းစားပေါင်းသောင်းခြောက်ထောင်နှင့် မည်သည့်နေ့၊ မည်သည့်နေရာ၊ မည်သည့်အချိန်က မည်သူမည်ဝါနှင့် မဖွယ်မရာ ကိစ္စတို့အကြောင်း ရေးသားထားသည်ကို တရားခွင်၌ လူသိရှင်ကြား ဖတ်ပြခဲ့သည်။ ဖီလစ်နှင့် တစ်ခြားချစ်သူများ တူညီမှုမှာ ချစ်ရေးချစ်ရာနှင့်ပတ်သက်လျှင် အေးစက်စက်နိုင် လွန်းကြောင်း သိရှိရသည်။ တရားခံဝက်ခြံအတွင်း၌ မလှုပ်မယှက် တွေတွေကြီးရပ်နေသည့် ပေါက်လင်အပေါ် တရားခွင်သို့ လာ

ရောက် ကြည့်ရှုနားထောင်နေကြသော ပရိသတ်ကြီးက
စိတ်မကောင်းဖြစ်နေကြရှာသည်။ လူတိုင်းက ''မိန်းကလေးဟာ
မာနတစ်ခွဲသားနဲ့ တင်းခံနေတာ ဖြစ်တယ်''ဟူ၍ မှတ်ချက်ချ
ခဲ့ကြသည်။ အခင်းဖြစ် လူသတ်မှုကွင်းလုံးကျွတ် တရားသေလွတ်
ဖို့ဆိုသည်မှာ ယင်းအမှုသည် ''ချစ်ကြွေးမပြေရာဇဝတ်မှုခင်း
တစ်ရပ်''ဖြစ်ကြောင်း သက်သေအထောက်အထား အကိုးအကား
နှင့် တရားခံရှေ့နေက ခုခံကာကွယ်ထုချေဖို့ လိုပေသည်။
ပေါက်လင်သည် တကယ်ပင် အချစ်အကြောင်း သိနားလည်ခဲ့ပါ
သလော။

တရားခံပေါက်လင်ပြစ်မှုထင်ရှား သေဒဏ်အမိန့်ချမှတ်ကာ
ခေါင်းဖြတ်စက်၌ အသတ်ခံရမည်လော။ ပြင်သစ်နိုင်ငံ၌ ၁၈၈
ခုနှစ်ကတည်းက စစ်ပြေငြိမ်းသည့်ကာလအတွင်း မည်သည့်
အမျိုးသမီးတရားခံမှ သေဒဏ်ကွပ်မျက်စီရင်ခြင်း မခံခဲ့ကြရချေ
အခင်းဖြစ် လူသတ်မှုမျိုး၌ ရုံးတော်ပြစ်မှု ထင်ရှားသေဒဏ် အမိ
ချမှတ်လိုက်သောအခါ လူးလိမ့်ငိုကြွေးကာ အပြစ်မှချမ်းသာပေး
ဟု ငိုးကြွေးလူးလိမ့်အသနားခံနေသော တရားခံမအား အာဏာ
ပိုင်တို့က ဒရွတ်တိုက် ဆွဲခေါ်သွားကြပြီး ခေါင်းဖြတ်စက်ဓါးသွာ
အောက်၌ချကာ စတိသဘောဖြင့် သူမ၏ဆံပင်ကို သ
ဖြတ်တောက်ပစ်ခဲ့ကြလေ့ရှိလေသည်။ ကယ်ပါယူပါ တစ်စာ
ငိုကြွေးကာ အသနားခံတောင်းပန်နေရှာသည့် အမျိုးသမီ
တရားခံတို့အား ခေါင်းဖြတ်သတ်ဖြတ်ရသည့်အလုပ်မှာ မည်
စက်ဆုတ်ရွံ့ရှာဖွယ် ကောင်းလိုက်ပါသနည်း ဆိုလျှင် လူပုံအလ



ရာဇဝတ်သားအား ကွပ်မျက်ရသော အာဏာသားပါးကွက်သား
သော်မှ အမျိုးသမီးကို သတ်ဖြတ်ရမည်ဆိုပါက မိမိအလုပ်မှ
ထွက်မည်ဟု ခြိမ်းခြောက်ခဲ့ကြသည်အထိ ဖြစ်ခဲ့ပါသည်။

ထိုခေတ်ထိုကာလကတည်းက တရားစီရင်ရေးနယ်ပယ်၌
ယင်းသို့သော ကိစ္စနှင့်ပတ်သက်၍ သဘောတူပဋိညာဉ်စာချုပ်
တစ်ရပ်ချုပ်ဆို အတည်ပြုပြဋ္ဌာန်းခဲ့ကြသည်။ ထိုစာချုပ်အရ
အမျိုးသမီးရာဇဝတ်ကောင်အား သေဒဏ်အမိန့်စီရင်ချမှတ်ခဲ့
ပါက သူမသည် မုချမသွေ ပြစ်ဒဏ်အမိန့်အတိုင်း ဆိုင်းငံ့ထား
ခြင်းခံရမည်သာ ဖြစ်၏။

အကယ်၍ တရားခံပေါက်လင်သည် ကျူးလွန်ခဲ့သော
လူသတ်မှု၌ ပြစ်မှုထင်ရှားခဲ့ပါက အဲထက်ဖော်ပြပါ ပဋိညာဉ်၏
အကျိုးသက်ရောက်မှုကို ခံစားနိုင်မည်လော။ ယခုအခင်းဖြစ်ပွား
မှုတွင် ဂျူရီလူကြီးတို့ စိတ်ထဲ တရားခံပေါက်လင်အပေါ် သေဒဏ်
အမိန့်ချမှတ်ရကောင်းနိုးနိုး၊ မချမှတ်ရ ကောင်းနိုးနိုး ဒွိဟ
ဖြစ်ကောင်းဖြစ်နေခဲ့ကြသည်။ သို့သော် လူသတ်မှု၏ လှုံ့ဆော်မှု
ဖြစ်သော ကြိုတင်ကြံစည်မှုအချက်ကိုမူ ထည့်သွင်းမစဉ်းစား
ခဲ့ကြပေ။ သို့နှင့် သူမအား သေစားသေစေပြစ်ဒဏ်အစား အလုပ်
ကြမ်းနှင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်းလွတ်ရက်မရှိ ချမှတ်ခဲ့
သည်။

ထူးထွေသည့် အံ့ရာသော် ဂျူရီလူကြီးမင်းတို့၏ ဆုံးဖြတ်
ချက်ရပ်ဖြစ်ပါသည်။ ဖီးလစ်အား သေနတ်ဖြင့် အသေပစ်မသတ်
မီ ပေါက်လင်၏အပြုအမူတို့မှာ လူသတ်မှုကျူးလွန်ရန် သူမ

စိတ်ထဲရှိနေခဲ့ကြောင်း ဖော်ညွှန်းနေပေသည်။ တရားသူကြီးမင်း၏ စီရင်ချက်မှာလည်း ထူးဆန်းလွန်းသည့် စီရင်ချက်တစ်ရပ်ပင် ဖြစ်သည်။ ယခုအခင်းဖြစ်အမှုထံက်ပို၍ စစ်မှန်သော ချစ်ကြွေးမပြေ ရာဇဝတ်မှုခင်းတစ်ရပ်သာ ဆိုလျှင် သူမအဖို့ ယခုပြစ်ဒဏ်ထက် သက်သာခံစားရဖို့ မျှော်လင့်စရာရှိပေသည်။

ဤအခင်းဖြစ် အမှုမှာ လျော့ပေါ့စီရင်ခြင်း အခြေအနေတစ်ရပ်နှင့်အတူ လူသတ်မှုတစ်ခုပင် ဖြစ်သည်မှာ လယ်ပြင်ဆင်သွားသလို ထင်ရှားနေပေသည်။

ဤအမှုကို အစိပ္ပာယ်ဖွင့်ဆိုဖို့ဆိုသည်မှာ အလွန်ပင် ခက်ခဲလှပေသည်။ ဤအမှုကို တစ်ရေးနိုးချစ်စိတ်ပေါက်ကွဲခြင်းဟူ၍ အမည်တပ်ရုံမှဟစ်ပါ အခြားမရှိတော့ချေ။



## (၄) "ပတ်ဝန်းကျင်မုန်တိုင်းနှင့် ခါးစာခံ

အရက်ချိုးစွဲနေမှု(ဗိုးသမားဘဝ)မှာ ပြင်သစ်နိုင်ငံ ကျေးလက်ဒေသတို့၌ သံမဏိရှည်ကြာ အမြစ်တွယ်နေသော ပြဿနာတစ်ရပ်ပင်ဖြစ်သည်။ တောရွာတို့၌ ဝိုင်အရက်ဆိုသည်မှာ အလျှံပယ်ပေါပြီး လယ်သမား၊ ယာသမားတို့ ကျွဲနွားတိရစ္ဆာန် တို့နှင့် ကုန်းရုန်းလုပ်ရရှာသည့် ကြမ်းတမ်းလှသောဘဝမှာ အလွန် ငြီးငွေ့စရာကောင်းလှသည်။ ဤကြမ်းတမ်းပင်ပန်းဆင်းရဲလှသည့် ဘဝတွင် အပန်းဖြေစရာဆိုလျှင် အရက်ကိုသာအဖော်ပြုကြရ သဖြင့် လယ်သမား၊ ယာသမားတို့၏ နေ့စဉ်ထာဝရ ဇရက်မင်း စည်းစိမ်မှာ ''ပုလင်းထောင်ခြင်း''အရသာ သာလျှင် ဖြစ်ပါတော့သည်။

စိန့်မကိုင်ရီရွာသား အိမ်ဘောက်ဗီယာဆိုလျှင် ဘမျိုး ဘိုးတူ၊ မျိုးနှင့်ရိုးနှင့် အရက်ချိုး မိဘဘိုးဘွားတို့မှ ဆင်းသက်လာခဲ့သူဖြစ်၏။ သူ၏ အထူးစွဲစွဲမြဲမြဲ သောက်နေကျအရက်မှာ ဝိုင်မဟုတ်၊ သူတို့ ဇာတိချက်ကြွေ ပြင်သစ်နိုင်ငံ အနောက်ပိုင်း ဒေသထွက် သစ်တော့(ပန်းသီး)အရည်ကို ကဖော်ဖောက်၍ ချက် လုပ်သည့် စီးဒါးချက် အရက်ပြင်းပင် ဖြစ်သည်။ ဘောက်ဗီးယားသည် နေ့စဉ် အရက်အလွန်အကျွံမူးကာ အိမ်ပြန်ရောက်လျှင် သောင်းကျန်း လေ့ရှိသည်။ မယားနှင့် သမီးနှစ်ယောက်ကိုလည်း ရိုက်မောင်းနှက်မောင်းလုပ်ကာ သတ်ပစ်မည်ဟု ကြိမ်းဝါးလေ့ရှိသည်။ သမီးလေးနှစ်ယောက်ငယ်ရွယ်စဉ်က မိခင်ဖြစ်သူနှင့်အတူ မိခင်ဖြစ်သူနှင့်အတူ ဇက်ကျိုးအောင် မူးယစ်သောက်စား

ထားသည့် လူမှန်းမသိ ဖခင် ဗိုးသမားကြီး၏ ခန္ဓာကိုယ်ကြီးကို မနိုင်တစ်နိုင်တွဲ၍ အိပ်ယာထဲလဲသိပ်ခဲ့ရသည်မှာ နီစွဝူဝ ညစဉ် ညတိုင်း အားစမ်းပွဲကြီးဖြစ်ခဲ့ရပေတော့သည်။ တစ်ယောက်ယောက်က ဆရာဝန်ပြေးပင့်ရသည့်မှာလည်း အမောတကော ပင်။ ဆရာဝန်ရောက်လာပြီး ဆေးတစ်လုံးထိုးပေးလိုက်တော့မှ သူတို့ အိမ်ထောင်စု "ငရဲအိုးပွက်သည့်ကိစ္စ"မီး ရေဖြင့် သတ်သလို ငြိမ်သွားခဲ့ပါတော့သည်။

ဤဖြစ်ရပ်ဖြစ်စဉ်မှာလို ညီအစ်မနှစ်ဖော်၏ ခါးသီးသောဘဝနိဒါန်းပင် ဖြစ်သည်။ အကြီးမမှာ ဂျော့ဂက်တီဖြစ်ပြီး စင်တင်ပြဇာတ်အဖွဲ့တွင် ဇာတ်ရံ၊ ဇာတ်ဖြည့် အဖြစ် ကပြအသုံးတော်ခံယင်း အသက်မွေးမှု ပြုနေသူဖြစ်၏။ အငယ်ဖြစ်သူ လီယိုနီ၏ဘဝမှာ ထူးခြားလှလေသည်။ စိန့်မကိုင်ရီရွာကလေးမှာ မိန်းအက်လ္လိုင်ရီဌာနရှိရာ ချီလတ်မြို့အနီး၌ တည်ရှိလေသည်။ ကျေးရွာစာသင်ကျောင်း၌ ဂျော့ဂက်တီမှာ အလွန်ထက်မြက်သူဖြစ်ကြောင်း သိရ၏။ အသက်(၁၈)နှစ်ပြည့်သောအခါ သူမအိမ်ထောင်စုမှ အလွတ်ရုန်း၍ အင်္ဂလိပ်မြို့ ကွန်ဗင့်ခေါ် ခရစ်ယာန်သီလရှင်ကျောင်း၌ လူဝတ်ကြောင်ကို စွန့်၍ သီလရှင်အဖြစ် ဝတ်ခဲ့သည်။ မိသားစုငရဲမှ လွတ်မြောက်ရန် သီလရှင်တစ်ပါးလိုက်နာရသည့် သာသနာ့စည်းကမ်းဝိနည်းသိက္ခာပုဒ်တို့ကို စောင့်ထိန်းလိုက်နာခဲ့ရသည်။ သူမဇာတ်လမ်း ဤမှာပင် တခန်းရပ်ထားကြပါစို့။

လီယိုနီမှာ ဂျော့ဂက်တီ၏ ညီမအရင်းခေါက်ခေါက်ဖြစ် ပြီး အသက်နှစ်နှစ်မျှသာ ငယ်လေသည်။ အစ်မဖြစ်သူ သူတို့



အိမ်ထောင်စုမှ စွန့်ခွာသွားသဖြင့် ရက်သတ္တတစ်ပတ်တိတိ လွမ်းဆွတ်တသ ငိုကြွေးမဆုံးဖြစ်ခဲ့ရှာသည်။ သူမမှာ အစ်မဖြစ်သူ ကိုယ်လွတ်ရုန်းသွားသဖြင့် ပျက်စီးချင်တိုင်း ပျက်စီးနေသော ဖခင်ကြီးနှင့် တစ်ခွက်တစ်ဖလား မော့တတ်နေပြီဖြစ်သည့် မိခင်တစ်ယောက်၏ဒဏ်ကို ခါးစည်းခံနေရသည်။ လီယိုနီမှာ ဉာဏ်ပညာသိပ်မကောင်း အမှန်စင်စစ် သူမကျောင်းသာ နေခဲ့သော်လည်း စာကို ဟုတ်တိပတ်တိ မတတ်ခဲ့ပေ။ ကျောင်းမှထွက်ခဲ့ပြီး ရွာထဲရှိ ဖိနပ်စက်ရုံ၌ လခလေးမဖြစ်စလောက်ဖြင့် ဝင်ရောက်လုပ်ကိုင်နေခဲ့ပြီး ရသည့်လခလည်း မိသားစုတပြုံကြီး ဝိုင်းစား၍ သူမအတွက် ဘာမှမကျန်တော့ပေ။ ဤမျှ လုပ်ကိုင်ရှာဖွေကျွေးမွေးနေသော်လည်း မိခင်ဖြစ်သူက ကျေးဇူးမတင် ကြည်ဖြူသည်မရှိခဲ့ချေ။ ဒီကြားထဲ သူမ၏အသိဉာဏ်ထုံထိုင်း အနမှုနှင့် ပတ်သက်၍ ပြစ်တင်ရှုတ်ချကဲ့ရဲ့ခြင်းကိုလည်း နေ့စဉ်နှင့်အမျှ ခံနေရသည်။ သူမနှင့် လက်ရည်တစ်ပြင်တည်းနေသူ မိခင်ကပင် ဝိုင်းပယ်ခွဲနေရသဖြင့် ချစ်မေတ္တာငတ်နေသည့် လီယိုနီသည် ချစ်မေတ္တာပေးမည့်သူကို ရှာဖွေလာတော့သည်မှာ မဆန်းတော့ချေ။ သူမ၏ စိတ်အာရုံမှာ လိင်မတူသည့် ဖိုသတ္တဝါတို့၏ မေတ္တာကို ငတ်မွတ်စွာ တောင့်တလာခဲ့သည်။

သူမမှာ ရုပ်ရည်က ပုဇွန်စ အခြေမလှ၍ ယောက်ျားတို့ ခွဲလန်းစရာ ရူပကာမရှိခဲ့ရှာပေ။ မျက်လုံးကလည်း ပြူး၊ နှာခေါင်းကလည်း ပွယောင်းပွယောင်းနှင့် ဆံကေသာမှာလည်း "အမယ်ဘုတ် သူ့ချည်ငင်"ဆိုသကဲ့သို့ ရှုပ်ထွေးပြီး နံ့ဖူးပေါ်ဝဲကျနေသေး

သည်။ ဖော်ပြပါအတိုင်း လူမလှသော်လည်း နှလုံးသားလှပပြီး သူတစ်ကာကို သဒ္ဓါရက်ရောစိတ်ရှိသည်။ သူမ၏ စိတ်နှလုံးက ပင် ရပ်ရွာထဲ အစ်ကိုကာလသားတို့အား ဆွဲငင်နိုင်စွမ်းရှိပေသည်။

လီယိုနီသည် သူမအလုပ်လုပ်နေသည့် စက်ရုံလုပ်သား တစ်ဦးနှင့် မရှောင်သာဘဲ လယ်ကွင်းပြင်ထောင့် တစ်နေရာ၌ ချစ်တင်းနှောခဲ့ကြသည်။ နောက်နေ့ထိုသူအားတွေ့လျှင် ယမန်နေ့ က အဖြစ်အပျက်ကို တွေးပြီး သူ့ကို ချစ်ရေးချစ်ရာမှာ ဟန်မကျ ပန်မကျလိုက်ပုံ တွေးမိပြီး ပြုံးမိလေသည်။ ဤသို့ဖြင့် ကြုံရာလူနှင့် စခန်းသွားခဲ့ရာမှ တစ်နေ့ စိတ်သဘောထား မဆိုးလှသော လေတပ်မတော်သား လူရွယ်တစ်ဦးနှင့် ရည်ငံခဲ့ကြသည်။ ကံကြမ္မာက လီယိုနီအတွက် ''ပန်းခင်းသောလမ်း''ကို မပေးဘဲ ခရောင်းတောသာ ဖန်တီးခဲ့သည်။ မှန်ပါသည်။ နှစ်ကိုယ်တူ ချစ်ရည်မျှကာ အတူနေရန် လက်ထပ်ဖို့ စီစဉ်ပြီးကာမှ သူမချစ်သူ ခင်ပွန်းလောင်းမှာ မတော်တဆ ယာဉ်တိုက်ခံရပြီး သေဆုံးသွား ခဲ့သည်။

ကံဆိုးမသွားလေရာ မိုးလိုက်လို့ရွာဆိုသလို လီယိုနီ အဖို့ ဘာတစ်ခုမျှ ကံမကောင်း၊ ဒုက္ခနှင့်ချည်း တွေ့နေခဲ့ရာမှ အမ်လီ ကလီနက်ဆိုသူ လူရွယ်နှင့် တွေ့ဆုံခဲ့ကြပြန်သည်။ အသက်(၂၂) နှစ်ရှိပြီး ပြင်သစ်နိုင်ငံအနောက်ပိုင်းနန်တီခေါ် ပင်လယ်ဆိပ်ကမ်း မြို့သား မော်တော်ကားပြင်ဆရာ မကောင်းနစ်တစ်ဦးဖြစ်သည်။ သူတို့နှစ်ဦး ဖြူတ်ချည်းခဏ ဆုံးဆည်းခဲ့ကြပုံမှာ ချီလတ်မြို့ပွဲ တစ်ခု၌ ဖြစ်ပါသည်။ ထိုနေ့ နေ့လည်ပိုင်း၌ နှစ်ကိုယ်တူ တွေ့ဆုံ

31,တန်း



ကြရန် ချိန်းဆိုခဲ့ကြသည်။ ကံမကောင်းအကြောင်းမလှသည်မှာ လီယိုနင်အဖို့ ဖန်တစ်ရာ တေနေပေပြီ။ ကလီနက်နှင့် တွေ့ဆုံ ရန် စက်ဘီးစီးအလာလမ်း၌ စက်ဘီးပျက်၍ ခေတ္တဝင်ရောက်ပြင် ခဲ့ရသည်။ ထို့နောက် ချိန်းဆိုရာ နေရာသို့ ရောက်သွားသောအခါ ၌ အမျိုးသားမှာ ထွက်ခွာသွားပြီဖြစ်၍ မတွေ့လိုက်ရတော့ပေ။

ထို့နောက် (၆)လအကြာ ချီလက်မြို့ ကင့်ခေါ်ဥပုသ်ပွဲတော် နေ့၌ သူတို့နှစ်ဦး ပြန်လည်ဆုံဆည်းခဲ့ကြပြန်သည်။ ''ဟဲ-ဟဲ့ ဘယ်လိုလဲတွေ့ကြဖို့ ချိန်းခဲ့တာ(၆)လကြီးများတောင် ကြာပါရော့ လားဗျာ'' ဟူ၍ အင်မလီက နောက်ပြောင်ကျီစယ်ကလိလိုက် ပါသည်။ ''ဒါပေမယ့်-စိတ်မလျှော့လိုက်နဲ့အုန်း ခုတို့တတွေ ပြန် လည်ဆုံဆည်းကြစို့လား'' သူတို့နှစ်ဦး ဖန်းဖဲလား ပွဲတော်တစ်ခု လုံးလျှောက်လည်ကြပြီး အမ်မလီက သူမအား ဟိုတယ်တစ်ခု ၏ အခန်းတစ်ခန်းသို့ ခေါ်သွားခဲ့သည်။ ကြင်နာယုယမှုဆိုသည် သူမအဖို့ ဘယ်တုန်းကမျှ မခံစားခဲ့ရဖူးချေ။ ထိုနောက် အမ်မလီ အား ချစ်တတ်လာခဲ့တော့သည်။

လီယိုနာနှင့် အမ်မလီတို့အဖို့ ရက်သတ္တတစ်ပတ်လျှင် တစ်နေ့ သာ တွေ့ဆုံခွင့်ရခဲ့ကြသည်။ သူတို့နှစ်ဦးအဖို့ ထိုခေတ် ထိုအခါက ခေပန်းစားလှသော လိုက်ရစ်စောင်းညှင်းတေးကဗျာတို့နှင့် ပြောင်း ပြန်ဖြစ်နေပါတော့သည်။ အမ်လီမှ အလုပ်ကြမ်းသမားဖြစ်၍ အလုပ်နားရက်အဖြစ် တနင်္ဂနွေတစ်နေ့သာရခဲ့သည်။ တနင်္ဂနွေ နေ့တိုင်း လီယိုနီသည် ချီလတ်မြို့အနီး သူတို့နှစ်ဦးတွေ့ဆုံနေကျ နေရာသို့ စက်ဘီးစီးလာခဲ့ပြီး အမ်မလီကသူမအား သူ၏

မော်တော်ဆိုင်ကယ်နောက်၌ တင်ကာပျော်ပွဲစားခရီးထွက်ခဲ့ကြသည်။ ပျော်ပွဲစားသောက်အပြီး ညနေခင်း ကပွဲတက်ခဲ့ကြကာ အပေါစား ဟိုတယ်တစ်ခုတွင် အခန်းငှား၍ အိပ်စက်ခဲ့ကြသည်။

သူတို့နှစ်ဦးပုဆိုးတန်းတင် လက်ထပ်ကြရန် ပြောကြ ဆိုကြသည်။ အမ်မလီက သူမအား သူ့မိဘတို့နှင့် တွေ့ဆုံရန် အိမ်သို့ ခေါ်လာခဲ့သည်။ သူ့မိဘတို့က သူတို့သားသည် မိန်းကလေးတွေနှင့် ရှုပ်ရှုပ်ရှက်ရှက်နေသည်ကို မနှစ်မြို့ကြချေ။ အတိအကျတော့ပြောရန် မလွယ်လှ။ ဘာတွေဖြစ်သွားခဲ့ကြသည် ဆိုသည်ကို မသိရချေ။ အမ်မလီကပဲ လက်ထပ်ရန် စိတ်မပါခဲ့ဟန်တူပေသည်။ တစ်ခါ၌ သူတို့နှစ်ယောက် မော်တော်ဆိုင်ကယ် စီးအသွား ဆိုင်ကယ်တိုက်မိသဖြင့် လီယိုနီလွင့်စင်ကျသွားပြီး ဦးခေါင်း၌ ထိခိုက်ဒဏ်ရာရခဲ့သည်။ ခေါင်းကိုက်ဝေဒနာ စွဲကပ်ခါ စိတ်ကျဝေဒနာပါရခဲ့သည်။

အမ်မလီလည်း သူမအပေါ် ရက်စက်ကြောင်း လီယိုနီ သိလာခဲ့သည်။ တစ်ခါက လမ်းလျှောက် ဓါတ်ပုံဆရာတစ်ဦးက သူတို့စုံတွဲကို လမ်းကြုံရင်း ဓါတ်ပုံရိုက်ကူးသွားခဲ့သည်။ အမ်မလီက ဓါတ်ပုံကို တစ်ချက်ကြည့်ပြီး မလိုချင်ဟု ငြင်းခဲ့သည်။ လီယိုနီက ဘာပြုလို့ မလိုချင်တာလဲဟု မေးရာ သူက "အဲဒီမျက်နှာကြီး ကြည့်စမ်းပါဦး ဒါဆို မင်းသဘောပေါက်"ဟူ၍ နင့်သီးသီး ဖြေခဲ့သည်။ သူမလည်း ဝမ်းနည်းလွန်း၍ တိတ်တခိုးတစ်ဦးတည်း ကြိတ်ငိုခဲ့ရသည်။ ထိုနေ့မှစ၍ အမ်မလီနှင့်တွေ့လေတိုင်း လီယိုနီသည် အနေအထိုင် အပြောအဆို၊ အသွင်အပြင်၊ အလိုလိုက်မှု



မှစ၍ မိန်းမတို့ သိက္ခာအပေါစား မဆန်အောင် သတိထား နေထိုင်ပြုမူခဲ့လေတော့သည်။ သူမစကားမှာ အသည်းကွဲသည့် အသံပါနေခဲ့သည်။

အိုင်တွေ့တိုင်းခြေဆေးကာ၊ မိန်းမသားတို့အပေါ် အပျော်သဘောထားတတ်သည့် အမ်မလီ၏ "မင်းသား ခေါင်းဆောင်းထားသော ဘီလူးအသွင်" မှာ အစွယ်ပြူးပြူးနှင့် ရုပ်လုံးပေါ်လာခဲ့သည်။ သူမက မိမိ၌ သူနှင့်ရသည့် ကိုယ်ဝန်ရှိ နေပြီဖြစ်ကြောင်း တင်ပြရာ သူက ဖျက်ချရန် ပြောခဲ့သည်။ လီယိုနီလည်း အမ်မလီက တာဝန်မယူ၊ လင်ကောင်လည်း မဖော်နိုင်သဖြင့် သူအကြံပြုသည့်အတိုင်း ကိုယ်ဝန်ကို ဖျက်ချခဲ့သည်။ ထိုနောက် သူမ၏ ခေါင်းကိုက်ဝေဒနာနှင့် စိတ်ကျရောဂါမှာ ဆိုးသထက် ဆိုးဝါးလာခဲ့သည်။ ၁၉၅၂-ခုနှစ်၊ ဇန်နဝါရီလအတွင်း လီယိုနီ အလုပ်ပြုတ်ကာ အလုပ်လက်မဲ့ဖြစ်ခဲ့ရှာသည်။ သူမအမေ့က ဆူပူကြိမ်းမောင်း ဆဲရေး တိုင်းထွာခဲ့ပြီး အရက်သမား ဖခင်ကြီးက ရိုက်ဟယ် နှက်ဟယ် နှိပ်စက်လေသည်။ လီယိုနီလည်း အိမ်မှ ထွက်ပြေးခဲ့သည်။ သူမချစ်သူ အမ်မလီအလုပ်ရှိရာ နန်တီမြို့သို့ မိုင်(၃၀) ခရီးကို ညလုံးပေါက် စက်ဘီးနင်း၍ ခရီးနှင်လာခဲ့သည်။ ထိုနေရာသို့ နံနက်မိုးသောက်မှ ရောက်လာခဲ့ပြီး အမ်မလီ၏ "နေပူထဲကလာသူအား ဆီး၍ဖနောင့်နှင့်ပေါက်" ဆိုသလို ဆူပူကြိမ်မောင်းညည်းညူမှုကို ခံလိုက်ရသည်။ သူတို့တွေ့နေကျ အစီအစဉ်မှာ တနင်္ဂနွေနေ့များသာ ဖြစ်ကြောင်း၊ သူကအကြောင်း ပြသည်။ အလုပ်အားရက် မဟုတ်၍ ပြန်သွားရန်ခါးခါးသီးသီး

ပြောလိုက်ပါသည်။

သောင်ပြင်လွတ်သည့် ခွေးလိုဒိုကိုးရာမဲ့ နန်တီမြို့စွန် ဆင်ခြေဖုံးရပ်ကွက် လမ်းတကာလမ်းတွင် ချမ်းချမ်းစီးစီးဆောင်း ကာလကြီး တစ်ယောက်တည်း လေလွင့်နေခဲ့သည်။ ဒုတိယ အကြိမ်အဖြစ် ချစ်ရလွန်းသူ အမ်မလီကို တွေ့ဖို့ ထပ်မံအသနားခံ ကြိုးစားခဲ့ပါသော်လည်း ခါးခါးသီးသီးနှင်လွှတ်ခဲ့သည်။ သူ့မှာ အလုပ်တွေ အလွန်ရှုပ်နေ၍ တနင်္ဂနွေနှစ်ပတ်ကြာမှ တွေ့နိုင်မည် ဖြစ်ကြောင်း ပြောခဲ့သည်။ လီယိုနီမှာ ငွေကြေးဆို၍ လက်ထဲ ခြူးပြားတစ်ပြားမျှ မရှိတော့ချေ။ သူမအဖို့နေစရာ၊ စားစရာ အိပ်စရာဗလာနတ္ထိ။ သူပြောသည့် တနင်္ဂနွေနှစ်ပတ်ဆိုသည့် အတောအတွင်း ဘာလုပ်လိုဘာကိုင်ရမှန်းမသိ။ စာဝတ်နေရေး မည်သို့ ဖန်တီးရမှန်းမသိတော့။ ဤသို့ဆိုလျှင် ခန္ဓာကိုယ်ဖြင့် ရင်းရမည့်ကိန်းဆိုက်နေပါတော့သည်။

ယင်းသို့ လေလွင့်နေသော နေ့များအတောအတွင်း လီယိုနီ သည် သေနတ်ခဲယမ်းမီးကျောက်ဆိုင်တစ်ဆိုင် ပြတင်းမှတဆင့် သေနတ်ဒင်များနှင့် ပြောင်းများကို ငေးစိုက်ကြည့်နေမိသည်။ နောက်ပိုင်း၌ ထိုစဉ်က သူမဘာကြောင့် သေနတ်တို့ကို ငေးကြည့် နေမိခဲ့မှန်း မသိခဲ့ဟု ပြောပြခဲ့သည်။ သူမစိတ်ထဲ ထိုစဉ်က ကိုယ့်ကိုကို သတ်ချင်စိတ်ပေါက်ခဲ့လို့ ဟု ပြောပြခဲ့ပေသည်။ သူမပြောင်းပြန်စဉ်းစားကြည့်မိရာ အဖြစ်အပျက်တစ်ခုကို ထင်ထင်ရှားရှား ပြန်သတိရနေခဲ့သည်။ အဆိုပါ ဆိုင်ပြင်မှ အတွင်းသို့ ငေးကြည့်နေစဉ် တစ်ကိုယ်လုံး မိုးရေတွေရွဲရွဲစိုပြီး



ငိုက်ခိုက်တုန်နေခဲ့သည်။ သူမနံဘေးနားတွင် ဖြူန်းကနဲ လူရွယ် တစ်ယောက် ပေါ်လာခဲ့သည်။ သူက "မင်း အဲသလိုမျိုးမလုပ်နဲ့" ပြောသည်။ မင်းဟာ (အမ်မလီအား ရည်ညွှန်းသည်)သိပ်ကို ငယ်သေးတယ်။ သူ့မှာ ဆက်ရှင်နေနိုင်ခွင့်ရှိနေတယ်ဆိုတာ မင်းသိထား။ ထို့နောက် ထူးဆန်းသောလူလိုလိုအရာသည် ပျောက်ကွယ်သွားခဲ့သည်ဟု ဆိုပါသည်။

ထိုစဉ်က လီယိုနီ လူလိုလိုထူးဆန်းသော ပုဂ္ဂိုလ်နဲ့တွေ့ခဲ့ ခြင်းမှာ ဟယ်လူဇနေးရှင်း "ခေါ် လှုံ့ဆော်မှုအာရုံများ စိတ္တဇ ဆန်ဆန် ထင်ရောင်မြင်ယောင်ခြင်းပေလော သူမသည် ဘဝ တစ်လျှောက်လုံး သားကောင်တစ်ကောင်ဖြစ်ခဲ့သည်။ ပြီးတော့ သူမ၏ မသိစိတ်သည် မိမိကိုယ်ကို ဖျက်စီးရန် အတွေးများဆီသို့ ပျံ့လွင့်နေခြင်းဖြစ်ပေမည်။ သို့သော်လည်း ယင်းသို့ စိတ်တွေ ချောက်ခြားပြီး ထင်မိထင်ရာ တရားတော်လွတ်မကောင်းမှုပြု တော့မည့်ဆဲဆဲ နောက်ဆုံးလက်ကျန် ဇာတိစိတ် အချို့က သူမအား ကယ်တင်လိုက်ပြီး၊ ပြင်ပမှ သိစိတ်များ၊ သူမဦးနှောက် ထဲ ချက်ခြင်းဝင်ရောက်လာခဲ့ခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင် ပါသည်။ (ဆိုလိုသည်မှာ ထူးဆန်းသော လူရွယ်လိုလို ပုဂ္ဂိုလ် ပေါ်လာခြင်းနှင့် တားမြစ်ခြင်းကို ပြောခြင်းဖြစ်သည်။) သူမ၏ စိတ်ထဲ ချစ်သူ အမ်မလီအပေါ် တန်ပြန်ဖြစ်လာကာ သတ်ပစ်ချင် စိတ် ဖြစ်ပေါ်နေခဲ့သည်။ စိတ်က ပြန်ထိန်းလိုက်ပြန်ပြီး သူမ၏ သြတပ္ပစိတ်က လူရွယ်တစ်ဦးကိုယ်ထင်ပြသကဲ့သို့ ဖန်တီးလိုက် သည်။ ထိုကိုယ်ထင်ပြလာသည့် လူရွယ်က သူမစိတ်ထဲက

အကြဲကို သိနေခဲ့သည်။

ကိုယ်ထင်ပြသည်ပဲဖြစ်စေ၊ ထင်ယောင်မြင်ယောင်လို့ဆော်မဲ့အာရုံများပင်ဖြစ်စေ၊ ထိုစဉ်က လီယိုနီကြားခဲ့သော အသံသည် အမ်မလီ၏ အသက်ကို ချမ်းသာခွင့်ပေးခဲ့ဟန်တူပေသည်။ အဘယ်ကြောင့်ဆိုသော် လူသတ်လက်နက်သေနတ်တစ်လက် ဝယ်ဖြစ်ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ သူမမှာ ကိုယ်ရောစိတ်ပါ ပင်ပန်းနွမ်းနွယ်မှုကို ခံစားခဲ့ရပြီး သူမရွာသို့ ပြန်လာခဲ့သည်။ အိမ်၌ အခြေအနေမှာ ဘာမျှပြောင်းလဲသွားခြင်း မရှိသည်ကို တွေ့လိုက်ရသည်။ ရောက်လျှင်ရောက်ခြင်း ဆောက်နှင့်ထွင်းဆို သကဲ့သို့ မူးရူးနေသော "အရက်ချီး"ဖခင်ကြီးအား စိတ်မသက်မသာတွေ့လိုက်ရပြန်သည်။ အလိုအလျောက်ပင် မိခင်ကြီးနှင့် အတူကူညီ၍ ဖခင်အား အိပ်ရာထဲတွဲပို့ခဲ့ပါသည်။

သူမဘဝမှာ ဆီပူအိုးထဲမှာ ပြာပူထဲခုန်ဆင်းသည်နှင့် မခြားလော့က ငရဲတစ်ခုမှ တစ်ခုသို့ ကူးပြောင်း ဒုက္ခဆင်းရဲခံရခြင်းသာဖြစ်ပေသည်။ သူမအဖို့ မတ်တပ်က အရုပ်ကြိုးပြတ်ပုံလျက် လဲကျသွားဖို့သာ ရှိသော်လည်း ချစ်ရလွန်းသူ အမ်မလီအပေါ် နောက်ဆံငင်အမျှင်တန်းနေ၍သာ ကြံ့ကြံ့ခံနေနိုင်ခဲ့ခြင်း ဖြစ်ပေသည်။ ၁၉၅၂ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၅)ရက်နေ့မှာ လီယိုနီ၏ (၂၃)နှစ်မြောက်မွေးနေ့ ဖြစ်သည်။ ဒါကိုရော သူမချစ်သူ မှတ်မိပါလေစ။ လွန်ခဲ့သည့်နှစ် သူမမွေးနေ့တုန်းကဆိုလျှင် သူက မွေးနေ့လက်ဆောင်အဖြစ် စက်ဘီးမီးခွက် တစ်ခုဝယ်ပေးခဲ့ဖူးသည်။ မှတ်မှတ်ရရ သူက လူလားမြောက်လာကတည်းက မွေးနေ့



လက်ဆောင်ဆို၍ သူပေးသဲည့် ဤလက်ဆောင်ကလေးသာ ရခဲ့ဖူးသည်။

လီယိုနီသည် ရှိသမျှသတ္တိတွေ စုစည်း အားမာန်တင်းလိုက်ပြီး နောက်ဆုံးရှိစုမဲ့ စုငွေစကြေးစကိုယူကာ မြင်းရထားစီးကာ နန်တီမြို့သို့ ပြန်လာခဲ့သည်။ အမ်မလီအား သူအလုပ်လုပ်ရာဝပ်ရှော့၌ သွားရောက်တွေ့ဆုံကာ အောက်ကျနောက်ကျခံကာ တောင်းတောင်းပန်ပန်ဖြင့် တနင်္ဂနွေနေ့ဆိုသည်ကို အမှတ်ရပုံမပေါ် သို့သော် ထိုနေရာ၌ ပြန်လည်ဆုံဆည်းကြရန် သဘောတူလိုက်သည်။

ချိန်းသည့်နေရာသို့ ရောက်လာသော်လည်း မွေးနေ့ လက်ဆောင် ဘာတစ်ခုမျှ မပါလာခဲ့။ အမ်မလီလည်း ထိုတနင်္ဂနွေနေ့က အမူးအရူးချစ်တင်းနှောခဲ့ပြီး အခါတိုင်းလို ညမအိပ်တော့ဘဲ ပြန်သွားခဲ့သည်။ ထိုနေ့မှာ နောက်နေ့တနင်္လာနေ့ ဖြစ်သည်။ လီယိုနီသည် နန်တီမြို့သို့လာခဲ့ပြီး သေနတ်ဆိုင်သို့ သေနတ်တစ်လက် ဝယ်ယူရန် ဝင်ခဲ့သည်။ ဒဿမ ၂၂ အော်တိုမစ်တစ်မောင်းပြန်ပစ္စတိုတစ်လက် ဝယ်ယူခဲ့သည်။ ပစ္စတိုသေနတ်သက်နက်မှာ မကြာသေးမီက သက်ဆိုင်ရာ ပြည်ထဲရေးဌာနအာဏာပိုင်တို့က အားကစားအမဲပစ်လက်နက်အဖြစ် တရားဝင်သတ်ပြန်ကြေငြာခဲ့သည်။ သို့ဖြစ်၍ လီယိုနီအဖို့ သူမ နာမည်သာ လက်မှတ်ရေးထိုးရန်လိုပြီး လိုင်စင်ဆောင်ရန်မလိုဘဲ ဝယ်ယူနိုင်ခဲ့သည်။

သူမသည် တနင်္ဂနွေနေ့မရောက်မီ ရက်တွေအတောအတွင်း

နန်တီမြို့ထဲ ဂျပိုးထိုးရင်း သင်္ဘောဆိပ်ရေယာဉ်တစ်ဝိုက် ကျက်စား နေခဲ့သည်။ တွေ့လေရာ ယောက်ျားတကာတို့နှင့် ဟိုတယ်အခန်းတွင် အိပ်စက်ခဲ့သည်။ ပျင်းရိငြီးငွေ့စွာ စောင့်ဆိုင်းခဲ့ရသော ရက်တွေလွန်ပြီး တွေ့နေကျနေရာ၌ အမ်မလီအား တွေ့ရန်လာခဲ့သည်။ ထိုနေရာသို့ ရောက်ခဲ့ရာ သူ့ကိုမတွေ့ရချေ။ မြို့ထဲပြန်လာခဲ့ပြီး နေရာအနှံ့လိုက်ရှာခဲ့ရာ သူစီးနေကျ မော်တော်ဆိုင်ကယ်အား ရုပ်ရှင်ရုံရှေ့၌ ရပ်နားထားသည်ကို တွေ့ရှိရသည်။ ရုပ်ရှင်အပြီး အမ်မလီအား သွားရောက်တွေ့ဆုံလိုက်သည်။ သို့သော် သူက သူမအား တွန်းဖယ်ပစ်ခဲ့သည်။ သူ့မှာ ဟုတ်ကွေး မိနေ၍ အနားမကပ်ရန် ပြောလွှတ်သည်။ ထို့နောက် သူ့အိမ်သို့ တန်းပြန်သွားတော့သည်။ လီယိုနီလည်း လာမည့် ဥပုသ်လပွဲတော် နေ့အထိ စိတ်ရှည်ရှည်ဖြင့် စောင့်ဆိုင်းနေခဲ့သည်။

သူမဘဝတစ်လျှောက်လုံး ကံဆိုးမသွားလေရာ မိုးလိုက်လို့ ရွာခဲ့ရာမှာ ကံကြမ္မာအလှည့်အပြောင်းမှာလည်း ဤနှစ်ဦးသား တွေ့ဆုံခြင်းသည် ဤတစ်ကြိမ်အဆုံးသတ်ခဲ့သည်။ ဂျိုက်လက်မြို့ ဥပုသ်ပွဲတော်မှာ စည်းကားလှသည်။ အမ်မလီနှင့် လီယိုနီတို့ ချစ်သူနှစ်ယောက် ချစ်သူနှင့်လျှောက်လည်ရ၍ ပျော်ရွှင်သကဲ့သို့ သူ့အား သတ်ဖို့အခွင့်ကြုံလာသဖြင့်လည်း သူမစိတ်ထဲ ကြည်နူး မဆုံးဖြစ်နေမိခဲ့သည်။

အစကောင်းခဲ့သည်ဖြစ်၍ အနှောင်းလည်း သေချာမည်မှာ မလွဲတော့ပေ။ ချိန်းသည့်အတိုင်း မော်တော်ဆိုင်ကယ်ဖြင့် ရောက်လာခဲ့သည်။ လီယိုနီလည်း မှင်သေသေဖြင့်အခါတိုင်း ထိုသူ့ဆိုင်



ကယ်နောက်မှ ငြိမ်ငြိမ်ကလေးထိုင်၍ စီးနင်းလိုက်ပါလာခဲ့သည်။ ဥပုသ်ပွဲတော်ဆင်နွှဲရန် မြို့လယ်သို့ စီးနင်းလာယင်း သူ့ကို အချစ်နမ်းများစွာ ပေးလိုက်သည်။ ချစ်သူနှစ်ဦးပျော်မဆုံး၊ မော်မဆုံး၊ ဘူပေါင်းတွေ၊ ဖဲပြားတွေသီတန်း သွယ်တန်းကာ အလှဆင်ထားသည့် ဈေးအနီးတစ်လျှောက် လည်ကြပတ်ကြသည်။ အပျော်တမ်းသေနတ်ပစ်ကွင်းရောက်သောအခါ လီယိုနီက အရပ်ခိုင်းပြီး အမ်မလီ၏ လက်ရည်ကို စမ်းသပ်စေခဲ့သည်။ စက်ကွင်း၌ ပစ်ခတ်ပြိုင်ပွဲဝင်ရာ၌ လက်နက်မှာလည်း ကံအားလျော်စွာ ဒသမ
၂၂ အော်တိုမစ်တစ်ပစ္စတိုဖြစ်နေခဲ့သည်။ ပြွတ်တောင်း ပြွတ်တောင်း သေနတ်ပစ်ခတ်နေယင်း မြောက်အာဖရိကသို့ သွားရောက် အလုပ်လုပ်တော့မည်ဖြစ်ကြောင်း သူမအား ထုတ်ဖော်ပြောကြားလေသည်။ သူအပြီးအပိုင် သွားတော့မည် ဖြစ်ကြောင်း ပြောပြခဲ့သည်။

''ဒါဆို ကျွန်မအတွက်ရော ကိုယ်တို့လက်ထပ်ကြရအောင် လားဟင်''

''လက်ထပ်ပြီး ဘာလုပ်မှာတဲ့လဲ''

''ရှင် ကျွန်မကို လက်မထပ်တော့ဘူး ဆိုပါတော့- ဒါဆို ပြီးတော့ရော''

''မတတ်နိုင်ဘူးလေ'' သူက ပုခုံးတွန့်ပြပြီး မထေ့တစ်ထေ့ ပြုံးလိုက်သည်။ ပြီးတော့ သူ့ထက်သာသည့် ချစ်သူတစ်ဦးရှာဖို့ ပြောလေသည်။ လီယိုနီက သူ့စကားအတည်မယူသေး၊ နောက်ထပ်သေချာအောင် မေးသည်။ သူကလည်း လက်မထပ်

နိုင်ကြောင်း ငြင်းသည်။ ဘယ်တော့မှလည်း သူမအား လက်မ
ထပ်ဟု ခါးခါးသီးသီး ပြောလိုက်သည်။

လီယိုနီလည်း သူမစက်ဘီးရှိရာသို့ လျှောက်လာခဲ့ပြီး သော့ခ
သော့ခတ်လိုက်ပါသည်။ သူ့အား အကဲစမ်းယင်း ''အမ်မလီ–
ဒါဆို–ရှင်ဒီက ထွက်ခွာသွားပြီး ကျွန်မကို ဒီအတိုင်းပဲ ထားရစ်
ခဲ့မယ်ပေါ့နော်''

အမ်မလီက တုတ်တုတ်မျှ စကားမပြန်။ သူ့မော်တော်
ဆိုင်ကယ်ရပ်ထားရာသို့သာ လျှောက်သွားခဲ့သည်။ ပြီးနောက်
ဆိုင်ကယ်ပေါ် ခွထိုင်လိုက်ပြီး ထွက်ခွာရန် စက်နှိုးလိုက်ပါသည်။
လီယိုနီလည်း လက်ပွေ့အိတ်ထဲမှ ပစ္စတိုကိုအသာထုတ်ပြီး ကုတ်
အင်္ကျီအိတ်ဝှက်ထားလိုက်သည်။ သူ့နောက်မှ ကပ်ထိုင်ကာ
လိုက်ပါလာခဲ့သည်။ ''အမ်မလီ'' သူမက တိုးညှင်းညှင်းကလေး
ခေါ်လိုက်သည်။ ''နောက်ဆုံးအနေနဲ့ နမ်းပါဦးလားကွယ်''

သူကလည်း မတုန့်ပြန်၊ သူ့လည်ပင်းနောက်မှ သူမလက်ဖြင့်
သိုင်းဖက်ကာ သူမမျက်နှာနား ယုယစွာ ဆွဲယူလိုက်သည်။ သူ့ပါး
ပြင်ကို ရွရွလေး နမ်းရှုပ်လိုက်ပါသည်။ ယင်းသို့ မွှေးမွှေးပေး
ယင်း သူမညာဘက်လက်က ကုတ်အင်္ကျီထဲ လက်ကိုသွင်းကာ
လူသတ်လက်နက်ကို ဆွဲထုတ်လိုက်သည်။ ထို့နောက် ပြောင်းဝ
ကို သူ့လည်တိုင်ဇက်ပိုးအား ထောက်ကာ မောင်းကို ဆွဲညှစ်
လိုက်လေသည်။ တစ်တောင့်တည်း ကျည်ဖူးမှာ သူ့လည်ကို
ထုတ်ချင်းခတ်သွားခဲ့သည်။

ထို့နောက် သူမစက်ဘီးပေါ်တက်၍ ထိုနေရာမှစီးနင်းထွက်



ခွာလာခဲ့သည်။ သူမ၏ တစ်ခုတည်းသော ပြေးစရာမြေဖြစ်သည့်
သာသနာ့နယ်မြေ ကွန်ဗင့်ကျောင်းသို့ အားကုန်နင်းလာခဲ့သည်။
ယင်းနေရာမှာ သူမအစ်မ မွေ့လျော်ရာ ခရစ်ယာန်သာသနာမြေ
သီလရှင်ကျောင်း အင်္ဂလိပ်ကွန်ဗင့်ပင် ဖြစ်ပါသည်။ လီယိုနီ
ဘစ်ယောက် သောကကို ရင်ဝယ်ပိုက်ပြီး အစ်မဖြစ်သူ သီလရှင်
ဆရာကြီး ဂျော့ဇက်တီတည်ရှိရာသို့ ရောက်ခဲ့သော်လည်း သူမ
ဘာတွေ ဖြစ်ပျက်ခဲ့သည်ကို ပြောမပြခဲ့ပေ။ အစ်မသီလရှင်က
သူမအား ကော်ဖီပူပူတိုက်၍ အိပ်ရာထဲ သိပ်ထားခဲ့သည်။ လူဝတ်
ကြောင်ကို လွတ်အောင်ရှန်းထွက်ခဲ့သူ သီလရှင်ဆရာကြီး ဂျော့
ဇက်တီအဖို့ အတိတ်ဘဝဆင်းရဲ ပင်ပန်းစွာ လျှောက်လှမ်းခဲ့ရပုံ
ဘို့ကို ပြောင်းပြန်သတိရကာ ဒုက္ခသည်ညီမအပေါ် အသနားပို
သာမိသည်။

ထိုနေ့ နေ့လည်၌ သက်ဆိုင်ရာနယ်မြေရဲအဖွဲ့ဝင်များ အင်
ဂါးစ်ကွန်ဗင့်ကျောင်းသို့ ရောက်ရှိလာခဲ့ကြသည်။ လီယိုနီမှာ
သိုကျောင်း၌ပင် လက်ရဖမ်းမိခဲ့ရသည်။ သို့ရာတွင် ပြင်သစ်နိုင်ငံ
ဘည်ဆဲဥပဒေအရ တရားရုံးတော်သို့ တရားစွဲမတင်ရချေ။
ပြင်သစ် ဥပဒေမှာ အစဉ်အလာအရ ချစ်ကြွေးမပြေ ရာဇဝတ်မှု
ခင်းကို. ကိုင်တွယ်ဖြေရှင်းရာ၌ သက်ညှာမှု နူးညံ့ပျော့ပြောင်းမှု
ရှိလေသည်။ လီယိုနီ၏ ကံကြမ္မာကိုက ဆိုးလွန်းလှပါသည်။
ဘရားလိုရှေ့နေကြီးမှာ တစ်ဘက်သားအပေါ် နိုင့်ထက်စီးနင်း
ပြစ်ဒဏ်မရရလေအောင် ''ဆွဲချ''တတ်သကဲ့သို့ တရားသူကြီးမှာ
သည်း ငယ်သည့်အမှုကြီးစေပြီး သေဒဏ်ချဖို့၊ ပြစ်ဒဏ်ချဖို့

လောက်သာ အာသီသရှိနေသူဖြစ်၏။ တရားသူကြီးတို့ကလည်း အင်္ဂလိပ်တရားရုံးများ စီရင်သည့် ထုံးထမ်းဥပဒေနှင့်မညီမျှဘဲ တရားခံအပေါ် အပြစ်ရမှ ရစေမည်သာ သဘောထားဖြင့် အားကြိုးမာန်တက် ဆောင်ရွက်ကြသည်ကို တွေ့ရှိရလေသည်။ ထိုတရားသူကြီးတို့သည် တရားခံအား စစ်ဆေးမေးမြန်းပြီး ပြန်လှန် မေးခွန်းတို့ကို ပေရှည်အောင်မေးမြန်းရစ်တော့မည်။ လီယိုနီမှာ အင်္ဂလိပ်မြို့ ရာဘက်တရားရုံးတော်၌ တရားသူကြီးမှာ တရားမျှတသည့် ပြင်သစ်လူမျိုးတို့ စိတ်ဓါတ်အလျဉ်း ကင်းမဲ့သူဖြစ်၏။ ပြင်သစ်နယ်စား ပယ်စားဘူဇွာတို့၏ သူတော်ကောင်း အရေခြုံကောက်ကျစ်စဉ်းလဲသော စိတ်ဓါတ်အပြည့်ရှိကြောင်း ထင်ရှားစွာ ပေါ်လာခဲ့သည်။

တရားသူကြီးလုပ်သူမှာ တရားခံလီယိုနီ၏ အပြစ်ကင်းစင်ခဲ့သော ကလေးဘဝကိုမမြင်၊ သူမချစ်သူ၏ လူစိတ်ကင်းမဲ့လှသော ရက်စက်ယုတ်မာမှုကိုလည်း မကြည့်ခဲ့ချေ။ သူမသည် မိဘ၏ မီးဖိုချောင်ချက်ရေးပြုတ်ရေးကို လုပ်ရမည့်အစား နန်တီးစ်မြို့သင်္ဘောဆိပ်ကမ်းတစ်ဝိုက်၌ အဘယ်ကြောင့် လှည့်လည်ကျက်စားလမ်းသလားနေခဲ့ပါသနည်း။ ယင်းမေးခွန်း၏ အဖြေကို သိသာထင်ရှားစေရန် သူမဖခင်အား အရက်မသောက်ခင် တစ်နံနက်၌ ရုံးတော်သို့ သက်သေအဖြစ်ခေါ်ယူစစ်ဆေး မေးမြန်းခဲ့သည်။ ဗိုးသမား ဖခင်ကြီးမှာ သက်သေအဖြစ် ဝက်ခြံကလေးထဲ၌ တစ်ကိုယ်လုံးဖောရွှေးတွေပျံကာ တုန်တုန်ရီရီဖြင့် ထွက်ဆိုခဲ့သည်။ ကျွမ်းကျင်သူ ပညာရှင်ပါရဂူတို့က ထိုလူကြီးမှာ မျိုးရိုး



ဉ်ဆက်အရက်ချိုးဖြစ်ကြောင်း ပွင့်ပွင့်လင်းလင်းဝန်ခံထွက်ဆို သွားခဲ့သည်။ ထို့ပြင် သူက မိမိတတ်နိုင်သလောက် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း ရှင်းပြခဲ့ပြီး သူမသမီးကြီးမှာ သီလရှင်တစ်ပါးဖြစ်သွားပြီဖြစ်ကြောင်း ထည့်သွင်းထွက်ဆိုသွားခဲ့သည်။

အကွက်ချောင်းနေသော တရားသူကြီးအတွက် တရားခံမလီယိုနီအပေါ် ဖိထောင်းရန် အကွက်ဆိုက်သွားတော့သည်။

"မြင်ပြီမဟုတ်လား" သူက လီယိုနီအား လှည့်ကြည့်ရင်းပြောလိုက်သည်။

"အဲဒါပဲကြည့်–မင်းအဖို့လမ်းမှာလိုက်ဖို့ဆိုတာ ပြောစရာ မလိုတော့ဘူး–ဗီဇကောင်းတဲ့သူဟာ လမ်းမှန်ကမ်းမှန် သာသနာဘောင်ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွားပြီး မင်းကတော့ နဂိုကတည်းက တေချင်ပေချင်ဆိုးချင်တော့ လမ်းမှားလိုက်တာဘာဆန်းလို့လဲ" ဟု တရားသူကြီးက မှတ်ချက်ချလေသည်။ ဤပတ်ဝန်းကျင်အားဖြင့် အကျယ်ချဲ့၍ လီယိုနီကျူးလွန်ခဲ့သော အခန်းကဏ္ဍများကို ပြော၍ မဖြစ်ပေ။ လီယိုနီ၏ ဘဝနောက်ခံသမိုင်းဆိုးဆိုးဝါးဝါးစည်းခံခဲ့ရမှုတို့အား လျော့ပါးသွားစေရန် ထိုအကြောင်းပြချက်ဖြင့် ချေဖျက်လိုဟန် တူပေသည်။ စာရေးဆရာ ဒါရစ်ဂွဒ်မင်းက စကားတန်ဆာဆင်၍ ဤသို့ထောက်ပြခဲ့သည်။ "လေလွင့်ပျက်စီးနေသူဖြစ်၍ ချစ်သူကို သတ်ခြင်းဖြစ်သည်ဆိုသည့်အချက်နှင့် သူမအစ်မဖြစ်သူမှာ သီလရှင်တစ်ပါးဖြစ်၍ လီယိုနီလည်း ယင်းသို့ နူးညံ့ပျော့ပြောင်းရမည်ဆိုသည့်

အချက်တို့မှာ မခိုင်လုံတော့ချေ''ဟူ၍ ဖြစ်ပါသည်။

တရားသူကြီးက ဆက်လက်၍ တရားခံလီယိုနီအား ပြစ်တင် မောင်းမဲပြီး သူမသည် သူမချစ်သူအား နမ်းရှုံ့မွှေးမွှေးပေးနေယင်း သတ်ပစ်သည်ဆိုသော အချက်ပေါ်မှာ ကျားကုတ်ကျားခဲ့ပြု၍ ပြောဆိုနေလေသည်။ သူ့နှုတ်မှလည်း ဒေါသတစ်ကြီးနှင့် ရက်စက်ယုတ်မာလွန်းသည်ဟု ပြစ်တင်နေလေတော့သည်။

လီယိုနီမှာ ဝက်ခြံကလေးအတွင်း တွေတွေကြီးရပ်ကာ ဦးငိုက်စိုက်ချထားသည်။

''မင်းဘာပြုလို့ အမ်မလီကို သတ်ရတာလဲ''

တရားသူကြီးမေးလိုက်သည်။

''သူ့ကို ချစ်လို့ပါ'' သူမက ရိုးသားစွာဖြေသည်။

တရားလိုအကျိုးတော်ဆောင်ရှေ့နေကြီးက ကြိုတင်ကြံစည် အားထုတ်မှုရှိသည့် လူသတ်မှုဖြစ်၍ သေဒဏ်အပြစ်ချမှတ်ပါရန် လျှောက်ထားတင်ပြသွားသည်။ ပေါက်လင်ဒဘွိုက်ဆန်နှင့် ဖီးလစ်ဘေလီအမှု ရာဇဝတ်ဖြစ်ထုံးကို ကိုးကားတင်ပြရသော် လီယိုနီအား သေဒဏ်အပြစ်စီရင်ချမှတ်ခဲ့ပါလျှင် တရားမျှတမှု မရှိနိုင်ချေ။ အမှန်စင်စစ် တရားခံအဖို့ ငဲ့ညှာထောက်ထား၍ အပြစ်လျော့ပေါ့စီရင်ဆုံးဖြတ်မှုကို မျှော်လင့်ရန် အခွင့်အရေးများ စွာ ရှိနေပေသည်။ အကယ်၍ အခင်းဖြစ် အမှုသည် ချစ်ကြွေး မပြေမှုခင်းမဟုတ်ခဲ့ပါလျှင် လီယိုနီအမှုကို မည်သို့အမည်ပညတ် ပါမည်နည်း။ ရာဇသတ်ကျင့်ထုံးနည်း ဥပဒေဖြတ်ထုံး အစောင် စောင်တို့တွင် အခင်းဖြစ်ရာဇဝတ်မှုမျိုး ကျူးလွန်ခဲ့ကြမိသော



လူလတ်တန်းစား အမျိုးသမီးများစွာတို့သည် ရပိုင်ခွင့်ဥပဒေ၏ ငဲ့ညှာထောက်ထားမှု အကျိုးသက်ရောက်မှုရရှိကြပြီး ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ရသွားခဲ့သည်ချည်း ဖြစ်ပါသည်။

သို့နှင့် တရားခွင်ခေတ္တနားပြီး ဂျူရီလူကြီးမင်းများအပြင်ထွက် ၍ အခင်းဖြစ် အမှုအပေါ် ဆုံးဖြတ်ချက်၊ ကောက်ချက်ချဖို့ အချိန် (၁၅)မိနစ်ခန့် တိုင်ပင်နှီးနှောခဲ့ကြသည်။ သူတို့အားလုံး၊ ပေါလ်လင် ဒဘွိုင်လင်ဆန်၏ ရာဇသတ်ဖြတ်ထုံးနည်း ဖော်ပြုလာ အတိုင်း တစ်သွေမတိမ်း အဆုံးအဖြတ်ပေးကြဖို့ သဘောတူခဲ့ ကြဟန် တူပေသည်။ သူတို့အားလုံး ကြိုတင်ကြံစည်သတ်ဖြတ်မှု ဟူသော စွဲချက်ကို ရှောင်ရှားပြီး ဆုံးဖြတ်ခဲ့ကြသည်။ အဘယ် ကြောင့်ဆို လျှင် ယင်းအချက် (မိုးတစ်)ကိုသာ ထည့်သွင်းစဉ်းစားပါက ပြစ်မှု ထင်ရှားသဖြင့် အလိုအလျောက် သေဒဏ်အမိန့်ချ မှတ်ခြင်းမှ တစ်ပါး ပေးစရာရွေးစရာမရှိတော့သောကြောင့် ဖြစ်ပါသည်။

ဂျူရီလူကြီးမင်း နာယကကြီးကပင် တရားခံဖြစ်သူ လီယိုနီအား အလုပ်ကြမ်းနှင့် ထောင်ဒဏ်တစ်သက်အများဆုံး အပြစ်ပေးရန် ယင်းပြစ်ဒဏ်ကာလသတ်မှတ်ချက်မှာလည်း အနှစ်(၂၀)အဖြစ် အကြံပြုတင်ပြတောင်းဆိုခဲ့လေသည်။ တရားသူကြီးလည်း အလွယ်တကူပင် သဘောတူလိုက်လျောခဲ့သည်။ ဤသို့ဖြင့် ဥမမယ် စာမမြောက်သေးခင် လူမမယ်ကလေးဘဝအရွယ်က တည်း လူ့ဘဝ၏ ခါးသီးသော ချစ်သူမည်သူမှ လက်မခံ၊ ဆက်တိုက်ငြင်းပယ်ခြင်းကို ခံခဲ့ရှာသူ အပယ်ခံမကလေး လီယိုနီ မှာ ပြင်သစ်နိုင်ငံ၏ ထိုစဉ်က တည်ဆဲဥပဒေ အနှစ်သာရအကျိုး

ဆက်ကို ခံစားခဲ့ရပေသည်။

## (၅) "အသက်ဖိုးကို အသက်ဖြင့် ပေးဆပ်ခြင်း"

၁၉၅၅ ခုနှစ်၊ ဇူလိုင်လဆန်းက အင်္ဂလန်နိုင်ငံ၊ ဟမ်းဘား မြစ်ဝမြောက်ပိုင်း၊ ဘားအရက်ဆိုင်ရှင် အဲလ်ဘတ်ပိုင်ရီပွိုင့်မှာ သက်ဆိုင်ရာ အစိုးရ အာဏာပိုင်တို့ထံမှ ဇူလိုင်လ(၁၃)ရက်နေ့တွင် လန်ဒန်သို့ လာရောက်တွေ့ဆုံရန် နို့တစ်စာ တစ်စောင် လက်ခံရရှိခဲ့သည်။

သေသေသပ်သပ် ဝတ်စားဆင်ယင်တတ်သည့် ညှက်ညှက် ပက်ပက် လူ့ဇလံကလေးပိုင်ရီပွိုင့်လည်း ယခင်က ခရီးသွားလာ နေစဉ်အတိုင်း လိုအပ်သည့် စာရွက်စာတမ်းတို့ကို လက်ဆွဲအိတ် ထဲထည့်ကာ လန်ဒန်သို့ ခရီးထွက်ခွာလာခဲ့သည်။ ဇူလိုင်လ(၁၂) ရက်နေ့၊ နေ့လည်၌ လန်ဒန်မြို့မြောက်ပိုင်းဟောလိုးဝေးအကျဉ်း ထောင်ကြီးပူးဝသို့ ရောက်လာခဲ့သည်။ သက်ဆိုင်ရာ ထောင်အာ ဏာပိုင်တို့က သူ့အား လက်ခံတွေ့ဆုံကာ လက်ဖက်ရည်ဖြင့် ဧည့်ခံကျွေးမွေးကာ ကြိုးတိုက်တံခါးဆီသို့ ခေါ်ဆောင်သွားခဲ့ သည်။ တံခါးချောင်းကြည့်ပေါက်မှ အတွင်းသို့ ချောင်းကြည့်နိုင် သဖြင့် ကြည့်လိုက်ရာ သမ္မာကျမ်းစာထိုင်ဖတ်နေသော အသားဖြူ ယော်ယော်အသက်ငယ်ငယ်အမျိုးသမီးတစ်ယောက်ကို တွေ့ရ လေသည်။



ထောင်အာဏာပိုင်အရာရှိတို့က သူ့လိုအပ်သမျှ ကြိုးသမား နှင့်ပတ်သက်သည့် စာရင်းအစုစုတို့ကို ပေးအပ်ခဲ့သည်။ ကြိုးကျ မည့်အမျိုးသမီး၏ အရပ်အမောင်းမှာ (၅)ပေ(၂)လက်မရှိပြီး ကိုယ် အလေးချိန်(၁၀၃)ပေါင်ရှိသည်။ အဲလ်ဘတ်ပိုင်ရီပွိုင့်မှာ တရားဝင် ထောက်ဖြုတ် အာဏာသားလက်မရွံ့ပင်ဖြစ်သည်။ ကြိုးကျ တရားခံအမျိုးသမီး၏ ကိုယ်ရေးသမိုင်းဖိုင်တွဲကို သေချာလေ့လာ ပြီး ဆက်လက်၍ သူမအား တင်မည့်ကြိုးစင်ကိုလည်း သေချာ စစ်ဆေးခဲ့သည်။ ကြိုးစင်မှ ဒေါက်ဖြုတ်တံခါးပေါက်၌ တပ်ဆင် ထားသော စက်ယန္တရားကောင်းမကောင်းကိုလည်း သူတစ်ကိုယ် အလေးချိန်ရှိ သဲအိတ်ဖြင့် အစမ်းသဘော စမ်းကြည့်ခဲ့သည်။

ဇူလိုင်လ(၁၃)ရက်နေ့ နံနက်(၉)နာရီတွင် ကြိုးမိန့်ကျ ရာဇဝတ်သမား အသက်(၂၈)နှစ်ရှိ အမျိုးသမီးမှာ ကြိုးစင်ပေါ် တက်လာခဲ့သည်။ သူမအမည်မှာ ရုသ်အဲလစ်ဖြစ်ပြီး ဗြိတိန်နိုင်ငံ ကြိုးပေးသေဒဏ်ချခံသွားရသူ အမျိုးသမီးရာဇဝတ်သားတို့အနက် နောက်ဆုံးဖြစ်လေသည်။ ရုသ်အဲလစ်သည် သူမအမှုကြားနာ စစ်ဆေးစဉ်နှင့်အပြီးသတ် အပြီးသတ်ပြစ်ဒဏ်အမိန့်စီရင်မှု ချမှတ် ကာလတစ်လျှောက်လုံး နည်းနည်းမျှ မတုန်လှုပ်ပဲ ပကတိ အေးစက် ငြိမ်သက်နေခဲ့သည်ကို တွေ့ရှိခဲ့ရသည်။ ယခုလည်း ကြိုးစင်ကို တည်ငြိမ်သောစိတ်ဖြင့်ပင် ရင်ဆိုင်သွားခဲ့သည်။ ရုသ်အဲလစ်သည် သူမအပေါ် စာနာသနားငဲ့ညှာထောက်ထားဖို့ သော်လည်းကောင်း၊ အသက်ချမ်းသာပေးဖို့ကိုသော်လည်းကောင်း မတောင်းဆိုခဲ့ပေ။ သူမနောက်ဆုံးနေခဲ့သည့် ကြိုးတိုက်ထဲ၌

''ကျွန်မပြောချင်တာက အသက်ဖိုးကို အသက်ဖြင့်ပေးဆပ်ခြင်း ဖြစ်သွားဖို့လိုပါတယ်''ဟူ၍ သေတမ်းစာရေးသားသွားခဲ့လေသည်။

လူသတ်မှု တရားခံရှသ်အဲလစ်မှာ ပြစ်မှုထင်ရှားကြိုးမိန့်ကျခံ သွားခဲ့၏။ သေပြီးနောက် အလောင်းစစ်ဆေးချက် ဆေးအစီရင် ခံစာ၌ ကျောရိုး၊ လည်ကြိတ်နှင့်အရိုးနုများ ကြိုးကျေနေကြောင်း ဖော်ပြထားသည်။ သို့သော် အသက်ရှူလမ်းကြောင်း လေပြွန်မှာ ပေါက်ကွဲပျက်စီးခြင်းမရှိပေ။ ထူးခြားနေသည်မှာ သူမ မတိုင်မီ ကြိုးကျသွားခဲ့သူများနှင့်အတူ ဇက်ကျိုးသွားခြင်း အလျဉ်းမတွေ့ရ ပေ။ သေးပြွန်၊ သွေးအိတ်များ ပိတ်ဆို့ခြင်းမရှိ၊ အသက်ရှူကြပ် ခြင်း အပြောင်းအလဲမရှိ သေဆုံးရခြင်းအကြောင်းရင်း ကြိုးပေး သတ်ခြင်းခံရသဖြင့် ဗဟိုနှပ်ကြောစံနစ်ထိခိုက်ပျက်စီးသွားခဲ့ခြင်း ဖြစ်သည်ဟု ဖော်ပြထားသည်။

ကြိုးဒဏ်ကျခံသွားခဲ့သူ တရားခံမ ရှသ်အဲလစ်၏ သေမင်းကို မတုန်အလှုပ်တည်ငြိမ်သော စိတ်ဖြင့် ရင်ဆိုင်သွားခဲ့ပုံသည် လည်းကောင်း၊ ဒေါက်ဖြူတ်ပါးကွက်အာဏာသား လက်မရွံ့ကြီး ပိုက်ရီပွိုင့်၏ သေသပ်စွာ ကွပ်မျက်မှုသည်လည်းကောင်း၊ မည်သည့်စာရွက်စာတမ်းအထောက်အထားတို့မှ အခင်းဖြစ်အမှု မြစ်ဖျားခံလာခဲ့ရာ ထိပ်လန့်တုန်လှုပ်စရာ အဖြစ်အပျက်တို့ကို ဖုံးကွယ်ခြင်းငှာ မရစကောင်းပေ။ အခင်းဖြစ် လူသတ်မှုမှာ

၁၉၄၅ ခုနှစ်မှာ ဗြိတိန်နိုင်ငံတေးဂီတ၊ အနုသုခုမအကခေတ် အခုန်လောကကို ကိုင်လှုပ်ခဲ့သော နှစ်ဖြစ်ပြီး အမ်တီဗွီခေါ် ရုပ်သံခေတ်ဖြစ်သည်။ အသက်(၁၅)နှစ်အရွယ်၌ ရှသ်သည် ခက်ခဲ



သည့် အိမ်ထောင်စုမှ ရုန်းထွက်ခဲ့ပြီး ထမင်းဆိုင်တွင် စားပွဲထိုးမ အဖြစ် စတင်အလုပ်လုပ်ခဲ့သည်။ ထိုကဲ့သို့ လုပ်ကိုင်နေယင်း ခဲယမ်းမီးကျောက်လက်နက် မီးကျောက်လက်နက်ပစ္စည်း စက်ရုံ တစ်ခုတွင် အလုပ်ရှာဖွေတွေ့ရှိသွားခဲ့သည်။ ရှုတ်အဲလစ်ဆံပင်ကို ပါရောက်ဆိုက်ဆေးရည်ဖြင့် ဆွတ်ပစ်ကာ သတင်းစာတိုက်အသီး သီးက ဓါတ်ပုံရိုက်လျှင် ထူးခြားပေါ်လွင်ပြီး သူများနှင့်မတူ တမူ ထူးခြားအောင် ဆန်းသစ်လိုက်သည်။ ရှသ်မှာ ရုက်ကြောက်တတ် သူ မိန်းကလေးမဟုတ်။ ခန္ဓာကိုယ်နွဲ့နွဲ့နှောင်းနှောင်းရှိပြီး အစ်ကို ကာလသားတို့အား ဖမ်းစားနိုင်သည့်အလှပိုင်ရှင်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက လန်ဒန်မြို့ကလပ်တို့၌ အရာရှိ အရာခံ၊ အစိုးရဝန်ထမ်းအစ်ကိုကာလသားတို့နှင့် တစ်တွဲတွဲကပွဲ ဘက်ခဲ့သည်။

၁၉၄၄–ခုနှစ်တွင် ကနေဒီယန်စစ်သားတစ်ယောက်ဖြင့် လက်ထပ်ပြီး ကလေးတစ်ယောက်ရခဲ့သည်။ သူမဘဝပြန်လည် အဖတ်ဆယ်ခဲ့ပြီး ဓါတ်ပုံကလပ်တစ်ခု၌ ဝစ်လစ်စလစ်ကိုယ်ဟန်ပြ မယ်အဖြစ်အလုပ်လုပ်ကိုင်ခဲ့သည်။ စစ်ပြီးခေတ်ကြပ်ကြီးအတွင်း၌ လန်ဒန်မြို့ခေတ်လွန်းသည့်အနောက်ပိုင်းမှ ဒုစရိုက်မြေအောက် ရာဇာကြီးတို့ ကာမဂုဏ်အာရုံပြည့်တန်ဆာလုပ်ငန်းတို့ဖြင့် ထကြွ သောင်းကျန်းနေကြချိန်တွင် ဖြစ်သည်။ ရှသ်မှာ ကလပ်တစ်ခုတွင် ဧည့်ကြိုနှင့်အပြာမယ်အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ၁၉၅၀ ခုနှစ်တွင် သူမနှင့်မကြာခဏသွားလာဖူးသည့် ဖောက်သည် အရက်သမား၊ သွားစိုက်ဆရာဝန်ဂျော့လဲလစ်နှင့် အိမ်ထောင်ကျခဲ့

သည်။ သူတို့ လက်ထပ်ပေါင်းသင်းလာခဲ့ပြီး လင်မယားကွဲသွားခဲ့ကြသည်။ ရှသ်မှာ ညဥ့်လွှာရုံဒုစရိုက်လောကထဲ ပြန်သွားခဲ့သည်။ လစ်တွက်ကလပ်တွင် မန်နေဂျာမအဖြစ် ဝင်ရောက်လုပ်ကိုင်နေစဉ်အတွင်း တစ်နေ့ကျနိုက်ဘာရစ်ချ်ဟိုတယ်အပေါ်ထပ်အရောင်းဆိုင်၌ အခင်းဖြစ်အမှု၌ ဒေးဗစ်ဘလိတ်လီနှင့် တွေ့ဆုံခဲ့ကြလေသည်။

ဘလိတ်လီမှာ အလွန်ဆိုးဝါးသော နောက်ခံသမိုင်းရှိခဲ့သူတစ်ယောက်ဖြစ်၏။ ၁၉၂၉ ခုနှစ်တွင် မွေးဖွားခဲ့ပြီး စားနိုင်သောက်နိုင် မကြောင့်မကျ၊ မတောင့်မတ ဆရာဝန်တစ်ဦး၏သားဖြစ်သည်။ ဘလိတ်လီအား အင်္ဂလန်အနောက်ပိုင်း၊ ရော့ရှိုင်းယားပြည်နယ် ရှရူးဘာရီခရိုင်မြို့အစိုးရကျောင်းတစ်ကျောင်း၌ ပညာသင်ကြားပေးခဲ့သည်။ တိုတောင်းလှသော သူ၏ဘဝတွင် ကလေးတစ်ယောက်အသွင်ဖြင့် မပျောက်တတ်သေးဘဲ စိတ်နေသဘောထားမှာလည်း မရင့်ကျက်သေးပေ။ ရုပ်ရည်သနရှုပနှင့် မိကောင်းဖခင်မှ ဆင်းသက်လာခဲ့သော ကိုယ်အမူအရာ၊ နှုတ်အမူအရာနူးညံ့သိမ်မွေ့ချိုသာသလောက် အလုပ်တစ်ခုကို စွဲစွဲမြဲမြဲ မလုပ်ခဲ့ပေ။ ဘလိတ်လီသည် စိတ်အလိုလိုက်ပြီး ဂလေရိုက်ကာ သူ့စိတ်နှင့်မကြည်လျှင် မကြည်သကဲ့သို့ မျက်နှာချက်ခြင်း သုန်မှုန်သွားခဲ့သည်။ သူစိတ်အဝင်စားဆုံး သည်းခြေအကြိုက်ဆုံးမှာ အရက်သေစာသောက်စား မူးယစ်ဖို့နှင့် မိန်းမတို့နှင့် အရွေ့လိုက်ဖို့သာ ဖြစ်သည်။ ထို့ပြင် ပြိုင်ကားမောင်းနှင်ဖို့ဆိုလျှင်လည်း လက်မနှေးသူမဟုတ်ချေ။



ဘလိတ်လီသည် အရက်မူးလာလျှင် အလွန်သောင်းကျန်းတတ်ပြီး ရန်စလေ့ရှိသည်။ တစ်ကယ့်တစ်ကယ့်ရန်ဖြစ်ကြလျှင် သူရဲဘောကြောင်တတ်သူဖြစ်၏။ သူများတွေနှင့်တွေ့လျှင် မိုးလုံးလေလုံးထွားကာ ကြွားဝါသန်သူဖြစ်ပြီး ချစ်ရေးချစ်ရာ၌ အောင်မြင်သူတစ်ယောက်မဟုတ်ပေ။ ပြိုင်ကား အမောင်းကျပြန်တော့လည်း ခါးမနောက်ပိတ်ခွေးသာ ဖြစ်သည်။

ဒေးဗစ်ဘလိတ်လီသည် နိုင်ငံကျော်ပြိုင်ကားပွဲကြီးပွဲကောင်းကိုမှ ဝင်ရောက်ယှဉ်ပြိုင်သူဖြစ်သည်။ ပြင်သစ်နိုင်ငံကားပြိုင်ပွဲကျင်းပရာ ဆေးလဗားစတုန်းနှင့် လီမန့်စ်အပါအဝင်ရောက်ရောနှောပေါင်းသင်းဆက်ဆံပြီး ပြိုင်ကားမောင်းချန်ပီယံ ဒိတ်ဒိတ်ကျဲစတားများဖြစ်သော အိုက်ဟောဘွန်နှင့် စတာလင်ဟော့စ်တို့ကဲ့သို့ လူမျိုးတို့နှင့်မှ တွေ့ဆုံမိတ်ဖွဲ့လေ့ရှိသည်။ သို့သော် ပြိုင်ပွဲတိုင်း၌ မည်သည့်အခါမျှ မနိုင်ဘူးခဲ့ပေ။ ပြိုင်ကားမောင်းသမားဘဝကိုလည်း မရရှိခဲ့။ အရက်သောက်ဖို့ မိန်းမပွေဖို့၊ ထိုနည်းတူပြိုင်ကားမောင်းဝင်ရောက်ယှဉ်ပြိုင်မောင်းဖို့ ဖြုန်းဖို့ကို သူ့ဖခင်ဆီမှ တရားဝင်ရငွေစတာလင်ပေါင်(၇၀၀၀)အပါအဝင် သီးခြားကိုယ်ပိုင်ငွေများကို ထုတ်ယူသုံးစွဲခြင်းဖြစ်ပါသည်။

၁၉၅၃ ခုနှစ်၌ ရှသ်အဲလစ်နှင့် စတင်တွေ့ဆုံခဲ့ကြသည်။ ပြိုင်ကားမောင်းသမားလူရွယ်ကလေးမှာ အရက်သေစာသောက်စားခြင်းနှင့် မြာပွေတတ်သူဖြစ်ပြီး၊ ရှသ်မှာ ပထမတော့သူ့အားနှစ်သက်ခဲ့သည်။ နောင်အခါ၌ ''ဒီလူက''ဟူ၍ သူငယ်ချင်းတစ်ယောက်အား ပြောကြားခဲ့သည်။ သူမထပ်လောင်း၍ ''ဒီလို

ကလေးကဝတစ်ကောင်နဲ့ နောက်ထပ်မတွေ့ဖို့ ဆုံးဖြတ်ထားတယ်'' ဟူ၍လည်း ပြောခဲ့သည်။ သို့သော် သူတို့နှစ်ဦးဆုံဆည်းခဲ့ကြပြီး နှစ်ဦးစလုံး ကံဆိုးမိုးမှောင်ကျခဲ့ကြတော့သည်။

ဒေးဗစ်ဘလိတ်လီမှာ လစ်တွတ်ကလပ်သို့ မကြာခဏရောက်လာတတ်သည်။ ဤတွင် ရှသ်လည်း သူ၏ဆွဲဆောင်မှုနှင့် အသုံးအစွဲရက်ရောမှုကို အကျကြီးကျသွားခဲ့သည်။ ဒေးဗစ်မှာ ဆိုရှယ်ကျသူဖြစ်၏။ သူတို့နှစ်ဦးမကြာမီ ရှသ်အိမ်၌ပင် နှစ်ဦးသဘောတူပေါင်းသင်းနေခဲ့ကြသည်။ ဒေးဗစ်မှာ လူပျော့တစ်ဦး အကျိုးမရှိသောသူဖြစ်ပြီး အစပိုင်း၌ ရှသ်မှာ အရာရာဦးဆောင်မှုရှိကာ သူ့အပေါ် လွှမ်းမိုးနိုင်ခဲ့သည်။ သူမကိုယ်သူမ ယုံကြည်အားကိုးပြီး ကိုယ့်ကိုယ် ပိုင်ဆိုင်သူဖြစ်၏။ ဒေးဗစ်သည် သူ့ရှိသမျှငွေကြေးတို့ကို တစ်တိတိဖြုန်းနိုင်ခဲ့သဖြင့် နောက်ဆုံးတစ်ခွက်တစ်ဖလား နေ့စဉ်မော့ဖို့ကို သူမအား မှီခိုအားထားရတော့သည့်အခြေသို့ ဆိုက်ရောက်ခဲ့သည်။

သူတို့နှစ်ဦးအတူတကွ ပေါင်းသင်းနေထိုင်ခဲ့ကြရာမှာ ကလေးတစ်ယောက်ကိုယ်ဝန်ရှိလာခဲ့ပြီး ၁၉၅၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်း၌ ယင်းကိုယ်ဝန်ပျက်ကျခဲ့သည်။ ရှသ်သည် နောက်ထပ်အားကိုးအားထားချစ်သူအသစ်ရှာဖွေခဲ့သည်။ ထိုသူမှာ ကုမ္ပဏီဒါရိုက်တာ ဒက်စ်မန်ကာတ်ဆန်နှင့် ရင်းနှီးအောင် ပေါင်းသင်းဆက်ဆံကာ ချစ်ကွန်ယက်ထဲ မရောက်ရောက်အောင် ဖမ်းစားလေသည်။ ထိုအတောအတွင်း လစ်ထွတ်ကလပ်မှ အလုပ်ပြုတ်ခဲ့သည်။ အလုပ်အပြုတ်ခံရခြင်းမှာ ဒေးဗစ်အတွက် ထောက်ပံ့ခဲ့



သော ငွေကြေးတို့နှင့် အချိန်တိုင်းလိုလို အလုပ်ခွင်မှ လစ်နေခဲ့သောကြောင့်ဖြစ်သည်။

ရှသ်လည်း ကာတ်ဆန်၏အလုပ်တိုက်သို့ ပြောင်းရွှေ့ခဲ့ပြီး သူမအား ငှားရမ်းနေထိုင်ဖို့ သူက ငွေချေးခဲ့သဖြင့် အီဂါတန်ဂါဒင်း၌ တစ်ထပ်တိုက်ကလေးတစ်လုံးငှားရမ်းနေထိုင်ခဲ့သည်။ ထိုအိမ်သို့ ကာတ်ဆန်မကြာခဏလာရောက် လည်ပတ်၍ ညအိပ်ညနေနေထိုင်ခဲ့သည်။ သို့သော် သူမချစ်သူဟောင်း ဒေးဗစ်ကိုလည်း မပြတ်စဲရဲ၊ အမျှင်တန်းလန်းဖြစ်နေခဲ့သည်။ သူနှင့်လည်း သွားမြဲသွားနေကာ နောက်ဆုံး ဘလိတ်လီသည် သူမနေထိုင်ရာ အီဂါတန်ဂါဒင်း အိမ်သို့ ပြောင်းရွှေ့လာခဲ့သည်။ သူတို့နှစ်ဦး မကြာခင် အကြီးအကျယ် ခွန်းကြီးခွန်းငယ်ရန်ဖြစ်ကြတော့သည်။ နှစ်ယောက်သားအပြန်အလှန် စွပ်စွဲကြ သမုတ်ကြသည်။ ဒေးဗစ်ဘလိတ်လီသည် သူ့မိန်းမကြာကူလီဇာတ်လမ်း ကနေသည်ကို မနာလိုမရှုစိမ့်၊ ရည်စားလူလု အူနုကျွဲခတ်ရသည့် ကိန်းဆိုက်ကာ အရက်အလွန်အကျွံသောက်စား မူးယစ်ကာ တစ်ခါတရံ ရှသ်အား ရိုက်နှက်တော့သည်။ အရိုက်အနှက်ခံရသဖြင့် ကိုယ်လက်အင်္ဂါတို့ပေါ်ရှိ ဒဏ်ရာဒဏ်ချက်အနာတရစုတ်ပြတ်နေသည်တို့ကို ရုပ်ပျက်ဆင်းပျက်မဖြစ်အောင် မိတ်ကပ်ဖြင့်ဖို့ရဖာထေးရလုပ်ခဲ့ရသည့်အကြိမ်ပေါင်းလည်း မနည်းတော့ပေ။

လင်ဆိုးမယား တစ်ဖားဖားဆိုသကဲ့သို့ သူ့ကြောင့်ပင် ဒုတိယကိုယ်ဝန်ပျက်ကျခဲ့ရပြန်သည်။ ''အပိယေဟိ၊ ဝိပ္ပယောဂါ ဒုက္ခော''မချစ်မနှစ်သက်သည့်သူနှင့် အတူပေါင်းသင်းဆက်ဆံ

ခံရသည့်ဒုက္ခဝေဒနာကို မခံမရပ်နိုင်သဖြင့် ဆရာတစ်ဦးနှင့်ပြသ
တိုင်ပင်ကြည့်ရာ ဆရာဝန်က သူမ၏ဒီပရက်ရှင်းခေါ် စိတ်ကျ
ရောဂါအတွက် စိတ်ငြိမ်းဆေးသောက်သုံးရန် ညွှန်ကြားခဲ့သည်။
ထိုအတောအတွင်း လင်ဆိုးအရက်အိုး ဘလိတ်လီမှာ သူ၌ရှိသမျှ
ငွေရင်းငွေနှီးအနည်းငယ်ဖြင့် ပြိုင်ကားတစ်စီးဝယ်၍ ရင်းနှီးမြှုပ်နှံ
ရန် ဆုံးဖြတ်ခဲ့သည်။ ပွဲဦးထွက်ပြိုင်ပွဲမဝင်ခင် အစမ်းလေ့ကျင့်ရာ
၌ပင် ပြိုင်ကားမှ ကျိုးပဲ့ပျက်စီးခြင်းငါးပါးမှောက်သွားခဲ့လေသည်။

ဤမျှ နှိပ်စက်စော်ကားပြီး မျှော်လင့်စရာ အားကိုးအားထား
ဆို၍ မရှိသည့် တိတ်တိတ်ပုန်းလင်ဘလိတ်လီအား ရှသ်အနေဖြင့်
ဘာကြောင့် သံယောဇဉ်ကြီးမားနေရပါသနည်း။ ချစ်ခြင်း မေတ္တာ
ကြောင့်ပေလော့။ လူမှုရေးရည်မှန်းချက်ကြောင့်ပေလော့။
သို့တည်းမဟုတ် မည်သည့်အချိန်ကာလတွင် တရားဝင်ပုဆိုးတန်း
တင်အကြင်လင်မယားအဖြစ် လူကြီးစုံရာရှေ့၌ လက်ထပ်ပါမည်
ဟူသော ကတိစကားကြောင့်ပင်လော၊ အကြင်တို့ လင်မယား
ရန်ဖြစ်လိုက်ကြ၊ ရိုက်ဟယ်၊ ပုတ်ဟယ်လုပ်ကြနှင့် သမုဒယ
ကြောင့် ပူလောင်ခဲ့ကြရသည်။ ပရိဒေဝသောကမီးတောက်လောင်
ကာ ဘလိတ်လီသည် ယှက်နွယ်မှု၌ တစ်ဦးအပေါ်တစ်ဦး
ယုံကြည်ကိုးစားမှု ရှေ့ရေးရည်မှန်းချက်ထား ရှိကြဖို့ဆိုသည်မှာ
လိုအပ်လှပေသည်။ ဘလိတ်လီမှာ ဘူဇွာစိတ်ဓါတ်၊ ဘူဇွာအတွေး
မျှော်လင့်ချက်တို့ မပျောက်သေး။ သူ့အပေါင်းအသင်းတွေအနက်
ပင်လက်တား၏ဇနီး ကင်န်အား ဤသို့ ရင်ဖွင့်ခဲ့သည်။ သူတို့
အိမ်ထောင်ရေးအဆင်မပြေစိတ်ပျက်ရပုံနှင့် သူကိုယ်တိုင် ရှသ်



ကလည်း သူမလင်တော်မောင် ဒေးဗစ်အပေါ် မစွစ်ပင်လက်တာ
နှင့် မရှင်းမရှင်းနောက်မီးလင်းနေသည်ဟု မသင်္ကာဖြစ်နေခဲ့သည်
မှာ ကာလအတန်ကြာခဲ့ပြီး ဖြစ်သည်။

အချိန်ရှိသရွေ့လိုလို သူတို့လင်မယားအိမ်၌ သွားရောက်
သည့်ပတ်အချိန်ဖြုန်းခဲ့သည်။ သူမ၏ သံသယ၊ ဒွိဟနှင့်မနာလို
စိတ်များ ပြင်းထန်လာခဲ့သည်။ ရှသ်အဲလစ်မှာ အချစ်နှင့်ပတ်
သက်လာလျှင်လည်း မခံ၊ ဒေါသကြီးသကဲ့သို့ စိတ်လိုက်မာန်ပါ
ည်းလုပ်တတ်သည်။ တစ်ခါ၌ ဘလိတ်လီအား နောက်ကျော
ကို ဓားဖြင့် ခုတ်ခဲ့ဖူးသည်။

သူတို့ လင်မယား အိမ်တွင်းရေးပြဿနာမှာ ၁၉၅၅ ခုနှစ်၊
ခရစ်တော်နေ့ (လက်ဝါးကပ်တိုင်တော်တွင်တင်၍ ကွပ်မျက်ခံရ
ပြီးနောက်ရှင်ပြန်လာသော)နေ့တွင် အထွတ်အထိပ်သို့ ရောက်ခဲ့
သည်။ ဧပြီလ(၈)ရက်နေ့ ဂွဒ်ဖရိုက်ဒေးခေါ် ခရစ်တော်အား
ကားစင်တင်ကွပ်မျက်ခံရခြင်းကို အမှတ်တရအဖြစ် ခရစ်ယာန်
တို့ ရက်သတ္တပတ်တစ်ပတ်လျှင် တစ်နေ့ဥပုသ်စောင့်ထိန်းသည့်နေ့
ခေါ် သောကြာနေ့တွင် ဘလိတ်လီက မိတ်ဆွေဖြစ်သူ ပင်လက်
တားစ်တို့ ဇနီးမောင်နှံအား မိမိသည် ရှသ်၏ရန်ကို ကြောက်လန့်
နေပါသည်ဟု ဝန်ခံဖွင့်ဟပြောခဲ့သည်။ သူ့အား သူတို့ နေထိုင်ရာ
လန်ဒန်မြို့အနောက်မြောက်ပိုင်းရှိ ဟမ်ဟတက်မြို့သစ် တန်ဖာ
လမ်း နေအိမ်တိုက်ခန်းတွင် လာရောက်နေထိုင်ရန် အကြံပြုခဲ့
ကြသည်။ ထိုည ၁၉း၃၀နာရီ (၇း၃၀နာရီ)၌ ရှသ်နှင့် တွေ့ဆုံဖို့
ချိန်းထားသော်လည်း ပင်လက်တားစ်တို့ ဇနီး မောင်နှံ အကြံကို

လက်ခံလိုက်လေသည်။

သူတို့နှစ်ဦး အချိန်းအချက်ပြုထားရာ အီဂါတန်ဂါးဒင်းတွင် ဘလိတ်လီအလာကို ပေါ်လာနိုးပေါ်လာနိုးနှင့် တမျှော်မျှော် တဆန့်ဆန့်စောင့်ဆိုင်းခဲ့ရာ နှစ်နာရီကြာသွားခဲ့သည်။ ည(၉း၃၀) နာရီတွင် ပင်လက်တားစ်တို့အိမ်သို့ ဖုန်းဆက်၍ ဒေးဗစ်သူတို့ဆီများ ရောက်နေသလားဟု မေးမြန်းစုံစမ်းကြည့်ခဲ့သည်။ အိမ်စေမိန်းကလေးက အိမ်တွင် ဘလိတ်လီရော အိမ်ရှင် ပင်လက်တားစ်တို့လင်မယားပါ မရှိကြောင်း ပြန်ဖြေခဲ့သည်။ သို့နှင့် တစ်နာရီအကြာ၌ ရှသ်လည်း စိတ်မကျေဘဲ ပင်လက်တားစ်တို့ဆီ ဖုန်းပြန်ဆက်စုံစမ်းခဲ့ပြန်သည်။ သူမချစ်သူ ဘလိတ်လီဘယ်သဝေထိုးနေသည်မသိဟု ဖြေကြားခဲ့သော်လည်း ရှသ်က နည်းနည်းကလေးမျှ အယုံအကြည်မရှိခဲ့ပေ။ ထိုညတန်ဇာလမ်း အိမ်သို့ ဖုန်းအကြိမ်ကြိမ်ဆက်ခဲ့သည်။ နောက်ဆုံးတွင် ပင်လက်တားစ်က ဖုန်းကို နံဘေးချထားလိုက်သဖြင့် အဆက်အသွယ်ပြတ်တောက်သွားခဲ့သည်။ ဘလိတ်လီ ထိုအိမ်၌ ရှိနေသည်ဟု ရှသ်အတတ်သိလိုက်ပြီး ကုတင်ပေါ် ငုတ်တုတ်အရုပ်ကြိုးပြတ်ထိုင်ချလိုက်ယင်း တုန်လှုပ်ခြောက်ခြားသွားခဲ့သည်။

သံသယနှင့်အတူ ဒိန်းဒလိန်း နတ်ဖမ်းစားလေပြီ။ ဒက်စမန်ကတ်ဆန်က သူမအား တန်ဇာလမ်းသို့ ကားဖြင့်မောင်းနှင်ပို့ဆောင်ပေးခဲ့သည်။ ပင်လက်တားစ်တို့ အိမ်ရှေ့၌ ဘလိတ်လီ၏ အစိမ်းရောင်ဗင်ဂတ်ကားကြီး ထိုးစိုက်ထားသည်ကို တွေ့လိုက်ရသဖြင့် သူမဒေါသသည် အထွတ်အထိပ်သို့ ရောက်ကာ တစ်ဟုန်



ထိုး အိမ်ရှေ့တံခါးဝသို့ ရောက်သွားခဲ့ပြီး လူခေါ်ခေါင်းလောင်းကို အဆက်မပြတ်နှိပ်လေတော့သည်။ သို့သော် မည်သူမျှ တံခါးလာဖွင့်ပေးခဲ့။ နောက်ဆုံးခေါ်၍ မရသည့်အဆုံး တံခါးဆီသို့ ပြေးကာ နံဘေးမှန်ချပ်ကို လက်သီးဖြင့် တအားထုလိုက်တော့သည်။ မှန်မှာ ရာဘာဘောင်ကွပ်ဖြင့် အခိုင်အခန့်လုပ်ထား၍ မကွဲသွားခဲ့ပေ။ ထုရိုက်သံများကြား၍ အန်ထော်နီ ပင်လက်တားစ်တံခါးဝ၌ ညဝတ်စုံဖြင့် ပေါ်လာခဲ့သည်။

လမ်းထဲ၌ အော်ကြီးဟစ်ကျယ် သူပုန်ထနေသောရှသ်က ဘလိတ်လီအိမ်ပြင်သို့ ဆင်းလာရန် တောင်းဆိုလိုက်သည်။ ပင်လက်တားစ်ကလည်း သူတို့အိမ်၌ မရှိကြောင်း ပြောင်ငြင်းတော့သည်။ အိမ်ရှင်လင်မယားလည်း ယဉ်ကျေးစွာပင် သက်ဆိုင်ရာရဲစခန်းသို့ ဖုန်းဆက်တိုင်ကြားခဲ့သည်။ ရဲအင်စပက်တော်တစ်ဦးနှင့် ရဲအဖွဲ့ဝင်တို့ရောက်လာခဲ့ကြပြီး အခြေအနေကို ထိန်းသိမ်းဖြန်ဖြေခဲ့သည်။ အရာရှိက ရှသ်အား နောက်ထပ်ဆူပူသောင်းကျန်းလျှင် ဥပဒေအရ အရေးယူမည်ဟု သတိပေးကာ မောင်းနှင်ထွက်ခွာသွားခဲ့သည်။

ပင်လက်တားစ်လည်း တံခါးဝုန်းကနဲပိတ်၍ အပေါ်ထပ်တက်သွားခဲ့သည်။ ရှသ်မှာလမ်းထဲ ဆူပူသောင်းကျန်းယင်း တစ်ယောက်တည်း ငေါင်းစင်းစင်းကျန်ရစ်ခဲ့သည်။ ရုတ်တရက်ဆိုနေရာမှ ထွက်ခွာမသွားသေး။ ဘလိတ်လီ၏ ကားကြီးကိုသာ ကြည့်ပတ်နေယင်း အကြံထုတ်နေသည်။ ဒုတိယအကြိမ်မြောက်ခဲ့အရာရှိရောက်ရှိလာခဲ့ပြီး အတင်းမောင်းထုတ်ခဲ့သည်။ အခင်း

ဖြစ်မြင်ကွင်းကို စိတ်ရှည်ရှည်ဖြင့် ကားထဲမှာ စောင့်ကြည့်နေခဲ့သူ ဒက်စမန်ကတ်ဆန်လည်း ရှသ်အား အီဂါဂါးဒင်းသို့ မောင်းနှင်၍ ပြန်ပို့ပေးခဲ့သည်။

ဒေးဗစ်နှင့် ရှသ်တို့ ဇာတ်ရှုပ်ထဲတွင် ဒက်စ်မန်ကက်ဆန် ပါဝင်ခဲ့သော အခန်းကဏ္ဍများ အနည်းအကျဉ်းဖြေရှင်းလိုက်ရုံဖြင့် ပြေလည်သွားမည် ဖြစ်ပါသည်။ ကတ်ဆန်မှာ ရှသ်၏ ရမ္မက်ကွန်ယက်မှ ရုန်းမထွက်နိုင်ခဲ့ပေ။ သို့သော် သူ၌ ရှသ်မက်လောက်စရာ၊ စွဲလန်းစရာ ဒေးဗစ်ကဲ့သို့ နုပျိုမှုနှင့် ညို့ဓါတ်ပါသော ဆွဲဆောင်နိုင်မှုမရှိသည်ကို သူသိနေခဲ့သည်။ ထို့ကြောင့် သူ့အပေါ်စွဲလန်းနေသည့် ချစ်ရမ္မက်မီးတောက် မီးလျှံများငြိမ်းသွားသည့်တိုင် ဖွဲနဘဲကြီးကြီးဖြင့် စောင့်ရမည်ဖြစ်ကြောင်း သူကောင်းစွာ နားလည်သဘောပေါက်နေခဲ့သည်။ ယင်းအကြောင်းကြောင့် ရှသ်၏အလိုကိုလိုက်၍ အကြိုက်ကိုဆောင်ခဲ့ခြင်းဖြစ်လေသည်။

ထိုနေ့ညက ရှသ်တစ်ယောက် ဒေါသစိတ်ကြောင့် ညလုံးပေါက်တစ်မှေးမျှ မအိပ်စက်ခဲ့ချေ။ နောက်နေ့နံနက်တွင် တက္ကစီကားတစ်စီးငှား၍ တန်ဇာလမ်းသို့ လာခဲ့ပြီး ပင်လက်တားစ်တို့၏ အိမ်ကို မှောင်ရိပ်တံခါးကွယ်၍ ချောင်းမြောင်းရန် မောင်းနှင်လာခဲ့ကြသည်။

ကတ်ဆန်လည်း သူမအား တပ်စတက်မြို့သစ်သို့ ကားဖြင့်မောင်းနှင်၍ ဒေးဗစ်နှင့် ပင်လက်တားစ်တို့နှစ်ဦး ဗင်ဂတ်ကားကြီးပြုပြင်နေရာ ဝပ်ရှော့ရှိရာ မက်ဒါလာအစိုးရဂေဟာအပြင်ဘက်ဆီ



သို့ ပို့ပေးခဲ့သည်။ သူတို့နှစ်ဦး မရဲတရဲတစေ့တစောင်း ဒေးဗစ်တို့လှုပ်ရှားမှုကို ထောက်လှမ်းပြီးနောက် ရှသ်နေထိုင်ရာအိမ်သို့ပြန်လာခဲ့ကြသည်။ သူမလည်း သားကလေးအား ထမင်း ကျွေးမွေးပြီး အိပ်ရာထဲထားပစ်ခဲ့သည်။ ထိုည၌ပင် ပင်လက်တားစ်တို့ဇနီးမောင်နှံ ပါတီပွဲကလေးပေးနေရာ တန်ဇာလမ်းနေအိမ်အနီးသို့ ရှသ်တို့နှစ်ဦးသား ပြန်လာခဲ့ကြပြန်သည်။ လမ်းထဲမှနေ၍ပါတီပွဲမှ အသံဗလံတို့ကို နားစွင့်နေခဲ့ကြသည်။ ဒေးဗစ်၏ဟောင်ဖွာဟောင်ဖွာအသံနှင့် မိန်းမတစ်ယောက်၏ အောက်ကဒီအာရယ်သံကို အတိုင်းသားကြားနေခဲ့ရသည်။ ဤတွင်ရှသ်၏စိုးရိမ်ကြောင့်ကျစိတ်တို့၌ သံသယဒွိစိတ်များတိုးပွားလာကာ“ရည်းစားလူလု အူနုကျွဲခတ်”ခံရသည့်နှယ်မခံမရပ်နိုင်အောင်ဆွေ့ဆွေ့ခုန်လာခဲ့တော့သည်။

ဒေးဗစ်သည် မစ္စစ်ပင်လက်တားစ်နှင့် မရှင်းမရှင်းကြာကူလီဇာတ်လမ်းခင်းနေခြင်းမဟုတ်ဘဲ သူတို့အိမ်ဖော်မလေးနှင့်တိတ်တခိုး ချစ်ခန်းဖွင့်နေခြင်းသာဖြစ်၏။ သူမအထင် သူမအတွေးတို့ကို ပေါ့ပေါ့တန်တန်တွေး ဟောလိုက်ခြင်းဖြစ်ဟန်တူသည်။ သူမစိတ်ကူးနှင့်သူမတည့်ဆောက်ပြီး ဒေးဗစ်နှင့်အိမ်ဖော်မလေးဖောက်ပြားနေကြပုံ မီးခိုးကြွက်လျှောက်တွေးတောကာဒေါသပုန်ထလေတော့သည်။

အချိန်မှာမစောတော့။ ည(၉)နာရီထိုးခဲ့ပြီးဖြစ်၏။ ရှသ်အားကတ်ဆန်က သူ့ကားဖြင့် အိမ်ထိုင်ရာရောက်ပြန်ပို့ပေးခဲ့သည်။တစ်ညလုံး တစ်မှေးမျှမပျော်၊ ဆေးလိပ်တွေတစ်လိပ်ပြီး တစ်လိပ်

မီးဆက်မပြတ်သောက်ခဲ့ပြီး ဒေါပွနေခဲ့သည်။ ခရစ်တော်ပြန်လည်ရှင်သန်လာခဲ့သောနေ့ အီစတာဆန်းဒေးခေါ် မတ်လ(၂၁)ရက်နေ့နောက်ပိုင်း တနင်္ဂနွေနေ့ညနေဖြစ်ပါသည်။ ရှယ်မှာ စိတ်ဂနာမငြိမ်မျောက်မီးခဲကိုင်မိသလို ဖြစ်နေခဲ့သည်။ "ကျွန်မအဲဒီညနေကဆိုရင် အင်မတန်မှ စိတ်ဆင်းရဲနေခဲ့တယ်"ဟူ၍ အခင်းဖြစ်သမျှ ကြားနာစစ်ဆေးခဲ့စဉ်က ထွက်ဆိုဝန်ခံခဲ့သည်။ သူမကဆက်လက်၍ "စိတ်ထဲမှာလည်း သူ့ကို သတ်ချင်စိတ်ကူး ထူးထူးဆန်းဆန်းပေါက်လာခဲ့မိပါတယ်"ဟုလည်း ပြောပြသွားခဲ့သည်။ သူမကိုယ်တိုင်ရုံးတော်၌ ရှင်းလင်းတင်ပြထွက်ဆိုချက်ရေး ထိုနေ့ညနေ၌ ရှယ်အဲလစ်သည် တက္ကစီဖြင့် ဟမ်စတက်မြို့သို့ သွားခဲ့သည်ဟု သိရ၏။ သူမလက်ပွေ့အိတ်ထဲ၌ ဒသဿမ၃၈စမစ်အင်ဝက်အန် အကြီးစားခြောက်လုံးပြူးတစ်လက်ပါသွားခဲ့သည်။ တန်ဇာလမ်းသို့ ရောက်သောအခါ ဒေးဗစ်၏ ကားကြီးဗင်းဂတ်၏ အရိပ်အရောင်ကိုလုံးဝမတွေ့ရတော့ပေ။ သို့နှင့်မက်ဂဒါ ဘီယာဆိုင်သို့လမ်းလျှောက်လာခဲ့သည်။ ထိုဆိုင်မှ လမ်းလျှောက်လာခဲ့သည်။ ထိုဆိုင်မှလမ်းလျှောက်ကြည့်လျှင် ဗင်းဂတ်ကားကြီး ပလက်ဖောင်းနံဘေး၌ ရပ်ထားသည်ကိုတွေ့ရ၏။ ထမင်းဆိုင်ပြူတင်းပေါက်မှ ချောင်းကြည့်လိုက်ရာ ဒေးဗစ်နှင့် သူ့သူငယ်ချင်းမေဖဲယားတို့ ဂါးဒင်းအရက်သမားကလစ်ဂန်နဲနှင့် နှစ်ယောက်သား အရက်ကောင်တာတွင် ဇက်ရက်မင်းစည်းစိမ် ရစ်မူးနေကြသည်ကို လှမ်းတွေ့လိုက်ရသည်။ အမှန်စင်စစ် သူတို့ သူငယ်ချင်းနှစ်ယောက်တစ်ညနေခင်းအတွက် တန်ဇာလမ်း၌ ကုန်များထပ်မံ



ဖြည့်တင်းရန်လာခဲ့ခြင်း ဖြစ်သည်။ အရက်သောက် အပြီးစီးကရက်နှင့်ဘီယာအပျော့စား သုံးလုံးယူဆောင်ကာ လမ်းထဲထွက်လာခဲ့ကြသည်။

ပထမတော့ရှယ်အား သတိမပြုမိခဲ့ပေ။ သူ့ချိုင်းကြားအောက်၌ ဘီယာပုလင်းညှပ်လျှက် ဒေးဗစ်သည် သူ့ကားကြီးဗင်းဂတ်ဆီသို့ ချဉ်းကပ်လာခဲ့ပြီး အိတ်ထောင်ထဲ ကားသော့ကို ရှာဖွေလိုက်သည်။ "ဒေးဗစ်"သူမက အသံပြုလိုက်သည်။ သို့သော် သူကြားဟန်မတူပေ။ ရှယ်က သူ့အနီးချဉ်းကပ်ခဲ့ပြီး သူမလက်ပွေ့အိတ်ထဲမှ ခြောက်လုံးပြူးသေနတ်ကို ဆွဲထုတ်လိုက်ပါသည်။

"ဒေးဗစ်"သူမက ထပ်၍ခေါ်လိုက်သည်။ ဤအကြိမ်၌ ဒေးဗစ်နောက်လှည့်လိုက်ရာ သူမနှင့်အတူ လက်ထဲမှ လူသတ်လက်နက်သေနတ်ပြောင်းဝကိုလည်း မြင်လိုက်လေသည်။

ရုတ်တရက်ချက်ခြင်း ဗင်းဂတ်ကားကြီးနောက်သို့ လှည့်ပေးခဲ့သည်။ သေနတ်သံနှစ်ချက်ဆင့်ပေါက်ကွဲသံမြည်ဟီးသွားခဲ့သည်။ ကားနံဘေးနှင့်တိုက်မိပြီး ဒယိမ်းဒယိုင်နှင့် သူငယ်ချင်းရှိရာသို့ ဒေးဗစ်သေပြေးရှင်ပြေး ပြေးခဲ့သည်။

"ဒေးဗစ်"ငယ်သံပါကြီးဖြင့် လှမ်းအော်ခေါ်လိုက်သည်။

"ကျည်လွတ်ရာပြေးနော်၊ မပြေးလို့ကတော့ ကိုယ့်စရိတ်နဲ့ကိုယ်ပဲ" ရှယ်က လှမ်းသတိပေးလိုက်သည်။ ဘလိတ်လီကလည်း အသက်လု၍ ခြေကုန်သုတ်ပြေးခဲ့သည်။ သို့သော် ရှယ်လက်ထဲမှ စမစ်အင်ဝက်ဆန်ခြောက်လုံးပြူးပြောင်းဝမှ တတိမြောက်လီမွှော်ချောင်မီးပွင့်ထွက်လာခဲ့ပြီး ဘလိတ်လီအား ထိမှန်ကာ မြေပေါ်

လဲကျသွားစေခဲ့သည်။ ထို့နောက် ရှယ်အဲလစ်မှာ တည်ငြိမ် သွေးအေးစွာဖြင့် မှောက်လျက်လဲကျနေသော သူမချစ်သူ၏ ခန္ဓာကိုယ်ထဲသို့ ခဲဖူးနှစ်တောင့်ထပ်မံပစ်သွင်းလိုက်သည်။ ဆာ မြောက်ကျည်းဖူးမှာ တာလမ်းကိုထိမှန်၍ ချော်ထွက်သွားပြီး အခင်း ဖြစ်နေရာအနီးဖြတ်သန်းသွားလာသူ ဘဏ်အရာရှိကတော် တစ်ယောက်၏လက်ကို ထိမှန်သွားခဲ့သည်။

ဘီယာဆိုင်တံခါးပေါက်မှ လူတစ်အုပ်ကြီးလမ်းပေါ်ပြေးထွက် လာခဲ့ကြသည်။ ထိုအုပ်ထဲ၌ တာဝန်မှထွက်လာခဲ့သော ရဲအရာရှိ တစ်ယောက်တည်း ပါလာခဲ့သည်။ သူမထံဖြေးညင်းစွာ တိုးကပ် သွားခဲ့သည်။ "ဘာလဲ–ရှင် ရဲကိုအကြောင်းကြားမလို့လား" ရှယ် မေးလိုက်သည်။ "ကျုပ်–ရဲအရာရှိပါပဲ" သူက ပြန်ဖြေလိုက်သည်။

ဤဖော်ပြပါ ဖြစ်စဉ်တို့မှာ အိုးဗေလီ ရာဘက်ဗဟိုတရားရုံး ချုပ်တွင် စွဲဆိုကြားနာစစ်ဆေးနေသော ရှယ်အဲလစ်၏ အခင်းဖြစ် လူသတ်မှုနှင့် ဆက်နွယ်နေသည့် နောက်ခံသမိုင်းကြောင်း အကျဉ်းချုပ်ဖြစ်ပါသည်။ ဤအခင်းဖြစ်အမှုမှာ တရားဥပဒေစစ် စစ်ရှုထောင့်မှ သုံးသပ်လျှင် တရားခံရှယ်အား မည်သို့မျှ အကာ အကွယ်မပေးနိုင်သည့် ပေါ်လွင်ထင်ရှားသော(ဝါ)ပြစ်မှုထင်ရှား သောထင်ရှားသော သေမှုသေစေ စေတနာဖြင့် သတ်ဖြတ်သည့် လူသတ်မှုပင်ဖြစ်သည်။ ရှယ်က သူမမှာ တရားမဝင် နင်းပြား အငယ်အနှောင်းတစ်ယောက်ဖြစ်၍ အယူခံဝင်ရန် လက်မခံခဲ့ချေ။ တရားခွင်ဝက်ခြံအတွင်းမှ သူမချစ်သူ တိတ်တိတ်ပုန်းလင်တော် မောင် ဘလိတ်လီ နှိပ်စက်ခဲ့ပုံတို့ကို ရှင်းလင်းတင်ပြထွက်ဆို



အစစ်ခံတင်ပြသွားခဲ့သည်။ "ကျွန်မကို ရိုက်နှက်တဲ့အပြင် လက်သီးနဲ့လဲ ထိုးကြိတ်ခဲ့သေးပါတယ်။ နို့ပေမယ့် ဒဏ်ရာ ဒဏ်ချက်တွေကို ကြိတ်မှိတ်ခံပြီး၊ သူ့အပေါ် မေတ္တာမပျက်ခဲ့ပါ ဘူး" ဟူ၍ တင်ပြသွားသည်။ ဒေးဗစ်ဘလိတ်လီ အပေါ်ချစ်စိတ်၊ မုန်းတီးစိတ်၊ အာဃာတဒေါသတရားတို့ ရောပြွမ်းပြီး ရှယ် အလူး အလိမ့်ခံစားခဲ့ရသဖြင့် လောကကြီးတွင် မနေချင်တော့။ ယင်း ဒေါသ၊ အာဃာတ ရမ္မက်တို့ကြောင့် သူ့ချစ်သူအား အဆုံးစီရင် ခဲ့ပြီး ဖြစ်၍လည်း လောကအလယ် ယောင်တိယောင်ချာ ဆက်လက် အသက်မရှင်လိုတော့ပေ။ သူမအဖို့သူနှင့်ပတ်သက်၍ ဆွေးတမြည့်မြည့်ဖြစ်ကျန်ရစ်စရာ "သမုဒယဇာတ်လမ်း" ဟူ၍ လည်းမရှိတော့ပါချေ။ တရားခွင်ဝက်ခြံအတွင်း၌ သေမင်းကို မမှုသည့်ထင်ဟန်ဖြင့် ဆံပင်ကိုပင် ရွှေရောင်ဆံပင်အဖြစ် ဆိုး၍ အလှပြင်ထားလိုက်ပါသေးသည်။ သူမအပြုအမူကြောင့် သူမ အကျိုးတော်ဆောင် ရှေ့နေကြီးခမြာ မည်သို့မည်ပုံ ခုခံကာကွယ် ထုချေလျှောက်လဲရမည်မသိတော့အောင် ကသိကအောက် ဖြစ်သွားခဲ့သည်။

ပြန်လှန်မေးခွန်းထုတ်စစ်ဆေးရာ၌ တစ်ဘက်တရားလို ရှေ့နေကြီးက ရှယ်အား တစ်ခုတည်းသော မေးခွန်းကို မေးမြန်း ခဲ့သည်။

"ဒီမှာ မစ္စစ်အဲလစ်––ခင်ဗျားအခင်းဖြစ် ခြောက်လုံးပြူး သေနတ်နဲ့ ဒေးဗစ်ခန္ဓာကိုယ်ထဲအနီးကပ် ပစ်ခတ်ခဲ့စဉ်က ဘာ ရည်ရွယ်ချက်နဲ့ ပစ်ဖို့ပစ်ခဲ့ပါသလဲ"

“ဒါကတော့ ရှင်းနေတာပဲရှင့်” သူမက အရှင်းအလင်း အရိုးသားဆုံးအဖြေပေးလိုက်ပါသည်။ “ကျွန်မ သူ့ကို သေနတ်နဲ့ မစ်ကတည်းက သတ်ဖို့ပစ်ခဲ့တာပေါ့”

ထိုမေးခွန်း၏ ရည်ရွယ်သည့်အဖြေမှာ ယင်းအဖြေပင် ဖြစ်ပါသည်။ စက်ရှင်တရားသူကြီးလည်း အခင်းဖြစ်အမှုဖြစ်စဉ် တစ်ခုလုံးကို အကျဉ်းချုံး၍ ဗြိတိသျှဥပဒေတွင် အိမ်ထောင်ရေး အချစ်ရေးနှင့်ပတ်သက်၍ မနာလိုဝန်တိုမရှုဆိတ်စိတ်ကြောင့် ကျူးလွန်သည့် ရာဇဝတ်ပြစ်မှုမျိုးကို အကာအကွယ်ပေးနိုင်သော ဥပဒေဟူ၍ မရှိကြောင်း ထောက်ပြခဲ့သည်။ လူသတ်မှုတစ်ခုတွင် မိုးတစ်ခေါ်သတ်ရန် ရည်ရွယ်ချက်သည် အရေးကြီးဆုံးဖြစ်သည်။ တရားသူကြီးက ဆက်လက်၍“အကယ်၍ သက်သေအထောက်အထား တစ်ခုလုံးကို စဉ်းစားလိုက်ပါလျှင် အသတ်ခံရသူ ဒေးဗစ်အား ခြောက်လုံးပြူးသေနတ်ဖြင့် ပစ်ခတ်ခဲ့သော ကျည်ချက်တို့မှာ သေစေလိုသည့်စေတနာဖြင့် သတ်မှတ်ရန် ရည်ရွယ်ပစ်ခတ်ခဲ့ခြင်း သို့တည်းမဟုတ် သေလောက်သည့် ဒဏ်ရာအနာတရဖြစ်ဖို့ ကျေနပ်လောက်စရာအဖြေ ခိုင်ခိုင်လုံလုံရရှိပြီး ဖြစ်ပါသည်။ အဲဒီတော့ ခင်ဗျားရဲ့တာဝန်က တရားခံမဟာ လူသတ်မှုကို ကျူးလွန်လိုသည့်ဆန္ဒဖြင့် ကျူးလွန်ခဲ့ပြစ်မှုထင်ရှားမထင်ရှားကိုသာ ရှာဖွေဖို့ဖြစ်ပါတယ်.” ဟုကောက်ချက်ချခဲ့လေသည်။

ရှသ်ကိုယ်တိုင်ဒေးဗစ်အား သေစေလိုသည့်စိတ်ဖြင့် သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း ဝန်ခံသွားခဲ့သည်။ ဂျူရီအဖွဲ့ဝင် လူကြီး(၁၂)ယောက်တို့ တရားခွင်ပြင်ဘက်မှထွက်၍ (၂၃)မိနစ်ကြာ



မျှ တိုင်ပင်နှီးနှောညှိနှိုင်းခဲ့ကြသည်။ ထို့နောက် တရားခံ၌ အခင်းဖြစ်လူသတ်မှုတွင် ပြစ်မှုထင်ရှားအပြစ်ရှိကြောင်း တညီတညွတ်တည်းဆုံးဖြတ်ခဲ့ကြသည်။ စက်ရှင်တရားသူကြီးလည်း ဘလက်ခေါ် ဦးထုပ်နက်ဆောင်းလိုက်ပြီး ပြတ်ပြတ်သားသားသံမှန်ဖြင့် ဤသို့ အပြီးသတ်စီရင်ချက်ချလိုက်ပါသည်။ “အခင်းဖြစ်လူသတ်မှု၌ တရားခံဖြစ်သူ သင့်အား တည်ဆဲရာဇသတ်ပုဒ်မအရ ဖမ်းဆီးအရေးယူ တရားစွဲဆိုပြီး ကြားနာစစ်ဆေးကာ ပြစ်မှုထင်ရှားသဖြင့် မသေမချင်း ကြိုးပေးသတ်စေရန် အပြီးသတ်အမိန့်စီရင်ချက်ချမှတ်လိုက်သည်”ဟူ၍ ဖြစ်သည်။

အခင်းဖြစ်လူသတ်မှုတွင် တရားခံ၌ အပြစ်ရှိကြောင်း သယ်ပြင်ဆင်သွားသလို ထင်ရှားလွန်းနေသည်။ ထို့ပြင် ထိုစဉ်က တည်ဆဲဗြိတိသျှရာဇသတ်ကျင့်သုံးတရားဥပဒေအရ တရားခံ ရှသ်လစ်မှာ ကြိုးမိန့်ပြစ်ဒဏ်မှ မည်သို့မျှ ရှောင်တိမ်း၍ မရနိုင်တော့ပေ။ သူမအမှုအပြီးသတ် ကြားနာစစ်ဆေးခဲ့သော တရားခွင်၌ အမှုနှင့် ပတ်သက်သည့်အကြောင်းအရာများစွာကို ပြီးပြည့်စုံအောင် စုံစမ်းစစ်ဆေးခြင်းအလျဉ်းမပြုလုပ်ခဲ့တော့ချေ။ ဥပမာအားဖြင့် ရှသ်၏ လူသတ်မှုကျူးလွန်ခဲ့စဉ်က စိတ်ဖောက်ပြန်၍ ကျူးလွန်မှားခဲ့ခြင်း ဟုတ်မဟုတ်စသည့်သူမ၏ စိတ်ပိုင်းဆိုင်ရာ အခြေအနေကိုလည်း ထည့်သွင်းစဉ်းစားဆွေးနွေးခြင်း မပြုလုပ်ခဲ့။ ဒုတိယအကြိမ် ကိုယ်ဝန်ပျက်ကျခဲ့ခြင်း၏ အကျိုးသက်ရောက်မှုနှင့် ဆေးဘက်ဆိုင်ရာ ဆရာဝန်၏ ညွှန်ကြားချက်အရ စိတ်ငြိမ်ဆေးသောက်သုံးခဲ့ရခြင်း၏ အကျိုးဆက်စသည်တို့ ဖြစ်သည်။

ကံဆိုးမိုးမှောင်ကျခဲ့စဉ် နေ့ရက်များအတွင်းက မူးယစ်ဆေးဝါးနှင့် အရက်သေစာသုံးစွဲခဲ့ခြင်းကြောင့်လည်း သူမ၏ စိတ်ပိုင်းဆိုင်ရာ အခြေအနေ ကမောက်ကမဖြစ်ခဲ့ရခြင်းဖြစ်ကောင်း ဖြစ်နိုင်သည်ဆိုသည့်အချက်ကို ထည့်သွင်းမဆွေးနွေးခဲ့ကြ။ ကုန်ကုန်ပြောရလျှင် ရုံးတော်၌ တင်ပြခဲ့သော လင်ယောကျ်ားဖြစ်သူ ဘလိတ်လီ၏ စိတ်လိုက်မာန်ပါ လူသတ်မှုမကျူးလွန်ချင်အောင် မတရားနှိပ်စက်ခြင်း၊ လုံ့ဆော်မှုအထောက်အထားကိုသာ ထည့်သွင်းစဉ်းစားမည်ဆိုပါလျှင် တရားခံအပေါ် ဂျူရီလူကြီးတို့အား ပြစ်ဒဏ်သက်ညှာစွာ ထောက်ခံချက်ပေးပါရန်အကြောင်း ဖြစ်ပေါ်လာခဲ့မည်ဖြစ်ပါသည်။ ကစ်တီဘိုင်ရွန်၏ လူသတ်မှုစီရင်ထုံးတွင် ယင်းသို့သော ထောက်ခံချက်ဖြင့် တရားခံမဘိုင်ရွန်မှာ ကြိုးဒဏ်မှ ချမ်းသာရာရသွားခဲ့ဖူးလေသည်။

ထို့နောက် လူသတ်လက်နက်နှင့်ပတ်သက်၍ မေးစရာမေးခွန်းများရှိနေသေးသည်။ ရုသ်အဲလစ်တရားခွင်၌ ထွက်ဆိုသွားခဲ့သည်မှာ "လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဒီစမစ်အင်ဝက်ဆန် ခြောက်လုံးပြူးသေနတ်ကို ကလပ်တစ်ခုမှာ ပေးခဲ့ပါတယ်။ အဲဒီလူနာမည်တော့ မမှတ်မိတော့ဘူး" ဟူ၍ ဖြစ်သည်။ ဤဖြစ်စဉ်၏ အဓိပ္ပာယ်ဖွင့်ဆိုရှင်းလင်းချက်ကို အချိန်ကျရောက်သည့်တိုင်မည်သူကမျှ မယုံကြည်ကြချေ။ ရုသ်လူသတ်လက်နက်နှင့် ပတ်သက်၍ ဖြောင့်ချက်ပေးသွားခဲ့သော အမည်မမှတ်မိတော့သည့် ကလပ်တစ်ခုမှ လူတစ်ယောက်ဆိုသည်မှာ ဒက်စ်မန်တက်ဆန်ကိုယ်တိုင် ဖြစ်နေပြီး သူကပင် ရုသ်အား အခင်းဖြစ်ည



က တမ်းစတက်သို့ ကားဖြင့်မောင်းနှင်ပို့ခဲ့သည်ဟု ကောလဟလ ဖြစ်ပေါ်နေခဲ့သည်။

၁၉၉၇ ခုနှစ်က ကတ်ဆန်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ သူက ရုသ်အား လူသတ်မှုကျူးလွန်အကြံဉာဏ်ပေးခဲ့သည်ဆိုသည့် စကားတို့မှာ မဟုတ်မမှန်ကြောင်း အကြောက်အကန် ငြင်းဆိုခဲ့လေသည်။ တရားခံအကျိုးတော်ဆောင် ရှေ့နေကြီးကလည်း ဒေးဗစ်အား သတ်ဖြတ်ရန် လှို့ဝှက်ကြံစည်ခဲ့ကြောင်း အရိပ်အမြွက်ပေါ်လွင်နေကတည်းက လူသတ်မှုဖြင့် သူ့အမှုသည် တရားခံပြေးမလွတ်တော့ပြီဖြစ်ကြောင်း သိနေသဖြင့်လည်း အဆိုပါ အခင်းဖြစ်အမှုကြီးတစ်ခုလုံးအား အကြံပေးသူရှိသည်ဆိုသောအချက်ကို မဖော်ထုတ်ခဲ့ပေ။ ယင်းသို့ပြန်လုပ်ခဲ့ခြင်းမှာလည်း တရားခံအား သေဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့် ရလိုရငြား ရည်ရွယ်ချက်ပင်ဖြစ်ပါသည်။

တစ်စုံတစ်ယောက်က တရားခံရုသ်အား လက်ထဲ သေနတ်ထည့်၍ ကားဖြင့်မောင်းနှင့်ပို့ခဲ့သည်အပြင် လူစိတ်ပျောက်အောင် အရက်ကိုးမောင်းတိုက်ခဲ့ရုံမျှမက စိတ်ငြိမ်ဆေးသောက်ပြီး မအိပ်ရသေးပေ၊ ယင်းသို့အခြေအနေ၌ မည်သူမဆိုပုံမှန်စိတ်မရှိနိုင်၊ လူစိတ်ပျောက်ကာသွေးအေးအေးဖြင့် သတ်ဖြတ်မည်သာဖြစ် တရားခံ၏ ရှေ့နေကြီးမှာ သူ၏အမှုသည် တရားခံရုသ်အား သေဒဏ်ကြိုးမိန့်မှ လွတ်ရာလွတ်ကြောင်း ကျားကုတ်ကျားခဲ ကြိုးစားထုချေလျှောက်လဲ နေစဉ် ဤသဘောထားထုတ်ပြန်ချက် တစ်ရပ်ထွက်ပေါ်လာခဲ့သဖြင့် တုန်လှုပ်ခြောက်ခြားသွားခဲ့ရတော့

သည်။ ကြိုးဒဏ်မစီရင်ခင် ရှသ်အဲလစ်၏ သူမအကျိုးတော်ဆောင်ရွှေနေကြီး ဗစ်တာမစ်ရှိကွန်ထံ ဝန်ခံထွက်ဆိုချက် တစ်စောင်ရောက်ရှိလာခဲ့သည်။ ယင်းဝန်ခံဖြောင့်ချက်မှာ ဤသို့ဖြစ်ပါသည်။

ကျွန်မ၏ ရှေ့နေကြီး မစ္စတာဗစ်တာမစ်ရှိကွန်က အခင်းဖြစ် လူသတ်မှုတွင် ဒေးဗစ်ဘလိတ်လီအား သတ်ဖြတ်အောင် အခြေအနေဖန်တီးစေ့ဆော်လာခဲ့သည့်အဖြစ်မှန် တစ်ရပ်လုံးကို ဖွင့်ပြောရန် အကြံပြုခဲ့ပါသည်။ ဘလိတ်လီအား ပစ်သတ်ခဲ့သော လူသတ်လက်နက်(သေနတ်)မည်သို့ မည်ပုံ ကျွန်မရရှိခဲ့ပုံကို ဖွင့်ဟပြောပြရန် အလွန်ပင် ဝန်လေးနေခဲ့မိပါသည်။ ပထမတော့ ဖွင့်ပြောလျှင် တစ်ဦးတစ်ယောက်အား ဒုက္ခရောက်သွားမည်ကို စိုးသောကြောင့် ဖြစ်ပါသည်။

ကျွန်မလည်း ပြင်သစ်နိုင်လုပ် နော့အရက်ကို ကတ်ဆန်နှင့်အတူနေထိုင်၍ သူ့အိမ်မှာ သောက်ခဲ့ကြသည်။ အရက်မူးမူးဖြင့် ကျွန်မအပေါ် ဘလိတ်လီ၏ နှိပ်စက်ခဲ့ပုံတို့ကို သူ့ကို ရင်ဖွင့်ခဲ့သည်။ ထိုစဉ်က ကျွန်မမှာ အလွန်ကြောက်စရာကောင်းသည့် အခြေအနေ၌ ရပ်တည်ခဲ့ရပါသည်။ ကျွန်မမှတ်မိသရွေ့ပြောရလျှင် ကတ်ဆန်က ကျည်အပြည့်ထိုးထားသော ခြောက်လုံးပြူးသေနတ် တစ်လက်ပေးခဲ့သည်။ ထိုကဲ့သို့ ကံဆိုးမိုးမှောင်ကျကာ အကြီးအကျယ်စိတ်ဆင်းရဲကိုယ်ဆင်းရဲရောက်နေခဲ့သည့် အခြေအနေ၌ ကျွန်မဘာတွေပြောခဲ့မိမှန်း မသိတော့ပါ။ ကျွန်မသူ့အိမ်က ဒရောသောပါးပြေးထွက်အလာ ကျွန်မကို သေနတ်လှမ်းပေးခဲ့သည်။ သူက အိမ်မှာပင်နေခဲ့သည်။



သေနတ်ဆို၍ ယခင်က မမြင်ဘူးခဲ့ချေ။ ကျွန်မမြင်ခဲ့ဖူးသည့် သေနတ်မှာ စက်ပစ်ကွင်းမှာ အပျော်တမ်း ပစ်ကစားကြသည့် အသေးစားလေသေနတ် ပစ္စတိုတစ်လက်သာ ဖြစ်ပါသည်။

ထိုဖြောင့်ချက်၌ လက်မှတ်မရေးထိုးမီ ရှသ်က စာကြောင်း ထပ်လောင်းဖြည့်စွက် ရေးသားခဲ့ပြန်သည်။

ကျွန်မ ထပ်ဖြည့်စွက်ထုတ်ဖော်ပြောဖို့ တစ်ခုကျန်နေသေးသည်။ ယခုဆိုလျှင် အဖြစ်မှန်တစ်ရပ်ကို ရွှေနေကြီးသဘောပေါက်လောက်ပြီ ထင်ပါသည်။ ကျွန်မ ကတ်ဆန်အိမ်က ဒေါသနှင့်ပြေးထွက်လာခဲ့ပြီး ခေတ္တအကြာမှာ နောက်ကြောင်းပြန်လှည့်ခဲ့မိကာ "ဒီမှာ ကတ်ဆန်၊ ကျွန်မကို ဟမ်းစတက်ကို ကားနဲ့လိုက်ပို့ပေးပါလားဟင်" ထိုကဲ့သို့ ပြောလိုက်ရာ သူကလည်း လိုက်ပို့ပေးခဲ့သည်။ ကန်ဇာလမ်းထိပ်မှာပဲ ကျွန်မကို ထားခဲ့ပါသည်။

ရှသ်၏စာဖြင့် ထုတ်ဖော်ဝန်ခံပြောကြားချက်၌ ထိုစဉ်သူမ ကျရောက်ခံစားနေရသော အခြေအနေ၌ သူမအသက်ကိုပင် ပမာနမထားခဲ့ကြောင်း သုံးသပ်မိသည်။ ယင်းစတိတ်မင့်ခေါ် ထုတ်ဖော်ဝန်ခံချက်ကို သူမရွှေနေကြီး ရေးသားဖို့ အကြံပြုခဲ့စဉ်က သူမမျက်ကွယ်ပြုသွားခဲ့လျှင် လောကအလယ်၌ သောင်ပြင်လွတ်သည့်ခွေးပမာ မျက်နှာငယ်ဖြင့် ကျန်ရစ်ခဲ့မည့် (၁၀)နှစ်သားအရွယ် သူမသားကလေးအဖြစ်မှန်ကို သိရှိဖို့ အကြောင်းပြသွေးဆောင်ခဲ့ခြင်းကြောင့်သာ ထုတ်ဖော်ဝန်ခံခဲ့ခြင်း ဖြစ်သည်မှာ ထင်ရှားနေပေသည်။ သို့ပါသော်လည်း (၁၉၉၇)ခုနှစ်က ဒက်စ်

မန်ကတ်ဆန်ခြောက်လုံးပြူးသေနတ်နှင့်ပတ်သက်၍ သူက မည်မျှ မသိခဲ့ရကြောင်း၊ ထပ်ခါတလဲလဲ ဖွက်ကန်ငြင်းခဲ့လေသည်။ သို့ဖြစ်သူက ဤသို့ ရုသ်ဆိုတဲ့ မိန်းမလောက် ကြောက်စရာကောင်းတဲ့ မုသာဝါဒီမျိုးရှားမှ ရှားပါဘဲဗျာ''ဖြည့်စွက်ပြောပြခဲ့သည်။

နာရီအနည်းငယ်အတွင်း ရုသ်အဲလစ် သူမရှေ့နေကြီး မစ္စတာ ဗစ်တာမစ်ရှ်ကွန်းထံ ရေးသားခဲ့သော အဖြစ်မှန်ဖြောင့်ချက်မှာ စာပို့မင်းစေ လုလင်ယူဆောင်လာခဲ့သဖြင့် ဗြိတိန်နိုင်ငံ ပြည်ထဲရေးဌာန သက်ဆိုင်ရာအကြီးအကဲထံသို့ ရောက်ရှိခဲ့သည်။ လန်ဒန်မြို့စကော့တလန်ယာဒ်စုံထောက် အဖွဲ့ကြီးမှ သတင်းထုတ်ပြန်ခဲ့ရာ မဟုတ်ချင်း ဖုလိလမ်းတလျှောက် အုတ်အော်သောင်းနင်း သတင်းပြန့်နှံ့သွားခဲ့သည်။ မည်သို့ပင် ဘူးကွယ်ခဲ့သော်လည်း ကတ်ဆန်မှာ ရုသ်ထုတ်ဖော်ဝန်ခံရေးသားသွားခဲ့သော ဖြောင့်ချက်အပေါ် မည်သို့မျှ ငြင်းဆန်ဝေဖန်၍ မရနိုင်တော့ပေ။ သူ့ထံမှ ဝန်ခံချက်မရသဖြင့် ပြည်ထဲရေးဌာနအတွင်းဝန် ရုသ်၏ဖြောင့်ချက်ကို အရေးအကြီးဆုံး ခုခံကာကွယ်ထုချေ လျှောက်လဲတစ်ရပ် အနေဖြင့် မယူဆခဲ့တော့ချေ။

မူလစီရင်ချက်ကို ပယ်ဖျက်ပြီး ပြစ်ဒဏ်လျှော့ပေါ့ ပြင်ဆင် ချက်မှတ်ခြင်းလည်း မပြုလုပ်ခဲ့ပေ။ ၁၉၅၅ ခုနှစ်၊ ဇူလိုင်(၁၃)ရက်နေ့ နံနက် စောစောရုသ်အဲလစ်ကြိုးတိုက်ထဲမှ သူမသူငယ်ချင်းတစ်ဦးထံ နောက်ဆုံးစာတစ်စောင် ရေးသားသွားခဲ့သေးသည်။ စာမှာ ''အချိန်မှာ နံနက်(၇)နာရီရှိပြီဖြစ်ပြီး တိုးလို့



ေး အကျဉ်းထောင်ကြီးအတွင်း ထောင်အမှုထမ်းတရားလိုကို အလွယ်တကူ အံ့သြနေကြသည်။ ကျွန်မမိသားစုကိုတော့ နောက်ဆုံးအထိ ကျွန်မဆုံးဖြတ်ချက်ကို မပြောင်းလဲဘူးဆိုသည့် စကားနှင့်ပဲ နှုတ်သိမ့်လိုက်ပါသည်။ ပြီးတော့ ဒေးဗစ်မိခင်ကြီးကို ပေးခဲ့သည့် ကျွန်မ ကတိကိုလည်း မဖျက်ပါဟူ၍ ရေးသားထားလေသည်။ ယင်းကတိမှာ ပထမ စောစောပိုင်းက စာတစ်စောင်၌ ဖော်ပြထားပြီးဖြစ်သည့်''ရှင့်သားကို ချစ်စိတ်နဲ့ပဲ မျက်စိမှိတ်သွားမယ်ဆိုတာ ယုံပါ''ဟူ၍ ဖြစ်ပါသည်။

ယင်းကတိစကားအတိုင်း သူမသား ဒေးဗစ်ကို ချစ်သည့်စိတ်ဖြင့်ပင် သေဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့် အသနားခံအယူခံလည်း မဝင်ခဲ့ခြင်းဖြစ်ကြောင်း ဖြစ်ပေမည်။ ရုသ်အဲလစ်သည် ကြိုးတိုက်ထဲရှိ လက်ဝါးကပ်တိုင်တော်ရှေ့၌ နောက်ဆုံးအချိန်နာရီအထိ ဘုရားဝတ်ပြုဆုတောင်းယင်း လောကကြီးအား မျက်ကွယ်ပြုသွားခဲ့သည်။ နံနက်(၉)နာရီမထိုးမီ ကြိုးမိန့်စီရင်ကြမည့် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့ဝင်တို့ သူမရှိရာ ကြိုးတိုက်ခန်းထဲ ဝင်လာကြသည်။ ကြိုးဒဏ်ကျခံရန် အချိန်စေ့ပြီဖြစ်ကြောင်း ပြောကြားခဲ့ကြပြီး သူမအား ဘရန်ဒီအရက်အဝကြီး အမူးတိုက်ခဲ့ကြသည်။ ရုသ်ကလည်း ဝမ်းသာအားရ သူတို့ပေးသည့် အရက်ကို အမူးသောက်လိုက်သည်။ ထို့နောက် သူတို့အား သူမအပေါ် ကြင်နာထောက်ထားသည့်အတွက် ကျေးဇူးတင်ကြောင်း အဲလ်ဘတ်ပိုက်ယာရီပွိုင့်စောင့်ဆိုင်းနေရာ ကြိုးစင်သို့ ခြေလှမ်းမှန်မှန်ဖြင့် တစ်လှမ်းချင်း တက်သွားခဲ့လေသည်။

အခင်းဖြစ် လူသတ်မှု၌ တရားခံမရှာ်အဲလစ်အား ကြိုးပေး ကွပ်မျက်ခဲ့ရသူ ပါးကွက်အာဏာသား လက်မရွှံ့ ဒေါက်ဖြူတ်ကြီး အဲလ်ဘတ်ပိုက်ယာရီပွိုင့်၏ ကောက်ချက် (ဗားဒစ်) ဖြစ်ပါသည်။

အခင်းဖြစ် လူသတ်မှု တရားခံရှာ်အဲလစ်အား ကြိုးဒဏ် ဖြစ်မိန့်အရ ကြိုးစင်တင်ကွပ်မျက်ခဲ့ရသူ ဒေါက်ဖြူတ်ပါးကွက် အာဏာသား လက်မရွှံ့ အဲလ်ဘတ်ပိုက်ယာရီပွိုင့်မှာ ကွပ်မျက်ပေးခ (၁၅)ဂီနီ (စတာလင်ပေါင် ၂၁ သျှိလင်–ဒေါ်လာအားဖြင့် ၂၅.၂) (အပေါင်းခရီးစရိတ်) ရရှိခဲ့သည်။ ဟိုးကိုင်းဝေး ထောင်ကြီးအား အမိကရုန်းဆန္ဒပြသူ လူအုပ်ကြီး ဝိုင်းရံလာခဲ့သဖြင့် ရဲအစောင့်အရှောက်တို့ အကာအကွယ်ဖြင့် အသက်လုပြေးခဲ့ရ၏။ ပိုက်ယာရီပွိုင့်လည်း အင်္ဂလန်နိုင်ငံ၊ လန်းကတ်ရှိုင်းပြည်နယ် အနောက်ပိုင်း ပရက်စတန်ပင်လယ် ဆိပ်ကမ်းမြို့အနီး ဂိုစ်အင်ကရောင်း ဘီယာဆိုင်သို့ ပြန်လာခဲ့သည်။ သူ့ဇနီးမှာ ဘာတွေ ဖြစ်ခဲ့ဖြစ်ခဲ့ အမေးအမြန်းမရှိခဲ့ချေ။ ထိုနေ့မှစ၍ သူလည်း အနိဋ္ဌာရုံ ပါးကွက်အာဏာသား လက်မရွှံ့ အသက်မွေးကျောင်း အလုပ်ကို ရာသက်ပန် စွန့်လွှတ်ရန် ဆုံးဖြတ်လိုက်လေသည်။

သူ၏ ယင်းအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ မျိုးရိုးစဉ်ဆက် လုပ်ကိုင်ခဲ့သော အလုပ်ဖြစ်ပြီး သူမ၏ဖခင်နှင့် ဦးလေးတော်တို့မှာ ပြည်ထဲရေးမှတ်တမ်းဖိုင်တွင် အရည်အချင်းပြည့် ပါးကွက်သားများအဖြစ် မှတ်တမ်းအတင်ခံရသူများ ဖြစ်ခဲ့ကြသည်။ ပိုက်ယာရီပွိုင့်လက်မရွှံ့အလုပ်မှ နုတ်ထွက်လိုက်ကြောင်း



သတင်းစာများ သိရှိသွားကြသောအခါ၌ ကြိုးစင်တင် လျှို့ဝှက်သားသော ရက်စက်ကြမ်းကြုတ်လွန်းသည့်ကိစ္စနှင့် ပတ်သက်၍ သတင်းပေါက်ကြားသွားသဖြင့် ယခုကဲ့သို့ ပါးကွက်အာဏာသား လက်မရွှံ့ကြီး ပိုက်ယာရီပွိုင့်အလုပ်မှ နုတ်ထွက်သွားခဲ့ခြင်း ဖြစ်သည်ဟု ကောလဟာလသတင်း ဖြစ်ပေါ်လာခဲ့လေသည်။

အမှန်စင်စစ် ယင်းသို့ ကောလဟာလ ဖြစ်ပေါ်နေသည့် သတင်းမှာ ယုတ္တိယုတ္တာမရှိပေ။ အခင်းဖြစ်အမှု၌ တရားခံ ရှာ် အဲလစ်အား ကိုယ်တိုင် စက်တိုင်တင် ကြိုးပေးသတ်ခဲ့ရသော အာဏာသားပါး ကွက်ကျားကြီး ပိုက်ကာရီပွိုင့်က "ကျုပ်ကြိုးပေး ဒေါက်ဖြူတ်ပါးကွက်သားဘဝသက်တမ်းတလျှောက်လုံး ရှာ် အဲလစ် ဆိုသည့် အမျိုးသမီးလောက် သေမင်းကို ဒူးမထောက် လက်မမြှောက် ရဲရဲဝံ့ရင်ဆိုင်သွားခဲ့သည့် ကြိုးကျတရားခံမျိုး မတွေ့ခဲ့ပေ။ ထို့ပြင် "ကောလဟာလဖြစ်ပေါ်နေကြသလို မကောင်းအကြောင်းမလှ ကိစ္စမျိုးလည်း အလျှင်းမရှိခဲ့ကြောင်း အတိအလင်းပြောလိုပါသည်" ဟူ၍ ပြောကြားခဲ့သည်။ ပါးကွက်လက်မရွှံ့ကြီးအလုပ်မှ နုတ်ထွက်သွားခဲ့ရခြင်း၏ အကြောင်းရင်းမှာ ယင်းကဲ့သို့ မမှန်သတင်းများ ထွက်ပေါ်လာမှုကြောင့် သူ၏ အမှားအမှန်၊ အကောင်းအဆိုး ကြောင်းကျိုးဆင်ခြင်နိုင်သော ဩတ္တပ္ပ စိတ်ကို ပြန်လည်ဆန်းစစ် ကြည့်ခဲ့သည်။ လူသတ်မှုတရားခံအား တရားစွဲဆိုကြားနာစစ်ဆေးပြီး ကြိုးပေးသတ်စေ ပြစ်မှုထင်ရှား စီရင်ခြင်းအားဖြင့် အမှန်တကယ်ရော လူသတ်မှုတည်းဟူသော အာဇဝတ်မှု ကျူးလွန်ခြင်းကို တားမြစ်ဟန့်တားနိုင်ပါသလော။

ယင်းပြစ်ဒဏ်စီရင်ခြင်းဖြင့် ရာဇဝတ်မှုမဖြစ်အောင် ဟန့်တားနိုင်ခြင်းမရနိုင်ပေ။ ကျွန်ုပ်အမြင်ရှုထောင့်မှ သုံးသပ်တင်ပြရလျှင် သေဒဏ်အမိန့်ချမှတ် စီရင်ခြင်းသည် လက်စားချေခြင်းမှတစ်ပါး ကြိုးပမ်းဆောင်ရွက်ခြင်း မဟုတ်ပေဟူ၍ ဗြိတိန်နိုင်ငံ ဟိုးလီး ဝေးထောင်ကြီးချုပ်မှ စင်ဒေါက်ဖြုတ် အာဏာသားပါးကွက် လက်မရွံ့ကြီး အဲလစ်ဘတ်ပိုက်ဟာရီပွိုင့်က ပြောကြားသွားခဲ့လေသည်။



## (၆) ငွေများတရားနိုင်

အမေရိကန်နိုင်ငံမြို့တော် နယူးယော့ ကြေးရထာက် လူဂုဏ်သန် အသိုင်းအဝိုင်းတွင် နာမည်ကြီး ပျော်ရွှင်မြူးကြွ တေးဂီတစတိတ်ရှိုးဖျော်ဖြေပွဲများ ရေပန်းစားနေသည်။ ယခုလည်း မက်ဒီယန်စကွဲယား၌ ကျင်းပနေကြသည်။ ကောင်းပေ့ အဖိုးတန်ပေ့ဆိုသော မန်ဖီလီရှန်ပိန်အရက်ဖြင့် အလျှံပယ် ညှော်ခံကျွေးမွေးသဖြင့် လူဂုဏ်တန်ရွှေပွဲလာတို့ ပျော်တစ်ပြုံးပြုံး မော်မဆုံး ဖြစ်နေကြသည့်အချိန်မှာ တစ်ဖြည်းဖြည်း ညဥ့်နက်လာသည်နှင့် ရွှေပွဲလာတို့ ငိုက်မြည်းစပြုခဲ့ကြလေပြီ။ အစ်ကိုကာလသားတို့ သံစုံတီးဝိုင်းမှ မြူးမြူးကြွကြွတေးဂီတတို့ သံပြိုင်လိုက်ဆိုရန် မတ်တပ်ရပ်လိုက်ကြပါသည်။ ထိုစဉ် တေးရိပ်မြုံ နားဝင်ပီယံ ဂန္ဓသုခအရသာကို အရုပ်ဆိုး အကျည်းတန်သွားစေသည့် သေနတ်သံများ ထွက်ပေါ်လာခဲ့သည်။

ပထမ သေနတ်သံတစ်ချက်မြည်ဟီး ပေါက်ကွဲသွားခဲ့ပြီးဆင့်ကဲသေနတ်သံတစ်ချက် ထွက်ပေါ်လာခဲ့ပြန်သည်။ သံစုံဂီတဝိုင်းမှာ တီးမှုတ်သံလည်း မီးရေနှင့် သတ်သကဲ့သို့ ငြိမ်သက်သွားသည်။ ရွှေပွဲလာပရိသတ်တို့ ငိုက်မြည်းနေသော မျက်စေ့များပြူးကျယ်သွားခဲ့ကြသည်။

အသက် (၃၄)နှစ်ရွယ် ပစ္စဘာတ်ချ် မီးရထားပို့ဆောင်ရေးဌာနမှ လူကြီး၊ လူကောင်း၊ လူဂုဏ်တန်တစ်ဦး၏ သားဖြစ်သူဟဲရီကင်ဒေါ်လ်သော်ဆိုသူ လူရွယ်သစ်ကော်ဖီစားပွဲဝိုင်းမှ

မတ်တပ်ရပ်လျက် လဲကျသွားခဲ့သည်။ ကြက်သွေးရောင်သွေးများ ဒလဟောပန်းထွက်ကာ သူ့ကိုယ်တွင် ဝတ်ဆင်ထားသော အဖိုးတန် အင်္ကျီအရှေ့ပိုင်း တစ်ခုလုံး သွေးတို့ဖြင့် ရဲရဲတောက်သည်။ သူ့ခန္ဓာကိုယ်ထဲသို့ ကျည်ဖူးနှစ်တောင့် စူးဝင်နစ်မြုပ်သွားခဲ့ခြင်း ဖြစ်သည်။ တတိယကျည်တောင့်မှာ သူ့ဦးနှောက်ကို ဖောက်သွားခဲ့လေသည်။

တေးဂီတဖျော်ဖြေရေးပါတီပွဲလာ ပရိသတ်ကြီး ရုတ်ရုတ်သဲသဲ ဖြစ်သွားကာ ထွက်ပေါက်ရှိရာသို့ သူထက်ငါတိုး ရှေ့ထွက်ကြယင်း လူလူချင်း နင်းမိကြ၊ ဘိုက်မိကြနှင့် အဝီစိပွက်သွားခဲ့တော့သည်။ တေးဂီတဖျော်ဖြေရေးအစီအစဉ် မန်နေဂျာမှာ ဆက်လက်အသုံးတော်ခံရန် ဆော်ဩသော်လည်း မည်သူကမျှ သူ့စကား နားမထောင်ကြ။ အခင်းဖြစ်လူသတ်မှု ဖြစ်ပွားခဲ့သည်မှာ ၁၉၀၆ ခုနှစ် ဇွန်လ (၂၆) ရက်နေ့ ညကဖြစ်ပြီး မိုးပျံဂါးဒင်းပါတီပွဲ လူသတ်မှုကြီးမှာ အမေရိကန်နိုင်ငံ အမှန်ပေါ်ပေါက်ရန် လပေါင်း အတန်ကြာခဲ့သည်။

အချင်းဖြစ်အမှုမှာ သုံးပွင့်ဖူးစာ လူသတ်မှုဖြစ်ကြောင်း ပြည်သူတစ်ရပ်လုံး သိရှိသွားခဲ့ကြသည်။ ဘော်မှာ သူ့ဇနီးမယားကြာခိုသူအား လူပုံအလယ်၌ သေနတ်ဖြင့် အသေပစ်သတ်ခဲ့သည်။ "ကျုပ်သူ့ကို သတ်ရတာ ဝမ်းမြောက်လှပါတယ်ဗျား ဒီလူဟာ ကျုပ်မယားကို ဖျက်ဆီးတဲ့ လူယုတ်မာဗျ" ကြွေးကြော်ခဲ့သော အခင်းဖြစ်ပုံကို အထက်ပါအတိုင်း ဘော်ကရှင်းပြခဲ့လေသည်။ ဤအခင်းဖြစ် သုံးပွင့်ဖူးစာ အချစ်ဇာတ်လမ်း အရှုတ်တော်



ပုံမှာ အာသာရမ္မက်၊ ရက်စက်ကြမ်းကြုတ်မှုနှင့် ရှုးသွပ်မှုတည်းဟူသော ထိတ်စရာ၊ လန့်စရာ တြိဂံထဲတွင် ပိတ်မိခဲ့ပြီး နောက်ဆုံး၌ ငွေများ တရားနိုင်ဆိုသကဲ့သို့ ငွေမျက်နှာဘက်သို့သာ ယိမ်းယိုင်သွားခဲ့သည်။

ဤဇာတ်ရှုပ်ချစ်ဇာတ်လမ်းတွင် ပါဝင်သည့် အမျိုးသမီးမှာ အီဗလင်နက်စ်ဘစ်ဘော်ဖြစ်ပြီး လူသတ်မှုဖြင့် အဖမ်းခံရသော သေနတ်သမား၏ မယားချောကလေး ဖြစ်သည်။ စံတင်ခဲ့ရသည့် သူမ၏ ရုပ်ရည်ရူပကာယအလှတို့မှာ ဆယ်စုနှစ်များ ကုန်လွန်ခဲ့သည်နှင့်အမျှ ပြောင်းလဲလာခဲ့သည်။ သို့သော် ကျန်ကောင်းကျန်ရာ သူမ၏အလှတရားတို့သည် တစ်နည်းနည်းဖြင့် ကျန်ရှိနေသေးသည်။ သတင်းစာထဲ ပါလာသည့် သူမဓါတ်ပုံထဲမှာ ဖြူဖြူလွှလွှ ဘဲဥပုံမျက်နှာလှလှလေး၊ နက်မှောင်သော မျက်ဝန်းအစုံ၊ နှင်းဆီဖူးနှယ် စွဲမက်စရာ နှုတ်ခမ်းကလေးနှစ်လွှာနှင့် လှပလွန်းသည့် ဆံလိပ်ခွေကလေးများ အခွေအခွေကျကာ လှချင်တိုင်း လှနေသည်ကို တွေ့ရ၏။ မည်သည့်ခေတ်ကာလ ပန်းချီလောက၌မဆို သူမအလှသည် ဒဏ္ဍာရီဆန်ဆန် ပုရိသတို့အား ဖမ်းစားနိုင်သည့် အလှဖြစ်ကြောင်း ပေါ်လွင်ထင်ရှားလွန်းနေပေသည်။

အမှန်စင်စစ် အီဗလင်နက်စ်ဘစ်၏ ဘဝမှာ ပန်းချီကိုယ်ဟန်ပြမယ်တစ်ယောက်ဘဝမှ စခဲ့ခြင်းဖြစ်သည်။ ကိုယ်ဟန်ပြမယ်မော်ဒယ်ဘဝမှ တစ်ဆင့်တက်ကာ ရုပ်ရှင်ပြဇာတ်၊ တီဗွီလောကသို့ ရွေ့လျားလာခဲ့ပြန်သည်။ သူမအသက် (၁၅)နှစ်အရွယ်တွင်

တေးဂီတလောကကို တစ်ခေတ်ထူထောင် တံခွန်စိုက်ခဲ့သော ဖလိုရာဒို ဂီတဝိုင်း၌ အဆိုတော်အဖြစ် စတင်သီဆိုပြခဲ့သည်။ ထိုဂီတဝိုင်းတွင် သူမသီဆိုခဲ့သော တေးတစ်ပုဒ်မှာ ပြည်သူတို့ နှုတ်ထဲ စွဲကျန်သေးသည်။ ယင်းသီချင်းမှာ ''ပြောပြစမ်းပါ မိန်းမလှလေးရယ်–မင်းလို ချောမောလှပတဲ့သူများ ကျန်ပါသေး သလားရယ်လို့'' ဖြစ်ပါသည်။ ထိုခေတ်တေးဂီတ အထွတ်အထိပ် ရောက်စဉ်က အီဗလင်နည်းတူ မိန်းမလှလေးတစ်ဦး ထွက်ပေါ်ခဲ့ ဖူးသည်။ သူမမှာ နန့်သက်တာဆန်ဖြစ်ပြီး ဤစာအုပ်တစ်နေရာ တွင် ဖော်ပြထားသည်။

အီဗလင်နက်စ်ဘစ်သည် အသတ်ခံရသူ ဗိသုကာကြီးအား သိကျွမ်းခင်မင်ရင်းနှီးခဲ့သည်မှာ သူမခင်ပွန်းနှင့် အိမ်ထောင်မကျ ခင်ကတည်းက ဖြစ်သည်။ ဗိသုကာကြီး စတင်းဖို့ဒ်ဝိုက်မှာ သူ၏ အဆောက်အအုံ ဗိသုကာဒီဇိုင်းလက်ရာများကြောင့် နိုင်ငံတကာ က လေးစားခဲ့ရသူ ဖြစ်သည်။ ယင်းလက်ရာမြောက်ဒီဇိုင်းများတွင် အခင်းဖြစ် မက်ဒီဆန်စကွဲယားဂါးဒင်း ဟိုတယ်ကြီးလည်း အပါ အဝင်ဖြစ်သည်။ ကိုယ်လုံးကိုယ်ထည် ထွားထွားကြိုင်းကြိုင်းဖြစ်ပြီး အသားအရေ နီစပ်စပ်၊ ခန့်ထည်သော နှုတ်ခမ်းမွှေးကားကားနှင့် ကာမဂုဏ်စည်းစိမ် ချမ်းသာသည့်ဘဝ ပုံစံမျိုးဖြစ်သည်။

ပထမဦးဆုံး အီဗလင်နှင့် သူတွေ့စက သူမနှင့် အခြား မိန်းကလေးအား သူ့တိုက်ခန်းအထပ်ထပ်ရှိ အင်မတန်ခန်းနား ထည်ဝါလှသော ဖိမ်ခံနန်းဆောင်သို့ ခေါ်သွားခဲ့သည်။ ခန်းဆောင် ထဲ၌ အဖိုးတန် ကတ္တီပါနီဖြင့် ဖုံးအုပ်ပြုလုပ်ထားသော အပျော်စီး



ဒါန်း တစ်ခုရှိလေသည်။ အီဗလင်တို့ နှစ်ယောက်အား ဒါန်းပေါ် စီးသည်။ မျက်နှာကျက်၌ အဖိုးတန်ဂျပန်ထီးတစ်လက် အလှဆင် ထားသည်။ ရှားပါးပြီး အဖိုးတန်နိုင်ငံခြားဖြစ် ပစ္စည်းတို့ဖြင့် တန်ဆာဆင်ထားသော သူ၏ ခန်းနားထည်ဝါလှသော ခန်း ဆောင် ပစ္စည်းဥစ္စာ အလှဘန်းပြမှုနှင့် လှည့်စားဖြားယောင်းမှု၊ ရက်ရောမှုတို့ နောက်ကွယ်၌ စားနေကျ ကြောင်ဖားကြီးဝိုက်၏ မိန်းမလိုက်စားမှု ကာမဂုဏ် ပေါ်လွင်နေပါသည်။

သူ၏စံအိမ် စတူရီယိုအလုပ်ခန်း၌ မကြာမီကာလအတွင်း အီဗလင်၏ အလှကို မှတ်တမ်းရန်ပုံအား ဂျပန်အမျိုးသမီးဝတ်စုံ ကီမိုနိုဖြင့် ကိုယ်နေဟန်ထား အမျိုးမျိုးဓါတ်ပုံများ တစ်ဖြတ်ဖြတ် ရိုက်ကူးခဲ့သည်။ သူ၏ ချမ်းသာစည်းစိမ်မက်လုံးတို့ဖြင့် ဖြား ယောင်းပြီးနောက် ကာမဘီလူးကြီးဝိုက်သည် သူ၏ကြည့်မှန်တို့ ဖြင့် အခန်းပတ်လည် မျက်နှာကျက်ပါမကျန် ဆန်းတကြယ် တန်ဆာဆင်ထားသော စက်ခန်းဆောင်ထဲ၌ အကောင်းစား ပြင်သစ်ပြည်ထွက် ရှန်ပိန်အရက်ဖြင့် ညှော်ခံမူးယစ်စေခဲ့သည်။ မိန်းကလေးအိပ်မောကျချိန်၌ သူလိုချင်သည့် ကာမဂုဏ်စည်းစိမ် ချမ်းသာကို ပျော်ပျော်ကြီး စားသုံးခဲ့လေသည်။ ထိုစဉ်က သူမ အသက် စစ်လိုက်လျှင် (၁၆)နှစ်သာ ရှိသေးသည်။

ဤသို့ဖြင့် အီဗလင်တစ်ယောက် နိုင်ငံကျော် ဗိသုကာကြီး ဝိုက်၏ အချစ်တော်မောင်းမငယ်တို့တွင် တစ်ယောက်အပါအဝင် ဖြစ်သွားခဲ့သည်။ သူကလည်း သဒ္ဓါရက်ရောစွာဖြင့် တစ်ပတ် တစ်ခါ ငွေကြေးအလုံအလောက် ထောက်ပံ့ခဲ့သည်။ မကြာမကြာ

ဆိုသလို အပေါင်းအသင်း အသိုင်းအဝိုင်းထဲ ခေါ်ဆောင်ပွဲထုတ်လေ့ရှိသည်။ အိမ်ထောင်ရက်သားကျပြီး လင်သားဖြစ်သူ ဟာရီကော၊ ဘော်၏ အလိုကျအတိုင်း စိတ်ရှည်လက်ရှည် နေထိုင်သွားလာနေသည့် အတွက်ကြောင့် ကာမဂုဏ်ကျားကြီးပိုက်အဖို့ "မချူသာပြန်၊ ယူရန်ကြံရေး ခက်လှလေး" ဖြစ်နေခဲ့လေသည်။ ဤအချက်မှာ စားနေကျကြောင်ဖား သက်လတ်ပိုင်းအရွယ် ဗိသုကာကြီးထက် ဘော်က နှာတစ်ဖျားသာသွားခဲ့ခြင်း ဖြစ်သည်။

အီဗလင်နက်စ်ဘစ်နှင့် ဘော်တို့ ဆုံခဲ့ကြသည်မှာလည်း သူမ၏ တရားမဝင်လင်ကြီးနှင့် တစ်တွဲတွဲ သွားလာနေစဉ်က အမှတ်မထင် တွေ့ခဲ့ခြင်း ဖြစ်သည်။ ယင်းအချက်မှာ အခင်းဖြစ်လူသတ်မှု ရုံးတင်တရားစွဲဆို ကြားနာစစ်ဆေးစဉ် တရားလိုအကျိုးတော်ဆောင်ရှေ့နေကြီး၏ "အစကတည်း ပျက်စီးနေသော ပြဇာတ်မင်းသမီးတစ်ယောက်ကို သူရဲကောင်းဆန်ဆန်ကယ်တင်ခဲ့ခြင်း ဆိုသည်ကို ဘော်မသိခဲ့ပါသလော "ဟူသည့် မေးစရာ မေးခွန်း ဖြစ်လာခဲ့ပေသည်။ မှန်ပါသည်။ အီဗလင်၏ နောက်ကြောင်းဇာတ်ရှုပ် အပုပ်နံ့ကြောင့် ဘော်၏ဘဝအသရေနွမ်းခဲ့၊ လူလျောင်စရာ၊ စော်ကားစရာ ဖြစ်လာခဲ့လေသည်။ သူအဖို့ သက်ကြားအို ကာမဘီလူးကြီး ပိုက်အား အမုန်းကြီးမုန်းတီးရွံရှာစက်ဆုတ်ခဲ့ပြီး အမြဲတစေ သူ့အား "တိရိစ္ဆာန်ကြီး" ဟူ၍ ရည်ညွှန်း၍ ဆဲရေးတိုင်းထွာလေ့ ရှိခဲ့သည်။ သို့သော် ဘော်ကိုယ်တိုင်ကလည်း ရွှေလင်ပန်းနှင့် အချင်းဆေးသည့် မင်းသွေးမဟုတ်၊ ဟော့ဟော့ရမ်းရမ်း ဆိုးသွမ်းလူငယ်တစ်ယောက်သာ ဖြစ်၏။

---



သန်းကြွယ်သူဌေး မိသားစုတစ်ဦး၏ သားဖြစ်သူ ပျက်စီးလေလွင့်နေသည့် လူဂုဏ်တန် ဟာရီဘော်က အီဗလင်အား သူနှင့် ဥရောပသို့ ခိုးရာလိုက်ခဲ့မည်ဆိုလျှင် ပုဆိုးတန်းတင် တရားဝင်လက်ထပ်ယူမည်ဟု ကမ်းလှမ်းခဲ့သည်။ သူမကလည်း အညှာလွယ်ကူ အရပ်ပျက်သာသာဖြစ်၍ ခုမြင်ခုကြိုက်ကာ "ပုဆိုးပိုက်ကာ စောင်ပိုက်ကာဖြင့်" ခိုးရာလိုက်ခဲ့ခြင်း ဖြစ်သည်။ သူတို့ကြင်စဦးမောင်နှံ ဩစတြီးယားနိုင်ငံ ရှက်လော့စ်ကာတ်ဇန်စတင်မြို့ရှိ တိုင်ဂိုလင်ရဲတိုက်ကြီး၌ ငှားရမ်းတည်းခိုနေခဲ့ကြသည်။

အရှိုးရာများထပ်ကာ အိပ်ရာထဲ ရက်သတ္တသုံးပတ်မျှ လဲနေခဲ့သည်။ သူတို့ တရားဝင်လူသိရှင်ကြား လက်မထပ်ကြသေးခင် အီဗလင်နားမဆန့်အောင်ပင် သူမနည်းတူ သူ့အရိုက်အနှက်ခံရသည့် မိန်းကလေးများအကြောင်း ကြားသိခဲ့ရလေသည်။ ဤအကျင့်မှာ သူ၏ ကုတ်ကင်းရှူးသွပ်မှု ဝသီစရိုက်ပင်ဖြစ်သည်။

ကချေသည် အဆိုတော်မလေး အီဗလင်တစ်ယောက် ချစ်ခြင်း၊ မုန်းခြင်း၊ ဒေါသကုမ္ဘာရ ကမောက်ကမ စိတ်ဖောက်တတ်သည့် ဘော်လိုလူမျိုးကိုမှ ဘာကြောင့်များ ဘဝကြင်ဖော်အဖြစ်ရွေးချယ်ခဲ့ရပါသနည်း။ အဖြေက မဆန်းပါ၊ ရှင်းနေပါသည်။ ဘော်၏ နောက်ခံ ဓနဂုဏ်ရှိန်ငွေကြေးချမ်းသာမှု မာယာကွန်ပိုက်မှာ အမိုက်မလေး တိုးခဲ့မိခြင်း ဖြစ်၏။ တစ်နည်းအားဖြင့် တံလျှပ်ရေထင်၊ ရွှေသမင် အလိုက်မှားခဲ့ခြင်း ဖြစ်သည်။

"သမီးလေး၊ ညည်း ဒီလိုဥစ္စာပေါ၊ ရုပ်ချောလူမျိုး ငြင်းမယ်

ဆိုယင်၊ ရှာကြည့်လေ၊ ထမင်းထုပ်သာသိုးမယ် တွေ့မှာမဟုတ်
ဘူး။ လာဒ်ဦးဆိုတာ မပယ်ကောင်းဘူး။ ပြီးတော့ ညည်းရဲ့
အလှဟာ တစ်သက်လုံးက ဒီလိုချည်း ခိုင်မြဲနေမှာ မဟုတ်ဘူး။
ကဲ-စိတ်ကူးမလွဲနဲ့၊ လက်သာခံလိုက်'' စသဖြင့် အီဗလင်နက်စ်
ဘီ၏ မိဘအသိုင်းအဝိုင်းက နားချကြမည်မှာ မြေကြီးလက်ခတ်
မလွဲပေ။

စတင်းဖို့ ပို့က်ကလည်း သူမအား အိမ်တစ်ဆောင် မီးတစ်
ပြောင် သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းသင်းမည်ဟုလည်း
မတောင်းဆိုခဲ့ချေ။ အမှန်စင်စစ် သူကပါ မီးလောင်လေပင့်
သူ့မိသားစုနှင့် ပေါင်း၍ တိုက်တိုက်တွန်းတွန်း ဘော်လက်ထဲ
ဝကွက်အပ်ခဲ့ခြင်းဖြစ်သည်။ မည်သို့သော အကြောင်းကြောင့်က
ဖန်လာခဲ့သည်ဖြစ်စေ၊ အီဗလင်နက်စ်ဘီအား ဟာရီဘော်က
၁၉၀၅ ခုနှစ်၊ ဧပြီလ (၄)ရက်နေ့တွင် လူကြီးမိဘစုံရာရှေ့တွင်
ပုဆိုးတန်းတင်အကြင်လင်မယားအဖြစ် တရားဝင်လက်ထပ် ယူခဲ့
လေသည်။ သူတို့နှစ်ဦး၏ အောင်ဇေရတု၊ ငွေခရုမင်္ဂလာအခါ
တော်ပေးသည့် မင်္ဂလာလက်ထပ်ပွဲကြီးမှာ လူဂုဏ်တန် ကြေးရ
တက် အသိုင်းအဝိုင်း အလယ်၌ ခြိမ့်ခြိမ့်သဲမျှ စည်ကားလှသည်။
သူတို့နှစ်ဦး လက်မထပ်ခင်ကတည်းက ညားနေခဲ့သည်။ သူတို့
အဖြစ်မှာ မကြားချင်၊ မမြင်ချင်၊ မသိချင်အဆုံး နယူးယောက်
တစ်မြို့လုံး ဟိုးဟိုးကျော်ခဲ့သည်။ သို့သော် ဘယ်သူ ဘာပြောပြော
ကိုယ်ထင် ကုတင်ရွှေနန်းဆိုသကဲ့သို့ သူတို့ သမီးမှာ ကောင်းပေ့
ညွန့်ပေ့ အဖိုးတန်ပေ့ဆိုသော အဖြူရောင်သတို့သမီးဝတ်စုံဖြင့်



ဝင့်ဝင့်ကြွားကြွား လှချင်လှနေခဲ့သည်။ သူတို့ကြင်စဦးမောင်နှံ၏
ထာဝရစံအိမ်တော်မှာ ဘော်၏ မိသားစုအသိုင်းအဝိုင်းကကို
အီဗလင်ကို လိုလိုလားလား ကြည်ကြည်ဖြူဖြူရှိ၍သာ ဤမျှ
ကြီးကျယ်ခမ်းနားထယ်ဝါစွာ မင်္ဂလာလက်ထပ်ပွဲကြီး ခြိမ့်ခြိမ့်သဲမျှ
ကျင်းပပေးခဲ့ခြင်း ဖြစ်ပါသည်။

အီဗလင်၏ နောက်ကြောင်း မရှင်းဘဲ ကြောင်ပါးကြီးပို့က်နှင့်
အကြည်ဆိုက်ခဲ့ကြပုံတို့ကို တွေးမိတိုင်း၊ ရည်းစားလူလု အူနုကျွဲ
ခတ်ဆိုသလို ဒေါသစိတ်တွေ ပြင်းထန်ပြီး စိတ်ကို မထိန်းသိမ်း
သူမှာ လူဘော်ကြော့ကလေး ဟာရီဘော်ပင် ဖြစ်သည်။ ပစ္စတို
သေနတ်တစ်လက် ဝယ်ယူပြီး သူ၏အိမ်ခန်းထဲ၌ ချိုရယ်စ်လစ်
ခေါ် ရှေးဥရောပတွင် ခေတ်စားခဲ့သော ကြိုက်ရာလူသတ် လက်
နက်စွဲကိုင်ပြီး နှစ်ဦးသဘောတူ ဒိုင်လူကြီးရှေ့ လက်မှတ်ထိုးကာ
သူသေကိုယ်သေ တိုက်ခိုက်သည့်ပွဲတွင် မိုက်ရူးရဲ လူစွမ်းကောင်း
ဘစ်ယောက်ပုံစံအမျိုးမျိုး အိုင်တင်ထုတ် လေ့ကျင့်ခဲ့သည်။

၁၉၀၆ ခုနှစ်၊ ဇွန်လ (၂၅) ရက်နေ့ သူတို့ဇနီးမောင်နှံ
အိမ်ထောင်သက် တစ်နှစ်ပြည့်ပြီးနောက် အီဗလင်အား ခေါ်ကာ
ဟာရီဘော်သည် နယူးယောက်မြို့သို့ ထွက်ခွာခဲ့သည်။ နယူး
ယောက်မြို့ ဖီးမာတင် စားတော်ဆက်၌ ညစာ အတူတကွ
စားသောက်ကြပြီး မိတ်ဆွေအပေါင်းအသင်းတို့နှင့်အတူ မန်ဇီ
လီရှန်ပိန် ညှော်ခံပွဲရှိရာ မက်ဒီဆန်စကွဲယားဂါးဒင်းဟိုတယ်သို့
ဘက်ရောက်ခဲ့ကြသည်။ သူတို့ နောက်ကျမှ စတင်းဖို့ပို့က် ရောက်
လာခဲ့ပြီး သူ့ကိုယ်ပိုင်စားပွဲဝိုင်း၌ နေရာယူထိုင်ခဲ့သည်။ ခေတ်ပေါ်

တေးဂီတသံစုံဝိုင်းကြီးမှ လက်စွမ်းပြ တေးဂီတတီးလုံးတို့နှင့်အတူ ကကြိုးကကွက်တို့ဖြင့် အချိန်အတန်ကြာ ဖျော်ဖြေနေခဲ့သည်။ အီဗလင်ပျင်းရိငြီးငွေ့လာခဲ့ပြီး ဆက်လက် သည်းညည်းခံ နားမထောင်ချင်တော့ပေ။ ရွှေပွဲလာပါတီ ပရိသတ်မှာ စက်လှေကားဆီသို့ ရှေ့ရှုထွက်ခွာလာခဲ့ကြသည်။ အီဗလင်လည်း သူမခင်ပွန်းဘော် ပရိသတ်နှင့်အတူ မပါလာခဲ့သည်ကို သတိမပြုမိဘဲ ဝရံတာစင်္ကြံထဲ ရောက်လာခဲ့မိသည်။

ဟာရီဘော်လည်း ဗိသုကာကြီးဝိုက်အား သေနတ်ဖြင့် လူပုံအလယ်အသေပစ်ခတ်ခဲ့ပြီး စက်လှေကားပေါ်၌ လူသတ်လက်နက် ပစ္စတိုသေနတ်ကို ပစ်ချလိုက်သည်။ ထို့နောက် အခင်းဖြစ် လူသတ်မှုဖြစ်ပွားရာသို့ သက်ဆိုင်ရာ အာဏာပိုင်ရဲအဖွဲ့ဝင်တို့ ရောက်လာခဲ့ကြသည်။ ခရိုင်ဝန်အား ဤသို့ ရှင်းပြသည်။ "အဲ ဟိုနေရာမှာ ကြံ့ခိုင်တောင့်တင်း ဝဝဖြိုးဖြိုးနဲ့ ဟိုငနဲကြီးက ထိုင်လို့ဗျ-သူ့အနားမှာ အီဗလင်က သနားစရာလေးလေ၊ သူဘာတွေပြော၊ ဘာတွေခြိမ်းခြောက်နေသလဲ မသိဘူး တစ်ကိုယ်လုံး နတ်ကျသလို တုန်တုန်ရီရီနဲ့ တွေ့လိုက်ရတယ်" ဟူ၍ သူသေအား အပြစ်ဖို့၍ ပြောဆိုရှင်းပြခဲ့သည်။

ဤသည်မှာ လူချမ်းသာ လူဂုဏ်တန် သားသမီး (လူဘော်ကျော့ဟာရီဘော် ဆိုသူ လူရမ်းကား လူစိတ်ကင်းသည့် လူမိုက်တစ်ယောက်၏ နှုတ်ထွက်စကားပင် ဖြစ်သည်။ ဘော်၏ မိဘတို့ကလည်း သူတို့သား လူသတ်မှု လွတ်ရာလွတ်ကြောင်း ဒေါ်လာငွေသောင်းနှင့်ချီ၍ ငွေကုန်ကြေးကျခံကာ ရှေ့နေရှေ့ရပ်ငှားပြီး



ခုခံထုချေ လျှောက်ကာကွယ်ခဲ့ကြသည်။ ထို့ပြင် သတင်းစာရှင်းလင်းပွဲခေါ်ပြီး အသတ်ခံရသူ နိုင်ငံကျော် ဗိသုကာကြီးဝိုက်အား ဂုဏ်သိက္ခာတစ်ပြားသားမျှ မကျန်အောင် အပုပ်ချခဲ့ကြသည်။

ဤသို့အားဖြင့် ဝိုက်မှာ သူ၏ ကာမဂုဏ်ကျူးသည့် အမှုအကျင့်ကို ထည့်သွင်းစဉ်းစားပြီး ကိုယ်ကျင့်သိက္ခာကို အစော်ကားခံရရန် ပစ်မှတ် ဖြစ်လာခဲ့ရပေသည်။ သို့ရာတွင် ဟာရီဘော်က သူ့အတွက် ရုံးတော်၌ ခုခံကာကွယ်လျှောက်လဲရန် ရှေ့နေငှားရမ်းဖို့ ကတိမပေးခဲ့ချေ။ အခင်းဖြစ်လူသတ်မှုကို နယူးယောက်မြို့ရာဘက်တရားရုံး၌ (၁၉၀၇) ခုနှစ်၊ ဇန်နဝါရီလအတွင်း တရားစွဲဆို အမှုဖွင့်လှစ်ပြီး ပထမဦးဆုံးအကြိမ်အဖြစ် ကြားနာစစ်ဆေးခဲ့သည်။ ယင်းသို့ ကြားနာစစ်ဆေးခဲ့ရာ အချိန်ကာလအားဖြင့် (၄)လတိုင် ကြာညောင်းခဲ့သည့်တိုင် မပြီးပြတ်ခဲ့သေးချေ။ နောက်ဆုံး ဂျူရီလူကြီးတို့ ကောက်ချက်သဘောထား ကွဲပြားခဲ့ကြလေတော့သည်။ ဂျူရီလူကြီးတို့ ကောက်ချက်သဘောထား ကွဲပြားခဲ့ကြလေတော့သည်။ ဂျူရီလူကြီးမင်း (၇)ဦးတို့က ပထမဒီဂရီ လူသတ်မှုကျူးလွန်သဖြင့် ပြစ်မှုထင်ရှားကြောင်း ဆုံးဖြတ်ခဲ့ကြပြီး ကျန်ဂျူရီလူကြီး (၅)ဦးတို့က တရားခံဘော်မှာ စိတ်မနှံ့သူသူရူးတစ်ယောက်ဖြစ်၍ အပြစ်မရှိကြောင်း အဆုံးအဖြတ်ပေးခဲ့ကြသည်။

နောက်တစ်နှစ်အကြာ၌ အခင်းဖြစ် လူသတ်မှုကို ဒုတိယအကြိမ်မြောက် ကြားနာစစ်ဆေးခဲ့ပြန်သည်။ ထိုအကြိမ်တွင်

တရားခံမှာ ရူးသွပ်သော ရောဂါရှိကြောင်း သဘောထား ပိုမို ထုတ်ဖော်ထုချေလျှောက်လဲခဲ့သည်။ ဘော်၏ မိသားစုထဲတွင် စိတ်ဖောက်ပြန်ဖြစ်ရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ ပြည့်တန်ဆာခေါင်းတစ်ယောက်က တရားခံဘော်မှာ ရိုက်ကြိမ်ဖြင့် ရက်ရက်စက်စက် အရိုက်အနှက်ခံခဲ့ရသော မိန်းကလေးများကို ထုတ်ဖော်၍ သက်သေခံ ထွက်ဆိုသွားခဲ့သည်။ ဤကိစ္စနှင့် ပတ်သက်၍ ဂျူရီလူကြီးတို့ တစ်စိတ်ထဲတစ်ဝမ်းထဲ သဘောတူညီဆုံးဖြတ်ကြရန် ကြိုးပမ်းခဲ့ကြသည်။ နာရီပေါင်း (၂၇)နာရီ ကြာမှာ ဆွေးနွေးညှိနှိုင်းတိုင်ပင်ကြပြီး ဟာရီဘော်၌ စိတ်မနှံ့သည့် ရောဂါ ရှိသဖြင့် အပြစ်မရှိကြောင်း အဆုံးအဖြတ်မဲ ဆန္ဒပေးခဲ့ကြသည်။

တရားခံဘော်အား စိတ်ဖောက်ပြန် ရာဇဝတ်မှု ကျူးလွန်ခဲ့သည့် ပြစ်မှုထင်ရှားသဖြင့် နယူးယောက်မြို့၊ နိုင်ငံတော်စိတ်ရောဂါကုဆေးရုံထောင်၌ နေစေရန် အပြီးသတ်စီရင်ချက် အမိန့်ဒီဂရီချမှတ်ခဲ့သည်။ ယင်းသို့အားဖြင့် အခင်းဖြစ်လူသတ်မှုမှာ ထိုနေရာ၌ပင် နိဂုံးတံပြီးဆုံးသွားရမည် ဖြစ်သော်လည်း ချမ်းသာကြွယ်ဝမှု ဓနဂုဏ်ရှိန်နှင့် ဩဇာကြီတိမ္မဖိအား အဆက်မပြတ်ပေးကာ သူ့အား စိတ်ရောဂါထောင်မှ ထွက်မြောက်အောင် ကြိုးပမ်းခဲ့ကြသည်။ ဘော်မှာ (၁၉၁၃) ခုနှစ်၊ ဩဂုတ်လ တစ်နံနက်ခင်းတွင် စိတ်ရောဂါဆေးရုံထောင်မှ ထွက်ပြေးလွတ်မြောက်ခဲ့ပြီး အသင့်စောင့်နေသည့်ကားဖြင့် ဘေးမဲ့နယ်မြေကနေဒါနိုင်ငံသို့ တိမ်းရှောင်ထွက်ပြေးလွတ်မြောက်ခဲ့သည်။

အမေရိကန် ပြည်ထောင်စုအစိုးရ၏ သံတမန်ဆက်ဆံရေး



ဖိအားပေးကြိုးပမ်းဆောင်ရွက်မှုကြောင့် တစ်လအကြာ၌ ဝရမ်းပြေးအား ကနေဒါနိုင်ငံမှ လက်ရဖမ်းဆီး၍ ပြန်လည်ပို့ပေးခဲ့သည်။ ထောင်ဖောက်ဝရမ်းပြေး ဟာရီဘော်အား သက်ဆိုင်ရာ ရဲအဖွဲ့အာဏာပိုင်တို့က နယူးမာမ်ရှိုင်းယားပြည်နယ် ကွန်းကော့မြို့အကျဉ်းထောင်ကြီး၌ ချုပ်နှောင်ထားခဲ့ပြီး၊ ထို့နောက်မှ နယူးယောက်မြို့ သက်ဆိုင်ရာအာဏာပိုင်တို့ထံ ပြန်ပို့ပေးခဲ့သည်။ လက်မလျှော့သေးဘဲ သားဖြစ်သူ ထောင်မှလွတ်ရာလွတ်ကြောင်းရှေ့နေများ ငှားရမ်းပြီးသော် မိသားစုတို့က ကြိုးပမ်းခဲ့ကြပြန်သည်။ နောက်ဆုံး၌ သူတို့ကြိုးပမ်းမှု အောင်မြင်သွားခဲ့သည်။ ၁၉၁၅ ခုနှစ်၊ ဇူလိုင်လအတွင်း နောက်ထပ်တစ်ဆင့်တက်၍ အောင်မြင်မှု ရရှိခဲ့လေသည်။ ယင်းအောင်မြင်မှုမှာ တရားခံဟာရီဘော်မှာ စိတ်ဖောက်ပြန်ခြင်း၊ ရူးသွပ်ခြင်း မရှိသည့်ပြင် သူ့အပေါ်စွဲချက်တင်ထားခဲ့သော ပြစ်မှုမှာ အပြစ်မရှိ တရားသေလွတ်ငြိမ်းခွင့် ရရှိခဲ့ခြင်း ဖြစ်ပါသည်။

အဆိုပါ အခင်းဖြစ် လူသတ်မှုမှာ ပြစ်မှုထင်ရှားစီရင်အပြစ်ပေးခြင်းခံခဲ့ရသော တရားခံ ဟာရီဘော် လွတ်မြောက်သွားပုံမှာ ထူးခြားသော အပြီးသတ်စီရင်ချက် တစ်ရပ်ပင် ဖြစ်သည်။ သူ့ဇနီးဖြစ်သူ အီဗလင်မှာ ချက်ချင်း သူနှင့်လင်ခန်းမယားခန်း ပြတ်စဲကွာရှင်းပြီး သူမဘဝဟောင်းဆီ ပြန်သွားခဲ့လေသည်။ အိမ်ထောင်သည် မဟုတ်တော့သည့် လူလွတ် ဟာရီဘော်မှာ ခွေးရူးကောင်းစားတစ်မွန်းတည့်ဆိုသကဲ့သို့ ကံကောင်းသူဘဝဖြင့် လအတန်ငယ် ကြာမျှသာ နေထိုင်လှုပ်ရှားခဲ့သည်။ ခွေးမြီးကောက်ကျည်

တောက်စွပ်ဆိုသလို လူလိမ်လူကောက်၊ လူရမ်းကား ဒုစရိုက်ဝသီ မပျောက်နိုင်သေးဘဲ ရာဇဝတ်မှု ထပ်မံကျူးလွန်ခဲ့ပြန်သည်။ သူ့အလိုကို မလိုက်သဖြင့် ကင်ဆပ်စ်မြို့မှ အမျိုးသမီးငယ်တစ်ဦးအား ပြန်ပေးဆွဲခဲ့ပြီး ရက်ရက်စက်စက်၊ လူမဆန်စွာ ကြိမ်ဖြင့် အရိုးရာချင်းထပ်မျှ ရိုက်နှက်နှိပ်စက်ခဲ့သည်။ စိတ်မနှံ့၊ စိတ်ဖောက်ပြန် ရူးသွပ်သည်ဟု အကြောင်းပြကာ ရာဇဝတ်ပြစ်ဒဏ်မှ တိမ်းရှောင်ကာ အရူးထောင် စိတ်ရောဂါဆေးရုံ တက်ခဲ့ပြန်သည်။ သက်ဆိုင်ရာ ရာဇဝတ်တရားရုံးတော်မှ စိတ်မဖောက်ပြန်လူကောင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီး နောက်ဆုံး၌ ထုံးစံအတိုင်း ၁၉၂၄ ခုနှစ်တွင် အချုပ်မှ လွတ်မြောက်ခဲ့ပြန်သည်။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်၌ နှလုံးသွေးကြော ပိတ်ဆို့သည့် ရောဂါဖြင့် ကွယ်လွန်ခဲ့လေသည်။ သူကျူးလွန်ခဲ့သော အခင်းဖြစ်အမှုနှင့် ပတ်သက်၍ နယူးယောက်မြို့တွင် "ဗူးတစ်ရာအပေါက်ပိတ်ဆို့၍ရ၊ လူတစ်ယောက်ပါးစပ်ပိတ်၍မရ" ဆိုသကဲ့သို့ တစ်ယောက်တစ်ယောက်တီးတိုး အတင်းအဖျင်း သတင်းများ ပြောဆိုခဲ့ပြီး ကောလဟာလသတင်းများ ကျယ်ကျယ်ပြန့်ပြန့်ထွက်လာခဲ့ပြီး သက်ဆိုင်ရာ တရားစီရင်ရေးသို့ စွပ်စွဲခဲ့ကြလေသည်။ ယုံကြည်သည်။ မယုံကြည်သည်ကို ကဲ့ရဲ့ပြစ်တင် အော်ငေါ့စရာမလို၊ နောက်ဆုံး၌ လူအများစုသဘောကျသည့် စကားသံထွက်လာခဲ့သည်မှာ အခင်းဖြစ်အမှုတွင် "ငွေများတရားနိုင်" ဖြစ်သွားခဲ့ခြင်းဖြစ်ကြောင်း နိဂုံးသတ်သွားခဲ့ပေသတည်း။



## (၇) "ဒဏ္ဍာရီဆန်ဆန်လူ့စွမ်းကောင်း သေနတ်သမား"

အမေရိကန်နိုင်ငံမြောက်ပိုင်းဒေသကို အနောက် (West) သို့မဟုတ် အနောက်တိုင်း (Western) ဟု တင်စားခေါ်ဝေါ်ခဲ့ကြသည်။ ရှေးခေတ်က ယင်းအမေရိကန်အနောက်ဒေသသားများသာ သတ်ရဲဖြတ်ရဲ ပစ်မလွဲသေနတ်သမားများ။ ကောင်းဘွိုင်များ ခေတ်စားခဲ့ကြသည်။ ထိုစဉ်က ယခုခေတ် အမေရိကန်၊ အင်္ဂလန်စသည့် ဥရောပနိုင်ငံတို့လို အမျိုးသမီးတို့နှင့် ပေါင်းသင်းဆက်ဆံရေး ဆိုရှယ်မကျခဲ့ကြချေ။ အတွဲရှိသည့် အမျိုးသားကြက်ခေါင်းဆိတ်မခံဘူးစွာ၊ မိုက်ရူးရဲတို့ကလည်း "မယားထိ၊ ခါးကြည့်" ဆိုသလို သဝန်တို၊ သဝန်ကြောင်တတ်ကြသည်။ ယင်းသဝန်ကြောင်၊ သဝန်တိုစိတ်ကပင် ကွဲနွားပစ္စည်းဥစ္စာ ရွှေငွေခိုးဆိုး တိုက်ခိုက်လိုမှုထက် လူသတ်မှုကျူးလွန်ရန် စေ့ဆော်မှုကပိုကဲကြောင်း တွေ့ရှိရလေသည်။ ဆိုလိုသည်မှာ မိန်းမကိစ္စကြောင့် သေနတ်သမားတို့ လူသတ်မှုလွယ်လွယ်ဖြင့် ကျူးလွန်တတ်ကြသည်။ ထိုစဉ်က အရက်ဆိုင်ထဲ တစ်ယောက်တစ်ခွန်း စကားများခဲ့ကြရာမှ လမ်းမကြီးပေါ် ရင်ဆိုင်ကာ သူသေကိုယ်သေ ယှဉ်ပြိုင်တိုက်ခိုက်ကြသည်အထိ ရာဇဝတ်မှု ကြီးကျယ် ဖြစ်ပွားလာခဲ့ကြရတော့သည်။ လူ့အသက်တစ်ချောင်း ပုရွက်ဆိတ်လောက်မျှ တန်ဘိုးမထားကြ။ များစွာသော ဒဏ္ဍာရီဆန်ဆန် ဥပဒေအရ ချုပ်ရှာအုပ်ချုပ်ရေး အာဏာပိုင်တို့တည်း တရားဥပဒေဆိုသည်မှာ သူတို့ သေနတ်များမှာတွင် တည်နေကြသည်။ သူတို့၏ စီရင်

ဆုံးဖြတ်မှုမှာ ဣတ္တိယခေါ် မိန်းမတို့ လက်ခုပ်သြဘာပေးကာ ဝိုင်းဝိုင်းလည် မျက်စေ့ကျစေဖို့ သူ့ရဲကောင်း ဆန်ပြခြင်း ဖြစ်ပါသည်။

ထိုခေတ်ထိုအခါက အနောက်တိုင်း၌ တရားဥပဒေဆိုသည်မှာ သေနတ်ဖျားက ကျည်ဆံသာ ဖြစ်သည်ဟု ထင်မှတ်ခဲ့ကြသည်။ ဥပဒေဘက်တော်သားဆိုသော သေနတ်သမားတို့အနက် ဝိုင်းလ်ဘီလ်ဟာစ်ချ်ကော့ကို ဥပမာအဖြစ် တင်ပြလိုပါသည်။ နာမည်ကျော် ယူနီယံစကောက်အဖွဲ့ဝင်လည်းဖြစ်၊ တိုင်းရင်းသားဒေသခံရက်အင်ဒီယန် ခေါ် လူနီလူရိုင်းတို့ ဖိန့်ဖိန့်တုန်အောင် အပစ်အခတ် လျင်မြန်ဖျတ်လတ် လက်ဖြောင့်သေနတ်သမားကြီး ဝိုင်ဝလ်ဘီက သူ၏ ရာဇဝတ်မှု ကျူးလွန်ခဲ့သည့် သက်တမ်းကာလ ပွဲဦးထွက် ရှော့ခရိယုဉ်ပြိုင် ပစ်ခတ်မှုကြီးကို ထည့်သွင်းဂုဏ်ယူပြောဆိုလေ့ရှိသည်။

ဝိုင်းလ်ဘီသည် ပစ္စတိုသေနတ်ပစ်ရာ၌ သေနတ်ထုတ်လှစ်လှစ်မြည်အောင် မြန်သကဲ့သို့ အပစ်အခတ်လည်း လေထက်လျင်မြန်ပြီး ပစ်မလွဲ လက်ဖြောင့်သေနတ်သမားဖြစ်၏။ မက္ကင်လီလူဆိုးဂိုဏ်းဝင် သေနတ်သမားကြီး (၁၀)ဦးကို ငရဲပြည်ပို့ခဲ့ကြောင်း အတိအလင်း ထုတ်ဖော်ပြောဆိုခဲ့လေသည်။ မက္ကင်လီလူဆိုးဂိုဏ်းခေါင်းဆောင် ဒေဗ်မရွေ့ကင်လီနှင့် သူ့နောက်လိုက် လက်မရွံ(၅)ယောက်တို့အား ကျည်ဆံ(၆)တောင့်ဖြင့် အပြတ်ရှင်းခဲ့သည်။ နောက်ထပ်လူဆိုး (၄)ယောက်တို့ကို ဓါးစာကျွေးခဲ့လေသည်။ အနောက်တိုင်းမှာ သောင်းကျန်းထကြွနေခဲ့သော လူဆိုးဂိုဏ်း



ကြီး ချုပ်ငြိမ်းသွားခဲ့ကြောင်း၊ ဟာစ်ချ်ကော့က ပြောပြခဲ့သည်။ မှန်ပါသည်။ ယင်းမက္ကကင်လီလူဆိုးဂိုဏ်းကြီးမှာ ရပ်ရွာမအေးချမ်းအောင် ထကြွသောင်းကျန်း ထင်တိုင်းရမ်းကားနေခဲ့ပြီး မြင်းခိုး၊ လူသတ်ကာ ဥပဒေချိုးဖောက်နေခဲ့ကြသူများ ဖြစ်သည်။

ဤသို့အားဖြင့် ဝိုင်းလ်ဘီမှာ ထိုခေတ်ထိုအခါက အလွန်ကြမ်းတမ်းပြီး ဥပဒေမဲ့ အမည်းရောင်နယ်မြေ အနောက်ပိုင်းဒေသတို့၌ ကိုယ့်မြင်းကိုယ်စိုင်း စစ်ကိုင်းရောက်ရောက် ကိုယ်ထင်ရာ ကိုယ်စိုင်းနေကြသော လူဆိုးကြီးတို့အနက် တစ်ဦးအပါအဝင်ဖြစ်၏။ အရပ်အမောင်းမှာ (၆)ပေ၊ (၂)လက်မ မြင့်ရသည့်အထဲ ခွာမြင့်ရှူးဖိနပ်ကိုမှ စီးလေ့ရှိသည်။ ပုခုံးနှစ်ဖက်ပေါ် ဝဲပျံ့ကျနေသော ရွှေရောင်ဆံပင်တွန့်လိပ်များနှင့် ပစ္စတိုသေနတ်မင်းသား ဥပမိရုပ်မှာ မြင်သူတကာ စွဲမက်လောက်၊ အထင်ကြီးလောက်ပေသည်။ ထို့ကြောင့်ပင် အနောက်ပိုင်းဒေသ သတင်းစာသမား၊ သတင်းထောက်တို့က သူ့ကို အထင်ကြီးကာ သူပြောသမျှ အဟုတ်မှတ်၍ ဘစ်လုံးမကျန် သတင်းစာ၌ ရေးသားဖော်ပြခဲ့ကြခြင်း ဖြစ်သည်။ အမှန်စင်စစ် ဘတ္တလာဟာစ်ချ်ကော့မှာ အရက်သမားလူလိမ်၊ မိန်းမပွေသူ တစ်ယောက်သာဖြစ်သည်။ သူနာမည် ကြီးသွားခဲ့ရခြင်းမှာလည်း စိုင်ကော်၍ ချုပေါ်ရောက်ဆိုသလို မက္ကကင်လီလူဆိုဂိုဏ်းဝင်တို့အား အပြတ်ရှင်းလိုက်သော အဖြစ်အပျက်ကြောင့် တမုဟုတ်ခြင်း နာမည်ကြီးသွားခဲ့ခြင်း ဖြစ်သည်။ သို့သော် သူပြောသကဲ့ (ကြွားသကဲ့သို့)လည်း အမှန်ချည်း မဟုတ်ချေ။

၁၈၆၂ ခုနှစ်၌ ဟာစ်ချ်ကော့သည် အမေရိကန်နိုင်ငံ၊ နီဘရက်

စတာပြည်နယ်၊ ဂျက်ဖာဆန်ခရိုင် ခရီးသည်ပို့ဆောင်ရေး အမြန် မြင်းရထားဆိပ်၌ မြင်းဇောင်းအလုပ်သမားအဖြစ် ဝင်ရောက် လုပ်ကိုင်ခဲ့သည်။ ထိုမြင်းရထားဆိပ် မန်နေဂျာမှာ မစ္စတာ ကိုရေဝဲလ်မင်းဆိုသူဖြစ်ပြီး ပစ္စည်းထိန်းမှာ ဂျေဒဗလျူဘရင့် ဆိုသူဖြစ်၏။ ယင်းခရီးသည်တင် အမြန်ပို့ဆောင်ရေး မြင်းရထား ဌာနနှင့် မလှမ်းမကမ်းတွင် ဆာရာရှား (ကိတ်ရှဲလ်) ဆိုသူ ကွမ်း တောင်ကိုင် မိန်းမချောလေးတစ်ဦး နေထိုင်လေသည်။

ထိုပို့ဆောင်ရေးဌာန အိမ်နီးပါးချင်း မြေပိုင်ရှင်တစ်ဦးဖြစ်သူ ဒေးဗစ်စီ မက္ကကင်လီဆိုသူ၏အမျိုးသမီး ဆာရာရှား၏အချစ်ကို ဟစ်ကော့က အပိုင်ချိုင်ခဲ့သည်။ ထိုကိစ္စကို မက္ကကင်လီက ''အနူလက်နှင့် ရွှေခွက်ကိုမှ ကိုင်ရကောင်းလား'' ဒေါသအမျက် ချောင်းချောင်းထွက်ကာ ၁၈၆၂ ခုနှစ်၊ ဇူလိုင်လ (၂၁)ရက်နေ့တွင် အမြန်ရထားပို့ဆောင်ရေးဌာနသို့ မြင်းစီးနှင်သွားကာ မဆိုင်သူများ ရှောင်ရှားနေကြချိန် ဒြိမ်းခြောက်လိုက်သည်။ သူက ''ချစ်ကြွေး မပြေ'' သည့် အငြိုးအတေးကို ခတ်ကြမ်းကြမ်း၊ ခတ်ရမ်းရမ်း သေနတ်နှင့် ဖြေရှင်းရန် ရည်ရွယ်ခဲ့ခြင်း ဖြစ်သည်။ သို့သော် မက္ကကင်လီမှာ မရဲပဲ၊ ကျွဲမဲစီးမိသကဲ့သို့ သူ့နောက်၌ မိုက်ဖော် မိုက်ဖက် နောက်လိုက်နောက်ပါ လူရမ်းကားဆို၍ တစ်ယောက်မျှ မပါလာခဲ့ကြောင်း သတိထားလိုက်မိသည်။ စစ်စစ် ပေါက်ပေါက် နောက်လိုက်အိမ်နီးပါးချင်း (၂)ယောက်နှင့် (၁၂)နှစ် သားကလေး သူ၏သားငယ်သာ ပါလာခဲ့သည်။

ထိုနေ့က သေနတ်ပစ်မှု လူသတ်မှုကြီး ဖြစ်ပွားပြီးနောက်



ရော့ခရီအရပ်၌ အေးဆေးငြိမ်သက်သွားခဲ့သည်။ ထိုနေရာမှ သားဖြစ်သူ (၁၂)နှစ် သားကလေးမှာ အိမ်ပြန်ရောက်လာခဲ့သည်။

အခင်းဖြစ် လူသတ်မှုကြီးဖြစ်ပွားပြီး နှစ်ပေါင်းအတန်ကြာခဲ့ပြီးနောက် ရာဇဝတ်ပြစ်မှု သမိုင်းကြောင်းဆိုင်ရာ ထောက်လှမ်းရေး စုံထောက်များသည် အသတ်ခံရသူ မက္ကကင်လီ၏ ထိုစဉ်က အသက်မသေ ကျန်ရစ်ခဲ့သော မွန်ရိုးမက္ကကင်လီအား ခြေရာခံမိခဲ့ကြသည်။ သူက ထိုစဉ်တွင် သူ့ဖခင် မက်ကင်လီ လုပ်ကြံခံရပုံကို ပြန်လည်ပြောပြခဲ့ရာ၌ ဒဏ္ဍာရီဆန်ဆန် ဥပဒေဘက်တော်သားကြီး (ဝိုင်းလ်ဘီဟစ်ချ်ကော့)အပေါ် ယုံကြည်စရာ တစ်ကွက်မျှ မရှိအောင် ထင်ဟပ်ပြခဲ့သည်။ မွန်ရိုးပြောပြချက်အရ ထိုနေ့က သူ့ဖခင်ကြီးသည် ပို့ဆောင်ရေးမန်နေဂျာ အခန်းထဲ အဝင်၌ လိုက်ကာတစ်ခု နောက်ကွယ်၌ ပုန်းအောင်း ချောင်းမြောင်း နေသော ဟစ်ချ်ကော့ကရိုင်ဖယ်သေနတ်တစ်လက်ဖြင့် နောက်ကျောမှ ပစ်သတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရလေသည်။ ထို့နောက် ဝိုင်းလ်ဘီသည် မက္ကကင်လီ၏ နောက်လိုက်အိမ်နီးချင်း တစ်ယောက်အား သေနတ်ပြောင်းဝလှည့်၍ ပစ်ခတ်ခဲ့ပြန်သည်။ သို့သော် ထိုသူမှာ မသေ၊ ဒဏ်ရာပြင်းထန်စွာ ရရှိသွားခြင်း ဖြစ်သည်။ ထိုသူအား ခရီးသည်ပို့ဆောင်ရေး အမြန်ရထားဌာနမှ မန်နေဂျာဝဲလ်မင်းက ပေါက်ပြားဖြင့် မသေမချင်း ရိုက်ပြီး သက်စသတ်ခဲ့သည်။ မက္ကကင်လီ၏ ဒုတိယအဖော်ဖြစ်သူမှာ အသက်ဘေးမှ ထွက်ပြေးကာ ချုံပုတ်တစ်ခုထဲ ပြေးအဝင် နှစ်လုံးပြူးသေနတ်ဖြင့် ပစ်ခတ်ခြင်းခံလိုက်ရသည်။ ထိုလူသတ်သမား

မည်သူမည်ဝါဆိုသည်ကို မှန်ရိုးပြောမပြနိုင်ခဲ့ပေ။

တစ်ယောက်တည်းဖြင့် လူဆိုးဆယ်ယောက်ကို သတ်သည်ဆိုခြင်းမှာကား ပိုလွန်းသည့်စကားဖြစ်သည်။ ထိုစဉ်က အသတ်ခံခဲ့ရသူ မက္ကင်လီ၏ သားမှန်ရိုး၏ ရှင်းလင်းတင်ပြချက်ကို ၁၉၂၇ ခုနှစ်တွင် အခင်းဖြစ်လူသတ်မှု စုံစမ်းစစ်ဆေးရေး စုံထောက်ကို ကန်ဘရာစကာမြို့ ရာဘက်တရားရုံးမှ မှတ်တမ်းဟောင်းတို့ကို ပြန်လည်လေ့လာသုံးသပ်ပြီး ကျယ်ကျယ်ပြန့်ပြန့်လက်ခံ အတည်ပြုလာခဲ့ကြသည်။ ယင်းတရားရုံး မှတ်တမ်းအရ အခင်းဖြစ်လူသတ်မှု ကျူးလွန်ခဲ့ကြသူများမှာ သုံးဦးဖြစ်ပြီး ဟစ်ချ်ကော့ခဲလ်မင်းနှင့် ဘရင့်တို့ ပါဝင်ခဲ့ကြောင်း သိရှိရ၏။ သူတို့သုံးဦးအား သုံးယောက်ပေါင်း လူသတ်မှုကျူးလွန်ခဲ့မှုဖြင့် တရားစွဲဆိုကြားနာစစ်ဆေးခဲ့သည်။ ပြစ်မှုကျူးလွန်ခဲ့သူ သုံးဦးစလုံး မိမိကိုယ်ကိုကာကွယ်မှုဖြစ်၍ ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့် အယူခံတင်သွင်း ခဲ့ကြရာ ရုံးတော်မှ လက်ခံပြီး ယင်းအမှုကို ပလပ်ခဲ့သည်။

မိန်းကလေးအချစ်ကို အပြိုင်အဆိုင်ရယူရန် ပိုးပမ်းကြသူနှစ်ဦးအနက် တစ်ဦးမှာ သေသွားခဲ့ပြီဖြစ်၍ လူမိုက်ကြီးဝိုင်းလ်ဘီ တစ်ယောက် စွံသွားခဲ့ပြီလော။ မိန်းမလေး ဆာရာရှားလ်နှင့်နီးဖို့ဆိုသည်မှာ ဝေလာဝေးပင်ဖြစ်၏။ လင်ငယ်တစ်ယောက် အဖြစ်သာ သူဆက်ခံခွင့်သာ ရရှိခဲ့သည်။ ၁၈၆၅ ခုနှစ်၌ သူသည် ဆူဆန်နာမိုးဆိုသူ အမျိုးသမီးတစ်ယောက်နှင့် နီးစပ်ခဲ့ရာမှ မင်းမဲ့စရိုက် အနောက်ဒေသ ရာဇဝတ်ပြစ်မှုမှတ်တမ်းတွင် ပထမဆုံးအကြိမ် လူဆိုးမှတ်တမ်းဝင်သွားရန် လမ်းစ ဖန်တီးခဲ့ခြင်း ဖြစ်



သည်။ ဖြစ်ပုံမှာ ဒေးဗစ်တပ်ဆိုသူ သေနတ်သမားတစ်ဦးနှင့် အဆိုပါ ဆူဆန်နာမိုးတို့ တစ်ပူးတွဲတွဲအကြည်ဆိုက်ရာ မနာလိုရွှေစိမ့်သော၊ ပစ္စတိုသေနတ်သမား လူရမ်းကား ဝိုင်းလ်ဘီ၏ ဒေါသကို နှိုးဆွခဲ့လေတော့သည်။ နဂိုကတည်းက ထိုလူတပ်အား မျက်မုန်းကျိုးနေသည့်အကြား တစ်နေ့သူတို့နှစ်ဦး ဖဲကစားရာမှ အငြင်းပွားခဲ့ကြသည်။ သို့နှင့် အခွင့်ချောင်းနေသော ဝိုင်းလ်ဘီကပင် သေနတ်ချင်းယှဉ်ပြိုင် သူသေကိုယ်သေ ပစ်ခတ်ကြရန် ခေါ်ခဲ့သည်။ သူတို့ ယှဉ်ပြိုင်ပွဲကျင်းပရန် နေရာကိုလည်း မွှေဇိုရီပြည်နယ်၊ စပရင်းဖီးလ်မြို့လယ် ပြည်သူ့ဥယျာဉ်ကြီးထဲ၌ ပြုလုပ်ရန် သတ်မှတ်ခဲ့သည်။

ရှေးခေတ်တစ်ယောက်ချင်း သေနတ်ယှဉ်ပြိုင်ပစ်ခတ်ပွဲနှင့် ခြားနားချက်တစ်ရပ်မှာ နှစ်ဦးမျက်နှာချင်းဆိုင် ရပ်နေရာမှ ဒိုင်လုပ်သူ အချက်ပေးသည်နှင့် တပြိုင်နက် ခါး၌ တွဲလောင်းအိတ်ဖြင့် ချိတ်ဆွဲထည့်ထားသော ခြောက်လုံးပြူး သို့မဟုတ် ပစ္စတိုကို အမြန်ဆွဲထုတ်ပြီး ပစ်ခတ်ရခြင်းပင် ဖြစ်သည်။ အဓိပ္ပာယ်မှာ သေနတ်ထုတ် လျင်သူက လက်ဦးမှု ရယူခြင်းပင်ဖြစ်သည်။ ပြိုင်ဘက်တပ်က သေနတ်ထုတ် မြန်သည်။ သို့သော် ပစ်ခတ်လိုက်သည့် ကျည်ချက်မှာ ပစ်မှတ်ကို မထိဘဲ လွဲချော်သွားခဲ့သည်။ ထပ်ပစ်ဖို့ ကြိုးစားလိုက်စဉ်မှာပင် ဟစ်ချကော့၏ ကျည်ဖူးက သူ့နှလုံးဘက်ကို ထိုးဖောက်သွားခဲ့လေတော့သည်။

## (၈) "ရင်နင့်ဖွယ် အင်္ဂလန်နန်းတွင်း ဇာတ်လမ်း"

လွန်လေပြီးသော ကမ္ဘာ့သမိုင်းခေတ်ကာလက အင်္ဂလန်ထီးနန်းကို စိုးပိုင်ခဲ့ကြသော သက်ဦးဆံပိုင်ရေမြေသနင်း ပြည့်ရှင်မင်းတို့သည် လက်စားချေ၊ လက်တုန့်ပြန်ခြင်း၊ လက်နက်တို့ကို ပိုင်စိုးခဲ့ကြသည်။ ယင်းလက်နက်တို့သည် အလွန်နိမ့်ကျသော ပြည်သူတို့အပေါ် အကျိုးမရှိ၊ အချည်းနှီးသာ ဖြစ်ပေသည်။ အင်္ဂလန်ထီးနန်းအစဉ်အလာ နန်းတွင်းရေးနည်းဥပဒေ အရ မိဖုရားတစ်ပါးသည် ကြင်ယာတော်မင်းကြီး မမြင်ကွယ်ရာ၌ တိတ်တဆိတ် အမြှောင်ထားခြင်းသည် ထီးမွေနန်းမွေ ဆက်ခံရေးကို ခြိမ်းခြောက်ခြင်းသာ ဖြစ်သည်။ အမြှောင်မျောက်မှုထားမှုသည် ကြင်ယာတော်မင်းကြီးအပေါ် သစ္စာမဲ့မှု (ဝါ) သစ္စာဖောက်မှုပင်ဖြစ်သည်။ ယင်းအမှုဖြင့် အင်္ဂလန်ပြည့်ရှင် အဋ္ဌမမြောက် ဟင်နရီ၏မိဖုရားနှစ်ပါးမှာ ကျည်းတိုက်၌ ထောင်သွင်းအကျဉ်းချထားခြင်း ခံခဲ့ကြရလေသည်။ ဟင်နရီဘုရင်ကြီး၏ ထောင်နန်းစံဒေဝီထိပ်ထား အန်နီဘိုလင်း (၁၉၀၇–၃၆) ထောင်နန်းစံ မိဖုရားကြီးမှာ အင်္ဂလန်ပြည့်ရှင် ဘုရင်မကြီး ပထမမြောက် အဲလဇဘတ်၏ မယ်တော်ဖြစ်သည်။ ကက်သရင်းဟိုးဝပ် (၁၅၂၀–၄၂) (အင်္ဂလန်ပြည့်ရှင်သာသနာ့ဒါယကာ)ဘွဲ့ခံ အဋ္ဌမမြောက် ဟင်နရီ (၁၄၉၁–၁၂၄၇) သတ္တမမြောက် ဟင်နရီဘုရင်၏ သားတော်၏ ပဉ္စမမြောက် မိဖုရားငယ် (ကိုယ်လုပ်တော်) နယ်စားမင်းသား ဟင်နရီဆာရေးနှင့် ဟင်နရီတိုးဝပ်တို့၏ မိခင်ဖြစ်သည်။ မိဖုရား



နှစ်ပါးတို့အမှုမှာ မတူကွဲပြားခြားနားခဲ့ကြသည်။ သို့သော တစ်ဦးစီ၏ ကွပ်မျက်ခံရပုံကို "တရားစီရင်ရေးဆိုင်ရာ ချစ်ကြွေးမပြေမှုခင်းတစ်ရပ်ဟူ၍ ခေါ်ဝေါ်နိုင်ပါသည်။

အန်နီဘိုလင်းမှာ အများသဘောကျ တော်ကောက်ထိုက်သူ မဟုတ်၊ အထူးသဖြင့် စိတ်ဝင်စားစရာ ဆွဲဆောင်မှုရှိသူ အမျိုးသမီးတစ်ဦးသာ ဖြစ်၏။ သူမနှင့် ခေတ်ပြိုင်တစ်ဦး၏ အဆိုအရ ပြောရလျှင် အရပ်အမောင်း အလယ်အလတ်ရှိပြီး ညိုမောင်းမောင်းရှိသည်။ လည်တိုင်ရှည်ရှည်၊ နှုတ်ခမ်းပြဲပြဲ၊ ရင်သားမှာ သိပ်ဖွံ့ဖွံ့ဖြိုးဖြိုး မရှိလှကြောင်း သိရှိရသည်။ အမှန်စင်စစ် ရှုမြင်သုံးသပ်ဝေဖန်ရေးသမားက ဝီလ်ရှိုင်းယားနယ်သူ မိန်းကလေး (အန်နီဘိုးလင်းအား ဆိုလိုခြင်းဖြစ်သည်)အား ထောက်ခံချက်ပေးစရာဆို၍ ဟင်နရီဘုရင်ကြီး၏ အာသာရမ္မက် ဖြေဖျောက်ရုံသက်သက် မောင်းမကိုယ်လုပ်တော်အဖြစ်မှ တစ်ပါး အခြားအလှုဖွဲ့စရာဟူ၍ မရှိတော့ပါပေ ဟူ၍ အတိအလင်းကြေငြာခဲ့ခြင်းဖြစ်သည်။ သူမ၏ မျက်ဝန်းအစုံမှာ နက်မှောင်လှပြီး ဘစ်ဘက်သား ပုရိသအား စွဲမက်သွားအောင် ဆွဲဆောင်နိုင်စွမ်းရှိလေသည်။

ယင်းညို့ဓါတ်ပါသည့် မျက်လုံးတို့ ဟင်နရီဘုရင်ကြီးအား ပထမဆုံးညွတ်ကျသွားအောင် ဆွဲဆောင်လိုက်ခြင်းဖြစ်ကောင်းဖြစ်ပေမည်။ မိဖုရားအန်နီဘိုလင်းအပေါ် ဟင်နရီအရူးအမူး အကျကြီးကျ၊ အစွဲလန်းကြီးစွဲလန်းသွားစေခဲ့သော သက်သေအထောက်အထားမှာ အခိုင်အလုံ ရရှိထားပါသည်။ ယင်းအထောက်အထား

မှာ သူမထံ ရေးသားပေးပို့ခဲ့သည့် မေတ္တာစာအချို့ပင်ဖြစ်ပါသည်။ အင်္ဂလန်ပြည့်ရှင် ဟင်နရီဘုရင်သည် ပထမဦးစွာ စပိန်နိုင်ငံ အာရဂွန် နေပြည်တော်မှ မင်းသမီးကတ်သရင်း အော့ဖ်အာရဂွန်အား မိဖုရားခေါင်ကြီး တောင်ညာစံဒေဝီ မဟေသီအဖြစ် ဘိသိတ်သွန်းလောင်း တင်မြှောက်ခဲ့သော်လည်း ကံဇာတာခေလွန်းသည့် မိဖုရားကြီးမှာ ထီးမွေခံသားသမီး မထွန်းကားခဲ့ချေ။ သို့နှင့် မိဖုရားခေါင်ကြီးအဖြစ်မှ ပယ်ဖျက်ပြီး အင်္ဂလိပ်အမျိုးသမီး အင်နီဘိုလင်းအား အစားထိုးစလျား လက်ထပ်မိဖုရားကြီးအရာ ပေးခဲ့သည်။ ပထမတောင်ညာစံ ဒေဝီမဟေသီကြီး၏ ထီးမွေခံ မထွန်းကားခြင်းသည် လင်ခန်းမယားခန်းပြတ်စဲဖို့ အဓိက သော့ချက်အကြောင်းတရား ဖြစ်လာခဲ့ပြီး ဟင်နရီ၏ အင်နီအပေါ်ထားရှိသည့် ကြီးမားသော ချစ်ခြင်းမေတ္တာကို သူ၏လုပ်ရပ်ဖြင့် သိနိုင်သလောက်ပေသည်။

သို့သော်လည်း ဘုရင်ကြီး၏ မိဖုရားခေါင်ကြီး ကက်သရင်း အော့ဖ်အာရာဂွန်နှင့် ထီးမွေနန်းလျာမထွန်းကား၍ ကွာရှင်းရန်ကိစ္စကို ရောမ သာသနာပိုင် ပုပ်ရဟန်းမင်းကြီးက လက်မခံခဲ့ပေ။ သို့နှင့် ထိုလက်မခံသည့်အချက်မှာ အင်္ဂလိပ်ပြန်လည်ပြုပြင်ရေး မူဝါဒသဘောတရားကို အုံကြွစေရန် ကြီးမားသော တွန်းအားဖြစ်စေခဲ့သည်။ အင်္ဂလန်ပြည့်ရှင် ဟင်နရီဘုရင်ကြီးနှင့် မိဖုရားငယ် အန်နီတို့နှစ်ဦး (၁၉၃၃) ခုနှစ်၌ တိတ်တဆိတ် လက်ထပ်ခဲ့ကြသည်။ သူတို့နှစ်ဦး၏ ပေါင်းစည်းမှုမှာ အောင်မြင်မှုတစ်ရပ်တော့ မဟုတ်ပေ။ ဟင်နရီ၏ မိဖုရားအင်နီအပေါ် ထားရှိခဲ့သော



ပြင်းပြသည့် ရမ္မက်မှာလည်း လက်ထပ်ပေါင်းသင်းပြီး မကြာခင်၌ပင် ပျက်ပြယ်သွားခဲ့လေသည်။ သူ၏တဏှာရမ္မက်ဝေနေသည့် မျက်လုံးအစုံများ နောက်ထပ် "ကလျာဖူးစသစ်" တို့ဆီသို့ လှည့်လည်ရှာဖွေစပြုနေကြလေပြီ။ မှန်ပါသည်။ ပျားပိတုန်းဆိုသည်မှာ အစာဝတော့ နောက်ထပ်ဝတ်ရည်စုပ်ရန် ပန်းမာလ်လှလှကလေးတွေဆီသို့ ပျံဝဲသွားစမြဲသာ ဖြစ်၏။ မိဖုရားအန်နီမှာ ဘုရင်ကြီးချည်ခြင်းဖြစ်ခဲ့သော ထီးမွေခံသား ယောကျ်ားလေးကိုမှ မပေးနိုင်ခဲ့ပဲ သမီးရတနာတစ်ပါး ဖွားမြင်ခဲ့လေသည်။ နောင်အခါ အင်္ဂလန်ပြည့်ရှင် ဘုရင်ကေရီမကြီး အဲလဇဘက်ဖြစ်လာမည့် အလောင်းအလျာ သမီးကညာကလေးဖြစ်သည်။ ဒုတိယကလေးမှာ ကိုယ်ဝန်ပျက်ကျခဲ့သဖြင့် တိမ်းပါးခဲ့ပြီး တတိယကလေးမှာလည်း မွေးကတည်းက သေခဲ့သည်။

မိဖုရားကြီးမှာ ၁၅၃၆ ခုနှစ်၊ ဇန်နဝါရီလ (၂၉)ရက်နေ့၌ ဘတိယကလေး (အသေကလေး) မွေးဖွားခဲ့ခြင်း ဖြစ်သည်။ ကံဇာတာနိမ့်ကျလာခဲ့ကြပြီးဆိုလျှင် ကံဆိုးမိုးမှောင်ဆက်တိုက်ကျလာခဲ့တော့သည်။ မှန်ပါသည်။ စိတ်မချမ်းမြေ့စရာ သားရတနာအရင်သမီးသာ မွေးခဲ့ပြီး ထီးမွေခံနောက်ထပ်ကလေး နှစ်ယောက်မှာလည်း မွေးကင်းစကတည်းက ပျက်စီးခဲ့ရသည်။ ထိုမျှနှင့်ပင် အကုသိုလ်တရားက မရပ်သေး၊ မေလ(၂)ရက်နေ့၌ ကြင်ယာတော်ဘုရင်ကြီးအပေါ် သစ္စာမဲ့ပြီး လင်ငယ်မျောက်မထားမှု စွဲချက်ဖြင့် အင်္ဂလန်နန်းတော်နန်းမြင့် မျှော်စင်တရားရုံး၊ တရားလွှတ်တော်၌ တရားစွဲဆိုကြားနာစစ်ဆေးပြစ်ဒဏ်စီရင်ခြင်း ခံခဲ့ရလေ

တော့သည်။

နန်းတွင်း လူပျိုတော်မင်းလုလင်လေးယောက်အား မိဖုရားကြီး အန်နီဘိုးလင်း၏ ချစ်သူများအဖြစ် စွပ်စွဲကာ ဖမ်းဆီးပြီး ရုံးတင်စစ်ဆေးခဲ့သည်။ ထိုမင်းလုလင်လေးယောက်မှာ အာဖရန်စစ္စဝက်စတန်၊ ဟင်နရီနော်ရစ်၊ ဝီလျံဘရီရီတန်နှင့်မက်စတီယာတန်တို့ ဖြစ်ခဲ့ကြသည်။ အခင်းဖြစ်အမှု၌ နန်းတော်သားလေးဦးနှင့် ဖောက်ပြားသည်ဟူသော စွဲချက်ထက်ပို၍ တုန်လှုပ်ခြောက်ခြားစရာ အကျည်းတန်စရာ မဖွယ်မရာကိစ္စမှာ အန်နီသည် သူမ မောင်နှမအရင်းခေါက်ခေါက် လော့ဒ်ရော့ချ်ဖို့နှင့် မရှင်းမလင်းဖြစ်ခဲ့သော ပြဿနာပင်ဖြစ်သည်။ယင်းစွပ်စွဲချက်မှာ ရော့ချ်ဖို့အား ရန်ငြိုးဖွဲ့ခဲ့သည်။ သူ့ဇနီးကိုယ်တိုင် နှိုးဆွလိုက်ခြင်းပင် ဖြစ်သည်။ ပီယာက သူတွင်သာ အပြစ်ရှိကြောင်း ဝန်ခံဖြောင့်ချက်ပေးခဲ့သည်။ တရားခံအားလုံးအား ကျည်းတိုက်၌ ထောင်သွင်းအကျဉ်းချထား ပေးခဲ့သည်။ စပီယာတန်က ကြိုးစင်ပေါ်မှာ အပြစ်ရှိ၍ သေသင့်သေထိုက်ကြောင်း ကြေငြာသွားခဲ့လေသည်။

စွဲချက်တင်ခံရသူ နန်းကျမိဖုရားအန်နီကမူ ကြံ့ကြံ့ခံ၍ သူမ၌ အပြစ်လုံးဝကင်းစင်ကြောင်း အတိအလင်း ထုချေလျှောက်ထားခဲ့သည်။ စပီယာတန် စက်တိုင်ပေါ်မှ နောက်ဆုံးပြောကြားသွားခဲ့သော ဖြောင့်ချက်ကို နန်းကျမိဖုရားကြားလိုက်ရသဖြင့် သူ့အပေါ်ထားရှိခဲ့သော လှို့ဝှက်သိုသိပ် သမုဒယချစ်စိတ်မှာ တားမရဆီးမနိုင်၊ ပေါက်ကွဲထွက်ပေါ်လာခဲ့ပါသည်။ ''ရှင်ကတော့ သူ



တော်ကောင်းကြီး လုပ်သွားရက်ပါပေ့'' ''ကျန်ရစ်သူ ကျွန်မမှာသူတစ်ပါးတကာ တံတွေးခွက်ပက်လက်မြောစရာ အရှက်တကွဲအကျိုးနည်းရပြီပေါ့'' တမလွန်မှာ ဒီမကောင်းကျိုး ရှင်ခံရမှာကိုပဲသနားမိတယ်။ ခုခံရတာလည်း ရှင်မဟုတ်တမ်းတရား မှားယွင်းစွပ်စွဲမှုကြောင့်ဆိုတာ သိရက်သားနဲ့'' ဟူ၍ တစ်စာစာဟစ်ကြွေးငိုပွဲဆင်ခဲ့လေသည်။ အခင်းဖြစ် 'သူမအမှုကို တရားလွှတ်တော်မင်းတိုင်ပင် အမတ်(၃၀)တို့ တစ်ညီတညွတ်တည်း သဘောတူစီရင်ဆုံးဖြတ်ခဲ့ကြသည်။ အပြီးသတ်စီရင်ချက်မှာ အင်္ဂလန်ပြည့်ရှင်မင်းကြီး ဟင်နရီ၏ သဘောထားပေါ်မှာ မူတည်နေပါသည်။ သူမအား အရှင်လတ်လတ်မီးလောင်တိုက်သွင်း သတ်မည်လော သို့မဟုတ် တောင်စွယ်နေကွယ်လျှင် ဂုတ်ပေါ်ဓားတင်ခေါင်းဖြတ်သတ်ရမည်လော။ ပြည့်ရှင်မင်းကြီး၏ သဘောအတိုင်းသာ စီရင်မည်ဖြစ်ပါသည်။

ဟင်နရီဘုရင်မင်းကြီးက သူမ၏ အသနားခံချက်ကို လိုက်လျောသောအားဖြင့် ခေါင်းဖြတ်သတ်စေရန် ဆန္ဒပြုခဲ့သည်။ မချိမဆန့် ဂုဏ်အတုမရှိ ဝမ်းနည်းစရာ အသေဆိုးသေကြရသည့်အဖြစ်တို့ကို အင်နီမိဖုရား မြင်ခဲ့ဖူးသဖြင့် ''ကျွန်မလည်တိုင်ကသေးသေးသွယ်သွယ်ဖြစ်၍ ဓါးထက်ထက်ဖြင့် တစ်ချက်တည်းခုတ်သတ်ရန်'' ဆန္ဒပြုခဲ့သဖြင့် သူမအား ကွပ်မျက်မည့်ဓါးကိုဥရောပနိုင်ငံမှ မှာယူတင်သွင်း အသုံးပြုခဲ့ခြင်း ဖြစ်ပါသည်။

ဤသို့ဖြင့် နန်းကျမိဖုရားအန်နီသည် မေလ(၁၉)ရက်နေ့တွင်ခဲ့ရဲဝံ့ဝံ့၊ ဂုဏ်သရေရှိရှိဖြင့် စက်တိုင်၏ လူသတ်ကုန်း၌ ခေါင်းဖြတ်

အသတ်ခံခဲ့လေသည်။ ကံဇာတာညှိုးမှိန်ခဲ့သော ထိုနေ့က သူမအား သေပန်းပွင့်ခဲ့သောအလှမှာ အသက်ရှင်စဉ် ကာလကထက် လှလွန်းနေသည်ဟု ပြောစမှတ်ပြုခဲ့ကြသည်။ စက်တိုင်ရောက်နေသည့် သေအံ့မူးမူးချိန်အထိ အန်နီက သူမ၌ အပြစ်မရှိကြောင်း တစ်ဖွဖွပြောခဲ့သည်။ ထို့ပြင် သူမကြင်ယာတော်ဘုရင်ကြီးအပေါ် မေတ္တာမပျက်ဘဲ ဘုရင်ကြီးက သူမအား အလိုလိုက်ခဲ့ပုံတို့ကို ပြန်ပြောင်းအောက်မေ့သတိရစွာဖြင့် ပြောခဲ့သေးသည်။ ပထမအနေဖြင့် သူမအား မြို့စားမကြီးအဖြစ် ချီးမြှောက်စားခဲ့သည်။ ဒုတိယအနေဖြင့် ကောင်းကင်ဘုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း ချီးမွမ်းထောပနာ စကားပြောကြားသွားခဲ့လေသည်။

သူမအဖြစ်ကို စဉ်းစားကြည့်လျှင် ကံကြမ္မာအခြေအနေ၏ ကြေကွဲစရာသားကောင်ဖြစ်ခဲ့ရပုံကို အလွယ်တကူတွေ့မြင်နိုင်ကောင်းပေသည်။ သို့ပင်ဖြစ်လင့်ကစား နန်းကျမိဖုရားကြီး အန်နီ၏ အရင်းခေါက်ခေါက်ကပင် တရားလွှတ်တော်မင်းတိုင်ပင် ဂျူရီအဖွဲ့တူဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါ ဂျူရီလူကြီးမင်းတိုင်ပင်အဖွဲ့တစ်ရပ်လုံး သက်သေအထောက်အထားတို့ကို တွေ့မြင်ခဲ့ပြီးနောက်ပိုင်း ဖျက်ဆီးကာ ခြေစဖျောက်ပစ်ခဲ့ကြလေသည်။ မည်သူတစ်ဦးတစ်ယောက်မျှလည်း မိဖုရားဟောင်းအပေါ် စွပ်စွဲချက်မဟုတ်မမှန်ကြောင်း အထောက်အထားတို့ကို ပြန်လည်ရှာဖွေပြီး ပြောရလျှင် မိဖုရားကြီး၏ သမီးအရင်း အဲလဇဘက်ကပင် မကြိုးပမ်းခဲ့ချေ။ ကြိုးဒဏ်ကျခံသွားခဲ့သော နန်းတွင်းလူပျိုတော် သားစပီယာ၏ ဖြောင့်ချက်၊ မိဖုရား၏ မိတ်ဆွေ သူငယ်ချင်းတို့



တစ်ညွှတ်တည်း ဆုံးဖြတ်ချက်၊ ကောက်ချက်အားလုံးသည် သစ္စာမဲ့သူ သစ္စာဖောက်ဖျက်သူ ကြင်ယာတော်ဇနီး အဖြစ် ထောက်ခံနေပေတော့သည်။

အင်္ဂလန်ပြည့်ရှင် ဘုရင်ဟင်နရီနှင့် မိဖုရားအန်နီဘိုးလင်းတို့ ချစ်ရေးချစ်ရာ ပြဿနာချစ်ကြွေးမပြေမလည် ဖြစ်ခဲ့ကြရသည်။ ဇာတ်လမ်းတွင် ကြင်နာတရားကင်းမဲ့လှသည့် တိုင်းပြည်အုပ်ချုပ်ရေး သက်ဦးဆံပိုင်စနစ်ကလည်း ရေနစ်သူ ဝါးကူထိုးခဲ့ကြောင်း သိသာထင်ရှားနေပေသည်။ ပြည့်ရှင်မင်းကြီးလည်း ထီးမွေနန်းမွေခံ သားတော်ရရှိဖို့ ပြင်းစွာချဉ်ခြင်း ဖြစ်နေခဲ့သည်။ သူကွပ်မျက်ခဲ့သော သွားလေသူ နန်းကျမိဖုရား အန်နီနှင့်ပတ်သက်၍ မည်သို့မျှ ပူဆွေးတမ်းတခြင်း မရှိချေ။ မိဖုရားကြီးအား သေဒဏ်ချမှတ်ကွပ်မျက်ပြီးလျှင်ပြီးချင်းပင် ဟင်နရီမှာ ဝတ်တော်သစ်သစ် လွင်လွင်၊ သားမွေးဦးထုပ်ဆောင်းကာ မင်းလွင်မင်းပျိုတစ်ယောက်နှင့် မခြား လမ်းသလားနေသည်ကို တွေ့ရ၏။ နောက်နေ့၌ပင် ဂျိန်းဆေးမွားဆိုသူ မိန်းမချောအား တော်ကောက်ရန် စီစဉ်လိုက်လေသည်။

ယင်းအမျိုးသမီးမှာ သူ၏တတိယမြောက် ကြင်ယာတော်မိဖုရား ဖြစ်လာခဲ့သည်။ သို့သော် မယားကံမကောင်းသည့် အလွန်လိုချင်တောင့်တ ချဉ်ခြင်းဖြစ်နေခဲ့သော သားတော်လေးအား ဆဋ္ဌမမြောက်ဒွေပ် (Edward VI) ကို မွေးဖွားပေးခဲ့ပြီး မိဖုရားဆေးမွားမှာ ကံတော်ကုန်ခဲ့ရှာသည်။ ထို့နောက် အန်တီအော့ဖ်ကလက်စ်အား စတုတ္ထမြောက် မိဖုရားအဖြစ် တင်မြှောက်

ခဲ့ပြန်သည်။ ယင်းမိဖုရားနှင့် ဟင်နရီဘုရင်တို့ အိမ်ထောင်ရေး မပြေလည်ကြဘဲ စလှယ်ဝင်ဖင်မမဲခင်က ကွဲခဲ့ကြပြန်သည်။ ထို့နောက် ကာလ၌ ''ကံဆိုးသူ'' ကတ်သရင်းဟိုးဝပ်ခမြာ ရက်စက်ကြမ်းကြုတ်လှသည့် ဘုရင်ဟင်နရီ၏ ပိုက်ကွန်ထဲ တိုးခဲ့ပြန်သည်။

ကက်သရင်းမှာ သူကောင်းမျိုး သူရဲကောင်းစစ်သည်ကြီး တစ်ဦး၏ သမီးဖြစ်သည်။ သူမမှာ မိဖမဲ့ အထီးကျန်သမီး ဖြစ်ပြီး သူမ၏ ဖွားအေကြီး နော်ဖောလ်စ်မြို့စားကတော် အဂ္ဂနီး၏ အိမ်ထောင်စုတွင် ကြီးပြင်းခဲ့သူဖြစ်၏။ ကက်သရင်းလေးမှာ လှပြီး ငယ်ရွယ်နုပျို မြူးတူးသည်။ ''ကလျာဖူးစသစ်''ကလေး ဖြစ်သည်။ ဤတွင် ကာမဂုဏ် အာရုံ ကျူးလွန်သည့် ဘုရင်ကြီးမှာ ''စက္ခုရူပေသံဝါသာ'' ဆိုသကဲ့သို့ မြင်လျှင်မြင်ချင်း ''ဥမ္မာဒန္တီ'' လုပဂေးအား အခိုက်ကြီးခိုက်သွားခဲ့သော သိဝိမင်းကြီးပမာ အရူးအမူး ရွှေသဘောတော်ခွေ့ သွားခဲ့လေသည်။ ဘုရင်ကြီး၏ သက်တော်တွက်စစ်လိုက်လျှင် ဒုတိယအရွယ် သက်တော် (၅၀)တွင်း ဝင်ရောက်ခဲ့ပြီဖြစ်၍ ကက်သရင်းနှင့်ဆိုလျှင် ''ဖရာအိုနှင့်ကညာပျို'' အရွယ်ပင်ဖြစ်သည်။ ဘုရင်ကြီးက မိဖုရားကြီး ကက်သရင်းအား ချစ်စနိုးဖြင့် ''ဆူးမဲ့နှင်းဆီ''ဟူ၍ တင်စားခေါ်ဝေါ်သမုတ်ခဲ့သည်။ သူ့မှာ ယင်ဖိုမျှမသမ်းခဲ့သူ အပျိုစင် အပြစ်ကင်းစင်သူကလေးအဖြစ် ဟင်နရီစိတ်ထည်း စွဲတင်စုံမက်ခဲ့သည်။

ကံဆိုးလေစွ၊ ဤအထင်၊ ဤအတွေးသည် ''အရူးအမူး



အချစ်ရူး ရူးခဲ့သဖြင့် အမြင်မှောက်မှားခဲ့ခြင်းသာ ဖြစ်၏။ ကက်သရင်းမှာ လှလည်းလှ၊ ငယ်ရွယ်သူလည်းဖြစ်၍ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဖြစ်၍ ပျားပိတုံးတို့ ဝိုင်းဝိုင်းလည်ကာ မဆင်မခြင် စိတ်အလိုလိုက်၍ မိုက်ခဲ့ဖူးသည်။ အင်္ဂလန်ပြည့်ရှင် ဖရာအို ဟင်နရီက သူမအလှကို ယစ်မူးပြီး ၁၅၄၀ ခုနှစ်၊ ဇူလိုင်လအတွင်း စုလျားရစ်ပတ်လက်ထပ်ကာ ရာဇဘိသိတ်သွန်းလောင်းကာ မိဖုရားတင်မြှောက်ခဲ့ပြီး မကြာမြင့်မီကာလ၌ မိဖုရားကြီး သာမန်အရပ်သူ အပျိုဘဝက မျက်နှာများခဲ့ပုံ အကြောင်းစုံ သတင်းကြားခဲ့လေတော့သည်။ နော်ဖော့လိခ်မြို့စားကတော်ကြီး အိမ်တော်မှ အပျိုတော်မောင်းမတစ်ဦးက သူ့မောင်အား ယုံကြည်သမှုဖြင့် ကက်သရင်း၏ အကျင့်သီလပျက်ခဲ့ပုံ အပုပ်နံ့သတင်းကို ဘီးတိုးပြောကြားခဲ့ဖူးသည်။ အင်္ဂလန် ဗရင်ဂျီသံဃာရာဇာ သာသနာပိုင် ဂိုဏ်းချုပ်ကရင်းမားအား တစ်ဆင့် ထိုအကြောင်း လျှောက်ထားခဲ့ပြန်သည်။ သို့နှင့် မိဖုရားကြီး ကက်သရင်းမှာ ဟင်နရီ ဘုရင်နှင့် ဘိသိတ်ခံလက်ထပ်စဉ်က အပျိုစင်မဟုတ်ကြောင်း ဗူးပေါ်သလို ပေါ်သွားခဲ့ပြီး မြို့စားကတော်ကြီးအိမ်တော် အစေအပါး အပျိုတော်ဟောင်းကြီး၏ ''ကက်သရင်းအရုပ်တော်ပုံ'' ပုံပြင်မှုလည်း နဂိုကသိပ်သည်းခဲ့သမျှ ဘွင်းဘွင်းကြီး ရုပ်လုံးထင်ထခဲ့တော့သည်။

နော်ဖော့လ်စ်မြို့စားကတော်ကြီး အဂ္ဂနီ၏ စံအိမ်တော်တွင် မေရီဆိုသူ အိမ်စေအပျိုတော် တစ်ဦးရှိသည်။ သူမ၏ ပြောပြချက်အရ သိရသည်မှာ ဤသို့ဖြစ်သည်။ စံအိမ်တော်၌ ဖရန်စစ္စဒီရီ

ဟမ် အမည်ရှိ ယောက်ျားအိမ်စေအမှုထမ်း လူပျိုတော် သားတ
ယောက်လည်း ရှိသည်။ ယင်းမင်းလုလင်ဒီရီဟမ်နှင့် ကက်သရင်
တို့အတူ ချစ်ကြည်နူးကာ ချစ်တင်းနှောနေခဲ့ကြသည်။ မမြင်ခဲ့
အဆုံးမြင်ခဲ့ရသည်ဟု ဆိုပါသည်။ ကက်သရင်းနှင့်အတူ နေခဲ့
သည့်လက်ပါးစေ မိန်းကလေးတစ်ဦးက သူမအဖို့ သိရှိသ
ကက်သရင်း၏ မရှင်းမရှင်း အတွင်းရေးတို့ကို လိမ်လည်ပုံမထ
နိုင်တော့ပါဟုလည်း ပြောပြခဲ့သည်ဟု သိရှိရလေသည်။

သို့တည်းမဟုတ် မင်းလုလင်ဒီရီဟမ်နှင့် အင်္ဂလိပ်နှင်းဆီ
(ကက်သရင်း) တိတ်တိတ်ပုန်း ချစ်ခန်းဖွင့်ခဲ့ကြသည် ဆိုခြင်းမှ
မဟုတ်မမှန် လုပ်ကြံသတင်းပေလော မပြောတတ်။ မင်းနေ
ဆိုသူ မင်းချင်းကလည်း သူမခန္ဓာကိုယ်ပေါ် မမြင်အပ်သည်
နေရာမှ မွေးပါအမှတ် (စာ)ကိုပင် မြင်ဖူးခဲ့သည်ဟု ဆိုပါသည်

ဤကိစ္စမှာ ကြောက်စရာကောင်းသည့် မင်းပြစ်မင်းဒဏ်
ရာဇဒဏ်ခံရမည့်ကိစ္စ ဖြစ်၏။ သာသနာပိုင် အက်ဘိရှော့ကရ
မားလည်း ကက်သရင်းနှင့် ဘုရင်မင်းမြတ် စုလျားရစ်ပတ် ထိမ်း
မြားပေးခဲ့သူဖြစ်၍ မသက်သာ။ သူမ၏ ဂုဏ်သိက္ခာမှာ အဖတ်
ဆည်မရအောင် ကျဆင်းသွားရတော့မည်။ သူလည်း မျောက်မီး
ကိုင်မိသလို ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ။ အလွန်ဦးနှောက်
ခြောက်သွားခဲ့သည်ဟု ပြောဆိုသံ ကြားသိရသည်။ သို့နှင့် သူနှင့်
အတူ ''ချောက်'' ကျဖော်ကျဘက် နိုင်ငံတော် အရာရှိကြီး
နှစ်ယောက်အား ခေါ်ယူတိုင်ပင်ဆွေးနွေးခဲ့လေသည်။ သူတို့သုံးဦး
သား ခေါင်းချင်းဆိုင်၍ တိုင်ပင်ခဲ့ကြပြီးစဉ် ကြားသိရသည်



သတင်းမှာ မိဖုရားကြီးအပေါ် မနာလိုမရှုစိမ့်၍ မစ္ဆေရိယပွားသည့်
အတင်းအဖျင်းလုပ်ကြံသတင်းပင် ဖြစ်လင့်ကစား မင်းကြီးအား
ဘင်ပြကြရမည် ဖြစ်ကြောင်း အကယ်၍ ထိန်ချန်ထားပါက ဘုရင်
မင်းမြတ်၏ ရာဇမာန် မိမိဘက်သို့ မြှားဦးလှည့်လာမည်ဖြစ်
ကြောင်း ဆုံးဖြတ်ခဲ့ကြသည်။ ထိုအကြံကို သံဃာ့နာယက
ဂိုဏ်းချုပ်ဆရာတော်ကြီး ကရင်းမားက သဘောတူခဲ့သည်။ သို့
သော် ဘုရင့်မျက်နှာတော်ကို ရင်ဆိုင်ရန် သူ၌ သတ္တိကြောင်သွား
ခဲ့သည်။ သို့နှင့် စာချွန်တော်ဖြင့် မင်းကြီးထံ လျှောက်ထားတင်ပြ
ခဲ့လေသည်။ ထို့နောက် ဘုရင်မင်းမြတ်၏ ရာဇမာန်အသံဗလံကို
နားစွင့်နေခဲ့သည်။

ထိုသတင်းကို ကြားသိလိုက်သည်နှင့် ဟင်နရီဘုရင်မှာ
အာဋာဝက ထွက်လေတော့သည်။ ယင်းသတင်းကို သူနည်းနည်း
မျှ မယုံ။ မိဖုရားအား ထိုစွပ်စွဲချက် မှန်မမှန်မေးခဲ့ရာ သူမလည်း
ငယ်ထိပ်မြွေပေါက်ကာ ဖွတ်အတင်း ''ဘူးခံ၍'' ငြင်းလေသည်။
သူချစ်မြတ်နိုးတော်မူသော ''အင်္ဂလိပ်နှင်းဆီ'' ကက်သရင်းအပေါ်
အရဲစွန့်၍ ယုံချင်ပါသော်လည်း သူ့အဖို့ တစ်ရာ့တစ်ပါးသော
မင်းနိုင်ငံတို့အား အလယ်မတင့်တယ်၊ မဖွယ်မရာကိစ္စဖြစ်၍ တိတိ
ကျကျစုံစမ်းစစ်ဆေးပြီးမှသာ ပုံ၍ယုံတော့မည်ဟု ဆုံးဖြတ်လိုက်
သည်။ သို့နှင့် ဗြိတိန်နိုင်ငံ နန်းတွင်းထင်ပေါ် ကျော်ကြားလှသော
မင်းမှုထမ်းတစ်စုကို ရွေးချယ်ပြီး မိဖုရားအပေါ် ယိုးစွပ်ခဲ့သည့်
အပုပ်နံ့ သတင်းမှန်မမှန်ကို ထောက်လှမ်းစေခဲ့သည်။ မိဖုရားနှင့်
မြို့စားကတော်ကြီး အိမ်တော်ရုံရွှေတော်ဟောင်း (မေရီ)နှင့် သူ၏

မောင်ဆိုသူတို့ နောက်ခြေရာခံ၍ နှစ်ကိုယ်ကြား ယင်းကိစ္စ ဟုတ်
မဟုတ်၊ မှန်မမှန် မေးမြန်းစုံစမ်းခဲ့သည်။ နောက်ဆုံး ထောက်လှမ်း
စုံစမ်းသိရှိရသမျှ အစီရင်ခံစာ သတင်းများ မင်းကြီးထံရောက်
ခဲ့ပြီး ကြားသိရသည့်သတင်းတို့မှာ မိဖုရားအတွက် အမင်္ဂလာ
သတင်းများသာ ဖြစ်နေပေတော့သည်။

ဥပမာအားဖြင့် တင်ပြရလျှင် ဂီတသမားဘဝ တစ်ဖြစ်လဲ
မြို့စားကတော်ကြီး အိမ်တော်ပါ ငယ်ကျွန်တော် ဟင်နရီမင်းနေ
ဆိုလျှင် "ကက်သရင်း၏ လျှို့ဝှက်အပ်သောနေရာနှင့် ခန္ဓာကိုယ်
ကို ကြည့်လေ့ရှိခဲ့သည်မှာ သမရိုးကျ အထိအတွေ့ဖြစ်၍ မဆန်း
တော့"ဟု ဝန်ခံခဲ့သည်။ ဖရံစစ္စဒီရီဟာန်မှာလည်း တစ်ခါထ
လက်ထပ်ဖို့ သူမအား စေ့စပ်ခဲ့ဖူးပုံရပြီး အိစက်ညက်ညောသည့်
ဖဲမွေ့ယာပေါ် ချစ်ဗျူဟာ အကြိမ်ပေါင်းများစွာ ခင်းခဲ့ဖူးသည်
ဖြောင့်ချက်ပေးခဲ့သည်။ ထို့ပြင် အခြားရဲရွေတော်မလေး သုံး
အမည်နာမနှင့်တကွ ဖော်ပြသည်နှင့်လည်း အိပ်ယာထဲ၌ ချစ်တင်း
နှောခဲ့ကြောင်း ဖြည့်စွက်ပြောပြခဲ့သည်။ သူကပင် ကက်သရင်း
မောင်ဝမ်းကွဲ သောမတ်စ်ကောက်ပက်ပါလည်း ကက်သရင်း
ဖျော်ဖြေခံချစ်သူတစ်ဦး အပါအဝင်ဖြစ်ကြောင်း ဖော်ကောင်လုပ်
ခဲ့သည်။

ချစ်ရေးချစ်ရာနှင့် ပတ်သက်လာလျှင် အသည်းမာလှပါသည့်
ဆိုသော အင်္ဂလန်ပြည့်ရှင် ဟင်နရီဘုရင်ကြီးမှာ ကြားရသည့်
သတင်းဆိုးကြောင့် ကလေးတစ်ယောက်ပမာ ကြုံကြုံပါအောင်
ငိုကြွေးလေတော့သည်။ အင်္ဂလိပ်နှင်းဆီလေးဟု ချစ်စနိုးတင်စား



ခေါ်ဝေါ်ခဲ့သော သဲမြည့်ာမိဖုရား ကက်သရင်းအပေါ် အသည်းနှင့်
အောင် ချစ်ခဲ့ရသူဖြစ်၍လည်း ကြားရသည့် မတော်တရော်
သတင်းတို့ကို သူ့အနေဖြင့် မယုံချင်ပါ။ သူ့အဖြစ်မှာ ဒူးထိရှည်
လျားသည့် ဂန်းဘွတ်ခေါ် ရာဘာဖိနပ်ရှည်ကြီး စီးပြီး ရွှံ့နွံထူထပ်
သည့် လယ်ကွင်းပြင်ကို ဖြတ်ကျော်နေသူနှင့် မခြားတော့ပေ။
ခြေလှမ်းတိုင်းလှမ်းတိုင်း ရွှံ့ပေမှာ သူတို့ စိုးရွံ့သည့် ရွှံ့နွံတို့က
သူ့ခြေကို ပေကျံကျန်သည်သာ ဖြစ်၏။

မိဖုရား နောက်ကြောင်းရာဇဝင်အဖြစ်မှန် ဖော်ထုတ်ရေး
စုံစမ်းစစ်ဆေးမှု ဆက်လက်ပြုလုပ်နေသည်နှင့်အမျှ လက်တွေ့
အားဖြင့် နော်ဖော့မြို့စားကတော်ကြီးပါ တစ်ရပ်လုံး ရင်ဖိုမျှ
သေန်းဖူးသည့် အပျိုစစ်စစ်ကလေးအဖြစ် ဟန်ဆောင်နေခဲ့သည်။
ကက်သရင်း၏ အဖြစ်မှန်ဇာတ်ရှုပ်ကို ဝိုင်းဝန်းထိန်ချန် ထားခဲ့
ကြကြောင်း သိရှိလာခဲ့သည်။ ဘုရင်ကြီးအပေါ် ရန်ငြိုးဖွဲ့နေသည့်
ဒုတိယမြောက် နန်းကျမိဖုရားဟောင်း အန်နီဘိုလင်း၏မောင်
(သူပါကြံရာပါအဖြစ် ကွပ်မျက်ခံခဲ့ရသူ)၏ ဇနီးဖြစ်သူ လေဒီရော့ချ်
ဖို့ဒ်မှာ ကက်သရင်း၏ သွေးသားသောင်းကျန်းမှုကို အားပေး
အားမြှောက်လုပ်ခဲ့ကြကြောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့က အစီရင်
ခံခဲ့သည်။ သူမကိုလည်း ဖမ်းကာစစ်ဆေးမေးမြန်းပြီး အခင်းဖြစ်
ပွဲချက်တင် ကြားနာစစ်ဆေးပြစ်ဒဏ် မစီရင်ရသေးခင် ကာလ
အတောအတွင်း အကျဉ်းချထားခဲ့သည်။

သက်ဦးဆံပိုင် ရေမြေသနင်း ဟင်နရီဘုရင်အပေါ် လှည့်စား
ရန်တို့ကို လုပ်ရပ်တို့သည် မိုက်မဲလေစွတကား၊ မိဖုရား

ကက်သရင်း၏ ဟင်နရီနှင့် လက်မထပ်ခင်က ကိုယ်ကျင့်တရား ဖောက်ပြန်ပျက်ပြားမှုနှင့် စပ်လျဉ်းသည့် စွဲချက်အားလုံးသည် ထင်သည်ထက် များပြားစွာ တွေ့ရှိခဲ့ကြရသည်။ ကြားရချက်နား မှာ မသက်သာဆိုးသထက် ဆိုးဝါးလွန်းနေသည်။ ဟင်နရီဘုရင် မင်းလည်း မိဖုရားနှင့် ဘိသိတ်သွန်းလောင် လက်ထပ်ထိမ်းမြား ပြီးမှ မင်းလွှင်မင်းပျိုဒီရီဟမ်အား ကက်သရင်းက သူမစံနန်း ဆောင်တွင် အလုပ်တစ်နေရာခန့်ထားခဲ့ကြောင့် စစ်ဆေးတွေ့ရှိခဲ့ ပြန်သည်။ မိဖုရားအတွက် အချို့ပေးစာတို့ကို သူက စာချွန်တော် စာရေးအဖြစ် ရေးသားပေးခဲ့ရသည်။ သူတို့နှစ်ဦးတည်း ရံရွေ တော်များ၊ အဆောင်တိုင်အရာရှိများမရှိစဉ် ဘုရင်မစက်ခန်း ဆောင်ထဲ စိတ်ထင်တိုင်း ချစ်ဖြူဟာကျင်းခွင့်ရရှိခဲ့ကြသည်။

အင်္ဂလန်ပြည့်ရှင် ဟင်နရီဘုရင်မင်းမြတ်အပေါ် သစ္စာဖောက် ကာ မျောက်မထား၍ ဖောက်ပြားခဲ့သဖြင့် သူမအပေါ် ယုံကြည်မှု တို့ကို လုံးဝပျောက်ပြားသွားခဲ့လေတော့သည်။ မိဖုရားအကျဉ်းချ ထားလိုက်သည်။ သူမအား ဒီရီဟမ်နှင့်ဖောက်ပြန်ကြောင်း စွဲချက် တင်စစ်မေးရာ မိဖုရားက ဖွတ်အတင်း အကြောက်အကန် ဘူးခံ၍ ငြင်းကွယ်နေသေးသည်။ နောက်ဆုံးသူမချစ်သူ လင်ငယ်များနှင့် မင်းခစား ရံရွေတော်တို့၏ ဝန်ခံထွက်ဆို သက်သေခံမှုနှင့် ထိပ် တိုက်ရင်ဆိုင်ထိုးကာ မလှုပ်သာတော့ပေ။ သက်သေတို့၏ ဖြောင့် ချက်ကို ရင်ဆိုင်ခဲ့ရပြီး တရားခံနန်းကျမိဖုရားလည်း မိမိသည် ကြင်ယာတော် ဟင်နရီဘုရင်မင်းမြတ်နှင့် စုလျားရစ်ပတ် လက်ထပ်ပေးခဲ့သော ဗရင်ဂျီသာသနာပိုင်ကို ဂိုဏ်းချုပ်ဆရာ



တော်ကြီးအား လိမ်လည်လှည့်ဖြား မုသားစကားဆိုကာ အပျိုစင် ဖြစ်ခဲ့ကြောင်း ပြောဆိုမိခဲ့ပါကြောင်း ဝန်ခံခဲ့သည်။ သို့ပင်ဖြစ်လင့် ကစား ကြင်ယာတော်မင်းကြီးအပေါ် သစ္စာရှိသော ဇနီးမယား ဖြစ်ခဲ့ကြောင်း ဆက်လက်ထွက်ဆိုနေခဲ့သေးသည်။

မိဖုရားကက်သရင်း၏ ဝန်ခံဖြောင့်ချက်ဖြင့်ပင် ကြံရာပါ တရားခံတို့အတွက် အပြီးသတ်စီရင်ချက်ချမှတ်ဖို့ လုံလောက်သွား ခဲ့သည်။ မိဖုရားဟောင်းနှင့် ဖောက်ပြားခဲ့သူ မင်းမျိုးမင်းနွယ် ကာလ်ပတ်ပါးအား ဦးခေါင်းဖြတ်ကွပ်မျက် စီရင်ခဲ့သည်။ ဒီရီဟမ် လေးပိုင်းပိုင်းဖြစ်စေရန် အပြီးသတ် အမိန့်ချမှတ်စီရင်ခဲ့သည်။ ကိုးဝပ်မိသားစုနှင့် အိမ်တော်ဝန်ထမ်းများအား ပြည့်ရှင်မင်းအား လိမ်လည်လှည့်ဖြားရန် ရည်သန်၍ နိုင်ငံတော်သစ္စာဖောက်ဖြစ် သော စောင့်စည်းရမည့် ဝတ္တရားပျက်ကွက်မှုဖြင့် ဖမ်းဆီးကာ ထောင်သွင်းအကျဉ်းချထားခဲ့လေသည်။

ဤသို့ နန်းကျမိဖုရား ကက်သရင်းအား ကာမပိုင်ကြင်ယာ တော်လင်သားအပေါ် သစ္စာဖောက်ဖျက်မှုဖြင့် စွဲချက်တင် စစ် ဆေးခဲ့သည်။ သို့ရာတွင် ပြင်းထန်စွာ စိတ်ဒုက္ခရောက်နေရှာသော ဘုရင်မင်းမြတ်နှင့် သူ၏ အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာ ဖြစ်နေ ကြသော မင်းတိုင်ပင်မှူးကြီးမတ်ရာ သေနာပတိတို့မှာ အခင်းဖြစ် အမှုကို အဆုံးအဖြတ်ပေးရန် တွန့်ဆုတ်နေခဲ့ကြသည်။ ဥပမာအား ဖြင့် တင်ပြရသော် အင်္ဂလန်နန်းရင်းဝန်ကြီး ကိုယ်တိုင်ကပင် ထိုအမှု ကြားနာစစ်ဆေးခြင်းအမှုကို ရက်ရွှေ့ဆိုင်းပေးပါရန် ဘုရင်မင်းမြတ်ထံ အသနားခံ တင်ပြခဲ့သည် ဖြစ်ခဲ့ကြသည်။

နန်းရင်းဝန်ကြီးက တရားခံ နန်းကျမိဖုရားအား သူမအပေါ် တင်ထားသည့်စွဲချက်ကို ထုချေရန် စဥ်းစားပေးရမည် ဖြစ်ကြောင်း လျှောက်ထားတင်ပြခဲ့သည်။ သူ၏ တောင်းဆိုတင်ပြချက်ကို ဘုရင်က သဘောတူလိုက်လျောခဲ့လေသည်။

သို့ရာတွင် နှစ်ရက်အတောအတွင်း ဘုရင်၏ကိုယ်ပိုင် မင်းတိုင်ပင် အမတ်များက အခင်းဖြစ်အမှုကို ဆောတလျင် စီရင်ချမှတ်ရန် ဖိအားပေးခဲ့ကြသည်။ သူတို့၏ အကြောင်းပြချက်တွင် ဘုရင်ဟင်နရီ၏ စိတ်သောက ပရိဒေဝမီး တောက်လောင်နေပုံ အခြေအနေများကို တင်ပြထားသော စာတမ်းများပါ ဖြည့်စွက် တင်ပြထားခဲ့သည်။ သူတို့က ဘုရင်မင်းမြတ်ကိုယ်တိုင် အခင်းဖြစ် အမှု စီရင်ချက်ချမှတ်ရာ လွှတ်တော်သို့ မတက်ရောက်နိုင် ကြောင်း ကြေငြာခဲ့သည်။ သူ့အနေဖြင့် စီရင်ချက်ကို လက်မှတ် သာထိုးပေးရန် လိုကြောင်း၊ ဤသို့ အထူးတလည် စီစဉ်လိုက်ရ ခြင်းမှာလည်း ဘုရင်မင်းမြတ်ရှေ့မှောက်၌ စီရင်ချက်ချမှတ်ခဲ့လျှင် ထပ်မံ၍ ပရိဒေဝသောကမီးများ တောက်လောင်ကာ သူ၏ ကျန်းမာရေးကို ထိခိုက်မည် စိုးရိမ်သည့်အတွက်ဖြစ်ကြောင်း ဖော် ပြထားလေသည်။

အဆိုပါ အတွင်းဆောင် အပါးတော်မြဲ မင်းတိုင်ပင်အမတ်တို့ ၏ လျှောက်ထားတင်ပြချက်ကို ဘုရင်ကိုယ်တိုင်က သဘောတူ ခွင့်ပြုသည်ဖြစ်၍ အခင်းဖြစ်အမှု ကြားနာစစ်ဆေးစီရင်ကြမည့် မှူးကြီးမတ်ရာတို့အနေဖြင့် ဘုရင်မျက်ကွယ်ဖြစ်၍ လွတ်လွတ် လပ်လပ် ရွှေမျက်နှာတော် ထောက်စရာမလို ဆုံးဖြတ်စီရင်နိုင်





ခွင့်ရရှိခဲ့ကြသည်။ မှန်ပါသည်။ တရားလွှတ်တော် ဝန်ကြီးတို့မှာ တရားဥပဒေနှင့်အညီ ငဲ့ညှာထောက်ထားစရာမလို တည့်မတ်စွာ စီရင်ဆုံးဖြတ်နိုင်သွားခဲ့သည်။ မိဖုရားဟောင်းအန်နီဘိုလင်း ကဲ့သို့ တရားစီရင်ထုံး၊ ရာဇဝတ်ကျင့်ထုံးတို့ကို အကြောင်းအားလျော်စွာ ပယ်ဖျက်လိုက်ပါသည်။ သို့ရာတွင် မမျှော်လင့်ဘဲ နန်းကျမိဖုရား ကက်သရင်းကိုယ်တိုင်က ''မိမိသည် လောကသမုတိ ထာဝရ ဘုရင်သခင်နှင့် ကြင်နာသော နှလုံးသားရှိသည့် မင်းသားတရား နှင့် အင်္ဂလိပ်အမျိုးသား တစ်ရပ်လုံးအား ဆန့်ကျင်သည့် နိုင်ငံ တော်ရာဇဝတ်ပြစ်မှုကြီးကို ကျူးလွန်မိခဲ့သဖြင့် အပြစ်ရှိပါ ကြောင်း'' ဝန်ခံဖြောင့်ချက်ပေးခဲ့သည်။ သူမအတွက် မည်သည့် အသနားခံလွှာမှ မတင်သွင်းသော်လည်း သူမကျူးလွန်မိခဲ့သော ပြစ်မှုကြီးနှင့် မပြေးသော်ကံရာရှိ ပါဝင်ပတ်သက်နေခဲ့သော မိတ်ဆွေအပေါင်းအသင်းတို့နှင့် ဆွေမျိုးသားချင်းတို့အား အပြစ်မဲ့ ရေး ခွင့်လျှင်ပေးသနားတော်ပါမည့်အကြောင်း အသနားခံ လျှောက်ထားသွားခဲ့ပါသည်။

နန်းကျမိဖုရားဟောင်း ကက်သရင်းဟိုးဝပ်အား ၁၅၄၂ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၃)ရက်နေ့၌ တာဝါတောင်ကုန်း (မျှောက်စင်ကုန်း) စက်တိုင်တွင် ခေါင်းဖြတ်ကွပ်မျက်ခဲ့သည်။ သူ၏နောက်ဆုံးနေ့၊ နောက်ဆုံးအချိန်ကို မည်သို့မည်သို့ ရင်ဆိုင်သွားခဲ့သည်ကို ကျွန်ုပ် တို့မသိကြပေ။ ကျွန်ုပ်သိရှိရသလောက် တင်ပြရသော် အဌမ မြောက် ဟင်နရီဘုရင်ကြီးသည် ထိုနေ့မှစ၍ နောင်အခါတွင် မည်သည့် လျှပ်ပေါ်လော်လီ အဆင့်မရှိသော မိန်းမလှလေးမျိုး

မဆိုကို မိဖုရားအဖြစ် မတင်မြှောက်ခဲ့ကြောင်းပင် ဖြစ်ပါသည် အခင်းဖြစ်အမှု ပြီးဆုံးသွားခဲ့ပြီး နောက်နှစ်၌ သည်းငြီးခံစိ ခန္တီပါရမီရှင် မိခင်စိတ်ရှိသူ ကက်သရင်းပါးအား ဆဌမမြော ကြင်ယာတော် မိဖုရားကြီးအဖြစ် ရာဇဘိတ်သွန်းလောင်းပြီး ေ မြှောက်ကာ အသက်ထက်ဆုံး ပေါင်းသင်းနေထိုင်ခဲ့လေသည်

ပုံစာ ။ ။ (၁) အင်္ဂလန်ပြည့်ရှင် အဌမမြော
ဟင်နရီဘုရင်
(၃) အန်နီဘိုးလင်း
(၄) အန်နီဘိုးလင်းအား ခေါင်းဖြတ်ကွပ်မျ
ရန် အပြီးသတ် စီရင်ချက်ချစဉ်။



## (၉) "ဦးခေါင်းမဲ့ဇနီးသည်အလောင်း"

အနောက်တိုင်း စာပေ သို့မဟုတ် ကမ္ဘာ့စာပေနယ်တွင် အထူးသဖြင့် (၁၈)ရာစုနှစ် နှောင်းပေါင်းကာလပိုင်းနှင့် (၁၉)ရာစု နှစ်ဦးပိုင်းကာလတွင် ဂေါသစ်ဝတ္ထုစာပေ (Gothic) ဟူ၍ တစ်ခန်း တစ်နားထွန်းကားခဲ့သည်။ ယင်းစာပေမှာ စိတ်ကူးယဉ်ပုံစံတစ်မျိုး ဖြစ်သည်။ ယင်းစိတ်ကူးယဉ်ဝတ္ထုတွင် သမိုင်းကြောင်းနှင့် စာရှုသူ စက္ခုအာရုံထဲ ထင်းကနဲ၊ လှို့ဝှက်သဲဖို ရင်သိမ့်တုန်စရာ၊ ကြေကွဲ စရာ၊ အားငယ်စရာ၊ ပတ်ဝန်းကျင်တစ်ရပ်နှင့် ကြောက်လန့်စရာ၊ သဘာဝလွန် တစ္ဆေသရဲ၊ စုန်းကဝေမှော် သို့မဟုတ် စိတ်ပိုင်း ဆိုင်ရာ စိတ်ကူးစိတ်သန်းများနှင့် အသက်သတ် အထိုးအကြိတ် အကြမ်းဖက်မှုများနှင့် ထိတ်လန့်စရာ ရင်သိမ့်တုန်ဖြစ်ရပ်ဖြစ်စဉ် တို့ဖြင့် အဆန်းတကျယ်ဇာတ်လမ်း၊ ဇာတ်ကွက်၊ ဇာတ်အိမ် တည်ဆောက်ရေးဖွဲ့ထားခြင်း ဖြစ်သည်။

အောက်တွင် ဖော်ပြမည့် ဖြစ်ရပ်မှန်ရာဇဝတ်မှုခင်းမှာ ယင်းဂေါသစ်ဝတ္ထုဆန်ဆန် ရသတို့ဖြင့် တန်ဆာဆင်ထားသည့် ဖြစ်ရပ်မျိုး ဖြစ်ပါသည်။ ထို့နောက် ဇာတ်လမ်းတွင် လူသတ်မှု ဖြစ်ပွားခဲ့ရာ ၁၉၈၀ ခုနှစ် ဝန်းကျင်ကာလက အနောက်ပိုင်းကွန်း ပြည်နယ်၌ ဖြစ်သည်။

မိုက်ကယ်တဲလင်းမှာ အသက် (၄၃)နှစ် အရွယ်ရှိပြီး ကျိုကျို တက် ချမ်းသာကြွယ်ဝသော မိသားစုဝင်တစ်ဦးဖြစ်ပြီး သူတို့ မိသားစုမှာ ဒူးဟတ်စ်အမဲသား ရောင်းချရေး လုပ်ငန်းပိုင်ရှင်ကြီး

ဖြစ်သည်။ တစ်နည်းအားဖြင့် နွားသတ်သည့် မီလျံနာသူဌေး
လည်းဖြစ်၊ မဟာဆီမဟာသွေး မင်းညီမင်းသားဖြစ်သည်။ ရုပ်ပို
ဆိုင်ရာ ဉစ္စာဓနငွေကြေးချမ်းသာမှုတွေသာမက တဲလင်း
မြောက်များလှစွာသော အခွင့်အရေးတို့ကိုလည်း ခံစားစံစား
သူဖြစ်၏။ ယုံကြည်စိတ်ချရသော ဗက်စတီဘရပ်စ်ခေါ် ဘ
လုပ်ငန်းတို့မှ အမြတ်အစွန်း တစ်လထက်တစ်လ ဝင်
စတာလင်ပေါင် (၁၂၀၀)ဈေး ရရှိပြီး သူ၏အကြွေးစာရင်းအား
နှင့် ဈေးငွေစာရင်းအားလုံးကိုလည်း ထိုဗက်စတီရပ်စ်မှ
ရှင်းပေးခဲ့ခြင်းဖြစ်သည်။

သူလိုချင်သည့် မည်သည့် တန်ဖိုးကြီး အသုံးအဆောင်ပစ္စည်း
မဆို သူဝယ်နိုင် ခြမ်းနိုင်လေသည်။ ပြိုင်ကားများ၊ မော်တော်
ဆိုင်ကယ်များ၊ သေနတ်အမျိုးမျိုးနှင့် စတီရီယို အသံဖမ်းစက်
တီဗွီ၊ ဗွီဒီယို၊ စက်စသည့် ပစ္စည်းစုံတို့ပင် ဖြစ်သည်။ ကော်လီ
ကမ္ဘာလှည့် ခရီးသွားလာရာတွင်လည်း ဗက်စတီထရပ်စ်လုပ်ငန်း
ကပင် သန်းနှင့်ချီ၍ အကုန်အကျခံ ဆောင်ရွက်ပေးခဲ့သည်။
သို့သော် တဲလင်းအလိုရှိနေသည့် ဆန္ဒတစ်ခုကိုတော့ သူတို့
ဖြည့်စွမ်းမပေးနိုင်ခဲ့ကြပေ။ မှန်ပါသည်။ ချစ်ခြင်းမေတ္တာဆိုသည်
မှာ ငွေဖြင့်ဝယ်၍ မရစကောင်းသော အရာဖြစ်ပါသည်။

တဲလင်း၏ ကလေးဘဝအရွယ်မှာ စိတ်မချမ်းမြေ့စရာတို့ဖြင့်
စခဲ့ခြင်း ဖြစ်သည်။ သူ့ဖခင်မှာ အရက်သမား လူစွာတစ်ယောက်
ဖြစ်ပြီး ကိုယ်လေးလက်ဝန်နှင့် သူ့မိခင်ကြီးအား ဓားတစ်ရမ်းရမ်း
နှင့် လိုက်၍ သတ်ရန်ကြံရွယ်ခဲ့ဖူးသည်။ မိခင်ကြီးကိုယ်တိုင်



သားဖြစ်သူအား စွန့်ပစ်ပါမည်ဟု ကတိပေးခဲ့ရသည်။ သို့နှင့်
မိုက်ကယ်တဲလင်းမှာ အမိရင်ခွင်နှင့်ခွဲကာ ကျောင်းအိပ်ကျောင်း
စား မိဝေးဖဝေးနေရာ၌ သွားနေခဲ့သည်။ ငယ်စဉ်က သူ့မှာ
သူတကာညှင်းဆဲသမျှ ခံခဲ့ရသည်။ သူက ပြန်လှည့် တုန့်ပြန်
သော အားဖြင့် သူတစ်ပါးပစ္စည်းခိုး၊ ကျောင်းပြေးစသည့် အလေ့
အကျင့် များပြုလုပ်ခဲ့သဖြင့် ကျောင်းအုပ်ချုပ်ရေး အမှုထမ်းတို့က
သူ့အား ထုကြိတ်ထောင်းကြ ပြန်သည်။

ဤသို့ဖြင့် သူသည်ပြဿနာကောင်၊ ဂြိုလ်ကောင်ကလေး
ဖြစ်လာခဲ့ရတော့သည်။ စိတ်အနှောင့်အယှက်ဝေဒနာ စွဲကပ်နေခဲ့
ပြီး သူ့ကိုယ်သူမထိန်းနိုင် မသိမ်းနိုင် ဖြစ်လာခဲ့သည်။ နှစ်ခါတိတိ
ကျောင်းထုတ်ခံခဲ့ရသည်။ လူတောမတိုးနိုင်အောင် စိတ်ပိုင်း
ဆိုင်ရာ ကျပ်မပြည့်သူကလေးများအတွက် ဖွင့်လှစ်ထားသော
ကျောင်းသို့ ပြောင်းရွှေ့ခဲ့သည်။ ထိုကျောင်းနေယင်း စိတ်ရောဂါ
ဆေးရုံတစ်ခုနှင့် ရင်းနှီးခဲ့သည်။ တဲလ်လင်းအိမ်မှာ နေထိုင်စဉ်
မိသားစုနှင့် ဖက်လဲတကင်း မနေရ၊ ကလေးထိန်းများ၊ ကလေး
ထိန်းဆရာမများ လက်ထဲ၌သာ နေခဲ့ရသည်။ သူ့အသက် (၉)နှစ်
အရွယ်၌ ရှယ်ရီခေါ် အရက်နှင့် ဆေးလိပ်ကို တအားစွဲခဲ့သည်။
သူ့အခန်းထဲ၌ ပန်းပုထွင်းဓားတစ်လက် ဆောင်ထားပြီး တစ်ခါက
မိခင်ဖြစ်သူအား ထိုဓားဖြင့် သတ်မည်ပုတ်မည်ဟု ခြိမ်းခြောက်
ခဲ့ဖူးသည်။

ဤသည်တို့မှာ တဲလ်လင်း၏ ယိုယွင်းခဲ့သော လူမမယ်
ကလေးဘဝဖြစ်ပြီး ယင်းဘဝအခြေခံမှစခဲ့ပြီး လူလားမြောက်လာ

ခဲ့ခြင်း ဖြစ်သည်။ ၁၉၇၈ ခုနှစ်တွင် မိုက်ကယ်တဲလင်းသည် အသက်(၁၈)နှစ်ရွယ် အဲလစ်ဆင်ဆိုသူ မိန်းမပျိုလေးနှင့် ပထမဆုံးအကြိမ် လက်ထပ်ခဲ့သည်။ သူမကို ဩစတြေးလျနိုင်ငံ၌ တွေ့ခဲ့ခြင်းဖြစ်သည်။ သူတို့နှစ်ဦး အိမ်ထောင်ရက်သားကျခဲ့ကြပြီး သားယောကျ်ားလေး တစ်ဦးထွန်းကားခဲ့သည်။ သို့သော် သူတို့ဇနီးမောင်နှံ ဆက်ဆံပေါင်းသင်းခြင်းက သက်တမ်းမရှည်ကြာလှချေ။ တဲလင်းမှာ သူထမ်းဆောင်ရမည့် တာဝန်ဝတ္တရားတို့ကို ရင်မဆိုင်ရသည့် သူရဲဘောကြောင်သူတစ်ယောက် ဖြစ်ကြောင်း သူ့ဇနီး အဲလစ်ဆင်က ပြောခဲ့သည်ဟု သိရသည်။ ၁၉၈၀ ခုနှစ်တွင် အမေရိကသို့ သွားပြီး သူ၏နောက်ဆုံးအလုစီး ဒေဗစ်ဆန်မော်တော်ဆိုင်ကယ်တစ်စီးကို ဝယ်ယူခဲ့လေသည်။ ထိုမော်တော်ဆိုင်ကယ်သစ်ကို ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်စစ္စကိုမြို့အနီး စမ်းသပ်စီးနင်းခဲ့သည်။ ထိုစဉ် ကားမီးအလင်းရောင်တို့ကို မြင်လိုက်သဖြင့် ကမန်းကတမ်း ဘရိတ်ဆွဲနင်းလိုက်ရာ လမ်းနံဘေးရှိ မစ္စတာနှင့် မစ္စစီဖမ်စတက်ဆိုသူ လင်မယားနှစ်ယောက် စကားလက်ဆုံကျနေရာအနီး ဆိုင်ကယ်တိမ်းမှောက်လဲကျသွားခဲ့သည်။ ဤတွင် သူတို့ဇနီးမောင်နှံ၏ သမီးကလေး မော်နီကာနှင့် ဆုံဆည်းခဲ့ကြသည်ဟု ပြောခဲ့ကြသည်။

မော်နီကာနှင့် တဲလင်းတို့ တွေ့ဆုံရင်းနှီးခဲ့ပြီး(၄)ရက် အတောအတွင်း၌ ချစ်သူဘဝရောက်ခဲ့ကြသည်။ မကြာခင် သူအင်္ဂလန်မှ ပြန်လာခဲ့ပြီး သူ့၌နောက်ထပ်အမျိုးသမီးတစ်ဦး တွေ့နေပြီဖြစ်ကြောင်း ဇနီးသည်အား အသိပေးခဲ့သည်။ ၁၉၈၁ ခုနှစ်တွင်



ပထမဇနီးသည် အဲလစ်ဆန်နှင့် လင်ခန်းမယားခန်း ပြတ်စဲကြရန် စီစဉ်ခဲ့လေသည်။ တစ်လနီးပါးအကြာ၌ မိုက်ကယ်တဲလင်းသည် မော်နီကာနှင့် လက်ထပ်ခဲ့သည်။

သူကျူးလွန်ခဲ့သော လူသတ်မှုတရားစွဲဆိုကြားနာ စစ်ဆေးစဉ်က တဲလင်း၏ သတို့သမီးအကြောင်း အများအပြား ပြောဆိုနေခဲ့ကြသည်။ မော်နီကာသည် သတင်းစာတစ်စောင် ခေါင်းကြီးပိုင်း သတင်းတစ်ပုဒ်၌ “တဏှာရူး သိုက်တူးသမား” ဟူ၍ ခေါင်းစည်းတပ်၍ ဖော်ပြထားခြင်းခံခဲ့ရသူဖြစ်ကြောင်း သိရ၏။ မော်နီကာ၏ ဘဝမှာ အမုန်ပင် ငတ်တစ်လှည့်၊ ပြတ်တစ်လှည့်၊ စိတ်တုန်လှုပ်ခြောက်ခြားစရာများနှင့် အန္တရာယ်လမ်း သေမင်းနှုတ်ခမ်းပေါ် လမ်းသလား ကျင်လည်နေခဲ့ရခြင်း ဖြစ်သည်။ သူမ အလုပ်မှာ ပွန်းတီးယတ်ဖိုင်းယားဘတ် ဖိမ်ခံကားတစ်စီးမောင်းနှင်ကာ တစ်နေ့တစ်နေ့ အရွေလိုက်နေခြင်းဖြင့် အချိန်ကုန်ခဲ့သည်။ သူမ၏ နံနက်စာမှာ ဘီနီဒင်းအရက်နှင့် လိမ္မော်သီးဖြစ်သည်။ မူးယစ်ဆေးဝါးဆို အကုန်သုံးစွဲသည်။ ကုတ်ကင်း၊ ဘိန်းဖြူနှင့် ဆေးခြောက်များ မကျန်သုံးစွဲသူဖြစ်၏။ သူမ၏ လက်ပွေ့အိတ်ထဲတွင် ပစ္စတိုသေနတ်တစ်လက်နှင့် မိုက်ခရိုက်တိုတ္တာခေါ် တဏှာရမ္မက် နှိုးဆွသည့် အနှိပ်စက်ကလေးတစ်ခုလည်း ပါလာလေ့ရှိသည်။

မိုက်ကယ်တဲလင်းနှင့် မော်နီကာလင်မယားနှစ်ယောက်တို့ ဘတ်ကင်ဟမ်ရှိုင်းယားပြည်နယ်၊ ဝက်စ်ဗိုင်ကွန်းရပ်၊ လန်ဘွန်းစံအိမ်ကြီးတွင် နေထိုင်ကြသည်။ စံအိမ်တော်ကြီးမှာ ခမ်းနား

ထည့်ဝါလှုပြီး တစ်အိမ်လုံး၊ ဇိမ်ခံပစ္စည်းတို့ဖြင့် မွမ်းမံခြယ်သ ထားခြင်း ဖြစ်သည်။ ကိုအုံ့ထဲတွင် ရေဆင်းငါးမလေး မော်နီကာ လုံးတီးမောင်မယ် ညှိသည်တို့နှင့်အတူ ရေကူးမြူးတူးရာ စိမ်း လန်းနေသော မြက်ခင်းပြင် ဝိုင်းရံထားသည့် ခေတ်မီအဖိုးတန် ဇိမ်ခံရေကူးကန်ကြီးတစ်ကန်လည်း အပါအဝင်ဖြစ်သည်။ ယောက်ျားဖြစ်သူက သူ့ဇနီးစိတ်ကြိုက် ပျော်ချင်သလို ပျော်မြူး နေသည်ကို ကန်ဘောင်ပေါ်ရှိ ဇိမ်ခံဆိုဖာပေါ် ထိုင်ကြည့်ယင်း ယမကာလေး တမြမြလုပ်နေခဲ့သည်။ သူမလင်တော်မောင် တဲလင်းမှာ ငွေကြေးအတွက်သာ ကောင်းစွာအားကိုးရသူ ဖြစ် သည်ဟု ချီးမွမ်းပြောဆိုခဲ့သည်။ ချစ်ရေးချစ်ရာနှင့် ပတ်သက်လာ လျှင် သူမ၏ အာသာဆန္ဒကို ဖြည့်စွမ်း မပေးနိုင်ကြောင်းနှင့် သူမ၏ချစ်သူ ယောကျာ်းမိန်းမတို့အကြောင်း ဂုဏ်ယူကြွားဝါလေ့ ရှိသည်။

မိုက်ကယ်တဲလင်းနှင့် မော်နီကာတို့ အိမ်ထောင်ရေးမှာ အလှ အပ အကျည်းတန်စွာ ထိတ်လန့်စရာတို့ဖြင့် အဆုံးသတ်သွား ခဲ့ပြီး ထွက်ပေါ်လာသည့် သတင်းများကို အိမ်နီးပါးချင်းတို့က ဟုတ်မှန်ကြောင်း အတည်ပြုခဲ့ကြသည်။ ဥပမာအားဖြင့် ရစ်ချတ် ဆန်မှာ ပေါက်ပေါက်ရှာရှာ အလုပ်လုပ်ကိုင်သူဖြစ်ပြီး တဲလင်း၏ မိတ်ဆွေတစ်ယောက်ဖြစ်သည်။ မော်နီကာက သူမယောကျာ်းနှင့် သေတပန်သက်တဆုံး ပေါင်းသင်းသွားဖို့ ရည်ရွယ်ကြောင်းသူနှင့် ဆက်ဆံပေါင်းသင်းနေခြင်းမှာ မည်သူမဆိုရှိသည့် ငွေကြေးကို လိုသလောက်သူ့ထံမှ ရရှိနေသောကြောင့် ဖြစ်ကြောင်း ပြောခဲ့



ခဲ့သည်ဟု ဆိုပါသည်။

တဲလင်း၏ပထမဇနီးသည် အဲလစ်ဆန်ကလည်း ရီချတ် ဆန်ပြောပြသကဲ့သို့ သူတို့အတွင်းရေးကို ပြောပြခဲ့သည်။ တစ်ခါ က မော်နီကာသည် သူမအိမ်သို့ အလည်အပတ်ရောက်ရှိလာခဲ့ သည်ဟု ဆိုပါသည်။ သူမနှင့်အတူ ဂျင်အရက်ပုလင်းတစ်လုံးနှင့် သြစတြေးလျ ကတ္တဝါကြီးတစ်ကောင်လည်း ပါလာခဲ့သည်။ ဆေးခြောက်သည်ရှူသည်။ မူးယစ်ဆေးဝါး အရည်များသောက်ပြီး မူးယစ်ဆေးလုံးလေးငါးလုံးပါမြိုချခဲ့သည်ကို တွေ့ခဲ့ရသည်ဟု ပြောပြခဲ့သည်။ ထို့နောက် မော်နီကာက သူမအား တဲလင်းမှာ လင်သည်တစ်ယောက်ဖြစ် မည်သို့မျှ အလို ဆန္ဒပြည့်ဝအောင် မပေးနိုင်၍ သူနှင့်ကွာရှင်းမည်ဖြစ်ကြောင်း၊ သို့သော် သူမရသင့် ရထိုက်သော ငွေကြေးကို အရထုတ်ယူဦးမည်ဖြစ်ကြောင်း သူ့ အာသာကိုယ်ဝန်ရအောင် စွမ်းဆောင်ပြီး ကလေးနှင့်အတူ အမေရိကားသွား၍ ငွေသွားယူရဦးမည် ပြောကြားသွားခဲ့သည်ဟု ဆိုပါသည်။

မော်နီကာမှာ လူသတ်ဇနီးမယားအဖြစ် သေဒဏ် စီရင်ခြင်း ခံခဲ့ရလေတော့သည်။ သူမမှာအသေဆိုးဖြင့် ဘဝဇာတ်သိမ်းသွား ခဲ့ရသဖြင့် အခင်းဖြစ်လူသတ်မှု ကြားနာစစ်ဆေးစဉ် သူမအပေါ် ဘစ်ဘက်သတ်စွပ်စွဲချက်တို့ကို ပြန်လှန်ခုခံထုချေခွင့် မရှိတော့ ပေ။ သို့သော် သူမဖခင်ကြီးက တရားခံဘက်မှ ရှုံးတော်၌ အမနာပမှုချိုး မျှစ်ချိုးစွပ်စွဲချက်တို့မှာ သေသူသမီး မော်နီကာ အား အသရေဖျက်ခြင်း ဖြစ်ကြောင်း၊ မော်နီကာမှာ အာသဝေါ

ကုန်ခန်းသွားသည့် သူတော်စင်လည်းမဟုတ်၊ သွေးနှင့်ကိုယ်သား နှင့်ကိုယ် ပုထုဇဉ်လူသားသာဖြစ်သည်။ သို့သော် သူတို့ သွားပုပ် လေလွင့် အမနာပသိက္ခာချ သကဲ့သို့ မဟုတ်မမှန်ကြောင်း၊ တစ်ခါတစ်ရံ တမင်အရွဲ့တိုက်၍ ပြောဆိုပြုမူတတ်သည့် ဝသီ အကျင့်ရှိသူဖြစ်သည်။ ယင်းသို့ အရွဲ့တိုက်၍ အိမ်နီးပါးချင်းတစ်ဦး အား သူမအား ''ကွတ္တိပုလ္လိုင် ဒွိလိင်'' ဖြစ်သည်ဟု ပြောခဲ့ခြင်း ဖြစ်မည်ထင်ကြောင်း၊ အမှန်စင်စစ် မော်နီကာမှာ အသိဉာဏ်ရှိသူ ဖြစ်ပြီး ကြင်နာတတ်သူ၊ သနားကရုဏာနှင့် ပြည့်စုံသူတစ်ဦးသာ ဖြစ်သည်။

အဖြစ်မှန်တို့မည်သို့ပင်ဖြစ်စေ၊ သူတို့နှစ်ဦး အိမ်ထောင် ရေးမှာ အန္တရာယ်ကြီးမားလှသည့် အပြစ်အနာအဆာ များမကင်း သော ကိုယ်ရည်သွေးတို့အပေါ် ပေါင်းစပ်တည် ဆောက်ထားခြင်း ဖြစ်သည်။ မော်နီကာက ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား လျှပ်ပေါ် လော်လီ သာယာသူဖြစ်၏။ လင်တော်မောင်တဲလင်းမှာ အချစ် ငတ်နေသူတစ်ယောက်သာ ဖြစ်သည်။ ဆက်တိုက် ကပြခဲ့သည့် သူတို့၏ အိမ်ထောင်ရေး ဇာတ်ကွက်တို့မှာလည်း အလွန် ကြီးမား လှသည်။ အန္တရာယ်ဘေးဆိုးကြီးကို ဦးတည်နေသော အိမ်ထောင် ရေးဖြစ်ကြောင်း ပေါ်လွင်နေပါသည်။

၁၉၈၂ ခုနှစ်တွင် သူမသည် ကလေကချေအမည်မသိ အရက်သမားတစ်ယောက်နှင့် စတင်ဖောက်ပြန်ခဲ့သည်။ ထိုစဉ် က တဲလင်းမှာ စိတ်ရောဂါကု ဆေးရုံတစ်ခုတွင် တက်နေဆဲ ဖြစ်သည်။ သူက မိမိအား ဇနီးဖြစ်သူ မော်နီကာသည် ကားဖြင့်



တိုက်သတ်ရန် ကြိုးစားခဲ့သည်ပြင် ကြာပွတ်တစ်ချောင်းဖြင့် လိုက်၍ရိုက်ခဲ့သည်ဟု အခိုင်အမာစွပ်စွဲပြောဆိုခဲ့သည်။ သို့သော် မိမိကလည်း သူမအား လက်တုန့်ပြန်ကလဲ့စားချေခဲ့ကြောင်း ဝန်ခံခဲ့သည်။ သူတို့အိမ်ထောင်သက်(၁၇)လအတွင်း ဇနီးသည် မော်နီကာအား အကြောင်း(၄)ရပ်ကြောင့် ရိုက်နှက်ခဲ့ကြောင်းကို လည်း ဝန်ခံထွက်ဆိုသွားခဲ့သည်။

၁၉၈၃ ခုနှစ်၊ မတ်လ(၂၉)ရက်နေ့တွင် အကြင်တို့လင်မ ယားအပျက်အပျက်နှင့် နာခေါင်းသွေးထွက်ခဲ့ကြသည်။ တဲလင်း၏ ရုံးတော်တရားခွင်၌ ထွက်ဆိုချက်အရ ထိုနေ့က ညနေခန်းတွင် မော်နီကာသည် မိမိအား အော်ကြီးဟစ်ကျယ်ဖြင့် စိတ်ရောဂါကု ဆေးရုံပို့ပစ်ဖို့ကောင်းသည့်အရူး ဟု မိုက်မိုက်ရိုင်းရိုင်း ပြောဆိုခဲ့ ကြောင်း၊ သို့နှင့် မိုက်ကယ်တဲလင်းလည်း တစ်ချိန်လုံး ငုံ့ခံနေခဲ့ သမျှ မိမိအတွက် ထိပါးလာပြီဖြစ်၍ သည်းမခံနိုင်တော့ဘဲ ဒေါသ အိုး ပေါက်ကွဲလေတော့သည်။ မော်နီကာဟာ ကျွန်တော့်ကို သတ်မယ် ခုတ်မယ် လုပ်လာခဲ့တယ်၊ စိတ်ထဲမှာလည်း တကယ် ဘဲ ကျွန်တော်ကိုသတ်ဖို့ ရှေ့တိုးလာတယ်လို့ ထင်မိလိုက်တယ်၊ ဒါနဲ့ကျွန်တော်လည်း ရိုင်ဖယ်သေနတ်ကို ပြေးဆွဲပြီး သူမကို ဦးအောင်ပစ်ထည့်လိုက်မိပါတယ်'' ဟူ၍ထွက်ဆိုသွားခဲ့သည်။

သေနတ်အမျိုးအစားနှင့်ပတ်သက်၍ ရုံးတော်မှသူ့အား မေးမြန်းရာ မာလင် ၃၀-၃၁ အမဲပစ်ရိုင်ဖယ်သေနတ် ဖြစ်ကြောင်း နှင့် သူမအား သုံးချက်တိတိဆင့်ပစ်ခဲ့ကြောင်း ဖြေကြားခဲ့လေ သည်။ သေနတ်ကျည်ဆံမှာ လည်ပင်းနှင့်ရင်အုံတို့တွင် ဖောက်

ထွင်းသွားခဲ့ခြင်း ဖြစ်သည်။ ကျွန်တော်လည်း သေနတ်နဲ့ ပစ်သတ်ပြီးမှ သူမကို နမ်းရှုံ့ကာ ခုလိုဖြစ်ရတာ ဝမ်းနည်းပါတယ် ဟု ပြောခဲ့မိပါသေးတယ်။

အခင်းဖြစ်အမှုမှာ ဤနေရာ၌အဆုံးသတ်သွားခဲ့လျှင်လည်း စိတ်လှုပ်ချောက်ခြားမှုကြောင့် လူသတ်မှုဖြစ်မည်ဆိုပါက ပြတ်တောက်သည်ဟု ကောက်ချက်ချရုံပင်ဖြစ်သည်။ သို့သော် ထိုမှုဖြင့် အမှုဖြစ်စဉ်ဖြစ်ရပ်မှာ ဤမှုဖြင့်အဆုံးမသတ်သေးဘဲ မယုံကြည်လောက်နိုင်စရာ ထိတ်လန့်ခမန်းဖြစ်ရပ်တို့ ဆက်လက်ဖြစ်ပွားခဲ့လေသည်။ တဲလင်းလည်းသူ့ဇနီးမော်နီကာ အလောင်းကြီးအား အခင်းဖြစ် ဧည့်ခန်းထဲ၌ နောက်ထပ်(၂)ရက်တိတိသည်အတိုင်း ဆက်လက်ထားခဲ့သည်။ နောက်မှ သူ့အိပ်ခန်းထဲဆွဲ၍ သွင်းထားခဲ့ခြင်းဖြစ်သည်။ နေ့စဉ်လိုလိုသူမအလောင်းကို သွားကြည့်ပြီး မကြာမကြာအနမ်းမိုးလည်း ရွေခဲ့ပါတယ်။ ဟူ၍မချိတင်ကဲ ပြောပြခဲ့သည်။ ခရီးဆောင် ကင်းမကော့ခေါ် အိပ်ကားကုတင်ပေါ်တင်ထားသည့် မော်နီကာအလောင်းကြီးနှင့် တဲလင်းမှာ စကားပြောနေခဲ့သည်။ ထိုမှတဖန် ဂနာမငြိမ်ဘဲ ရေပူရေချိုးခန်းတစ်ခုကို တစ်ဝက် တစ်ပျက်ပြောင်းလဲထားသော နွေရာသီစံခန်းဆောင်ထဲသို့ လူသေအလောင်းကြီးအား ဒရွတ်တိုက်၍ ရွှေ့ပြောင်းခဲ့ပြန်သည်။ ထိုစံနန်းဆောင်ထဲ၌ မော်နီကာ အလောင်းကြီးမှာ မည်သူမျှမသိဘဲ တည်ရှိနေခဲ့သည်။

တဲလင်းကသူ၏ မိတ်ဆွေသူငယ်ချင်းတို့အား မိမိဇနီးသည်မှာ သူ့အားခွဲခွာပြီး သူမမွေးရပ်ဌာနီ အမေရိကသို့ ပြန်သွားခဲ့ပြီ



ဖြစ်ကြောင်းပြောပြခဲ့သည်။ သူ့အတွက် အကာအကွယ်စိတ်ချလက်ရှိရှိစေဖို့ သူ၏အိမ်ကို လုံခြုံရေးစက်ယန္တရားစံနစ်များ တမင်တည်ဆောက်တပ်ဆင်ထားလေသည်။ ထို့ပြင် အလွတ်စုံထောက်တစ်ဦးကို ငှားရမ်းပြီး သူ့ဇနီးမော်နီတာ ပျောက်ဆုံးနေမှုကို လိုက်လံ ရှာဖွေထောက်လှမ်းစေခဲ့သည်။

ဤအတောအတွင်း၌ ဇနီးသည် မော်နီကာ အလောင်းကြီးမှာ နွေရာသီစံခန်းထဲ၌ ပုပ်ပွနေခဲ့သည်။ တဲလင်းမှာ မိတ်ဆွေဟောင်းတစ်ဦးဖြစ်သူ မစ္စစ်လိုင်ဒါ ဘလက်စတော့နှင့် စတင်စခန်းသွားခဲ့သည်။ သူ့အိမ်၌ သူမသည် လေးငါးညအိပ်ခဲ့သည်။ သူအိပ်ခန်းထဲ၌ နှစ်ယောက်အတူအိပ်ခဲ့ကြသော်လည်း ပြည့်ပြည့်ဝဝချစ်တင်းနှောနိုင်ခဲ့ချေ။ မစ္စစ်လိုင်ဒါက မော်နီကာ အကြောင်းများကို တဲလင်းပြောပြ၍သိခဲ့ရသည်ဟု ဆိုပါသည်။ သူပြောပြချက်အရ သူမမှာအရက်ခိုး ဆေးရှူသူဖြစ်ပြီး မိန်းမချင်း လိင်တူချင်းသံဝါသပြုသူဖြစ်ကြောင်းလည်း သိခဲ့ရကြောင်း၊ မိုက်ကယ် တဲလင်း ပြောပြ၍ မော်နီကာဇာတိရပ်ရွာ အမေရိကန်နိုင်ငံသို့ ပြန်သွားပြီဖြစ်ကြောင်းနှင့် သို့အတွက်သူ့အနေဖြင့် ဝမ်းသာနေကြောင်းသိရှိခဲ့ရသည် ဟုဆိုပါသည်။ အခင်းဖြစ် အမှုကြားနာစစ်ဆေးစဉ် တရားခွင်၌သူမအား မစ္စလိုင်ဒါ ခင်ဗျား–အလည်အပတ်ရောက်ခဲ့တဲ့ တဲလင်းရဲ့အိမ်ကြီးထဲမှာ မော်နီကာရဲ့ အလောင်းရှိနေတဲ့အကြောင်း အရိပ်အမြွက်မျှ သူက ပြောမပြခဲ့ဘူးလား'' ဟူ၍ မေးမြန်းစစ်ဆေးခဲ့သည်။ သူမက လုံးဝပြောမပြခဲ့ကြောင်း ထွက်ဆိုသွားခဲ့လေသည်။

မကြာသေးခင်ကမှ ခင်မင်သိကျွမ်းခဲ့သူ တစ်ခုလပ်အမျိုးသမီး– မစ္စစ်ဆူဆန်ဘရိုက်နှင့် မော်နီကာကွယ်လွန်ပြီးမှ တဲလင်းအတူအိပ်ခဲ့သည်။ သူတို့နှစ်ဦး နေ့ပေါင်းများစွာ၊ ညပေါင်းများစွာ အတူ အိပ်စက်ခဲ့ကြပြီး သူတို့စုံတွဲဟိုတယ်တစ်ကာ၌ အတူနေ့လည်စာ၊ ညစာအတူစားခဲ့ကြသည်။ မစ္စစ်ဘရိုက်က"တဲလင်းဆိုတဲ့လူဟာ ကြည့်တော့စိတ်ဂယောင်–ခြောက်ခြားနဲ့ အင်မတန်ကိုစကားပေါက် စကားစရှာကြီးများတဲ့သူပဲ–ကျွန်မကသူ့ကိုမော်နီကာထံမှ ဘာသတင်းများရခဲ့သေးသလဲလို့ မေးခဲ့တယ် သူကခုလို သူမအမေရိကမှာ ရောက်နေပြီလို့တစ်ကြောင်းပြောပြခဲ့ပါတယ်" ဟူ၍ ထွက်ဆိုသွားခဲ့သည်။

၁၉၈၃–ခုနှစ်၊ စက်တင်ဘာလအတွင်း၌ တဲလင်းသည် ဗင်ကားကလေးတစ်စင်း ငှားရမ်းပြီး မော်နီကာ အလောင်းကြီးကိုတင်၍ ဒေဗွန်ရှိုင်းယားခရိုင်သို့ မောင်းနှင်လာခဲ့သည်။

နောက်( ၂ )ရက်အကြာ၌ ဒေဗွန်မြို့သား တစ်ယောက်ဦးခေါင်းပြတ်အလောင်းကြီးအား တက်ခလုတ်တိုက်မိရာမှ သက်ဆိုင်ရာ ရာဇဝတ်ဘက်သို့ သတင်းရောက်ရှိသွားခဲ့သည်။ သို့သော်လည်း သူမခန္ဓာကိုယ်၌ ဝတ်ဆင်ထားသော တီရှပ်အင်္ကျီကြီးမှာ အထင်းသားတွေ့ရှိနေရသည်။ အလောင်းမှာဦးခေါင်းပြတ်နေသော်လည်း ဆံပင်အပိုင်းအစများနှင့် ကြွေကျကျန်ရစ်ခဲ့သော သွားအချို့ကိုလည်း တွေ့ရ၏။

သည်းထိတ်ရင်ဖိုစရာအနိဋ္ဌာရုံအလောင်းကြီး တွေ့ရှိရသည်သတင်းမှာ တမုဟုတ်ချင်း ပြန့်နှံ့သွားခဲ့လေသည်။ ယင်းသတင်း



ကြောင့်မစ္စစ်ရီချတ်ဆန်၏ စိတ်ဝင်စားမှုမှာ နိုးကြားလာခဲ့သည်။ ယခုတွေ့ရှိခဲ့သော အလောင်းခန္ဓာကိုယ်တွင် ဝတ်ဆင်ထားသော တီရှပ်အင်္ကျီမျိုးတစ်ထည် မော်နီကာ၌ရှိခဲ့ကြောင်း အတတ်သိထားသူဖြစ်၏။ သူမခင်ပွန်းဖြစ်သူတဲလင်းက မိမိမော်နီကာ့ကို သတ်ခဲ့မိကြောင်း ဝန်ခံခဲ့ရာ သူမစိတ်ထဲ ရှုပ်ရှုပ်ထွေးထွေး ဦးနှောက်ခြောက်မတတ် ဖြစ်သွားခဲ့သည်။ သူကပင် သူမအလောင်းကြီးမှာ နွေရာသီစံခန်းဆောင်ထဲတွင် ပုပ်ပွန်းစော်နေပြီဖြစ်ကြောင်း ပြောပြခဲ့သည်ဟု ထွက်ဆိုအစစ်ခံသွားခဲ့သည်။

မစ္စစ်ရီချတ်ဆန်မှာ တဲလင်း၏စကားကို မယုံကြည်သော်လည်း နောက်ဆုံး၌ သက်ဆိုင်ရာရဲစခန်းသို့ အခင်းဖြစ်လူသတ်မှုကိုပေးပို့အကြောင်းကြားခဲ့သည်။ ဤအခြေ၌ နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြပါရှိသည့် ဦးခေါင်းမဲ့အလောင်းကြီး၏ ပုံပန်းသဏ္ဌာန်တို့နှင့် ပျောက်ဆုံးနေသော အမျိုးသမီးငယ်တို့၏ ပုံပန်းအနေအထားနှင့် ဆက်စပ်ကာ တစ်ယောက်တစ်ပေါက်မည်သူဖြစ်နိုင်မည်ဟု ထင်ကြေးပစ်နေခဲ့ကြလေသည်။ သို့ရာတွင် အိတ်ဇီဘာမြို့ပြင် ကြေးနန်းဌာနခွဲ တောင်ကုန်းတွင် တွေ့ရှိခဲ့ကြသော ဦးခေါင်းမဲ့အမျိုးသမီး အလောင်းဘေးမှ တွေ့ရှိရသည့်လူသွား အချို့တို့ကို သွားဘက်ဆိုင်ရာစစ်ဆေးကြည့်ခဲ့ကြသည်။ အသတ်ခံရသူအမျိုးသမီးမှာ မသေခင်က သွားဖုံးရောဂါ ပြင်းထန်စွာ ခံစားခဲ့ရကြောင်း စစ်ဆေးတွေ့ရှိခဲ့ကြသည်။ တဲလင်း၏ဇနီးသည် မော်နီကာမှာလည်း မကြာသေးမီက သွားဖုံးရေစီးကမ်းပြိုရောဂါကြောင့် ခွဲစိပ်ကုသခံခဲ့ဖူးသည်။

ဒေဗွန်ခရိုင်မှုခင်း ထောက်လှမ်းရေးဌာနမှ စုံထောက်များ ဝက်စ်ဝိုင်စံအိမ်ထွန်းသို့ သွားရောက်ပြီး အခင်းဖြစ်လူသတ်မှု နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခဲ့ရာ ကားဂိုဒေါင်ထဲရှိ တိုလီမိုလီ ဖိနပ်ဟောင်းများသိမ်းဆည်းထားရာ ဘီဒိုကလေးထဲမှ အမျိုးသမီး လူသေခေါင်းခွံကြီးတစ်လုံး ရရှိခဲ့သည်။ တယ်လီဂရပ်ဖ်ဟီးလ် ခေါ် ကြေးနန်းတောင်ကုန်းပေါ်မှ ခေါင်းပြတ်နေသော အမျိုးသမီး အလောင်းကြီး တွေ့ရှိပြီးနောက် ရက်သတ္တတစ်ပတ်တိတိအကြာ၌ ထိုအမျိုးသမီး ဦးခေါင်းခွံကြီးကို တွေ့ရှိခဲ့ကြရခြင်းဖြစ်သည်။ သို့နှင့် မိုက်ကယ် တဲလင်းအား လူသတ်မှုဖြင့် သက်ဆိုင်ရာ ရာဇဝတ်ဘက်မှ ဖမ်းဆီးခဲ့ကြသည်။

မော်နီကာသတ်မှုဖြင့် ပတ်သက်၍ တဲလင်းကရဲအရာရှိတို့ ထံ ဖြောင့်ချက်ပေးခဲ့သည်။ အမှုစစ်ရဲအရာရှိစုံထောက်အရာရှိတို့ ကဇနီးဖြစ်သူ မော်နီကာအား ဘာကြောင့်သေနတ်ဖြင့် ပစ်သတ် ခဲ့ကြောင်းမေးမြန်းရာ တဲလင်းက ''သတ်ရတဲ့အကြောင်းကတော့ ရှိပါတယ်။ အဲ–ဂဃနဏကျုပ်လည်းရှင်းမပြတတ်ဘူးခင်ဗျ။ အင်း ဒီမိန်းမကိုက မသတ်ချင်သတ်ချင်အောင် ဆွပေးနေခဲ့တာကလား။ ဒါနဲ့ကျုပ်လည်း ဒေါသဖြစ်ဖြစ်နဲ့ ပစ်သတ်ခဲ့တာပဲ ဒီမိန်းမ ယုတ်ကန်းတာတွေပြောရမယ်ဆိုယင် ရာဇဝင်ဒုတ်ထမ်း ပြောရမှာ ဖြစ်တယ်'' ဟူ၍ဖြေကြားခဲ့လေသည်။

ကြောက်စရာ၊ လန့်စရာအကြောင်းတွေက အများကြီးတဲ့ တဲလင်း၏ထွက်ဆိုချက်မှာ အခင်းဖြစ်လူသတ်မှုတရပ်လုံး၏ သင်္ချိုင်းကဗ္ဗည်းမော်ကွန်းပင်ဖြစ်နေပေသည်။ သူ့အား ဇနီးသည်



မော်နီကာအား သတ်ပြီးမှ ဘာကြောင့်ဦးခေါင်း ဖြတ်ပစ်ရပါသ နည်းဟု အမှုစစ်ရဲတို့က မေးမြန်းခဲ့ရာ တဲလင်းက'' ကျုပ်မိသားစု ဂုဏ်သိက္ခာအတွက် ဒီမိန်းမအလောင်းကို မမှတ်မိစေချင်လို့ဆိုပါ တော့ဗျာ၊ ပြီးတော့သူမသေသွားသည့်တိုင် ကျုပ်နဲ့ပဲမကင်းမကွာ ရှိနေစေချင်လို့ခုလို ခေါင်းဖြတ်ပြီး သူထားခဲ့ခြင်းဖြစ်ပါတယ်'' ဟူ၍လည်း ထွက်ဆိုသွားခဲ့သည်။

အခင်းဖြစ်လူသတ်မှုကို အိတ်ဇီဘာမြို့နယ် ရာဘက်တရား ရုံးတော်၌ ၁၉၈၄ ခုနှစ်တွင် ရာဇဝတ်ကြီးပုဒ်မဖြင့် တရားစွဲဆို အမှုဖွင့်ခဲ့သည်။ တရားခံ တဲလင်းက ရုံးတော်တွင် မိမိလူသတ်မှု မကျူးလွန်ခဲ့ကြောင်း ထုချေလျှောက်ထားခဲ့သည်။ သို့ရာတွင် တဲလင်း၌ စောင့်စည်းရမည့်– တာဝန်ဝတ္တရား ပျက်ယွင်းမှုကြောင့် သေမှုသေစေကြိုတင်ကြံစည်မှုမပါသည့် လူသတ်မှုကျူးလွန် ကြောင်း ပြစ်မှုထင်ရှားခဲ့လေသည်။

နေ့စဉ်ထုတ် သတင်းစာမျက်နှာဖုံးခေါင်းစည်းပိုင်း၌''ကြောက် စရာစံအိမ်တော်ကြီးအတွင်းမှ ရာဂမယ်တဲလ်သခင်မ'' ''ဦးခေါင်း မဲ့ အမျိုးသမီးအလောင်းကြီး'' စသည့်ဖြင့် စာလုံးမဲကြီးများဖြင့် ဖော်ပြပါရှိလာခဲ့သည်။ ရုပ်ထဲရွာထဲ၌လည်း ဇနီးသည်မော်နီကာ ခေါင်းဖြတ်ပြီး– (၂၄) နာရီအကြာ၌ လင်ဖြစ်သူလူသတ် သမား တဲလင်းမှာ မယားငယ်–မစ္စစ်ဘရိုက်နှင့် တိုက်ဝိုင်ကွန့် ဟော်တယ် ၌ တရုတ်စာစားကြယင်း အကြည်ဆိုက်ခဲ့ကြသည်ဟုတစ်ယောက် တစ်ပေါက် ပြောဆိုနေခဲ့ကြသည်။

အကယ်၍သာ နေ့စဉ်ထုတ်သတင်းစာများက အခင်းဖြစ်

ထိတ်လန့်တုန်လှုပ်စရာ အံ့ဖွယ်ရာလူသတ်မှုအကြောင်း အသေးစိပ်ဆက်လက်ရေးသားဖော်ပြနေမည်ဆိုပါလျှင် ယင်းအမှုကြားနာစစ်ဆေးနေရာ တရားခွင်၌ ပြဿနာနှင့် စပ်လျဉ်း၍ အငြင်းပွားဖွယ်ဖြစ်လာမည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်ပါသည်။ တရားခံသည် သူ့ဇနီးမော်နီကာအား သတ်ဖြတ်ခဲ့သည်ဆိုခြင်းကို မည်သူမျှ မငြင်းခဲ့ကြပေ။ သူ့ကိုယ်တိုင်ကပင် အခင်းဖြစ်လူသတ်မှုနှင့် ပတ်သက်၍ မည်သို့မည်ပုံသတ်ဖြတ်ခဲ့ကြောင်းကိုလည်း အကျယ်တဝင့်ဖြောင့်ချက်ပေးခဲ့ပြီး ဖြစ်၏။ ယခုပေါ်ပေါက်လာသည့် ပြဿနာမှာ တရားခံတဲလင်း၌ သူကျူးလွန်ခဲ့သော ပြစ်မှုအတွက် တာဝန်ရှိ မရှိ အငြင်းပွားမှုပင်ဖြစ်သည်။

တရားလိုအကျိုးတော်ဆောင် ရှေ့နေကြီးက တရားခံ တဲလင်းအပေါ်လူသတ်မှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ရန် ဖိအားပေးနေခဲ့သည်။ အခင်းဖြစ်အမှုမှာ အံ့သြထိတ်လန့် တုန်လှုပ်ဖွယ်ရောင်းလှသော တမင်အကွက်ချပြီး သတ်ဖြတ်ခဲ့သည် လူသတ်မှုဖြစ်နေပြီး တရားခံတဲလင်းကိုယ်တိုင်ကလည်း သူ့အား စုံစမ်းစစ်ဆေးမေးမြန်းမခံရအောင် ရှောင်တိမ်းနေခဲ့သည်။ သူကိုယ်တိုင်က မိမိသည် ဇနီးဖြစ်သူမော်နီကာအား အဆုံးမစီရင်ခင် (၄) ရက်အလိုကတည်းက ကြိုတင်စိတ်ကူးကြံစည်ခဲ့ကြောင်း စိတ်ရောဂါကုဆရာဝန်အား ပြောပြခဲ့သည်ဟုသိရှိရ၏။ အခင်းဖြစ်လူသတ်မှုဖြစ်ပွားတော့မည့် ညနေပိုင်းက တဲလင်းသည် သူ့အပေါ် တရားရုံးတော်မှ စွဲချက်တင်ထားသည့်အတိုင်း အခင်းဖြစ်လူသတ်မှု ကျူးလွန်မည့်အချိန်နှင့် နည်းစနစ်တို့ကို ဆုံးဖြတ်ခဲ့သည်မှာ



အမှန်ပင်ဖြစ်၏။ တရားခံဖြစ်သူမှာ စိတ်ဖောက်ပြန်ပုံမှုမမှန်နေလင့်ကစား သူ့ဇနီးသည်အား သတ်ဖြတ်မည်ဟု သံမိဋ္ဌာန်ချထားခဲ့သူဖြစ်သည်။

ထို့နောက်တရားခံတဲလင်းသည် သူကျူးလွန်ခဲ့သော လူသတ်မှုကြီးအား ဖုံးကွယ်ရန်အတွက်ကြိုးပမ်းခဲ့ပြန်သည်။ ဇနီးသည် မော်နီကာ၏ ဘဏ်ချက်လက်မှတ်စာအုပ်ကို ကုန်အောင် သုံးစွဲပစ်ခဲ့သည်။ သူ၏ရည်ရွယ်ချက်မှာ သူမယနေ့ထက်တိုင်သက်ရှိထင်ရှားရှိနေသေး၍ ငွေများသုံးစွဲနေခဲ့ခြင်းဖြစ်ကြောင်း အလီဘိုင်သက်သေထူပြခြင်း ဖြစ်သည်။ သူ့ဇနီးသည်ပျောက်ရှာပုံတော်ဖွင့်ရန် အလွတ်စုံထောက်နှစ်ယောက်ကိုလည်း ငှားရမ်းစုံစမ်းထောက်လှမ်းစေခဲ့သည်။ တဲလင်းသည်ဇနီးသည် မော်နီကာ၏အလောင်းကို တိတ်တဆိတ်တူးဖော်ရန် တမင်ဉာဏ်ဆင်၍ ဒေဗွန်သို့ အမဲပစ်ခရီးထွက် ဟန်ဆောင်ခဲ့သည်။ တရားခွင်၌ သူအား တရားကို ရှေ့နေကြီးကသူ၏ ဦးခေါင်းပြတ်ကြီး သူ့အိမ်မှ ရှာဖွေတွေ့ရှိခဲ့သည့် သက်သေခံအထောက်အထားနှင့်ပတ်သက်၍ မေးမြန်းခဲ့ရာ သူက ဤသို့ပြန်လည် ဖြေကြားခဲ့သည်။ မော်နီကာအလောင်းမှ ဦးခေါင်းကို တမင်ဖြတ်၍ ယူခဲ့ခြင်းမှာ အလွမ်းပြေသတိရရန် အမှတ်တရအဖြစ်ယူလာခဲ့ခြင်းမဟုတ်ဘဲ လူသေအလောင်း မည်သူမည်ဝါဖြစ်ကြောင်း မမှတ်မိစေရန်သာဖြစ်သည်ဟု ဖြေကြားခဲ့သည်။

အခင်းဖြစ်လူသတ်မှုတရားခံ တဲလင်း၏လုပ်ရပ်တို့သည် မည်မျှရက်စက်ယုတ်မာကောက်ကျစ်စဉ်းလဲကြောင်း ထင်ရှားနေပါ

လျှက် စိတ်ရောဂါကု ဆရာဝန်များ၊ သူ၏သူငယ်ချင်းမိတ်ဆွေများနှင့် ဆွေမျိုးမိတ်သင်္ဂဟတို့သည် မျက်ကွယ်ပြု၍ တရားခံမှာ စိတ်မနှံ့သူဖြစ်ကြောင်း ဖွတ်မိုက်၍ အကာအကွယ်ပြုခဲ့ကြသည်။ တရားခံအကျိုးတော်ဆောင် ရှေ့နေကြီးက တရားခံတဲလင်း၏ အပြုအမူဖြစ်သည့် ကိုယ့်ဇနီးကိုယ်သတ် ခေါင်းဖြတ်၍ယူဆောင်လာခဲ့ခြင်းနှင့် ကိုယ်ရည်ကိုယ်သွေးဖောက်ပြန်မှုကို အကြောင်းပြဖိအားပေးရန်ခုခံထုချေ လျှောက်လဲခဲ့လေသည်။ တရားခံ၏မိခင်ဖြစ်သူ ဆံဖြူခါးကိုင်းအဘွားအိုကလည်း သက်သေခံဝက်ခြံထဲမှနေ၍ သူမ သားတဲလင်း ကလေးဘဝအရွယ်က မိမိနှင့်ဖခင်ဖြစ်သူ အရက်သမားကြီးအကြား နေ့စဉ်နှင့်အမျှ ကလန်ကဆန်ဝုန်းတိုင်းကျဲခဲ့ပုံကို ပြန်လည်ပြောပြ လျှောက်လဲ ထုချေခဲ့သည်။ သူမသားသည် မကြီးမငယ်ကလေးသာသာအရွယ်က ကိုယ်တုံးလုံး ဝတ်လစ်လစ်ဖြင့် အရပ်ထဲပြေးလွှားခဲ့ကာ ကားကြီးကားငယ် အသွယ်သွယ်ပြေးလွှားနေသော ယာဉ်ကြောရှိရာကားလမ်းမပေါ် ရူးသွပ်ပြေးလွှားခဲ့ကြောင်း၊ သူကိုယ့်သူလည်းနှစ်ကြိမ်တိုင်တိုင် သေကြောင်းကြံစည်ခဲ့ပုံကိုလည်း စီကာပတ်ကုံးတင်ပြထွက်ဆိုခဲ့သည်။ သူမအနေဖြင့် သားဖြစ်သူတဲလင်းမှာငယ်စဉ်ကစ၍ အမိအဖ မေတ္တာငတ်ခဲ့သူဖြစ်ကြောင်း ဝန်ခံဖြောင့်ချက်ပေး ထွက်ဆိုသွားခဲ့သည်။ သူမက မိုက်ကယ်လ်(တဲလင်း)ရဲ့ ပြဿနာ ပေါင်းသောင်းခြောက်ထောင်ဟာ ငယ်စဉ်ဘဝက သူ့ရဲ့ အထီး ကျန်နေခဲ့ရမှု၊ စိတ်မချမ်းမြေ့ခဲ့ရမှုတို့အပေါ် 'အခြေခံခဲ့ပါတယ်'' ဟူ၍ထွက်ဆိုခဲ့သည်။



သူ၏မိခင် သက်သေခံထွက်ဆိုနေသည်ကို ကြားရသောအခါ တရားခံတဲလင်းမှာ ဝက်ခြံကလေးထဲ၌ ချုံးမည်းချငိုကြွေးလေတော့သည်။ တရားသူကြီး၏ ကြားနာစစ်ဆေးနေခြင်းကိုလည်း(၁၅)မိနစ်မျှ ကြန့်ကြာသွားစေခဲ့ပြီး သူ၏ရှေ့နေမှ တဆင့်ကြားနာစစ်ဆေးခြင်းကို ရက်ရွှေ့ဆိုင်းပေးပါရန် စာဖြင့်ရေးသားတောင်းဆိုခဲ့သည်။ သူ၏စာတိုကလေးမှာ စာလုံးပေါင်းများထူးဆန်းစွာပေါင်းထားပြီး အမှားအယွင်းများနှင့် ရေးသားထားခြင်းဖြစ်သည်။ သူက'' ကျုပ်အမေကို ဒီတရားခွင်က အမြန်ခေါ်ထုတ်သွားရင်သွား– မသွားလို့ကတော့ တရားလိုရှေ့နေကြီးကြားနာစစ်ဆေးနေတာကို ထသတ်မိလိမ့်မယ်'' ဟုကြမ်းကြမ်းတမ်းတမ်းစိန်ခေါ်ခဲ့ခြင်းဖြစ်သည်။

ထိုနေ့က ကြားနာစစ်ဆေးစဉ် တရားခွင်၌ အခင်းဖြစ်ဇနီးသည် မော်နီကာ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့မှုနှင့် ပတ်သက်သည့်သတင်းစာပါမှုခင်းသတင်းကို ဖတ်ကြားအပြီး အမှုနှင့်မပတ်သက်သော သက်သေခံပုဂ္ဂိုလ်တစ်ဦး သက်သေခံရန် ဝက်ခြံကလေးအတွင်းသို့ ဝင်ရောက်လာခဲ့သည်။ ထိုသက်သေမှာ တရားခံ မိုက်ကယ်တဲလင်းနှင့် ကျောင်းနေဖက်သူငယ်ချင်းတစ်ဦးဖြစ်လေသည်။ ထိုသူအား မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် တဲလင်းမှာ ဂူးဂူးဝါးဝါး ရူးသွပ်သလို စိတ်ဖောက်ပြန် ခြောက်ခြားသွားသကဲ့သို့ ဖြစ်သွားခဲ့သည်ကို တွေ့ရှိကြရ၏။ ယင်းသက်သေသူငယ်ချင်း၏အမည်မှာ ဘာဘရမ်လီလေး ဖြစ်သည်။ သူက ငယ်စဉ်ကျောင်းသားအပေါင်းအသင်းတို့ ဗိုလ်ကျ အနိုင်ကျင့်ခဲ့ပုံကို

ပြန်ပြောင်းထုတ်ဖော် တင်ပြသွားခဲ့သည်။ မည်သို့ပင် သူ့အပေါ် ဖိုလ်ကျခဲ့သော်လည်း သူသည်အင်မတန်မှ သည်းငြီးခံလေ့ ရှိခဲ့သည်ဟု ဆိုပါသည်။ အပေါင်းအသင်း ကျောင်းသားတို့က သူတို့ကစားခုန်စားတိုင်း၌ တဲလင်းအားပါဝင်စေပြီး ဒဏ်ရာ အနာတရ မရရအောင် ဝိုင်းညစ်ကြ၊ နှိပ်စက်အနိုင်ကျင့်ခဲ့ကြသဖြင့် သွေးထွက်သံယိုဟု အနာတစ်ရဖြစ်ခဲ့ပေါင်းလည်း မနည်းခဲ့၊ ဒဏ်ရာအနာတစ်ရကြောင့်လည်း နောက်ထပ်မကစားနိုင်ဖြစ်ခဲ့ရကြောင်းနှင့် သူ၏ သည်းညည်းခံစိတ်ကို တင်ပြသက် သေခံထွက်ဆို သွားခဲ့သည်။

ထိုစဉ်ကတရားခံသက်သေ ငယ်ပေါင်းလီလေး၏ မိဘများသည် အာဖရိက၌ နေထိုင်ခဲ့ကြသည်။ တဲလင်း၏ စာသင်နှစ်ထက်ဝက်မျှ တည်းခိုပြီး အတူနေခဲ့ကြသည်။ သူကရှေးဟောင်းနှောင်းဖြစ် ထိုအိမ်ကြီးသည့်ခန်းတွင် နေထိုင်ခဲ့ရသည်ထက် မိုင်ပေါင်းများစွာ ဖြတ်သန်းပြီး အာဖရိက မိဘရပ်ထံသွားခဲ့ရသည်ကပို၍ နှစ်သက်ဖွယ်ကောင်းကြောင်းကိုလည်း ထည့်သွင်းပြောပြသွားသည်။

ယင်းသို့ဘာဘရပ်လီလေးက ရှေးဟောင်းနှောင်းဖြစ်တို့ကို တစ်စွန်းတစ်စထုတ် အစစ်ခံထွက်ဆိုသွားသည်ကို ကြားရသဖြင့် တရားခံတဲလင်းမှာ မျက်ရည်များဝိုင်းလာခဲ့သည်ကို တွေ့ရှိကြရသည်။ ယင်းကဲ့သို့ သူ၏အပြုအမူလှုပ်ရှားမှုသာ မတွေ့ကြရလျှင် တဲလင်း၌ စိတ်ရောဂါရှိမရှိ ပြဿနာမှာ ပဟေဠိသဖွယ် ဖြစ်နေပေတော့သည်။ တရားခံ ဝက်ခြံကလေးအတွင်းထဲ၌မြင်ရသည့်



တဲလင်းပုံပန်းမှာ ဦးခေါင်းဆံပင်တို့ ထွက်ခဲ့သဖြင့် ထိပ်ပြောင်လုနီးပါးဖြစ်နေသည်။ အပြောက်အပြောက်ဝတ်စုံကို ဝတ်ဆင်ထားပြီး ကြားနာစစ်ဆေးနေသည်ကို အာရုံနှစ်မြုပ်စူးစိုက် နားထောင်နေသည်ကို တွေ့ရှိရသည်။ တရားခံသက်သေ စိတ်ရောဂါကုဆရာဝန်တစ်ဦးက အသတ်ခံရသူ မော်နီကာ၏ လင်သားဖြစ်သူ တဲလင်းအပေါ် စော်ကားခံပုံအကြောင်းကို တင်ပြလျှောက်လဲထွက်ဆိုသွားခဲ့သည်။ လင်ရှေ့၌ သူတစ်ပါးနှင့် ကာမဂုဏ်ပျော်ပါးပြကာ စော်ကားခံမှုစိတ်ရောဂါသည် တရားခံ တဲလင်းကို မဆိုထားနှင့် လူသာမန်စိတ်မှန်သူတစ်ယောက်တောင် အရှက်တကွဲအကျိုးနဲဖြစ်ခဲ့ရပြီး ဒေါသမီးတောက်လောင်မည့် အကြောင်းဇီကာ ပတ်ကုံးတင်ပြထွက်ဆိုသွားခဲ့လေသည်။ ထိုသူက ဆက်လက်၍ တင်ပြသည်မှာ ဤမျှမခံချင်အောင် စိတ်ကို ဆွပေးခဲ့ခြင်းကို တဲလင်းကို စိတ်ဖောက်ပြန်သူပြောင်းဆန်အောင် ခံစားရမည်ဖြစ်ကြောင်းနှင့် သူ့အဖို့ မှားသည်မှန်သည်၊ ကောင်းသည် ဆိုးသည် မခွဲခြားတတ်အောင်စိတ်ချောက်ခြား ဖောက်ပြန် ရူးသွပ်သွားမည်သာဖြစ်ကြောင်း၊ တရားခံ စိတ်ရောဂါလူသတ် သမားသည် သူ့ဇနီးမော်နီကာအား သတ်ဖြတ်စဉ်အချိန်က ဒေါသပြင်းထန် စိတ်ဖောက်ပြန်နေသဖြင့် လုပ်ရပ်မှန်သည် မှားသည်၊ ကောင်းသည်၊ ဆိုးသည်ကို မည်သို့လျှင်ခွဲခြားဝေဖန် သုံးသပ်နိုင်မည်– မဟုတ်ကြောင်း တင်ပြလျှောက်လဲထွက်ဆိုသွားခဲ့လေသည်။

အခင်းဖြစ်လူသတ်မှုကြားနာစစ်ဆေးနေသည့် ရုံးတော်မှ

ရာဘက်တရားသူကြီးက နှစ်ဘက်ရှေ့နေရှေ့ရပ်တို့နှင့် ရှေ့နေတို့တင်ပြလျှောက်လဲသွားခဲ့ကြသည်တို့ကို ပြန်လှန်သုံးသပ်ပြီး စိတ်ရောဂါကုဆေးပညာဆိုင်ရာ ထွက်ဆိုလျှောက်လဲချက်တို့မှာ သိပ္ပံနည်းကျယုတ္တိဘူတမကျနကြောင်း ရုံးတော်သို့သတိပေးမိန့်ကြားခဲ့သည်။ နောက်ဆုံး၌ ယင်းအခင်းဖြစ်အမှုအပြီး သတ်အမိန့်ချမှတ်ရန် ဂျူရီလူကြီးတို့အား တရားခံတဲလင်း၌ အပြစ်ရှိမရှိကောက်ချက်ချစေခဲ့သည်။ သူတို့ကြည့်ရသည်မှာ စိတ်ရောဂါကုဆရာဝန်ဆေးပညာရှင်တို့ တင်ပြခဲ့သည့် တရားခံမှာစိတ်မမှန်သူဖြစ်ကြောင်းအချက်ကို သဘောတူလက်ခံလိုကြဟန် တူပေသည်။ သူနှင့် ဂျူရီလူကြီးတို့(၂၁)နာရီကြာမျှ အချင်းချင်းဆွေးနွေးတိုင်ပင်ကြပြီး အခင်းဖြစ်အမှု၌ တရားခံလူသတ်သမားတဲလင်းမှာ တမင်သေစေလိုသည့်သဘောဖြင့် ရန်ငြိုးဖွဲ့သတ်ဖြတ်ခဲ့ခြင်းမဟုတ်ဘဲ ရန်ငြိုးမဲ့လူသတ်မှုကျူးလွန်ခဲ့ကြောင်း ထင်ရှားသည့်အခြေခံအကြောင်းတရားများပေါ် မူတည်၍ ကောက်ချက်ချခဲ့ကြသည်။

တရားခံမိုက်ကယ်တဲလင်းအား စိတ်ဖောက်ပြန်မှုရောဂါမရောက်မခြင်း အစောင့်အရှောက်နှင့် ထောင်တစ်သက်လွတ်ရက်မရှိအပြီးသတ် အမိန့်ချလိုက်လေသည်။ ။



# (၁၀) "သံသယသားကောင်"

ကမ္ဘာ့ရာဇဝတ်မှုခင်း နှစ်စဉ်မှတ်တမ်း၌ တွေ့ရှိလေ့လာမှတ်သားရသည့်လူမဆန်စွာ ရက်စက်ကြမ်းကြုတ်သည့် ဂုဏ်သိက္ခာမဲ့ဆရာဝန်များဖြစ်ကြပြီး အဆိပ်လက်နက်ကို သုံးစွဲခဲ့ကြခြင်း ဖြစ်ပါသည်။ ယင်းဆရာဝန်များအနက် ဒေါက်တာရပ်တန်၏ အခင်းဖြစ်လူသတ်မှုမှာအမှားနှင့်မတူ ခြားနားနေသည်ကို တွေ့ရှိရ၏။ သူ၏ ဆေးပညာဗဟုသုတအသိပညာကို အဆိုပြု၍သူ၏လူမဆန်လွန်းသည့်ရက်စက်ကြမ်းကြုတ်မှုကြီးကို အထိတ်တလန့်ဖြစ်အောင် ဖန်တီးကာ ဖုံးကွယ်ခဲ့လေသည်။ သို့သော်လည်း အခင်းဖြစ် လူသတ်မှုပါအချက်အလက်တို့က သူ၏မထိန်းနိုင်မသိမ်းနိုင်စိတ်လှုပ်ရှားမှုကြောင့် မစူးမစမ်း အကောင်းအဆိုး အကြောင်းအကျိုး ဆင်ခြေတုံတရားလက်လွတ်ပြီး သွေးရူးသွေးတမ်းစိတ်လိုက် မာန်ပါပြုမှုကို မည်သည့်သိပ္ပံပညာ မည်သည့် လျှို့ဝှက်နက်နဲသော အတတ်ပညာမှ ဖုံးကွယ်ခြင်းငှာမရစကောင်းပေ။ ၁င်စစ် သူကျူးလွန်ခဲ့သော အခင်းဖြစ်လူသတ်မှုမှာ ချစ်ကြွေးမပြေ ရာဇဝတ်မှုခင်းတစ်ရပ်သာ ဖြစ်ပါသည်။

လူသတ်သမား ဆရာဝန်ရပ်တန်မှာ အိန္ဒိယနိုင်ငံ၊ ဘုံဘေမြို့တွင်မွေးဖွားခဲ့ပြီး၊ သူ၏မူလနာမည်မှာ ဘတ်ခယာရပ်တာမ်ဂျီဟာကင်ဖြစ်သည်။ မိခင်နိုင်ငံမှပင် ဆရာဝန်ဘွဲ့ရရှိခဲ့ခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံမိခင်တိုင်းပြည်ကို စွန့်ခွာခဲ့ပြီး အင်္ဂလန်သို့ပြောင်းရွှေ့နေထိုင်ခဲ့ပြီး လန်ဒန်ဆေးတက္ကသိုလ်၌ ဆက်လက်

ပညာသင်ကြားခဲ့ကာ ဆေးပညာဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ အီဒင်ဘတ် ဆေးတက္ကသိုလ်မှ ဘွဲ့လွန်ဆေးပညာတို့ကို ဆည်းပူးခဲ့ပြီး အင်္ဂလန်နိုင်ငံ လန်ကက်စ်ရှိုင်းယားပြည်နယ်၊ လန်ကက်စ်တားမြို့၌ ၁၉၃၀ ခုနှစ်တွင် စတင်လက်တွေ့ဆေးကုသခဲ့လေသည်။ ထိုအချိန်မှစ၍ သူ့မူလနာမည်ကို ပြောင်းလဲပြီး ဒေါက်တာဘတ်ရပ်တန် ဟူ၍ မှည့်ခေါ်ခဲ့သည်။

စကော့တလန်နိုင်ငံ အီဒင်ဘတ်တက္ကသိုလ်မှ ဘွဲ့လွန်ပညာများစုံလင်အပြီး လန်ဒန်သို့ပြန်လာရာ၌ အဇ္ဇဘဲလာအမည်ရှိ အိမ်ထောင်ရှိအမျိုးသမီးတစ်ဦး သူနှင့်အတူတစ်ပါးတည်း လိုက်ပါလာခဲ့သည်။ ဆရာဝန်နောက်လိုက်သွားသဖြင့် သူမခင်ပွန်းက သူမအား ကွာရှင်းပစ်ခဲ့သည်။ အဇ္ဇဘဲလာသည် ဒေါက်တာရပ်တန်အား တရားဝင်လက်မထပ်ခဲ့သော်လည်း ဇနီးမယားအဖြစ် အတူတကွ ပေါင်းသင်းနေထိုင်ခဲ့သည်။ နှစ်ဦးသဘောတူ ပေါင်းသင်းနေထိုင်ခဲ့ကြရာ သားသမီး(၃)ယောက် ထွန်းကားခဲ့သည်။ အများတကာက သူမအား မစ္စစ်ရပ်တန်အဖြစ်ဖြင့် သိရှိထားခဲ့ကြပြီး ဆက်ဆံပေါင်းသင်းနေခဲ့ကြသည်။

သူတို့ဇနီးမောင်နှံ လန်ကက်စတာမြို့၊ ဒဲလ်တန်စကွဲယားနံပါတ်(၂) နေအိမ်၌ သားသမီးသုံးဦးနှင့်အတူ အခြေချနေထိုင်ခဲ့ကြသည်။ ဆရာဝန်ရပ်တန်မှာ သူ၏အသက်မွေးဝမ်းကြောင်းမှု ဆေးပညာအစွမ်းအစကြောင့် ဂုဏ်သတင်းကြီးကာ သူ၏လူနာများ၏ အားကိုးခြင်း၊ ကြည်ညိုလေးစား ယုံကြည်မှုကို ခံယူခဲ့ရသည်။ မည်သို့ပင်ဖြစ်စေကာမူ ဒေါက်တာရပ်တန်နှင့် သူ၏တရား



မဝင်ဇနီးသည်တို့နှစ်ဦးမှာ ''သံသာလေကမ်းတိုင်၊ တူပြိုင်လေကူးမယ်ပဲ့၊ ဆုထူးငယ်ပန်ရွှယ်သွန်း'' ဆိုသကဲ့သို့ သေတပန်သက်တဆုံး မခွဲစတမ်းခိုင်မြဲသော သမုဒယနှောင်ကြိုး ရစ်ပတ်နေခဲ့ကြသည်ကို မည်သူမျှမငြင်းနိုင်ကြချေ။ သို့သော်လင်နှင့်မယား လျှာနှင့်သွား ဆိုသလို သူတို့လင်မယားတစ်ကျက်ကျက် ခွန်းကြီးခွန်းငယ် ရန်ဖြစ်ကြပြီး မကြာမကြာသတ်ကြ၊ ပုတ်ကြ၊ ရိုက်ကြ၊ နှက်ကြသည်အထိ အချင်းများခဲ့ကြသည်။ လင်မယား အခန့်မသင့် သည့်အခါ ရိုက်ကြ၊ ပုတ်ကြသည်အထိ ရန်ဖြစ်ခဲ့ကြသော်လည်း ပြီးတော့လည်း ပြီးသွားခဲ့ကြကာ အချစ်နှလံထခဲ့ကြစမြဲဖြစ်သည်။ တရားခံဒေါက်တာရပ်တန်၏ ဇနီးမယားအား သတ်ဖြတ်မှုကို သက်ဆိုင်ရာ ရာဇဝတ်တရားသူကြီး ရုံးတော်၌ ကြားနာစစ်ဆေးစဉ် တရားခွင်တွင် တရားခံပြသက်သေသူ၏ လူနာများကဤသို့ထွက်ဆိုခဲ့ကြသည်။ သူတို့လင်မယား ရိုက်ကြ၊ ပုတ်ကြသည်အထိရန်ဖြစ်ခဲ့ကြပြီး၊ ကွဲခဲ့ကြသော်လည်း''အရိုးကွဲမှ အသည်းစွဲ'' ဆိုသကဲ့သို့ မစ္စစ်ရပ်တန်မှာ အချိန်တန်တော့မနေနိုင် ဒေါက်တာရပ်တန်၏ ဆေးခန်းခွဲစပ်ခန်းထဲသို့ ငိုကြီးချက်မဖြင့် ပြေးဝင်ကာ သူမအားဆက်လက်ပေါင်းသင်းရန်တောင်းပန်တိုးလျှိုးခဲ့ကြပုံကို တင်ပြကာထွက်ဆိုခဲ့ကြသည်။

ဒေါက်တာရပ်တန်တို့လင်မယား ခွန်းကြီးခွန်းငယ်ရန်ဖြစ်ခဲ့ကြသည်များမှာ စင်စစ်နီးတကျက်ကျက်၊ ဝေးတသက်သက်မျှသာ ဖြစ်သည်။ ဇနီးဖြစ်သူ အဇ္ဇဘဲလာအား'' နင်တော့လား–သတ်ပစ်မယ် '' ဟူ၍မကြာမကြာကြိမ်းဝါးသည်မှာလည်း အဆန်း

မဟုတ်၊ အိမ်နီးနားချင်းတို့အဖို့ ရိုးနေသည့်အသံ၊ ရိုးနေသည့် မြင်ကွင်းဖြစ်၏။ တစ်ခါကဆိုလျှင် ဒေါက်တာရပ်တန်က သူမလည်ပင်းအား ဓားဖြင့်ထောက်ကာ သတ်ပစ်မည်ဟုပင် ကြိမ်းမောင်းခဲ့သေးသည်။ သူတို့နှစ်ဦးရန်ဖြစ်ခဲ့ကြပြီး ကွဲကြ၊ ကွာကြမည့်ကိစ္စ သက်ဆိုင်ရာရဲစခန်းရောက်ခဲ့ကြတိုင်း သူမကလင်ဖြစ်သူအပေါ် တရားစွဲဆိုရန် ဆန္ဒမပြုခဲ့ချေ။ သူတို့ ဇနီးမောင်နှံ၏ အိမ်ထောင်ရေးအဆင်မပြေမှု ပြဿနာတစ်ရပ်လုံးကို ခြုံ၍ပြောရလျှင် အဖွဲ့ဘဲလာသည် ဇနီးကောင်းတစ်ယောက်အဖြစ် ကျင့်သုံးနေထိုင်ခဲ့ကြောင်း သုံးသပ်၍ရသည်။ ''ကျွန်တော်တို့လင်မယားဟာ နီးတော့လည်း တကျက်ကျက်နဲ့ အတူမနေလို့ကို မရကြတဲ့သူတွေဖြစ်ပြီး ဝေးကြတော့လည်း တစ်သက်သက်ဆိုသလို ခွဲခွာမနေနိုင်ကြတဲ့ သူမျိုးတွေပေါ့ခင်ဗျား'' ဟူ၍ ဒေါက်တာရပ်တန်က ဝန်ခံထွက်ဆိုခဲ့လေသည်။

တစ်ခါကလည်း မစ္စစ်ရပ်တန်သည် သူမချစ်သူအပေါ် တွယ်တာနေသည့် သမုဒယသံယောဇဉ်ကြိုးကို ပြတ်တောက်ရန် သူမကိုယ်ကို အဆုံးစီရင်ရန်ကြံစည်ခဲ့ဖူးသည်ဟု သိရ၏။ ၁၉၃၄-ခုနှစ်၌ သူမခင်ပွန်းသည်အပေါ်ထားရှိခဲ့သည့် ကတိသစ္စာတရားကို ဖောက်ဖျက်ပစ်ရန်အကြံဖြင့် အီဒင်ဘတ်မြို့ရှိသူမ၏ အစ်မဖြစ်သူထံပြောခဲ့သည်။ သို့သော်လည်း လင်မယားဖြစ်သည်နှင့်အညီ ရပ်တန့်သည်သူမနောက်လိုက်သွားပြီးသူနှင့် သူတို့ရင်သွေးငယ်များထံ ပြန်လိုက်ခဲ့ရန် ဖြောင်းဖျ ချော့မော့ခေါ်ခဲ့သည်။



ဒေါက်တာရပ်တန်တို့လင်မယား နီးတကျက်ကျက် ဝေးတစ်သက်သက်နှင့် နောက်ဆုံးလူသတ်မှုကျူးလွန် အဆုံးသတ်ခဲ့သောပြဿနာ၏ အကြောင်းရင်း၏အခြေခံမှာ သူ၏တစ်ယူသန်သဝန်ကြောင်မှုကြောင့်ပင်ဖြစ်သည်။ အမြဲတစေသူ့ဇနီး အစွာဘဲလာအား လင်ငယ်နေသည်၊ ဖောက်ပြန်သည်ဟုစွပ်စွဲပြီး ''ပြည့်တန်ဆာမ'' ''ဘာမ၊ညာမ''ဟုလည်း ယိုးစွပ်ခဲ့လေသည်။ သူ၏ယုတ်ညံ့သည့် သံသယမှာ အခြေအမြစ်ဟူ၍ မရှိပေ။ သို့သော်လည်း မပြေးသာရုံကာကရှိလာသည့် အကြောင်းမှာ တိုက်ဆိုင်မှုတစ်ရပ်အဖြစ်ဖန်လာခဲ့သည်။ ၁၉၃၅ခုနှစ်တွင် ဒေါက်တာရပ်တန်အား''ရည်းစားလူလု၊ အူနုကျွဲခတ်''ကိန်းဆိုက်ခဲ့သည်။ မြို့ပေါ်မှ ရောဘတ်အက်ဒ်မန်ဆန်ဆိုသူ ရှုံးစာရေးလူရွယ်တစ်ယောက်နှင့် သူ့ဇနီးမစွာဘဲလာတို့ သူ့ မမြင်ကွယ်ရာ၌ ဖောက်ပြန်နေသည်ဟု သံသယအတွေးရှိနေခဲ့သည်။

စက်တင်ဘာလ(၇)ရက်နေ့တွင် အက်ဒ်မန်မိသားစုတို့ အီဒင်ဘတ်မြို့သို့ ခရီးထွက်ခဲ့ကြသည်။ သူတို့မိသားစုမှာ ရောဘတ်နှင့် သူမနှမများနှင့်မိဘနှစ်ဦးတို့ ဖြစ်ကြသည်။ သူတို့တစ်တွေက မစ္စစ်ရပ်တန်အား သူမချက်မြှုပ်မြို့ရွာသို့ အလည်အပတ်လိုက်ရန် သူတို့နှင့်အတူခရီးသွားဖော်အဖြစ် လက်ခံခဲ့ကြသည်။

ဒေါက်တာရပ်တန်တစ်ယောက် ဒိန်းဒလိန်းနတ်ဖမ်းစားခဲ့လေပြီ။ မယားထိ၊ ဓါးကြည့် အမှားအမှန်ဘာကိုမှမမြင်တော့။ သူ့ဆေးခန်းကို ပစ်ခဲ့ပြီး အငှားကားတစ်စီးဖြင့် မယားနောက်သို့ ထပ်ကြပ်မကွာ လိုက်ခဲ့၏။ တိုက်ဆိုင်ချင်တော့ သူ့မယား

အဇ္ဇာဘဲလာ မှာ ရောဘတ်မိသားစုတို့ တည်းခိုရာဟိုတယ်၌ပင် တည်းခိုနေသည်ကို တွေ့လိုက်ရသည်။ သံသယဝင်စရာက နဂိုသွားမည့် သူမအစီအစဉ်ဖြစ်သော အိမ်၌ မတည်းခိုခြင်းပင် ဖြစ်သည်။ မူလက အီဒင်ဘတ်မြို့ရောက်လျှင် သူမအစ်မအိမ်၌ တည်းမည်ဟုဆိုခြင်းမှာ အခြေအမြစ်မရှိသည့် ဆင်ခြေပင် ဖြစ်သည်။ သို့သော် စက်တင်ဘာလ(၁၄)ရက်တွင် မစ္စစ်ရပ်တန် နောက်ထပ် လေ့လာရေးခရီးတစ်ခု ထွက်ခဲ့ပြန်သည်။ သူမခင်ပွန်း ဒေါက်တာ ၏ ကိုယ်ပိုင်ဟီးလ်မင်းကားကလေးကို ဘလက်ပူးလ်သို့ကိုယ်ပိုင် မောင်းနှင် ထွက်ခွာလာခဲ့သည်။ ယင်းသို့ခရီးထွက်ခဲ့ခြင်းမှာလည်း နှစ်စဉ် တစ်နှစ်တစ်ကြိမ် သူမအစ်မ၊ ညီမများနှင့်အတူ မီး ရောင်စုံထွန်းညှိထားသည်ကို တစ်ပျော်တစ်ပါးကြည့်လေ့ကြည့်ထ သွားရောက်ကြည့်ရှုခြင်းပင် ဖြစ်သည်။ ထိုည(၅း၃၀)တွင် သူမဆုံးဖြတ်ချက်ကို စွန့်လွှတ်ခဲ့ပြီး နောက်နေ့အိမ်သို့ ပြန်ရန်စိတ်ကူးခဲ့ပြန်သည်။ သို့ရာတွင် ဘလက်ပူးသို့ လုံးဝမရောက်ခဲ့ချေ။ ဒဲလ်တန်စကွဲယား နေအိမ်သို့ကား မောင်းပြန်လာခဲ့သည်။ ထိုနေ့မှစ၍ မည်သည့်နေရာသို့မျှ မသွားခဲ့တော့ချေ။

အဲလဇ္ဇာဘဲလာသူမ နေအိမ်သို့ပြန်ရောက်ခဲ့ပြီဖြစ်ကြောင်း သိရှိသည်မှာ သူမမောင်းနှင်သွားခဲ့သောဟီးလ် မင်းကားကလေးကို ခင်ပွန်းဖြစ်သူ ဒေါက်တာရပ်တန်ကိုယ်တိုင် နောက်နေ့၌ မောင်းနှင်သွားလာနေသည်ကို တွေ့ရှိရသည့်အတွက် ဖြစ်၏။ ထို့ပြင် ဒေါက်တာသည် သူ၏ရင်သွေးကလေးသုံးယောက်နှင့် အိမ်ဖော်မေရီရော်ဂျာဆန်ပါအတူ အိမ်ထဲတွင်ရှိနေသည်ကို သိရှိရ၏။



သားသမီးသုံးယောက်စလုံး ငါးနှစ်အောက်အရွယ်ချည်း ဖြစ်ကြ
သည်။ မေရီရောဂျာဆန်မှာ အသက်(၂၀)အရွယ်ရှိသူ ဖြစ်သည်
သို့သော် ထိုညက သူတို့နေထိုင်ရာအိမ်၌ ဘာတွေဖြစ်ပွာ
ခဲ့သည်ဆိုသည်ကို ဘာတစ်ခုမျှ ပြောမပြနိုင်ခဲ့။ အမှန်စင်စ
သူမလည်း မစ္စစ်ရပ်တန် နှင့်အတူ ပျောက်ခြင်းမလှ ပျောက်သွာ
ခဲ့ကြသော မစ္စစ်ရပ်တန်နှင့် အိမ်ဖော်မေရီရော်ဂျာတို့၏ အလောင်
ဖြစ်ပါသည်။

အခင်းဖြစ်လူသတ်မှုဖြစ်ရပ်ဖြစ်စဉ် ဇာတ်လမ်းမှာ တရားခွ
ကျမှ လယ်ပြင်ဆင်သွားသကဲ့သို့ ဘွင်းဘွင်းပေါ်ခဲ့လေသည်
သွေးရူး သွေးတမ်း သံသယစိတ်ပြင်းထန်လွန်းနေသူ ဒေါက်တ
ရပ်တန်မှာ ဇနီးဖြစ်သူ အဇ္ဇာဘဲလာအား တိတ်တဆိတ် မျောက်
ထားသည်ဟု အထင်ဖြင့်သတ်ဖြတ်ပစ်ရန် အခွင့်ကောင်း
ချောင်းဟန်တူသည်ဟု ရုံးတော်မှယူဆခဲ့သည်။ ဤသို့ သူမအမှ
ကို ချောင်းနေရင်း တစ်နေ့လူသတ်မှုကျူးလွန်မိအောင် တိုက်ဆို
မှုတစ်ရပ်ဖန်လာခဲ့သည်။ ရပ်တန်သည် ဇနီးဖြစ်သူအ
ထက်မြက် သည့် လူသတ်လက်နက်တစ်ခုဖြင့် အဆုံးစီရင်ခဲ့
အိမ်ဖော်မေရီရော်ဂျာမှာ ဘယ်နည်းနှင့်မဆို ယင်းလုပ်ရပ်
အလုံးစုံမြင်တွေ့ခဲ့ခြင်း ဖြစ်မည်မှာ သံသယဒွိဟဖြစ်စရာမလို
ထိုကြောင့် သူမလည်း နှုတ်ပိတ်အသတ်ခံလိုက်ရခြင်း ဖြစ်သည
ထို့နောက် လူသတ်သမား ဆရာဝန်လည်း ကြောက်လန့်စ
လူသတ်မှုကြီး၏ သက်သေအထောက်အထား သဲလွန်စများန
တကွ အရာခပ်သိမ်းကို ဖျောက်ဖျက်ပစ်ခဲ့လေသည်။

ရပ်တန်၏ အကျင့်စရိုက်အရသူသည် စိတ်လိုက်မာန်ပါ လူသတ်မှု ကျူးလွန်ခဲ့ပြီး နောက်ပရိဒေဝစိတ်သောကရောက်ခြင်း နောင်တကြီးစွာရခြင်းနှင့် ကျန်ရစ်ခဲ့သည့် မိတဆိုးသားသမီးငယ်တို့ အရေးပါအတွေး သံသရာလည်နေမည်မှာ မုချပင်ဖြစ်သည်။ အခင်းဖြစ်လူသတ်မှုကျူးလွန်သော ညက ကလေးတွေအိပ်မောကျနေချိန်၌ ဒေါက်တာရပ်တန်သည် လူသေမိန်းမအလောင်းနှစ်လောင်းနှစ်လောင်းနှင့် သွေးစသွေးနတို့ကို အစပျောက်အောင်ဖျောက်ဖျက်ပစ်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရပုံတူပေသည်။ သို့သော်လည်း လက်စလက်နအလျင်း မကျန်အောင်လုပ်စရာ တွေတစ်ပုံတစ်ခေါင်းကျန် နေခဲ့သေးသည်။

အိမ်တွင် လက်တိုလက်တောင်းအသေးအမွှား အလုပ်ရှိတိုင်း အခကြေးငွေပေး၍ ခိုင်းလေ့ရှိသော မိသားစုဝင်အမျိုးသမီးသုံးဦးရှိရာ ယင်းတို့အနက် တတိယမြောက်အမျိုးသမီး မစ္စစ်အောက်လေးနှင့် တနင်္ဂနွေနေ့ နံနက်(၇)နာရီတွင် တွေ့ဆုံကြရန်ချိန်းဆိုထားခဲ့သည်။ သို့နှင့်သူမလည်း အိမ်မှထွက်ခွာပြီး ဒေါက်တာရပ်တန်အိမ်သို့လာရန် ထိုနေ့နံနက်(၆း၃၀)နာရီခွဲတွင် အသင့်ပြင်ဆင်နေစဉ် မမျှော်လင့်ဘဲ သူမအိမ်သို့သူရောက်လာခဲ့သည်။ တံစက်မြိတ်တွင် မိုးတိုးမတ်တပ်ဖြင့် ဒေါက်တာရပ်ဆန်အား တွေ့လိုက်ရသည်။ သူ့အားတံခါးဖွင့်ပေးသူမှာ မစ္စတာအောက်လေးဖြစ်ပြီး သူ၏နောက်နား၌ ဇနီးသည် မစ္စစ်အောက်လေးကိုပါ အံ့သြစွာ တွေ့လိုက်ရသည်။ သူတို့လင်မယားနှစ်ယောက်လုံး ဒေါက်တာ ရပ်တန်၏ ပြောဆိုမှာကြားသည့် အသံကို သဲကွဲစွာ



ကြားခဲ့ကြသည်။ ''မစ္စစ်အောက်လေ ဒီမနက်မလာခဲ့ပါနဲ့လို့ မစ္စစ်ရပ်တန်နဲ့ မေရီတို့ အီဒင်ဘတ်ကို တောလီးဒေးခရီး ထွက်ခွာကြပြီး ကျုပ်လည်း ကလေးတွေခေါ်ပြီး ပိုကင်ဘီကို သွားတော့မလို့၊ အဲဒါကြောင့် မစ္စစ်အောက်လေကို တစ်ဆိတ်ပြောပေးပါ၊ နက်ဖြန်ကျမှ အိမ်ကိုလာခဲ့ပါလို့'' ဟူ၍ သူကမှာကြားသွားခဲ့သည်။

အခင်းဖြစ်လူသတ်မှုကို ကြားနာစစ်ဆေးစဉ် တရားခွင်၌ တရားလို အကျိုးဆောင်ရှေ့နေကြီးက မေးခွန်းထုတ်ခဲ့ရာ ဒေါက်တာရပ်တန်က မိမိ အောက်လေကို အိမ်သို့ဘယ်တုန်းကမျှ မရောက်ခဲ့၊ မသွားခဲ့ကြောင်း ငြင်းဆိုခဲ့လေသည်။ ထိုနေ့က ယင်းသို့ မစ္စတာအောက်လေအား သူ့ဇနီးနောက်နေ့ကျမှ လာရန်မှာကြားပြီး အိမ်ပြန်လာခဲ့ပြီး သူကလေးတွေကို နံနက်စာကျွေးမွေးခဲ့သည်။ နေ့စဉ် ပို့နေကျအတိုင်း တနင်္ဂနွေထုတ်သတင်းစာနှင့် နွားနို့လာပို့ခဲ့ရာ သူ၏လက်မှ ဒဏ်ရာအနာတရကို သူမမြင်စေရန် ကွယ်ဝှက်ခဲ့ကြောင်းနှင့် တရားလိုပြသက်သေနို့ပို့သမားကြီးက ထွက်ဆိုခဲ့သည်။ ဒေါက်တာရပ်တန်လည်း နောက်နေ့လေ့လာရေးခရီးထွက်ရန် သူ၏ကိုယ်ပိုင် ဟီလ်မင်းကားကလေးကို ဆီဆိုင်၌ ဓါတ်ဆီအပြည့်ဖြည့်ခဲ့ပြီး အပိုဓါတ်ဆီနှစ်ဂါလံကိုလည်း ကားထဲ၌ အရံသင့်ဝယ်ယူခဲ့သည်။

ထိုတနင်္ဂနွေနေ့လုံး ဒေါက်တာရပ်တန်မှာ သူ့လက်မှဓါးရှထားသည့် ဒဏ်ရာကို ဆေးထည့်ပတ်တီးစည်းနှင့် အလုပ်ရှုပ်နေခဲ့သည်။ ထိုစဉ်ဒဲလ်တန်စကွဲယားရှိ သူ့ဆေးခန်းသို့လာနေကျ

လူနာအမျိုးသမီးတစ်ဦး သူမ၏ကလေးအား ပြသရန် ရောက်ရှိလာခဲ့သည်။ သူက လူနာအားအခန်းရှင်းလင်းသူများ နောက်နေ့မှ ချိန်းဆိုထားမိ၍ မိမိမှာ တစ်ယောက်တည်း ကော်ဇောများ ခင်းကျင်းနေရသဖြင့် မအားမလပ်သဖြင့် နောက်နေ့ကျမှ ကလေးလူနာအား လာရောက်ပြသရန် ရက်ချိန်းရွှေ့ဆိုင်းခဲ့သည်။ နေ့လည်ခင်း၌ အိမ်နီးပါးတို့အား မိမိဇနီးဖြစ်သူမှာ အိမ်ဖော်မေရီနှင့်အတူ စကော့တလန်သို့ ခရီးထွက်သွားပြီး မိမိမှာလည်း နံနက်စာစားရန် သစ်သီးဗူး အဖောက်လိုက်လက်တွင် ဒဏ်ရာအနာတရ ရရှိခဲ့၍ မိမိသားသမီးကလေးသုံးယောက်ကို တစ်နေ့ခင်းလောက် ထိန်းပေးပါရန် အကူအညီတောင်းခံခဲ့သည်။

ထို့နောက် အိမ်ထဲရှိ မသင်္ကာစရာ အနှောက်အယှက်ဖြစ်မည့် လက်ရာခြေရာတို့ကို ရှင်းလင်းသုတ်သင်ခဲ့သည်။ နေသားတစ်ကျဖြစ်သွားမှ အလုပ်လက်စသိမ်းခဲ့သည်။ ညနေ(၄:၃၀) နာရီတွင် သူငယ်ချင်းလည်းဖြစ် သူ၏လူနာလည်းဖြစ်သူ မစ္စစ်ဟမ်ဂျွိုင်းယားအား မိမိအိမ်သို့ ကြွရောက်ပြီး အိမ်ခန်းကြည့်ရှုပြီး ကောင်းအောင် မွမ်းမံပြင်ဆင်ပေးဖို့ အကူအညီတောင်းခံခဲ့သည်။ သို့နှင့် သူမလည်း ဒေါက်တာရပ်တန်၏ အကူအညီတောင်းခံမှုကို လက်ခံလိုက်လျောခဲ့ပြီး သူ၏အိမ်သို့ရောက်လာခဲ့သည်။ သူမ ရောက်သည်နှင့် အခန်းထဲ မျက်စေ့ကစားကာ လှည့်ပတ်ကြည့်ရှုအကဲခတ်လိုက်ရာ ထူးဆန်းနေသည့် အခြေအနေတစ်မျိုး ဖြစ်နေကြောင်း စိတ်ထဲမှသိနေခဲ့သည်။ ကြမ်းခင်းကော်ဇောများ လှေကားပေါ်ရောက်နေပြီး လှေကားတက်ဆင်း ပျဉ်များခွဲထားကာ



ကာကောက်ရိုးများအခန်းထဲပြန့်ကျဲနေသည်ကို တွေ့လိုက်ရသည်။ ယင်းကောက်ရိုးတို့မှာ အိပ်ခန်းတံခါးမကြီးအောက်မှ ထိုးထိုးထောင်ထောင်ထွက်နေခြင်းဖြစ်ပြီး ထိုတံခါးနှစ်ပေါက်မှာ တစ်ညနေလုံး သော့ခတ်ပိတ်ထားသော တံခါးများဖြစ်ကြသည်။

အခန်းတစ်ခန်းထဲတွင် သွေးစွန်းနေသော ဝတ်စုံတစ်စုံကို တွေ့ရှိရသည်။ အိမ်နောက်ဘက်ခြံဝန်းထဲ၌ သွေးများစွန်းပေနေသော ကော်ဇောများကိုလည်း တွေ့ရ၏။ ရပ်တန်က မစ္စစ်ဟမ်ဂျွိုင်းယားအား ရေချိုးခန်းကို ရှင်းလင်းပေးရန် အကူအညီတောင်းခဲ့သည်။ ရေချိုးခန်းထဲရှိ ရေချိုးစည်မှာ အတွင်းနူတ်ခမ်းဆီအဝါရောင် အညစ်အကြေးတို့ဖြင့် ညစ်ပတ်ပေကျံနေသည်။

အခင်းဖြစ် လူသတ်မှုကြားနာစစ်ဆေးစဉ် တရားခွင်၌ ဒေါက်တာရပ်တန်က လိုပြသက်သေ မစ္စစ်ဟမ်ဂျွိုင်းယား၏ ထွက်ချက်ပါ ရေချိုးခန်းထဲမှ သွေးစသွေးနများနှင့် ပတ်သက်၍ မိမိ၏လက်ဓါးရှရာ ဒဏ်ရာမှ စီးကျခဲ့သော သွေးများဖြစ်ကြောင်း ခုခံကာကွယ်ထုချေလျှောက်လဲခဲ့သည်။ သို့ရာတွင် အခန်းရှင်းလင်းသည့် အလုပ်မှာ တစ်ယောက်တည်းဖြင့် မနိုင်မနင်းဖြစ်နေ၍ ထိုနေ့က မစ္စဟမ်ဂျွိုင်းယားက မိမိခင်ပွန်းအား တိုက်ခန်းလုပ်ဆောင်ပေးရန် အကူအညီတောင်းခံမည်ဟု ရပ်တန်အားပြောခဲ့သည်။ သူက သဘောကူခဲ့သဖြင့် သူတို့လင်မယားနှစ်ယောက် တက်ညီလက်ညီလုပ်ကိုင်ခဲ့ကြရာ ည(၉:၃၀) တွင်ပြီးစီးသွားခဲ့သည်။ မစ္စစ်ဟမ်ဂျွိုင်းယားတို့ လင်မယားအခန်းရှင်းလင်းပေး၍ ဒေါက်တာရပ်တန်က ကျေးဇူးတုန့်ပြန်သော

အားဖြင့် သွေးစွန်းနေသည့် ဝတ်စုံနှင့်ကော်ဇောတို့ကို ပေးကမ်းခဲ့သည်။ သူတို့လည်း ယင်းလက်ဆောင်ပစ္စည်းတို့ကို ယူကာ အိမ်ပြန်ခဲ့ကြသည်။

သူသတ်ဖြတ်ခဲ့သည့်အမျိုးသမီးသုံးယောက်စလုံး၏ အလောင်းတို့မှာ အဆိုပါ တံခါးသော့ခတ်ပိတ်ထားသော အခန်းများထဲ၌ ဝှက်ထားခြင်းဖြစ်မည်ဟု ယူဆဖွယ်ရှိပါသည်။ ထိုည၌ ဒေါက်တာရပ်တန်မှာ ကောင်းစွာအိပ်ပျော်မည် မဟုတ်ချေ။ မှန်ပါသည်။ မတွေးမတော မဆင်ခြင်ပဲ လက်လွှတ်စပယ် သွေးစွန်းနေသော ဝတ်စုံကို မစ္စစ်ပက်ဂျိုင်းယားအား ပေးမိသည်ကို ပြန်လည်သတိရကာ ကြောက်ဒူးတုံနေမည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့နှင့် တနင်္လာနေ့ နံနက်မိုးသောက်သည်နှင့် သူတို့အိမ်အနီး ရစ်သီရစ်သီလုပ်ပြီး သူမအား မနေ့ကပေးလိုက်သော ဝတ်စုံကို မိမိအားပြန်ပေးရန် တောင်းဆိုခဲ့သည်။ သူတို့အိမ်အနီး အဝတ်အစားပိုသီပတ်သီ၊ နွတ်ခမ်းမွှေး၊ မုတ်ဆိတ်မွှေး မရိပ်သဖြင့် ညှင်းစိုးစိုး ပုံပန်းဖြင့် မတ်တပ်ရပ်နေခဲ့ပြီး သူမက မိမိဝတ်စုံကို လျှော်ဖွပ်ပြီးပြီဖြစ်၍ ပြန်မပေးနိုင်တော့ကြောင်း ပြောခဲ့သည်။ ထို့နောက် ရပ်တန်က သူ့ဝတ်စုံအကျႌ၌ နာမည်စာတမ်းပါနေ၍ ပြန်ပေးရန် တောင်းခဲ့ပြန်သည်။ ထိုနာမည်စာတမ်း ပါနေသဖြင့် ယင်းအဝတ်အစားကို သူမယောကျ်ားဝတ်ဆင်သွားလျှင် သူတစ်ပါး ကဲ့ရဲ့စရာဖြစ်မည်စိုးရကြောင်း ပြောပြခဲ့သည်။ သို့နှင့် မစ္စစ်ဟန်ဂျိုက်ယားက သူ့ရှေ့၌ပင် နာမည်စာတမ်းကို အကျႌမှခွာ၍ ချွတ်ပစ်ခဲ့ရာ သူက ထိုအမည်ပါအစကို မီးဖိုထဲထည့် မီးရှို့ပစ်



စေခဲ့သည်။

ထို့နောက် မစ္စစ်ဟမ်ဂျိုင်းယားလည်း သူပေးလိုက်သည့် ဝတ်စုံကို သေချာစွာ စစ်ဆေးကြည့်ရှုရာ ကိုယ်ကျပ် ဂျိုင်းပြတ် အပေါ်ဝတ်အကျႌမှာ မြင်မကောင်းအောင် တစ်ထည်လုံး သွေးကွက်ကြီးများ စွန်းထင်းနေသဖြင့် မီးဖိုထဲထည့် မီးရှို့ပစ်လိုက်လေသည်။ တစ်ဖန်ကော်ဇောများကို စစ်ဆေးကြည့်လိုက်ရာ တတိယ ကော်ဇောမှာမြင်မကောင်း ရှုမကောင်းလောက်အောင် သွေးများ စွန်းထင်းညစ်ပတ်နေသည်။ ယနေ့ထက်တိုင် သွေးကွက်ကြီးများ စိုထိုင်းနေသေးသည်။ မိုးရေထဲလည်း မထားမိ၍ ခြံနောက်ဘက် ယူသွားပြီး ဘာလီဖုံးနှင့်အိုး(၂၀)လောက် ရေလောင်း၍ လျှော်ပစ်ခဲ့သည်။ သို့သော်သွေးရောင်မှာ မပျောက်ချင်သေး။ ထို့နှင့် တန်းပေါ်တင်လှမ်းရင်း ဘရပ်ရှ်ဖြင့်ထပ်၍ ပွတ်တိုက်ပစ်ခဲ့သေးသော်လည်း သွေးကွက်အစွန်းတို့မှာ အလျဉ်း မပျောက်တော့ပေ။

သို့နှင့် နောက်ထပ်ရက်သတ္တပတ်အတွင်း ရောက်ရှိလာခဲ့ပြီး ဒေါက်တာလည်း နေ့ရောညပါ မသက်ာစရာ ပစ္စည်းတို့ကို သူ့ခြံဝန်းထဲ မီးရှို့သည့်အလုပ်ဖြင့် ရှုပ်နေခဲ့သည်။ အခန်းရှင်းလင်းသမားတို့အား ခေါ်ယူပြီး သွေးညှီနံ့များ ပျောက်သွားစေရန် တစ်အိမ်လုံး အော်ဒီကလုံး ရေမွှေးတို့ဖြင့် ဖျန်းပက်စေခဲ့သည်။

အိမ်နီးချင်းတို့အား ယုတ္တိယုတ္တာရှိအောင် ရပ်တန်က မစ္စစ်ရပ်တန်နှင့် အိမ်ဖော်မေရီတို့ ဘာကြောင့် အိမ်၌ မတွေ့ရဘဲ ပျောက်နေခြင်းဖြစ်ကြောင်းကို အသံလွှင့်ထားခဲ့သည်။ သူကငို

ကြီးချက်မဖြင့် သူ့ဇနီးမှာ အခြားလူတစ်ယောက်နှင့် ခိုးရာလိုက်သွားခဲ့ကြောင်း၊ သူမနှင့်မေရီတို့ လန်ဒန်မြို့သို့ ထွက်ခွာသွားပြီဖြစ်ကြောင်း ပြောပြခဲ့သည်။ သို့ရာတွင် မေရီ၏ မိဘဂျော်ဂျာဆန်တို့ကမူ သူ့စကားမယုံကြည်ခဲ့ကြချေ။ နောက်ဆုံး၌ ဒေါက်တာရပ်တန်တို့က သူတို့သမီးမေရီ ပါအဲလဖွဘ္ဘာတ်နှင့်အတူ ထွက်ပြေးသွားခဲ့ခြင်းဖြစ်ကြောင်း ပြောပြလိုက်သည်။ မစ္စတာရော်ဂျာမှာ မည်သို့မျှပြန်လည်မချေပနိုင်။ သူက သူတို့အား မကျေနပ်လျှင် ရဲတိုင်၍ သူတို့သမီး ပျောက်ဆုံးနေသည်ကို ရှာဖွေခိုင်းဟု ကြိမ်းမောင်းလွှတ်ခဲ့သည်။

မည်သည့်နည်းနှင့်မဆို (စက်တင်ဘာလ(၁၉)ရက် အင်္ဂါနေ့ ဖြစ်ကောင်းဖြစ်မည်) ရပ်တန်သည် စကော့တလန်သို့ ကိုယ်ပိုင်ကားဖြင့် မောင်းနှင်သွားခဲ့ရပေသည်။ (၁၀)ရက်အကြာ၌ အဲလဖွဘက်နှင့် အိမ်ဖော်မေရီတို့၏ ရုပ်ပျက် ဆင်းပျက်အလောင်းမှာ ဖျောက်ဖျက်ထည့်သွင်းထားသည့် ပထမ အထုတ်တစ်ထုတ်ကို တွေ့ရှိခဲ့ကြသည်။

ယင်းလူသေအလောင်းပျက် အထုတ်ကြီးကို မိန်းမတစ်ယောက် ကာလစ်လီအိဒင်ဘတ်ချ်လမ်းမကြီးနှင့် ခပ်လှမ်းလှမ်းတံတားတစ်ခုနားတွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထိုအမျိုးသမီးကရေစပ်အနီး အထုတ်ကြီးထဲမှနေ လူတစ်ယောက်နှင့်တူသောအရာတစ်ခု ထိုးထိုးထောင်ထောင်ထွက်နေသည်ကို လှမ်းမြင်ရာမှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ သူမလည်း ကြောက်လန့်တုန်လှုပ်ပြီး သူမမောင်အားခေါ်၍ ပြသခဲ့ရာ သူကရဲတိုင်ကြားခဲ့လေသည်။



သက်ဆိုင်ရာရဲသားလည်း အခင်းဖြစ်နေရာသို့ သွားရောက်ကြည့်ရှု စစ်ဆေးရာ မသက်ာဖွယ်ရာ ပလပ်စတစ်ထုပ်ကြီး (၄)ထုပ်ကို တွေ့ရှိခဲ့သည်။ အမှန်စင်စစ် စောစောပိုင်း စုံစမ်းစစ်ဆေးကတည်းက လူ့ခန္ဓာကိုယ်တွင်းအင်္ဂါအတော်များများကို မိန်းမယောကျ်ားလိင်ခွဲခြား မသိနိုင်အောင်တမင်ထုတ်ယူ ဖျောက်ဖျက်ထားကြောင်း တွေ့ရှိရလေသည်။ ရဲအဖွဲ့တို့က တွေ့ရှိခဲ့သောလူသေအလောင်းနှစ်လောင်းမှ အင်္ဂါအစိပ်အပိုင်းတို့မှာ ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်တို့၏ ခန္ဓာကိုယ်အစိတ်အပိုင်းများဖြစ်ကြောင်း ထုတ်ဖော်ကြေငြာခဲ့သည်။

ယင်းသတင်းနေ့စဉ်ထုတ် သတင်းစာကြီးများအား ဖတ်ရှုမိသော လူသတ်သမား ဆရာဝန်ရပ်တန်အဖို့ ဝါးလုံးကွဲ ဟားတိုက်၍ ရယ်မိကောင်း ရယ်မိပေလိမ့်မည်။ သူက ရယ်ရယ်မောမောဖြင့် လက်တိုလက်တောင်း အသေးအဖွဲ အလုပ်များကို အခကြေးငွေဖြင့် စေခိုင်းလေ့ရှိသော အမျိုးသမီးနှစ်ဦးအနက် တစ်ဦးအား ''ဒီမှာ မစ္စစ်အောက်လေရဲ့၊ ကျုပ်က မပိုင်ယင် ခြင်ထောင်ထဲမှာ ခြင်မရိုက်ဘူးဗျ။ ဟိုအကောင်နှစ်ကောင် ဟာမိန်းမနဲ့ယောကျ်ားအလောင်းတဲ့ဗျ၊ ဟဲ-ဟဲ ကျုပ်တို့အစ ဖျောက်လိုက်တဲ့ ကောင်မနှစ်ယောက်ရဲ့ အလောင်းတွေမှတ်ဘူးတဲ့ဗျာ'' ဟူ၍ လှောင်ပြောင်ပြောဆိုကောင်းပြောဆိုနေမည်ဖြစ်သည်။ သို့တည်းမဟုတ်- ''ဘုရားသိကြားမလို့- ဟိုဖက်မှာ တွေ့တဲ့ကိစ္စ ယောကျ်ားတစ်ယောက်နဲ့မိန်းမတစ်ယောက်ရဲ့ အလောင်းတဲ့-တော်ပါသေးရဲ့ အဖြစ်မှန်မသိကြလို့'' ဟုပင် ပြောဆိုနေကြမည်ဖြစ်၏။

သို့ရာတွင် သက်ဆိုင်ရာမှုခင်းထောက်လှမ်းရေးရဲတို့က လူသေအလောင်းတို့နှင့် ဆရာဝန်၏နေထိုင်ရာမြို့မှ လူပျောက်ကိစ္စဆက်စပ်၍ စုံစမ်းစစ်ဆေးနေကြပြီဖြစ်သည်။ အခင်းဖြစ်နေရာမှ တွေ့ရှိခဲ့ကြသော အထုတ်များအနက် တစ်ထုပ်ကိုပတ်၍ထားသည့် သတင်းစာတစ်စောင်မှာ စက်တင်ဘာလ (၁၅)ရက်နေ့ထုတ် ရက်စွဲဖြင့် တနင်္ဂနွေနေ့ထုတ်ဂရက်ဖစ် (ဆန်းဒေးဂရက်ဖစ်) သတင်းစာဖြစ်နေပါသည်။ (ထိုနေ့မှာ လူသတ်မှုကျူးလွန်ခဲ့သည့်နံနက်ဖြစ်သည်) ယင်းသတင်းစာမှာ ကံအားလျော်စွာ ဟိုင်ကိန်းနှင့်လန်တက်စတာမြို့နှစ်မြို့တွင်သာ ထုတ်ဝေခဲ့သည့် အထူးသတင်းဖြစ်နေသည်။

အောက်တိုဘာလ(၉)ရက်နေ့၌ ရော်ဂျာဆန်က မိမိတို့သမီး (မေရီ) ပျောက်ဆုံးနေကြောင်း သက်ဆိုင်ရာရဲစခန်းသို့ လူပျောက်တိုင်ချက်ဖွင့်ခဲ့သည်။ ထိုနေ့၌ပင် မစ္စစ်ဟမ်ဂ်ျိုင်းယားအား သူပေးလိုက်သည့် ဝတ်စုံကို ဘယ်သူလုပ်သလဲဟု ရပ်တန်က မေးခဲ့သည်။ တစ်ခုခုလုပ်ပစ်လိုက်ပါလား–ဟူ၍လည်း သူက တိုက်တွန်းခဲ့ပြီး ''အဲဒါကြီးကို မမြင်ရအောင် မီးရှို့ပစ်လိုက်စမ်းပါဗျာ''ဟု ပြောခဲ့လေသည်။ အောက်တိုဘာလ(၁၄)ရက်နေ့တွင် ဒေါက်တာရပ်တန်အား သက်ဆိုင်ရာရဲအဖွဲ့မှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး အခင်းဖြစ်လူသေအလောင်း လူသတ်မှုနှင့် ပတ်သက်၍ တစ်သီတစ်တန်းကြီး မေးမြန်းစစ်ဆေးခဲ့သည်။ နောက်တစ်နေ့ နာရီပိုင်းအတွင်း၌ မေရီကို သတ်မှုဖြင့် သူ့အားရုံးတင်စွဲချက်တင်ခဲ့သည်။ သူကလည်း သတိကြီးစွာဖြင့် ''လေးလေးနက်နက်ပြောရရင်



ခုလိုကျွန်တော့်ကို မေရီသတ်မှုဖြင့် စွပ်စွဲတာ လုံးဝမဟုတ်မမှန်ပါ။ ကျွန်တော့်စိတ်နဲ့ဆို သူတို့စွပ်စွဲနေကြတာ တစ်ခြားစီဖြစ်နေပါတယ်။ ဘယ်လိုရည်ရွယ်ချက်နဲ့ အဲဒီအမျိုးသမီးကို ဘာကြောင့်သတ်ရမှာလဲဗျ။ ခင်ဗျားတို့ဘာတွေလာပြီး စွပ်စွဲနေကြတာလဲ'' ဟူ၍ မှင်သေသေဖြင့် ပြန်လည်ခုခံချေပခဲ့လေသည်။ နောက်ရက်အတန်ကြာ၍ ဒေါက်တာရပ်တန်အား မိမိဇနီးအားသတ်မှုဖြင့် ထပ်မံစွဲချက်တင်ခဲ့ပြီး အင်္ဂလန်နိုင်ငံ လန်ကက်စ်ရှိ ရှိုင်းယားပြည်နယ်၊ မန်ချက်စတာမြို့ ရာဘက်တရားရုံး၌ သူ၏အမှုကို ရုံးတင်ကြားနာစစ်ဆေးခဲ့သည်။

သက်ဆိုင်ရာ ရာဇဝတ်ဘက်အာဏာပိုင် တို့အတွက် ပဟေဠိသဖွယ်ဖြစ်နေသော လူသေအလောင်းနှစ်လောင်းမှ အကြွင်းအကျန်ရုပ်ကလာပ် အစအနတို့ကို အကျဉ်းချုံး၍ ဖော်ပြခဲ့ကြသည်။ အခင်းဖြစ်လူသတ်မှုမှာ ရာဇဝတ်မှုခင်းဆေးပညာသမိုင်းတွင် ပြဋ္ဌာန်းစာအုပ်တစ်အုပ်၏ မှုခင်းတစ်ပုဒ်ဖြစ်လာရပေသည်။ ရောဂါဗေဒပညာရှင်တို့များနှင့် ခန္ဓာဗေဒပညာရှင်များအဖွဲ့တစ်ဖွဲ့သည် လူမဆန်စွာ သတ်ဖြတ်ထားသော လူသေအလောင်းမှ ခန္ဓာကိုယ်အစိတ်အပိုင်း အကြွင်းအကျန် သဲလွန်စကို ကိုင်တွယ်ဖြေရှင်းစေခဲ့ကြသည်။ ပျောက်ဆုံးနေကြသော အမျိုးသမီးနှစ်ဦး (အဇ္ဇဘဲလာနှင့်မေရီ) ၏ အကြမ်းဖျင်းအသက်အရွယ်နှင့် အရွယ်အစားကို အခင်းဖြစ်လူသတ်မှုမှ တွေ့ရှိခဲ့သော သဲလွန်စနှင့် အလောင်း(၂)လောင်းတို့နှင့် ယှဉ်၍ စစ်ဆေးသက်သေပြနိုင်ခဲ့ခြင်းပင် ဖြစ်ပါသည်။ သို့ရာတွင် အဓိက သော့ချက်ကိုယ်တွင်း

အင်္ဂါအစိတ်အပိုင်းတို့မှာ ထုတ်ယူဖျောက် ဖျက်ထားပြီးဖြစ်၍ မသိရှိတော့ပေ။

ဥပမာအားဖြင့် ပျောက်ဆုံးနေသော မစ္စစ်ရပ်တန်(အဖွဲ့ဘဲလား)တွင်ထင်ရှားပေါ်လွင်သော သွားများရှိခဲ့သည်။ ယင်းသွားများကို သဲလွန်စမကျန်အောင် အကုန်နှုတ်ပစ်ထားသည်။ မစ္စရော်ဂျာဆန်(မေရီ)မှာ မျက်စိစွေသူဖြစ်ပြီး ယခုတွေ့ရှိခဲ့သော အလောင်းမှ မျက်စေ့နှစ်လုံးစလုံး ထုတ်ဖယ်ထားသည့်ကို တွေ့ရသည်။ မည်သို့ပင်ဖြစ်စေကာမူ မစ္စစ်ရပ်တန်မှာ သူမ၏မသေခင်က ရိုက်ကူးထားသော ဓါတ်ပုံအကြီးချဲ့၍ အလောင်းနံပါတ်(၂)တွင် တပ်ပြရာ တစ်ကိုယ်တည်းဖြစ်နေသည်ကို ထင်ရှားတွေ့ရှိရသည်။

ထို့ပြင် စက်တင်ဘာလ(၁၅)ရက်နေ့ထုတ် မြို့နယ်တွင်းထုတ် တနင်္ဂနွေနေ့ ဂရက်ဖစ်သတင်းစာကို ဒေါက်တာရပ်တန် ထိုနေ့က ဝယ်ယူသွားခဲ့ကြောင်း သတင်းစာ အရောင်းသမားက သက်သေခံထွက်ဆိုခဲ့သည်။ ထို့ပြင် လူသေအလောင်း အစိတ် အပိုင်းတို့ကို အုပ်မိုးထားသော ပိတ်စတစ်ခု၏ ကျန်အပိုင်း အစကို သေသူ မစ္စစ်ရပ်တန်၏ အိပ်ရာပေါ်မှ တွေ့ရှိခဲ့ရပြန်သည်။

တရားခံဒေါက်တာရပ်တန်မှာ တရားခွင်ဝက်ခြံကလေး အတွင်း၌ မျောက်မှိုင်မှိုင်နေသည်ကို တွေ့ရှိရ၏။ သူကသူ၏ လက်တိုလက်တောင်း အခိုင်းအစေ အမျိုးသမီးနှစ်ဦးနှင့် အိမ်နီးချင်းတို့ကို မဟုတ်မမှန်ပါဟု အပြင်းအထန်ခုခံငြင်းဆိုထုချေခဲ့သည်။ ဥပမာအားဖြင့် သူကမည်သည့်အခါမျှ အောက်လေတို့ မိသားစုဆီသို့ မသွားခဲ့ပါဟု အတိအလင်း ပြောခဲ့ခြင်းနှင့်



ခွေစ်ဂျိုင်းယားကိုလည်း ဘယ်တုန်းကမျှ အကျီမီးရှို့မပစ်ခဲ့ ...င်းကြောင်းငြင်းဆိုခဲ့သည်။ သူမလုပ်ကိုင်ခဲ့မှုများကို ကိုယ်တိုင်ရှင်း လင်းပြချက်တို့မှာ လေးလေးနက်နက်မှန်ကန်မှု မရှိဘဲ သူမအပြု အမူတို့မှာလည်း သနားစရာလည်းကောင်း၊ ဆောင့်ကြွားကြွား လည်းနိုင်လွန်းနေပေသည်။ တစ်ခါတစ်ရံ လေလုံးမိုးလုံးထွားကာ ...ကြွားတတ်ပြန်သည်။ တစ်ခါက သူ့အပေါ် ဇနီးအား သတ်မှုနှင့် မျက်မြင်သက်သေအား ဖျောက်ဖျက်မှုဖြင့် စွဲချက်တင်ခဲ့ရာ သူက "ရာဇဝတ်ပြစ်မှုဆိုင်ရာ ရာဇသတ်ပုဒ်မ သေဒဏ်အမိန့်ဖြင့် ကျုပ်အပေါ်စီရင်တာ လုံးဝကိုမတီးရားဘူး"ဟူ၍ ပြန်လည်ချေပ ပြောဆိုခဲ့သည်။

ရုံးတော်မှ ချမှတ်သည့် စီရင်ချက်မှာ လျော်ကန်သင့်မြတ်နေသဖြင့် သူ့အဖို့မည်သို့မျှ ရုန်းထွက်နိုင်ရန်မျှော်လင့်ချက် မရှိတော့ချေ။ ရပ်တန်၏အခင်းဖြစ် လူသတ်မှုမှာ ပြစ်မှုထင်ရှားနေပြီး သူ၏ အယူခံပါပယ်ချခံရသဖြင့် စထရန့်ချ်ဝေး ထောင်ကြီးချုပ်ကြီးစင်၌ ကြိုးဒဏ်ကျခံသွားခဲ့ ရလေတော့သည်။ သူ့အားကြိုးပေးစီရင်သည့်နေ့မှာ ၁၉၃၆ ခုနှစ်၊ မေလ(၁၂)ရက်နေ့ ဖြစ်သည်။ ထို့နောက် မရှေးမနှောင်း အချိန်၌ သူ့အား သက်ဆိုင်ရာ ရဲစခန်းမှ ဇနီးသတ်မှု၊ မျက်မြင်သက်သေကို သတ်၍နှုတ်ပိတ်မှု၊ သက်သေအလောင်းများ ဖျောက်ဖျက်ပြစ်မှု ပုဒ်မတို့ဖြင့် ဖမ်းဆီးခဲ့စဉ် အက်ဖ်အိုင်အာရ် ခေါ် ရဲရှေ့ထွက်ချက်ဖြစ်ပြီး လိုရင်းတိုရှင်း ဖြောင့်ချက်ပင်ဖြစ်ပါသည်။ ယင်းဖြောင့်ချက်ကို ရာဘက်တရားသူကြီး ရုံးတော်မှ ထုတ်ပြန်ကြေငြာခဲ့သည်မှာ အောက်ပါအတိုင်း

ဖြစ်သည်။

''ကျွန်ုပ်သည် ဇနီးဖြစ်သူမစွစ်ရပ်တန်အား တစ် ယောကျ်ားတစ်ဦးနှင့် ဖောက်ပြန်နေသည်ဟု ထင်သဖြင့် အလျှောက် သတ်ခဲ့ပါသည်။ ထိုအချိန်က ကျွန်ုပ်မှာ ဒိန်းဒ နတ်ဖမ်းကာ ရည်းစားလူလု အူနုကျွဲခတ် ဆိုသလို ရူးသွပ်မ ခံစားနေခဲ့မိသည်။ ကျွန်ုပ်သူမအား သတ်ဖြတ်နေစဉ် အိမ်စေ ရိရော်ဂျာဆန်မှာ အခင်းဖြစ်နေရာသို့ ရောက်ရှိလာခဲ့သည် သို့နှင့် သူမကိုပါ သတ်ခဲ့သည် ဟူ၍ဖြစ်ပါသည်။

အဆိုပါ ရပ်တန်၏အခင်းဖြစ် လူသတ်မှုကြီးမှာ ရပ်ရွာ သူတို့ စိတ်ထဲခြောက်ခြား တုန်လှုပ်စေခဲ့သည့် လူသတ်မှု အနက် တစ်ခုဖြစ်သည်။ လမ်းထဲ၊ ကစားကွင်းထဲပြေးလွှား ကစားနေကြသော ကလေးသူငယ်တို့ နှုတ်ထဲသူတို့ဖာသာ စပ် ထားကြသည့် သံချပ်ကို တစ်စာသီဆိုနေခဲ့ကြသည်။

''ကော်ဇောပေါ်က သွေးကွက်ကြီးများ ဓါးပေါ်မှ သွေးသံရဲရဲ''

''ဆရာဝန်ဒေါက်တာဘတ်ရပ်တန် သူ့မိန်းမသတ်တဲ့ လက်ချက်ပဲကွ''

''သူသတ်နေတာအိမ်ဖော်ကမြင်အသွား

ကြိမ်းမောင်းလိုက်ဖြင့်သူမကိုပါ နှုတ်ပိတ်ပစ်''

ဟူ၍ သံပြိုင်ဟစ်ကာ သံချပ်တိုင် သီဆိုမြူးတူး ကစားနေခဲ့ကြ လေသည်။



## (၁၁) "သူတော်စဉ် တစ်ဦးပျောက်ဆုံးမှု"

၁၈၃၀ ခုနှစ်၊ အမေရိကန်နိုင်ငံ၌ ဂျိုးဇက်စမစ် ဆိုသူ ဂ္ဂိုလ်တစ်ဦးက မာမန်ခေါ် ဘာသာရေးဂိုဏ်းတစ်ဂိုဏ်းကို တည် ထောက်ခဲ့သည်။ ယင်းဂိုဏ်းဝင်တို့က် သူတို့ကိုယ်သူတို့ ခေတ် သစ် သူတော်စင်များဟူ၍ ခေါ်ဝေါ်သမုတ်ခဲ့ကြသည်။ ကောင်းကင်ဘုံရှင် ဘုရားသခင်သည် သူတို့ပုရောဟိတ်ရဟန်းတို့ နှုတ်မှတဆင့်စီကာ အဆက်မပြတ်မိန့်ကြားနေသည်ဟု အခိုင် အမာပြောဆိုကြသည်။ ယင်းမာမန်ဝါဒမှာ ယခင်ပေါ်ထွန်းခဲ့ဖူး သော မယားအများအပြားယူသည့်ဝါဒ ပေါ်လီဂမီဝါဒပင်ဖြစ်ပါ သည်။ အဆိုပါ မာမန်ရီဇင်ဝါဒမှာ ဒဏ္ဍာရီထဲမှ ပုဂ္ဂိုလ်ကြီးတစ်ဦး ရေးသားခဲ့သည်ဆိုသော ''မာမန်ကျမ်းဂန်''မှ လာသည့်စာမှ သဘောတရားပင်ဖြစ်သည်။

ယင်းမာမန်အသင်းဝင်တို့ သက်ဝင်ယုံကြည်ထား ကြသည်မှာ ကောင်းကင်ဘုံရှင် ဘုရားရှင်အား ချဉ်းကပ်နိုင်သူမှာ ထွက်ရပ်ပေါက်သူတော်စင် ပုဂ္ဂိုလ်ကြီး မာမန်သာလျှင်ဖြစ်ပြီး ကောင်းကင်ဘုံနှင့် လူ့ပြည်ကို ဆက်သွယ်ပေးသည့် တံတားကြီး သဖွယ်လည်းဖြစ်သည်။ မိမိတို့မာမန်သူတော်စင် လက်သစ်တို့ ကိုယ်နှုတ်တို့မှ ထိုပုဂ္ဂိုလ်ကြီးစီး၍ ဘုရားသခင်၏ ဗျာဒိတ်တော်ကို အဆက်မပြတ် ဟောကြားနေခြင်း ဖြစ်ကြကြောင်း ယုံကြည်ဟော ပြောနေကြသည်။ ယင်းဝါဒကို ရှေးရှေးခေတ် အမေရိကန်နိုင်ငံ တွင် နေထိုင်ခဲ့ကြသော တိုင်းရင်းသားပြည်သူတို့ မှတ်တမ်း

မှတ်ရာကျမ်းတစ်စောင် ပေတစ်ဖွဲ့ပြုစုခဲ့ကြသည်။ ယင်းကျမ်းမှ ရွှေအတိပြီးသော ရွှေပြားရပိုက်ပေါ်တွင် အက္ခရာတင်ရေးသားခဲ့ကြသည်။ ယင်းကျမ်းပရပိုက်ကို ဂျိုးဇက်စမစ်ဆိုသူဘာသာရေးဂိုဏ်းတည်ထောင်သူ ပုဂ္ဂိုလ်က ရှာဖွေတွေ့ရှိခဲ့ပြီး ဘာသာပြန်ဆိုခဲ့ခြင်း ဖြစ်လေသည်။ ဘာသာပြန်သူ။

အကယ်၍ အလုပဂေး မိန်းကလေးတစ်ယောက် မာမန်အသင်းတော်တစ်ခုက ဝိုင်း၍ မတော်မတရားပြုကျင့်လိုက်သည်ဟူသော သတင်းထွက်ပေါ် လာပါက တမင်သက်သက် သတင်းစာ စာနယ်ဇင်း၊ စာစောင် ရောင်းကောင်းအောင် အညာအဟောက် သတင်းလုပ်ကြံဖန်တီးခြင်းသာဖြစ်သည်ဟု အများတကာက ထင်ကြပေလိမ့်မည်။ သို့ ရာတွင် ၁၉၇၇ ခုနှစ်အတွင်းက အလှမယ်ကလေးတစ်ဦးအား မဟားဒယားပြုကျင့်ခဲ့သည်ဟု သံသယမကင်း ဖြစ်ခဲ့သည်။ ယင်းသတင်းမှာ ကတ် အန္ဒာဆန်နှင့် ဂျွိုက်မက္ကင်နေတို့အား ရည်ညွှန်း၍ ထွက်ပေါ်လာခြင်းဖြစ်သည်။

ယင်းဖြစ်ရပ်မှာ ၁၉၇၇ ခုနှစ်၊ စက်တင်ဘာလအတွင်းက အမေရိကန် သာသနာပြုဆရာ ကတ်အန္ဒာဆန် ပျောက်ကွယ်သွားခဲ့ခြင်းနှင့် တစ်ဆက်တည်း ပြန်လည်ပေါ်ပေါက် လာခဲ့ရာမှ ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ ထိုလ(၁၈)ရက်နေ့ထုတ် သတင်းစာကြီးတွင် အောက်ပါအတိုင်း ရေးသားဖော်ပြထားလေသည်။

အင်္ဂလန်နိုင်ငံ၊ ဆာရေးမြို့နယ်မှ မာမန်သာသနာပြုဆရာ ပျောက်ကွယ်နေရာမှ မနေ့က ပြန်ပေါ်လာခဲ့ပြီး ပြန်ပေးဆွဲခံခဲ့ရပြီး သုံးရက်တိုင်တိုင်လက်ထိပ်ခတ် ပိတ်လှောင် ချုပ်နှောင်



ထားခြင်းခံခဲ့ရကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ သူကမိမိအား ပြန်ပေးဆွဲချုပ်နှောင်ခဲ့သူမှာ ချမ်းသာ ကြွယ်ဝသော ခရစ်ယာန် သာသနာပြု ဂိုဏ်းဝင်အကြီး အဘဲလစ် ထရူးမားတစ်ဦးဖြစ်မည်ဟု ယုံကြည်ယူဆထားကြောင်းကိုလည်း ပြောပြခဲ့လေသည်။

အသက်(၂၀)နှစ်အရွယ် ကတ်အန္ဒာဆန်အား ပြန်ပေးဆွဲဖမ်းဆီး ချုပ်နှောင်ထားရာမှ လန်ဒန်မြို့ ဗစ်တိုးရီးယားဘူတာရုံအနီးမှ တစ်ပေါက် မစွန်းဘဲပြန်လွှတ်ခဲ့ပြီး စကော့တလန်ယာဒ် စုံထောက်အဖွဲ့ကြီးသို့ တယ်လီဖုန်းဖြင့် အကြောင်းကြားခဲ့သည်ဟုသိရှိရ၏။ ယင်းအမည်မသိပုဂ္ဂိုလ်က အန္ဒာဆန်မှာ ကက်ပ်ဆန်မြို့၊ မီလ်တန်ဂါဒင်းရပ်သူ့အိမ်ရှိရာသို့ မီးရထားဖြင့် ပြန်သွားပြီဖြစ်ကြောင်း တယ်လီဖုန်းဆက် သတင်းပို့ခဲ့ခြင်းဖြစ်သည်။ သို့ပါသော်လည်း အန္ဒာဆန်မှာ ရထားမှားစီးမိသဖြင့် ခရီးအတန်ဝေးသော ဘက်တန်သို့ ရောက်ရှိခဲ့ပြီး ရဲအား မိမိလာရောက်ခေါ်ယူပါရန် အကြောင်းကြားခဲ့ရသည်။

ယင်းကံဇာတာဂြိုဟ်စီးသည့် သာသနာပြုဆရာလေးကို ပြုမှားခဲ့မိသော အမှားအယွင်းသည် ထူးဆန်းထွေလာ နိမိတ်ကောင်းခြင်းတစ်ရပ် ပေါ်ပေါက်လာခဲ့စေခဲ့ပါသည်။ အန္ဒာဆန်က သက်ဆိုင်ရာရဲအဖွဲ့တို့အား မိမိမှာ ယခင်ချစ်သူဖြစ်ခဲ့ဖူးသော အသက်(၂၉)နှစ်ရွယ်ရှိ ဂျွိုက်မက္ကင်နေဆိုသူ မိန်းကလေး၏နှိပ်စက်ညှင်းပမ်းခြင်းကို မည်သို့မည်ပုံခံခဲ့ကြောင်း တိုင်ကြားခဲ့သည်။ သူတို့နှစ်ဦး မာမန်ခရစ်ယာန်သာသနာပြု ကမ္ဘာ့အဖွဲ့ချုပ်တည်ရှိရာ ဆော့လိမ့်စီးတီးမြို့တွင် သမီးရည်းစားမကာ၊ လင်မယားမကျ

အတူပေါင်းသင်းနေထိုင်ခဲ့ကြသည်ဟု သိရ၏။ ထို့နောက် သူတို့နှစ်ဦး အချိန်တိုကလေးအတွင်း ပေါင်းသင်းနေထိုင်ရာမှ ကွဲသွားခဲ့ကြသည်။ ထိုအချိန်မှစ၍ မက္ကင်နေသည် သူ့အားလိုက်လံနှောက်ယှက်ခဲ့လေသည်။

သာသနာပြုဆရာအန္နာဆန်က မိမိအိမ်ပြူတင်းမှာကားဖြင့် အတိုက်ခံရသဖြင့် ကျိုးပဲ့ပျက်စီးနေပြီး မိမိမောင်းသည့်ကိုယ်ပိုင်ကားတာယာမှာလည်း ကွဲပြဲနေကာ ကားတစ်ခုလုံးရစရာမရှိအောင် ကြေမွနေသည်ကို တွေ့ရှိရခဲ့ရကြောင်း ထွက်ဆိုခဲ့သည်။ သို့နှင့်သူလည်း ထိုအမျိုးသမီး၏ ရန်မှဝေးရန် အမေရိကန်ပြည်ထောင်စု အနောက်ပိုင်းဥတားပြည်နယ်မှ ကာလီဖိုးနီးယား ပြည်နယ်သို့ ရှောင်တိမ်းခဲ့လေသည်။ အချစ်ရူးမလေးမက္ကင်နေမှာလည်း ထပ်ကြစ်မကွာ သူ့နောက်လိုက်လာခဲ့သည်။ ဤသို့ ဆက်တိုက် ထိုမိန်းကလေး၏ အနှောက်အယှက်ကြောင့်သူ၏ မာမန်အသင်းအား မိမိကို ဗြိတိန်နိုင်ငံသို့ ပို့ပေးပါရန်ပန်ကြားခဲ့သည်။ သို့သော်လည်း မိန်းကလေးမှာ ကျားကုတ်ကျားခဲ မိုးအဆုံးမြေအဆုံး သူ့နောက်ခြေရာခံလိုက်မြဲလိုက်ခဲ့သည်။ အန္နာဆန်လည်း လေ၏လျှင်မြန်ခြင်းကဲ့သို့ အဟုန်ဖြင့် အရှေ့ဂရင်းစတက်မှ အင်္ဂလန်နိုင်ငံတောင်မိုင်း ဘတ်ဂျိုင်းယားပြည်နယ်ဂိုဒင်းမြို့သို့ ထိုမှတစ်ဖန်နောက်ဆုံး အက်ပ်ဆန်မြို့သို့ လစ်ခဲ့လေသည်။

ထိုမြို့၌ပင် သူ့အားပြန်ပေးအဆွဲခံရကြောင်း မာမန်ဂိုဏ်းဝင် အန္နာဆန်က ထုတ်ဖော်ပြောကြားခဲ၏။ ဤအခင်းဖြစ်အမှု



မှာ ဒေါသအာဃာတမပါဘဲ တမင်သက်သက် မိန်းမတစ်ယောက်၏မထေမဲ့မြင် အရှက်ခွဲခံရခြင်း ဖြစ်ဟန်တူကြောင်း အန္နာဆန်လူပျောက်အမှုကို ကိုင်တွယ်ခဲ့သော စုံထောက်အရာရှိက ကောက်ချက်ချခဲ့သည်။ အမေရိကန်နိုင်ငံ၊ ယုတတ်ပြည်နယ်၊ အိုရင်မြို့ရှိ အန္နာဆန်၏ မိဖနှစ်ပါးက မိမိသားပြန်ပေးအဆွဲခံရရာမှ ပြန်လွတ်လာပြီဖြစ်ကြောင်း သတင်းကြားရသဖြင့် စိတ်အေးသွားရကြောင်း ပြောပြခဲ့ကြသည်။ မိခင်ဖြစ်သူ မစ္စစ်အန္နာဆန်က''ကျွန်မကိုယ်ပိုင်အတွေးအရ ပြောရယင် ကျွန်မသားဟာ အဲဒီကလေးမနဲ့ နီးနီးစပ်စပ် မရှင်းမရှင်းနေခဲ့လို့ဖြစ်မှာပဲလို့ပဲ ထင်မိတယ်''ဟူ၍ ပြောကြားခဲ့လေသည်။

နောက်ပိုင်း၌ ဂျိုက်စ်မက္ကင်နေနှင့် ကြံရာပါအမျိုးသမီးကိတ်ဂျိုးဇက်မေ(၂၄)နှစ်ကိုပါ သက်ဆိုင်ရာရဲအဖွဲ့က ဖမ်းဆီးလိုက်သည်။ သူတို့နှစ်ဦးအား အန္နာဆန်အား ပြန်ပေးဆွဲမှုဖြင့် တရားစွဲဆိုခဲ့သည်။ ထို့ပြင်ဒုတိယပစ်မှုဖြစ်သော ခြိမ်းခြောက်၊ အကြမ်းဖက်ရန် ဒဿမ ၃၈ ခြောက်လုံးပြူးသေနတ်တု ကိုင်ဆောင်မှုလက်နက်ပုဒ်မဖြင့် ဒုတိယစွဲချက်တင်ခဲ့သည်။ တရားခံအမျိုးသမီးဂျိုက်စ်မက္ကင်နေသည် ဗြိတိန်နိုင်ငံသို့ နိုင်ငံကူးလက်မှတ်ပတ်စ်ပို့အတုဖြင့် ခိုးဝင်လာခဲ့ကြောင်းသိရှိခဲ့ကြရပြန်သည်။ ပထမသတင်းဦး ထွက်ပေါ်လာခဲ့သော သတင်းစာ၌ အခင်းဖြစ်ပြန်ပေးမှုကြီးကို သတင်းနှင့်တကွ၊ မျက်ရည်စက်လက်နှင့် သနားကမားမိန်းကလေး၏ ပုံတစ်ပုံပါ ဖော်ပြပါရှိလေသည်။

သူတို့နှစ်ဦးအား ဖမ်းဆီးချုပ်နှောင်ထားရာ ထောင်ကြီး

နောက်ပေါက်မှ ကားတစ်စီးဖြင့် သက်ဆိုင်ရာတရားစွဲဆိုထားသော ရာဘက်တရားသူကြီး ရုံးတော်သို့ထုတ်ခဲ့ရာ တရားခံမိန်းကလေး သူမ၌ အပြစ်မရှိကြောင်း ခုခံကာကွယ်ပြောဆိုခဲ့သည်။ ထို့ပြင် သမ္မာကျမ်းစာ၊ စာမျက်နှာများ ပေါ်လွင်ရေးသားထားသော သူမ၏ စာတိုကလေးကိုလည်း ထုတ်ပေးခဲ့သည်။ စာထဲ၌ ကျွန်မအတွက် ဘုရားသခင်ထံ ဆုမွန်ကောင်းပေးကြပါ" ဟူ၍ ရေးသားထားသည်ကို ဖတ်ရှုရသည်။

အခင်းဖြစ်လူပြန်ပေးအမှုကို နိုဝင်ဘာလထဲ၌ ပဏာမကြားနာစစ်ဆေးခဲ့သည်။ ယင်းကာမဂုဏ်ရမ္မက်ဖြစ်သည့် အချစ်အား တားဆီးခဲ့ရာမှ ရာဇဝတ်မှုကျူးလွန်မိသည့် ဇာတ်လမ်းမှာ နေ့စဉ်ထုတ်သတင်းစာမျက်နှာဖုံးတို့တွင် ရေပန်းစားလှသော သတင်းတစ်ပုဒ်ဖြစ်ခဲ့သည်။ ရာဂစိတ်အရင်းခံသည့် ချစ်ခြင်းမေတ္တာသံယောဇဉ်အမျှင်တန်းခဲ့သော အခင်းဖြစ်မှုခင်းသတင်းမှာ လူကြိုက်များလှသည့် သတင်းစာ၊ မဂ္ဂဇင်း၊ အခြားစာနယ်ဇင်းမျက်နှာဖုံးသတင်းအဖြစ် လွှမ်းမိုးသွားခဲ့သည်။

အခင်းဖြစ် ကတ်အန္ဒာဆန်နှင့် ဂျိုက်စ်မက္ကာင်နေတို့ အမှုစတင်ဖွင့်လှစ်ကြားနာစစ်ဆေးရန်အတွက် တရားလို အန္ဒာဆန်၏ အကျိုးတော်ဆောင်ရှေ့နေကြီးက အကြင်တို့ချစ်သူနှစ်ဦး ၁၉၇၅ ခုနှစ် အမေရိကန်နိုင်ငံ ယုတတ်ပြည်နယ်တွင် စတင်ချစ်ခန်းဖွင့်ခဲ့စဉ်အခါကအကြောင်း အကျဉ်းချုံး၍ တင်ပြပြီး ထိုစဉ်ကစ၍ မိမိ၏အမှုသည် တရားလိုအပေါ် တရားခံဖြစ်သူ ဂျိုက်စ်မက္ကာင်နေ၏ ဆက်တိုက်အနိုင်ကျင့်ခဲ့ပုံအဖုံဖုံကို တင်ပြ



လျှောက်လဲခဲ့သည်။ ထို့နောက် တရားလိုရှေ့နေကြီးက ဆက်လက်ထုတ်ဖော်တင်ပြခဲ့သည်မှာ ၁၉၇၇ ခုနှစ်၊ စက်တင်ဘာလ(၁၄)ရက်နေ့တွင် တရားခံမိန်းကလေးနှင့် ကြံရာပါတို့နှစ်ဦး သူ၏အသင်းတော်ဘုရားကျောင်းအပြင်၌ ဆိုက်ကပ်ထားသော ကားတစ်စီးပေါ်သို့ အန္ဒာဆန်အား အဓမ္မခြိမ်းခြောက်၍ တင်ကာ မောင်းနှင်ခဲ့သည်ဟုဆိုပါသည်။ သူတို့အသုံးပြုခဲ့သော လက်နက်မှာ ခြောက်လုံးပြူးသေနတ်တစ်လက်နှင့် မေ့ဆေးရည်တစ်ပုလင်းတို့ဖြစ်သည်။ ယင်းသို့သူ့အား အဓမ္မတင်ဆောင်မောင်းနှင်လာခဲ့ကြရာ နာရီပေါင်း(၅)နာရီအကြာ၌ ဒေဗွန်ဂျိုင်းယားပြည်နယ်၊ တဲအိမ်တစ်လုံးရှေ့ထိုးဆိုက်ခဲ့သည်။ တရားခံ မစ္စမက္ကာင်နေက သူမ၏ အန္ဒာဆန်အား သူမအား လက်မထပ်မချင်း အချုပ်မှ လွှတ်မပေးဘူးဟူ၍ သတိပေးပြောကြားခဲ့သည်။

ယင်းတဲကလေးအတွင်း၌ သူတို့နှစ်ဦး အလိုမတူဘဲချစ်တင်းနှောခဲ့ကြသည်ဆိုသည်မှာ ပြောစရာမလိုပေ။ သို့တည်းမဟုတ် အန္ဒာဆန်အား ချုပ်နှောင်ပြီး အဓမ္မပြုခဲ့သည် ဆိုသည်မှာလည်း သံသယရှိစရာမလိုဟုထင်ပါသည်။ ယင်းပြဿနာကို တရားလိုကိုယ်တိုင်က မိမိမှာတရားခံ၏ သားကောင် ဖြစ်ခဲ့ပြီး အတင်းအဓမ္မဓားပြုတိုက်အယူခံခဲ့ရကြောင်း ထုတ်ဖော် ထွက်ဆိုခဲ့သည်။ တရားခံမက္ကာင်နေက လက်ထိပ်များမှာ တမင်သက်သက် တုတ်နှောင်ဖို့ လက်နက်များ အသုံးပြုခဲ့ခြင်းဖြစ်သည် ဟုထွက်ဆိုချေပခဲ့သည်။

တရားလိုဖြစ်သူ အန္ဒာဆန်၏ထွက်ဆိုချက်တွင် မိမိအား

ကြံ့ရာပါ မိန်းကလေးကိတ်မေက အိပ်ရာထဲ၌ သံကြိုးဖြင့် ချည်နှောင်ပြီး သားရေကြာပွတ်ဖြင့် ရိုက်နှက်၍ ထိုသို့ပြောကြားခဲ့သည်ဟု ဆိုပါသည်။ "ဒီမှာရှင်သိထားဖို့က ဂျိုင်းကပြောတယ်၊ သူမကိုချစ်တဲ့လူပြန်ပေး၊ ရွှေဖိုး အဖိုးအခဟာ ငွေမဟုတ်ဘူးရှင်ရဲ့ သူမကို ကလေးတစ်ယောက်ရရှိအောင် ဆောင်ရွက်ပေးဖို့ပဲ၊ အဲဒါသဘောပေါက်" ဟူ၍ပြောကြားခဲ့ကြောင်းထွက်ဆိုခဲ့သည်။ သူ့အားမိန်းကလေးက မည်သို့မည်ပုံ အဓမ္မဓါးပြတိုက်ယူခဲ့ပုံကို ပြောအပြနိုင်းရာ သူကထုံးတမ်းစဉ်လာမဟုတ်သည့်နည်းဖြင့် ကာမဂုဏ်အရသာ အရယူခဲ့ပါသည်ဟု ထွက်ဆိုသွားခဲ့သည်။

ယင်းကဲ့သို့ ဂျိုက်စ်မက္ကာင်နေတို့၏ သုံ့ပန်းအဖြစ်နေခဲ့စဉ် တတိယမြောက်ည၌ သူမသာမက သူမအဖော်ကြံ့ရာပါ မိန်းကလေး ကိတ်မေရီ၏ နိုင်ထက်ကလူ့သဘောမတူဘဲ ပြုကျင့်ခြင်းခံခဲ့ရကြောင်းကိုလည်း အန္တာဆန်ကထွက်ဆိုခဲ့သည်။

သူ့အား တစ်ဘက်ရှေ့နေ၏ ပြန်လှန်မေးခွန်းမေးမြန်းစဉ် အန္တာဆန်က သူတို့မာမန်ဘာသာရေးကိုဏ်းဝင်တို့၏ ခန္ဓာကိုယ်တွင် ဝတ်ဆင်မှုထားလေ့ရှိသော မြင့်မြတ်သည့် ပစ္စည်းအဆောင်တစ်ခုရှိကြောင်း၊ ထိုပစ္စည်းဘာဖြစ်သည်ဆိုသည်ကို လူသိရှင်ကြား ဖွင့်မပြောအပ်သည့် မပြောလိုကြောင်း။

သူကတရားခံ မစ္စမက္ကာင်နေမှာ သူ့အား အနိုင်အထက်ကာမဓါးပြတိုက်ယူရုံမက သူ့ခန္ဓာကိုယ်အတွင်း၌ ဝတ်ဆင်ထားသော အမွန်အမြတ်ဂိုဏ်းဝင် အဆောင်ခါးပတ်စလွဲ့ပစ္စည်းမှာ သိဒ္ဓိပြယ်သွားပြီဖြစ်၍ မီးရှို့ပစ်လိုက်ရကြောင်းကိုလည်း ထုတ်ဖော်



တင်ပြသွားခဲ့သည်။

ဂျိုက်စ်မက္ကာင်နေ၏ ရုံးတော်သို့တင်သွင်းသော ထုချေလျှောက်ထားထွက်ဆိုချက်မှာ ဖြစ်ရပ်ဖြစ်စဉ် သဘောထားခြင်း မတူကွဲပြားနေသည်။ အန္တာဆန်က သူမအပေါ် လိုလိုလားလားဖြင့် ချစ်တင်းနှောခဲ့ကြောင်း၊ သူတို့ချစ်သူနှစ်ဦး စိတ်ရောကိုယ်ပါ မိန်ရာသီ၊ ဘရဂုဏ္ဍိနက္ခတ် (ငါးကြင်းနှစ်ကောင် ပုံနက္ခတ်) အချစ်မျိုး ချစ်ခဲ့ကြပြီး ချစ်ကြိုးနှောင်ဖွဲ့ ချစ်တမ်းကစားနည်းဖြင့် သူမရမ္မက်ဖြစ်သည့် ချစ်စိတ်တို့ကို ဖြေပေးခဲ့ကြောင်း။

မစ္စတာအန္တာဆန်မှာ ကျွန်မသူ့ကို ကြိုးဖြင့်ချည်နှောင်နေစဉ်က လိုလိုလားလားဖြင့် ကုတင်ပေါ် စန့်စန့်ကြီးနဲ့ ကြည့်နေခဲ့တယ်ရှင့်။ တရားခံ မက္ကာင်နေက ရုံးတော်သို့ရင်ဖွင့်ခဲ့သည်။ အကယ်၍များ သူကသာငြိမ်ခံမနေယင် အဲ–ဆန္ဒမရှိယင်ပေါ့– ကျွန်မကို သေးသေးကွေးကွေး ခန္ဓာကိုယ်အလေးချိန်ပေါင်(၁၂၀) သာရှိတဲ့ ကျွန်မလို အားနွဲ့တဲ့ မိန်းကလေးတစ်ယောက်က သူလိုလေးလုံးခြောက်ဘက်ကျားကိုးစီးစားမကျန်တဲ့ ခန္ဓာကိုယ် အလေးချိန် ပေါင်(၂၅၀)လေးပြီး အရပ်(၆)ပေ(၂)လက်မရှိတဲ့ ယောကျ်ားရင့်မာကြီးကို ဘယ်လုပ်နိုင်မှာတဲ့လဲ" ဟူ၍လည်းကောင်း၊ ထိုစဉ် သာသနာပြုဆရာလေး အန္တာဆန်မှာ ကုတင်ပေါ်၌ မျောက်ကလေးတစ်ကောင် ငုတ်တုတ်ထိုင်နေသည်နှင့်မခြား တူညီနေခဲ့ကြောင်းကိုပါ ဖွင့်ဟထွက်ဆိုခဲ့သည်။

တရားခံဖြစ်သူ မက္ကာင်နေက သူမသက်ဝင်ယုံကြည်ကိုးကွယ်ရာ ခရစ်ယန်ဘာသာအသင်းတော်သို့ ထုံးတမ်းနည်း

လမ်းနှင့်အညီ ဘုရားသခင်ထံ တိုင်တယ်၍ ခုခံကာကွယ်ထွက်ဆို ခဲ့သည်။ သူမအာမေရိကန်နိုင်ငံ၊ ယုတတ်ပြည်နယ်၌ နေကြစဉ်က သူမဘဝထဲသို့ "အထူးဝိသေသထူးသည့် လုလင်ပျိုကလေး တစ်ဦးရောက်လာပါစေ" ဟုဆုထူးငယ်ပန်ရှယ်သွန်းခဲ့မိကြောင်း သူမစိတ်ညစ်နေသည့်အခါ၌ ချစ်သူအန္တာဆန်က သူမစိတ်ပြေ သွားအောင် နောက်ပြောင်ကလူချစ်စနိုးကျီဆယ်ခဲ့ အနမ်းမိုးရွာ ခဲ့ကြောင်းကိုလည်း ပြောပြခဲ့သည်။ ထိုစဉ်က သူပြောခဲ့သော စကားများစွာကို ကိုးကား၍တင်ပြခဲ့ပြီး သူမက "ချစ်သူကတ် အပေါ် ကျွန်မဘယ်ကလောက်ချစ်တယ်ဆိုတာ ဟိုး–မိုးမြင့်သီ ခေါင်၊ မောင့်အဲဗရက်စ် တောင်ထိပ်က ခုန်ချဆိုခုန်ပြဝံ့ပါရဲ့" ဟူ၍လည်း ရဲရဲဝံ့ဝံ့ဖြင့် သူမအချစ်ကို ကြွေကြာပြသွားခဲ့သည်။

သူတို့နှစ်ဦး မတူညီသော ထွက်ချက်များအပေါ် တရားခွင်၌ လာရောက်ကြားနာသူပြည့်သူတို့ မည်သို့ကောက်ချက်ချကြပါမည်နည်း။ စဉ်းစားစရာတစ်ချက်မှာ မက္ကင်နေခုခံကာကွယ် ထွက်ဆိုခဲ့သလို "သူမလိုသေးသေးကွေးကွေး မိန်းကလေး လေးလုံးခြောက်ဖက် အန္တာဆန်လို လူတစ်ယောက်ကို မည်သို့ လှဲချ ကြိုးဖြင့်ချည်နှောင်တုတ်နှောင်နိုင်မည် မဟုတ်ဟူသော ဆင်ခြေပင်ဖြစ်သည်။ ယင်းသို့ဆိုပါက သူမပြောသလို အန္တာဆန် က လိုလိုလားလားနှင့် သူမဆန္ဒကို ဖြည့်ပေးခဲ့သည်ဆိုလျှင် သူမအဖော်ကြံရာပါ ကိတ်မေရီသည် သူတို့ဇာတ်လမ်းတွင် မည်သည့်အခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသနည်း။ သူမ၏အကျိုးတော် ဆောင်ရှေ့နေဒေဗွန်တွင် ဖြစ်ပွားခဲ့သည့် သောင်းကျန်းမှုတွင်



သူ၏ အမှုသည် ကိတ်မေရီတွေ့မြင်ခဲ့ရသည်မှာ အကြမ်းဖက် သည့် ကြမ်းကြုတ်ရက်စက်သည့် အဖွဲ့အစည်းမှ ပြန်ပေးဆွဲခံရသူ အန္တာဆန်အား လာရောက်ကယ်တင်သွားခဲ့ခြင်းသာ ဖြစ်ကြောင်း အတိအလင်း ထုချေထွက်ဆိုသွားသည်။

အကြောင်းကြောင်းကိုထောက်၍ မေရီနှင့် မက္ကင်နေ တရားခံနှစ်ဦးစလုံးအား နောက်ရုံးချိန်းကြားနာစစ်ဆေးခင် အတောအတွင်း ကောင်းမွန်စွာ နံနက်(၉)နာရီမှ ည(၉)နာရီထိ အိမ်ထဲမှ အပြင်မထွက်ရဘဲ နေစေရန်အမှုအတွင်း အာမခံပေးခဲ့ သည်။ တရားလိုရှေ့နေကြီးက တရားခံနှစ်ဦးအား နောက်ထပ် ရုံးချိန်းမထိုင်မိ အတောအတွင်း ကောင်းမွန်စွာနေရန် အာမခံပေး ထားသည်ကို ဖောက်ဖျက်ပြီး တိုင်းပြည်မှ တိမ်းရှောင်ထွက်ပြေး မည်ဟု အကြောင်းပြရာ ကန့်ကွက်ခဲ့သည်။ တရားခံမက္ကင်နေ အတွက် ခုခံကာကွယ်ရန် နိုင်ငံရေးသမားတစ်ဦးက တရားလို ရှေ့နေ အကြောင်းပြချက်မှာ လုံးဝအဓိပ္ပါယ်မရှိကြောင်း ချေပ ခဲ့သည်။ သူက "တရားခံဟာ တစ်ဖက်အကျိုးတော်ဆောင် ရှေ့နေယူဆသလို လုပ်မည်မဟုတ်ကြောင်း၊ သူမနာမည်ကို အဖတ်ဆယ်ဖို့ ဒီနိုင်ငံမှာနေကိုနေဖို့ ဆန္ဒရှိနေပါတယ်" ဟူ၍ ဆုချေခဲ့သည်။

သို့သော်ငြား(၁၆)ရက်နေ့တွင် "တဏှာကျွေးကျွန် မိန်းကလေး" မှာပျောက်ခြင်းမလှ ပျောက်သွားခဲ့သည်။ သက်ဆိုင် ရာ ရဲအဖွဲ့ဝင်တို့ မြေလှန်၍ ရှာဖွေခဲ့ကြပါသော်လည်း ခြေရာ သည်းပျောက်၊ ရေလည်းနောက်ခဲ့လေတော့သည်။

သက်ဆိုင်ရာရဲအဖွဲ့ဝင်တို့နှင့် ရုံးတော်မှာ ပျောက်ဆုံး နေသည့် တရားခံမနှင့်ပတ်သက်၍ ရေငုံနှုတ်ပိတ်နေခဲ့ကြသည်။ မက္ကာင်နေမှာ ကနေဒါနိုင်ငံသို့ တိမ်းရှောင်ထွက်ပြေးခဲ့သည်။ သူမ သည် ဘဝဟောင်းကို စွန့်ပစ်ပြီး သီလရှင်တစ်ပါးအသွင်ဖြင့် ပုန်းအောင်းနေရာမှထွက်ခဲ့ပြီး အတ္တလန်တိတ်သမုဒ္ဒရာနိုင်ငံကူး သင်္ဘောဖြင့် ကနေဒါနိုင်ငံသို့ ဘေးမသီရန်မခ ထွက်ပြေးလွတ် လာခဲ့ခြင်းဖြစ်သည်။

လူပြန်ပေးတရားခံမ မက္ကာင်နေ၏ မြေလျှိုးမိုးပျံခြေရာ ပျောက်သွားခဲ့သည်။ သတင်းမှာ တမဟုတ်ခြင်း ပျံ့နှံ့ပြီး အုတ် ကျော်သောင်းနင်း ဖြစ်သွားခဲ့သည်။ အင်္ဂလန်နိုင်ငံ နေ့စဉ်ထုတ် သတင်းစာတို့မှာ သီးသန့်အင်တာဗျူး လူတွေ့မေးမြန်းခန်းများ ပြုလုပ်ခဲ့ကြသည်။ ပင်ဟောက်စ်-မဂ္ဂဇင်း (မက္ကာင်နေ၏ ကိုယ် တိုင်ပြောပြခဲ့သည့် အခင်းဖြစ်လူပြန်ပေးမှုခင်းကို တင်ပြခဲ့သော မဂ္ဂဇင်းနှင့် နေ့စဉ်ထုတ်ဒေးလီးအပ်စ်ပရက်စ် သတင်းစာ သတင်း ဓါတ်ပုံများနှင့် ဝေဝေဆာဆာဖြစ်ရပ်၊ ဖြစ်စဉ်ဇာတ်စုံခင်းပြခဲ့သော သတင်းစာကြီးဖြစ်သည်) တို့အကြားတရားသောစစ်ခင်းခဲ့ကြ သည်။ ပေါ်ပြူလာသတင်းစာ၊ မဂ္ဂဇင်းတို့၏ သဘောထားနှင့် ဆန့်ကျင်သော်လည်း မေလ(၂၂)ရက်နေ့မှာ ဂျိုက်မက္ကာင်နေ နေ့ ဖြစ်လာခဲ့သည်။ အင်္ဂလန်နိုင်ငံ ဒေးလီးမိုင်းရားခေါ် နေ့စဉ်ထုတ် ကြေးမုံသတင်းစာကြီး၌ သူမ၏ဝတ်လစ်စလစ်ပုံတစ်ပုံကို ရေးသား ဖော်ပြခဲ့သည်။ သရုပ်ဖော်ပုံများ အလျှဉ်းမပါဘဲ နေ့စဉ်ထုတ်သည့် ဆန်း(သူရိယနေ့စဉ်) သတင်းစာကြီး၌ ကိုယ်ပိုင်စိတ်ကူးဖြင့်



သရော် ပြောင်လှောင်ထားသည့် ပုံတစ်ပုံဖော်ပြီး သတင်း ဆောင်းပါး တစ်ပုဒ်ရေးသားထားသည်ကိုလည်း ဖတ်ရှုရသည်။ ယင်းသရော် ပြောင်သရုပ်ဖော်ပုံမှာ လုံးတီးမယ်တစ်ဦး၏ ခန္ဓာ ကိုယ်တွင်း ဂျိုက်မက္ကာင်နေ၏ ဦးခေါင်းပုံကြီးကြီးမမျှမတ တင်ထား ပြီး နှင်းပွင့်များ ဖုံးအုပ်နေသည့် တောင်စောင်းမှ စကိတ် စီးဆင်းလာနေသည့် ပုံဖြစ်သည်။ ယင်းဝတ်လစ်စလစ်မယ် ပုံတွင် သူမနှာခေါင်းပေါက် တစ်ပေါက်မှ ဖော်မွှားပန်းတစ်ပွင့် ထိုးထွက် နေသည်ကိုလည်း ရေးဆွဲထားလေသည်။

တဏှာကျေးကျွန်မိန်းကလေး ဂျိုက်မက္ကာင်နေမှာ ''ယောကျ်ားတစ်ယောက်၏ လိုအင်ဆန္ဒ (သွေးသားတောင့်တမှု လိုအင်ဆန္ဒ) ကိုဖြည့်ဆည်းပေးရမည်ဖြစ်ပါသည် ''ဟူသော သွန် သင်ချက်သည် သတင်းစာတိုင်း၌ အသံပဲ့တင်ထပ်ခဲ့သည်။ ထို့ပြင် တရားခံမက္ကာင်နေပြောစကားကိုလည်း ရည်ညွှန်းဖော်ပြထားကြ သည်။ သူမက ''ကျွန်မဟာ ရှေးဆန်လွန်းတဲ့မိန်းကလေးပါ။ လူတစ်ယောက်ရဲ့နားခိုရာအိမ်ဆိုတာ ရဲတိုက်ကြီးလို အင်မတန်မှ ခိုင်ခံ့တယ်ရယ်လို့ ယုံကြည်ထားမိပါတယ်။ အိမ်ထောင်ဦးစီး လုပ်သူ လင်ယောကျ်ားဆိုတာ ဇနီးမယားကို အလိုလိုက်ရစမြဲပါ။ အဲ-အလိုလိုက်လဲလိုက်သင့်တာပေါ့၊ ဟုတ်ဖူးလားရှင်။ ကျွန်မ ဆန္ဒဟာ ကိုတ်ရဲ့ကျေနပ်မှုနဲ့ ပျော်ရွှင်မှုကို ပေးဖို့ပါပဲ။ နို့ပေမယ့် သူဟာသူ ပေါက်ဖွားကြီးပြင်းလာရာအသိုင်းအဝိုင်းကို မလွန်ဆန် နိုင်ဘဲ အဲဒီအထဲမှာပဲ နစ်မြုပ်နေခဲ့ပါတယ်။ အဲဒီမကောင်းမှု ဝေသနာတွေထဲက သူ့ကို ကာမဂုဏ်ချမ်းသာနဲ့ ဖြေဖျော်ပေး

ချင်ခဲ့မိတာပါ။ အဲဒီဆန္ဒ၊ အဲဒီရည်ရွယ်ချက် အောင်မြင်မှုရခဲ့တယ်လို့ပဲ ထင်မိပါတယ်လေ၊ ဒါပေမယ့်–နောက်ဆုံးနိဂုံးချုပ်တော့ အသင်းတော်က အနိုင်ရရှိသွားခဲ့ပါတယ်'' ဟူ၍ အကျယ်တဝင့် ရှင်းလင်းပြောပြခဲ့သည်။

ဂျိုက်မက္ကင်နေ၏ အဖြစ်မှန်မှာ ဤသို့ဖြစ်သည်။ သူမမှာ အမေရိကန်ပြည်သူ့တို့၏ ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင် ဖြစ်ခဲ့သည်။ သူမမြောက်ကာဂိုလီးနား၌ နေထိုင်ခဲ့စဉ်က အလှသရုဆောင်းခဲ့သော မိန်းကလေးဖြစ်ခဲ့ပုံကို ယနေ့တိုင် မြင်ယောင်နေသေးသည်။ သူမမှာ ကျမ်းစာသင်ကျောင်းသူကလေးတစ်ဦး ဖြစ်ခဲ့ဖူးသည်။ မက္ကင်နေမှာ မြောက်ကာဂိုကီးနား အထက်တန်းကျောင်းမယ်အဖြစ် အရွေးခံခဲ့ရပြီး အလှဘုရင်မတစ်ပါး ဖြစ်ခဲ့သည်။ သူနှင့်မာမန်သာသနာပြုဆရာလေးအန္တာဆန်ကို ''စကျူပေန သံဝါယာ'' ချစ်ခြင်းအစ၊ မျက်စေ့ကာ၊ ကကြီးရေးကခဲ့စဉ် အကြောင်းကို ဆယ်ကျော်သက်တို့ ဖြစ်ရပ်မှန် မဂ္ဂဇင်း 'ရေးဟန်' ထရူးတင်းမဂ္ဂဇင်းစတိုင်ဖြင့် ပြောပြခဲ့သည်။ တစ်နေ့ကျွန်မ သူငယ်ချင်းတစ်ဦးနှင့် အတူသူမ၏ ကိုယ်ပိုင်ကားကလေး မော်ဒယ်သစ်ဖြင့် မောင်းနှင်သွားခဲ့စဉ် အိမ်ပြုတင်းပေါက် တစ်ခုမှ ဦးခေါင်းပြူ၍အပြင်ကဲကြည့်နေသည့် လုလင်ပျို တစ်ယောက်ကို လှမ်းတွေ့လိုက်ရသည်။ သူရဲ့ပြာလဲ့လဲ့ မျက်ဝန်းအစုံဟာ အပြစ်မဲ့သည့် ကလေးတစ်ယောက်၏မျက်လုံးကို အပြစ် ကင်းစင်ရှန်းလဲ့နေတာ တွေ့ရသည်။ ကျွန်မရင်တွေတလှပ်လှပ် ခုန်ခဲ့တယ်။ သူ့ကို အခိုက်ကြီးခိုက်သွားမိခဲ့သည်။ သူငယ်ချင်းကို အဖော်ညှိ



လိုက်ပါသည်။ ''ဟေး–ကားထဲကထွက်စို့–ကိုယ်တော့ သိပ်ကိုခိုက်သွားပြီသူငယ်ချင်း''ဟူ၍ပြောလိုက်မိသည်။ ထိုနောက်ပိုင်းအချိန်မှစ၍ သူတို့နှစ်ဦး ချစ်ခန်းဖွင့်ခဲ့ကြလေသည်။ မစ္စမက္ကင်နေက ချစ်စခင်စ၊ ကြင်နာစအကြောင်း ဤသို့ပြန်ပြောင်းပြောပြခဲ့သည်။ ကျွန်မတို့နှစ်ဦး ချစ်ခဲ့ကြတဲ့နေ့ဟာ ဇူလိုင်လ (၄)ရက်နေ့ပေါ့ရှင်''ဟူ၍ ရှက်ပြုံးပြုံးယင်းပြောပြခဲ့သည်။

သာသနာပြုဆရာလေး အန္တာဆန်၏ နောက်တစ်ကောက်လိုက်နေသော မက္ကင်နေမှာ သူ၏မျက်လုံးပြာကြီးများ ဖမ်းစားမှုကြောင့် ဖြစ်ပုံရသည်။ သူမသည် အန္တာဆန်၏ စိတ်မရိုးမရွဖြစ်လာအောင် သူငယ်ချင်းတစ်ဦး၏ ညွှန်ကြားချက် အတိုင်း ရုပ်ရှင်၊ ဗွီဒီယိုစတူရီယိုများသို့ သွားရောက်လည်ပတ်ပြီး သူတို့ပုံစံနေထိုင်ကြည့်ခဲ့သည်။ ထို့နောက်မြေအောက်အညို အဟောက်စာပေလောကသတင်းစာမှနေ၍ ကြော်ငြာတစ်ခုထည့်ခဲ့သည်။ ယင်းကြော်ငြာမှာ အားကောင်းမောင်းသန် ကာယဗလသမားတစ်ယောက်၊ လေယာဉ်မှူးပိုင်းလော့တစ်ယောက်နှင့် တရားသော တရားပြဓမ္မဆရာတစ်ဦး အချစ်နှင့်စွန့်စားခန်းရုပ်ရှင် ရိုက်ကူးရန် အလိုရှိကြောင်း ကြော်ငြာခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ယင်းကြော်ငြာမှာ ကြော်ငြာဘာဖြစ်ပြီး အလိုရှိသောသူများ မည်သည့်အခါမျှ မဆုံမိခဲ့ကြပေ။ ထို့နောက်မက္ကင်နေမှာကားတိုက်မှုဖြစ်ပွားပြီး ဒဏ်ရာရသဖြင့် အသက်အာမခံကုမ္ပဏီတစ်ခု၏ ငွေကြေးအထောက်အပံ့ဖြင့် အင်္ဂလန်နိုင်ငံသို့ ခရီးထွက်ခဲ့သည်။ သူမရရှိခဲ့သော ငွေကြေးမှာ–ဒေါ်လာ (၁၅၀၀၀)ဖြစ်သည်။

ဂျိုက်မက္ကင်နေ၏ ရာဇဝင်မှုခင်းသည် ရာဇဝတ်မှုဖြစ်ခဲ့ပါက ယင်းရာဇဝတ်မှု၌ ရှေးဟောင်းဝေါဟာရတစ်ခုရရှိခဲ့သည်။ သူမသည် အန္တာဆန်အပေါ် ချစ်ခဲ့သည်။ မပါးနပ်။ သို့သော်လည်း သိပ်ကိုချစ်မိခဲ့ခြင်းဖြစ်သည်။ နောက်ဆုံးအပျော်ကျူးခဲ့ကြသည့် ဖြစ်ရပ်မှန်ဖြောင့်ချက်နှင့် လူတွေ့မေးမြန်းခန်းအပြီး၌ သူတို့ဇာတ်လမ်းမှာ ပြီးဆုံးသွားခဲ့သည်။ သူမ၏ ဖြောင့်ချက်တို့မှာ တရားဥပဒေနှင့် မညီခဲ့သဖြင့် အာမခံကြေးငွေတို့ကို တရားလိုအား သိမ်းယူစေခဲ့သည်။ သူမအား အင်္ဂလန်နိုင်ငံသို့တရားရင်ဆိုင်ရန် တောင်းဆိုချက်ကိုလည်း ပလပ်ပစ်လိုက်လေသည်။

အခင်းဖြစ်အမှုပေါ်ပေါက်ခဲ့ပြီး (၇)နှစ်အကြာ၌ ယင်းအမှုကို မေ့သလောက်လျော့သလောက်ဖြစ်သွားခဲ့ကြသည်။ ၁၉၈၄ ခုနှစ်ဖွန်လအတွင်း သတင်းစာများတွင် တဏှာကျေးကျွန်မိန်းကလေး ပြစ်မှုထပ်မံကျူးလွန်ခဲ့ပြန်ပြီဟူ၍ ရေးသားဖော်ပြခဲ့ကြသည်။ မယုံနိုင်ဖွယ်ဂျိုက်မက္ကင်နေ၏ ကတ်အန္တာဆန်အား ထပ်မံလိုက်လံနှောက်ယှက်သည့်သတင်း မျက်နှာဖုံးသတင်း အဖြစ်ပါလာခဲ့သည်။ အမေရိကန်နိုင်ငံ၊ ယုတတ်ပြည်နယ်၊ ဆော့လ်လိပ်စီးတီးမြို့ သာသနာပြုရုံးဟောင်းအပြင်ဘက်တွင် ဆိုက်ထားသော ကားတစ်စီးအတွင်း၌ ထိုင်နေသော မက္ကင်နေအား ရဲတို့က လက်ရဖမ်းဆီးခဲ့ကြသည်။ သူမအား ငြိမ်းချမ်းမှုကို အနှောက်အယှက်ပေးမှုနှင့် ရဲအားသတင်းလိမ်ပေးမှုဖြင့် တရားစွဲဆို ရုံးတင်စစ်ဆေးခဲ့သည်။

အန္တာဆန်မှာ မက္ကင်နေ၏ ပြန်ပေးအဆွဲခံရသည့်အမှုဖြစ်ပွားပြီးကတည်းက အိမ်ထောင်ကျခဲ့သည်။ ယခုအခါ ယုတတ်ပြည်နယ် ခရီးသည်တင်လေကြောင်းပို့ဆောင်ရေး ကုမ္ပဏီတစ်ခုတွင်ဝင်ရောက်အမှုထမ်းနေသည်။ ခုနစ်နှစ်အတွင်း သူမအား ယခုအကြိမ်တွေ့မြင်ရခြင်းမှာ ပထမဦးဆုံးအကြိမ်ဖြစ်သည်။ အန္တာဆန်က သူနောက်မှ အရိပ်ပမာ သူမလိုက်နေခဲ့သည်မှာ ရက်သတ္တတစ်ပတ်လုံး ဖြစ်သည်ဟု ရုံးတော်တွင် ထုတ်ဖော်အစစ်ခံခဲ့သည်။ သူ့နောက်မှ ခိုးကြောင်ခိုးဝှက်ဖြင့် သူ့ရုံးသို့ လိုက်လာခဲ့သည်။ သူကသက်ဆိုင်ရာ ရဲအဖွဲ့အား ထိုအမျိုးသမီးသူ့နောက်လိုက်လံချောင်းမြောင်းနေခြင်းမှာ ထပ်မံပြန်ပေးဆွဲဖို့ကြံနေသည် ထင်ကြောင်းနှင့် တိုင်တန်းခဲ့သည်။ ပြောရေးဆိုခွင့်ရှိသူ ရဲအရာရှိတစ်ဦးက–"မက္ကင်နေအား ဖမ်းဆီးအပြီး ရှာဖွေပုံစံဖြင့် သူမကိုယ်ပိုင်ပစ္စည်းတို့ကို ရှာဖွေခဲ့ကြရာ မှတ်စုစာအုပ်တစ်အုပ် တွေ့ရှိခဲ့ရကြောင်း ထိုစာအုပ်ထဲ၌ ကတ်အန္တာဆန်၏ လှုပ်ရှားမှုအလုံးစုံအသေးစိတ်နှင့် သူနှင့်သူ့ဇနီးလင်ဒါတို့ ဓါတ်ပုံအများအပြားကိုပါ တွေ့ရှိခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

တရားခံမက္ကင်နေအား ရဲတို့က ရုတ်တရက်ဖမ်းဆီးလိုက်စဉ် သူမဘေး၌ ယောကျ်ားတစ်ယောက်ကိုပါတွေ့ရှိခဲ့ကြသည်။ ထိုလူကို ရဲတို့က မဖမ်းဆီးခဲ့ကြချေ။ သူမ၏ အကျိုးတော်ဆောင်ရှေ့နေဂျင်ဘာသာက "သူ့နောက်တစ်ကောက်ကောက်လိုက်လံချောင်းမြောင်းနေခဲ့တာဟာ တစ်ရံရောခါက ချစ်စိတ်မကုန်သေးလို့ပါ။ ကျွန်ုပ်အမှုသည် မစ္စမက္ကင်နေဟာ သူမတွေ့ကြုံဆုံဆည်းခဲ့တဲ့ ချစ်ဇာတ်လမ်းကို ရုပ်ရှင်ရိုက်ကူးဖို့ ဇာတ်ညွှန်း

တစ်ပုဒ်ရေးနေတယ်ခင်ဗျ။ အဲ-အဲဒီဇာတ်လမ်း ဘယ်လို-ဘယ်လိုအဆုံးသတ်သွားတယ်ဆိုတာ သူရှာဖွေကြည့်ချင်လို့ ခုလိုသူ့နောက်တစ်ကောက်ကောက်လိုက်ခဲ့တာပါ။ တခြားနောက်ယှက်လိုတဲ့အာသီသမပါပါဘူး'' ဟူ၍ထုချေပြောဆိုခဲ့လေသည်။

ပုံစာ။ ။ အင်္ဂလန်နိုင်ငံ၊ အရှေ့တောင်ပိုင်း အက်စ်ဘွန်မြို့တရားရုံးပြင်ဘက်၌ တရားခံမက္ကင်နေအား တွေ့ရစဉ်(အပေါ်ပုံ) နှင့် အန္တာဆန်ရုံးတော်မှ ထွက်ခွာလာစဉ်(လက်ျာပုံ)



## (၁၂)"ရာဇဌာနီမင်းနေပြည်တစ်ခုလုံး ကိုင်လှုပ်ခဲ့သော ရာဇဝတ်မှုကြီး"

ဤဖြစ်ရပ်မှာ ထူးဆန်းလှသည့် ကိစ္စတစ်ရပ်ပင်ဖြစ်သည်။ ဤမဖွယ်မရာ ရှက်ဖွယ်လိလိကိစ္စမှာ ၁၈၄၃-ခုနှစ်တွင် ပြင်သစ်နန်းဆက်တစ်ခုပြုတ်ကျလုနီးပါးဖြစ်ခဲ့ရသည်။ ဤကိစ္စမှာ ရာဇဝတ်မှုကြီး တစ်ခုဖြစ်ပြီး ပြင်သစ်နိုင်ငံတော်၏ ဆွေကြီးမျိုးကြီး မူးမတ်မျိုးနွယ် မဟာဆီမဟာသွေး နိုဘဲလ်မိသားစုထဲမှ တစ်ဦးပါဝင်ပတ်သက်နေခဲ့သည်။ ပြင်သစ်နိုင်ငံသမိုင်းစဉ်ဆက်တွင် ချစ်ကြွေးမပြေရာဇဝတ်မှုခင်းမျိုး မဖြစ်ခဲ့ဘူး။ မရှိခဲ့ဘူး၍လည်း ဆွေးနွေးတိုင်ပင်၍ ညှိနှိုင်းကြဖို့ ပို၍ပို၍အံ့ကြွခဲ့ကြသည်။ ဤပြဿနာရာဇဝတ်မှုကြီး၏ တရားခံမှာ ပရာစလင်မြို့စား မူးမျိုးမတ်နွယ် ဆွေကြီးမျိုးကြီး မိသားစုအတွင်းမှလွဲ၍ အခြားသူဖြစ်နိုင်စရာမရှိပါချေ။ ဤရှက်ဖွယ်လိလိ ကျော်မကောင်း ကြားမကောင်း ကိစ္စကြီးမှာ အလွန်ကြောက်စရာကောင်းပြီး ရက်စက်လွန်းသည့် လူသတ်မှုရာဇဝတ်ပြစ်မှုကြီးလည်း ဖြစ်ပါသည်။

ထိုစဉ်က သက်ဆိုင်သူအချင်းချင်း ပေးခဲ့သည့်ပေးစာများနှင့် ထုတ်ဖော်ပြောကြားချက်များ ဖိုင်သွင်းထားသော သီးသန့်ဖိုင်တွဲများ တစ်ပုံတစ်ခေါင်းမှာ ယနေ့တိုင် ပြင်သစ်နိုင်ငံ၊ ပဲရစ်မော်ကွန်းတိုက်တွင် သက်သေအထောက်အထားပစ္စည်းများ၊ လော်လီကားပေါင်းများ တိုက်လောက်နှင့်စရာ ပဲရစ်မြို့အမျိုးသားမော်ကွန်းတိုက်၌ သိမ်းဆည်းထားလေသည်။ ယင်းသက်သေခံ

အထောက်အထားပစ္စည်းတို့အထဲတွင် ခေါင်းလောင်းထိုးသည့် မိုးကြိုးတစ်ချောင်း သွေးစွန်းနေသောအဝတ်အစားများ၊ မိလ္လာခေါ် ကြေးညိုသွန်းလောင်းပြုလုပ်ထားသည့် ဖယောင်းတိုင် စွပ်ထွန်းသည့်တိုင်များနှင့် အမဲလိုက်ဓားမြှောင်တစ်ချောင်းလည်း အခြားပစ္စည်းအမျိုးမျိုးနှင့်အတူပါဝင်သည်။ ယင်းသက်သေခံအထောက်အထားပစ္စည်းများ စုစုပေါင်းသိမ်းဆည်းပြီး ယင်းအခင်းဖြစ်အမှုကို ရေးသားထားပါသော်လည်း အမှု၏လျှို့ဝှက်ချက်မှာ မွှေးလွှန်းသော ပန်းရနံ့ဖုံးဖိမရသကဲ့သို့ ဖုံးကွယ်ဖျောက်ဖျက်ဖို့ ဆိုသည်မှာ မရစကောင်းပေ။ မှန်ပါသည်။ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာ မရှိပေ။

မင်းလွှင်မင်းပျိုကလေး သီအိုဘောက်ဒီပရာစလင်သည် ၁၈၂၄ ခုနှစ်၊ အောက်တိုဘာလ(၁၉)ရက်နေ့၌ ဖင်နီဆက်ဘက်စတီးယားနီနှင့် စုလျားရစ်ပတ်လက်ထက်ခဲ့လေသည်။ ထိုစဉ်က သူ၏အသက်မှာ(၁၉)နှစ်သာရှိသေးပြီး သတို့သမီးမှာ သူ့ထက် အသက်နှစ်နှစ်မျှ ငယ်ရွယ်သေးသည်။ ထိုအချိန်က သူတို့ကြင်စဦး မောင်နှံတို့ မိုးမမြင်လေမမြင် ချစ်ခဲ့ကြသည်။ နှစ်ဘက်မိဘတို့မှာ ကျိုကျိုတက်ချမ်းသာကြွယ်ဝသူများ ဖြစ်ကြသည်နှင့် သူတို့ လက်ထက်မင်္ဂလာပွဲမှာ တိုင်းပြည်သေနင်းပြည့်ရှင်မင်းတို့ ဘိသိတ်မင်္ဂလာပွဲတစ်မျှ ခမ်းနားထည်ဝါလှပြီး ကြက်ပျံမကျစည်ကား လှပေသည်။ မင်းပျိုမင်းလွှင်မြို့စားငယ်ကလေးမှာ ရာထူးဂုဏ်ရှိန်မြင့်မားလှသော ပရာဆလင်မြို့စားရာထူးဌာနန္တရကို ဆက်ခံခဲ့ပြီး သူ၏ ဇနီးလောင်း သတို့သမီးလေး ဆက်ဘက်စတီး



ယားနီမှာလည်း ပြင်သစ်ပြည့်ရှင် ကေရာဇ်နပိုလျံမင်းတရားကြီး ၏ခေါင်းကိုင်သမီးတော်အဖြစ် ဂုဏ်ပြုချီးမြှင့်ခြင်းခံခဲ့ရသည်။ သူတို့လက်ထပ်မင်္ဂလာပွဲ၌ ဘုရင်မင်းမြတ်နှင့်တကွ မင်းစိုးရာဇာ၊ သူဌေးသူကြွယ်တို့၏ ကောင်းချီးပေးခြင်းလက်ဖွဲ့ခြင်းကို ခံခဲ့ရပြီး မြို့စားကတော်လေးမှာလည်း ကိုယ်ရောစိတ်ပါချမ်းသာခြင်းကို ခံစားရကာ အိမ်ထောင်ပီတိသုခကို ခံစားခဲ့ရသည်။

မြို့စားကတော် ဆက်ဘက်စတီးယားနီလည်း မြို့စားကြီးသီယိုဘောလ်အတွက် သားသမီးများစွာ ထွန်းကားပေးခဲ့ပြီး ယင်းတို့အနက်(၉)ယောက်မှာ အသက်(၁၅)နှစ်အောက်အရွယ်များဖြစ်ကြသည်။ ဤမျှသားသမီးများစွာ မွေးဖွားခဲ့ရသည့် ကိုယ်ဝန်ဆောင်ရ၊ သားသမီးမွေးဖွားရ ဒုက္ခဆက်တိုက်ခံစားခဲ့ရသဖြင့် နဂိုရေ ပျက်ယွင်းကာ အိုမင်းရင့်ရော်လာခဲ့ပြီး မြင်သူငေးလောက်သည့် အသားအရေ တို့မှာလည်း ညှိုးမည်းသွားခဲ့ကြ၏။ သူမ၏ တစ်ချိန်ကရရှိခဲ့ဖူးသည့် "မြကြောစိမ်းစိမ်း၊ ရှိန်းရှိန်းစိုစို ရှိသည့်ကိုယ်တွင်း ရှိုက်ဖိုကြီး ငယ်အသွယ်သွယ်လျှင်၊ တင့်တယ်စေမူ၊ သိကြားထုသို့"ဟူသော ကိုယ်ခန္ဓာကိုယ်အလှတို့ ပျက်ယွင်းကာ ဝတုတ်ကြီး ဖြစ်လာခဲ့သည်။ သူမ၏ပင်ကိုယ်စိတ်နေစိတ်ထားမှာ တစ်ခါတစ်ရံ အများလက်ခံနိုင်လောက်အောင် ပြောင်းလဲတတ်သော်လည်း ယခုအခါဒေါသပြင်းထန်ပြီး နိုင့်ထက်စီးနင်းနိုင်လာခဲ့တော့သည်။

သူမ၏ကြင်ယာတော်မြို့စားကြီးမှာ သူမနှင့်ဆန့်ကျင်ဘက် တည်ငြိမ်အေးဆေးပြီး ဂုဲယ့်ကိုယ်ကိုသာ စိတ်ဝင်စားတတ်

သူဖြစ်သည်။ တော်ရုံတန်ရုံဖြင့် စိတ်မဆိုးတတ်၊ စိတ်မလှုပ်ရှားတတ်သူဖြစ်၏။ မြို့စားကတော်မှာ စိတ်အလိုမကျတိုင်း ပို၍ပို၍ မြည်တွန်တောက်တီးပြီး ဒေါသပြင်းထန်လာသလောက် ကြင်ယာတော်မြို့စားကြီးမှာ သူ့ဒေါသကိုထိန်းကာ အေးအေးဆေးဆေး တုံနိဘာဝေ ဆိတ်ဆိတ်နေခဲ့သည်။ ဖင်နီမှာ ချစ်ရမည့်ကြင်ယာတော်အပေါ်အမျိုးမျိုးချော့မြူကာ ဆက်လက်ချစ်လျက်ရှိခဲ့သည်။ ကြင်ယာတော်သီအိုဘောက်မှာ ဇနီးအပေါ်စိတ်အကုန်ကြီးကုန်ကာ မုန်းတီးစက်ဆုပ်ရွံ့ရှာလာခဲ့တော့သည်။

၁၈၃၉–ခုနှစ်မတိုင်မီ သူတို့ဇနီးမောင်နှံ၏ နောက်ဆုံးကလေးဖွားမြင်ခဲ့ပြီး သူတို့အိမ်ထောင်ရေးပြိုကွဲမည့်ကိန်းဆိုက်လာခဲ့သည်။ မြို့စားကြီးလည်း မိဖုရားကြီးနှင့်အတူမအိပ်တော့ဘဲ ရှောင်ရှားခဲ့သည်။ ဖင်နီလည်း ကြင်ယာတော်ထံ လူချင်းမတွေ့တော့သဖြင့် စာဖြင့်ရေးကာပြစ်တင်ခဲ့သည်။ မချစ်ပြင်ပြင်မကြင်နာ စိမ်းလေပြီဖြစ်သော ကြင်ယာတော်မြို့စားကြီးထံ ပေးခဲ့သည့်စကားနာထိုး၊ တောင်းပန်တိုးလျှိုးပေးစာများမှာ သူမနှလုံးသားမှ ပေါက်ဖွားလာခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ယင်းစာတို့မှာ မြို့စားကြီးအဖို့ အပ်ကြောင်းထပ်နေသဖြင့် ငြီးငွေ့လာခဲ့တော့သည်။ ဖင်နီက သူတို့နှစ်ဦး နောက်ဆုံးခိုက်ရန်ဖြစ်ပွားခဲ့ကြသည့် သူမ၏လွန်ခဲ့မိသောဒေါသကို ကြိုးစားဖာထေးကာ သူမ၏ စိတ်လိုက်မာန်ပါမိုက်မဲမိခဲ့ခြင်းကို ခွင့်လွှတ်ဖို့ တောင်းပန်တိုးလျှိုးခဲ့သည်။ ''ဖုရားနှမဟာ စိတ်အလိုမလိုက်သင့်တော့ပါဘူးဆိုတာ နောင်တရမိပါပြီ''ဟူ၍လည်းကောင်း၊ ခုလိုဖြစ်ရတာ



ကိုယ်လိုချင်တာ ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ စိတ်အလိုလိုက်မှု အမှားကြောင့်ပါ မောင်တော်၊ ဒါတွေကိုလဲနောင်တရမိပါပြီ'' ဟုလည်းကောင်း မာန်လျှော့ခယဝတ်တွားကာ တောင်းပန် တိုးလျှိုးထားလေသည်။

မည်သို့ပင် တောင်းပန်တိုးလျှိုးအသနားခံနေသော်လည်း. မြို့စားကြီးမှာ သူမအပေါ်အထင်အမြင်သေးလာခဲ့သည်။ သို့နှင့် ၁၈၄၀ ခုနှစ်တွင် သူတို့အချစ်ရေးအိမ်ထောင်ရေး ပြိုကွဲမှုမှာ အခြေအနေပို၍ ဆိုးဝါးလာခဲ့တော့သည်။ သူမအား ထူးထူးခြားခြား စာချုပ်စာတမ်းတစ်ခုကို လက်မှတ်ရေးထိုးခိုင်းခဲ့သည်။ ဤလျှို့ဝှက်စာချုပ်ပါ စည်းကမ်းချက်အရ (ဖင်နီ) သည် မိခင်တစ်ယောက်အဖြစ် ထုံးထမ်းစဉ်လာ ပိုင်ဆိုင်ခွင့်၊ ရပိုင်ခွင့်များကို လက်လွှတ်အရှုံးပေးလိုက်ရခြင်းပင် ဖြစ်ပါသည်။ မိသားစုကလေးအထိန်းတော်ကြီးကသာ သားသမီး ကလေးသူငယ်တို့နှင့် ပတ်သက်သမျှ ဝတ်စားဆင်ယင်မှု၊ ပညာသင်ကြား ကျောင်းထားမှု၊ ဖြေဖျော်မှုစသည့်ကိစ္စအဝဝကို တစ်ဦးတည်း ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် လုပ်ခွင့်ရှိစေရမည်။ တာဝန်ယူ ထိန်းကြောင်းရမည်ဖြစ်သည်။ ဖင်နီမှာ မိမိသားသမီးတို့ကို အိမ်တော်ထိန်းအထိန်းတော်များအဖွဲ့မှ ခွင့်ပြုမှသာ တွေ့ဆုံ ကြည့်ရှုရမည်ဖြစ်သည်။

ပရာစလင်မြို့စားကတော်ကြီး ဖင်နီ အကြပ်ကိုင်လက်မှတ်အတင်းထိုးခဲ့ရသော မြို့စားကြီးသီအိုဘောက်၏ တစ်ဘက်စောင်းနင်းစာချုပ်မှာ မည်သည့်နိုင်ငံစာချုပ် စာတမ်း

တရားဥပဒေစံနှုန်းနှင့်မဆို နှိုင်းယှဉ်ကြည့်ကြည့် မိခင် အရင်းခေါက်ခေါက်တစ်ယောက်အဖို့ အလွန်ရင်နာဖွယ်၊ ထိတ်လန့်ဖွယ်ကောင်းလှသောစာချုပ်စာတမ်းတစ်စောင်သာ ဖြစ်ပါသည်။ သမိုင်းဆရာတို့ပင် ယင်းစာချုပ်ပါစည်းမျဉ်းဖြဋ္ဌာန်းချက်တို့ အပေါ်သို့လောသို့လော ဇဝေဇဝါဖြစ်ခဲ့ကြရသည်။ မဒန်ဒီပရာ စလင်ကယင်းစာချုပ်နှင့်ပတ်သက်၍ လျှို့ဝှက်စာတစ်စောင် ရေးသားထားခဲ့သည်။ ယင်းစာချုပ်ကို တရားမျှတမှုမရှိမှန်းသိသော်လည်း အရာရာကို စွန့်စားစတေးပြီး သူမကြင်ယာတော်ချစ်သူ မြို့စားကြီး၏ ချစ်ခင်ကြင်နာယုယမှုမေတ္တာကို ပြန်လည်ရရှိရန်အတွက် ရေးထိုးခဲ့ခြင်းဖြစ်သည်ဟု အတိအလင်းဖွင့်ဆိုထားခဲ့သည်။ သို့သော်လည်း ယင်းစာထဲ၌သဲလွန်စများ ကျန်ခဲ့သည်။ ယင်းသဲလွန်စတို့တွင် သူတို့ဇနီးမောင်နှံနှစ်ဦး ပြန်လည်သင့်မြတ်သွားခဲ့ကြသည့် ဖြစ်ရပ်မှန်ဇာတ်လမ်းကွက်၌ ထင်ထင်ရှားရှားအဖြစ်အပျက်သို့မဟုတ် ရှာဖွေတွေ့ရှိမှုအချို့ ရှိကောင်းရှိနေပေမည်။ သားသမီးတို့နှင့် ကြင်ယာတော်မြို့စားကြီးတို့သူမ (မြို့စားကတော်ကြီး) သူတို့နှင့် နီးနီးကပ်ကပ်ရှိနေလျှင် သူတို့အတွက် ဘေးအန္တရာယ်တစ်စုံတစ်ရာများ ကျရောက်မည်ဟု ထင်မြင်စရာအကြောင်းအရာက ခြောက်လန့်နေသောကြောင့်သာ ဖြစ်နေမည်လော၊ တို့ထက်မကရှုပ်ထွေးနက်နဲသည့် အကြောင်းအရာတစ်ခုခုများရှိနေမလား။

မိမိရင်သွေးသားသမီးတို့နှင့်အတူ မနေရ၊ မထိုင်ရ အခွဲခံရခြင်းမှာ ဖင်နီ၏ဆန္ဒနှင့် ဆန့်ကျင်ပြီး အတင်း အကြပ်ခိုင်းစေ



ခြင်းကြောင့်သာ ဖြစ်ရပေမည်။ သူမငယ်စဉ်က ထိန်းကျောင်းစာပေသင်ကြားပေးခဲ့သည့် သူမ၏အထိန်းတော် ဖြစ်ခဲ့ဖူးသောမင်ဒဲလ်ဆွန် ဆိုသူအမျိုးသမီးသည် သူမထိန်းကျောင်းရသောတပည့်မနှင့် လိင်တူခြင်း ဆက်ဆံခဲ့သည်ဟု သံသယဒွိဟမကင်းဖြစ်ခဲ့ဖူးသည်။ ဤသို့ဆိုလျှင် မြို့စားကြီးသည် သူ၏ကြင်ယာတော်မြို့စားကတော်ကြီး၌ ယင်းသို့သော မဖွယ်မရာကြား၍ ပထမအဆင့်သည် စိတ်ဖောက်ပြန်သော ရောဂါစွဲကပ်နေသည်ဟု ဒွိဟသံသယမကင်းဖြစ်နေခဲ့ပေလော။ မြို့စား ကတော်ကြီးကရော အကယ်ပင် သူမ၏သားသမီးတို့နှင့် မတော်မရော်ဖြစ်နေခဲ့ပေသလော၊ မပြောတတ်တော့ပေ။

ဤသည်တို့မှာ လျှို့ဝှက်မှုတို့ကို အရိပ်အမြွက်ဖော်ညွှန်းနေသောကိစ္စတို့အနက် အကြောင်းအချက်တစ်ရပ် ဖြစ်ပါသည်။ ထိုအချက်နှင့်အလားတူ အကြောင်းတစ်ရပ်မှာ မြို့စားကတော်ကြီးနှင့် မြို့စားကြီးအခန်းဆောင်တော်ကူးတံခါးမှာ အမြဲအသေပိတ်ထားခဲ့ခြင်းပင်ဖြစ်သည်။ ဤကိစ္စအားလုံးမှာ အများပြည်သူမသိရှိခဲ့ကြသည့် သီးသန့်လျှို့ဝှက်ကိစ္စတစ်ရပ်လည်း ဖြစ်သည်။ ဘိုင်းသူပြည်သားလူအများ တွေ့နေမြင်နေ၊ သိနေခဲ့ကြသည်မှာ ပရာစလင်မြို့စားကြီးနှင့် မြို့စားကတော်ကြီးတို့ မောင်နှံသည် ဆင်ပြောင်ကြီးသွားရာ ဆင်မယဉ်သာလိုက်ပါစမြဲ ဆိုသကဲ့သို့ ှုတ်တော်တက်ရာ၊ ညီလာခံရာ၊ ညှေ့သည်သံတမန်တို့နှင့် တွေ့ရာ ညှေ့ဝတ်ကျေပွန်စွာဖြင့် နှစ်ဦးသား တစ်ပူးတွဲတွဲ၊ ပျော်တစ်ပြုံး ုံးနှင့်ဘာတွေရှိခဲ့ကြရခြင်းဖြစ်သည်။ သို့နှင့် ၁၈၄၁ ခုနှစ်၊ ဇွန်လ၌

မြို့စားကြီးသီအိုဘောက်၏ ခမည်းတော်ဖခင်ကြီး နုတ်ရှာခဲ့
သည်။ သားတော်သီအိုဘောက်မှာ ဖခင်၏အရိုက်အရာကို
ဆက်ခံပြီး ပဉ္စမမြောက်ဒဒီရှုဝါဇိုက် ကွန်ပရာစလင်မြို့စားကြီး
ဖြစ်လာခဲ့သည်။ သူသည် ပြင်သစ်ဖရန့်စ်ငွေ(၉)သန်းမျှ အမွေ
ဆက်ခံရရှိခဲ့သည်မက ခမ်းနားထည်ဝါလှသည့် တန်ဖိုးအနဂ္ဃထိုက်
တန်သည့် ပေါ့က်စ်-ဒီ-ဗစ်ကောင့် ခေါ် နိုဘယ်မှူးမျိုးမတ်နွယ်
တို့၏ စံအိမ်တော်ရဲတိုက်ကြီးကို အပိုင်စားခဲ့ရလေသည်။

ဤရဲတိုက်ကြီးတည်ရှိရာ ဗိုင်ဂမ်တီဒေသမှာ ၁၇-ရာစု
နှစ်မှ ၁၈-ရာစုနှစ်ဝက်အတွင်း ပြင်သစ်နိုင်ငံတွင် ထွန်းကားခဲ့
သော ဘာရော့ပုံစံ ပိသုကာလက်ရာပုံ ကြီးကျယ်ခမ်းနားထည်ဝါ
လှသည့် ရဲတိုက်ကြီးဖြစ်သည်။ ယင်းရဲတိုက်ကြီး၏ လိပ်ခုံးအမိုးနှင့်
မျှော်စင်များ ရေပန်းရေမွှာ၊ ရေပွှန်တို့နှင့် သစ်ပင်များစီတန်းစိုက်
ထားသော အဲဗင်းနယူးခေါ် ရိပ်သာလမ်းများမှာ ရှုမြင်ရသူတို့
အဖို့ ရင်သပ်ရှုမောစရာပင်။ ယင်းခမ်းနားထည်ဝါလှသော ဂန္ထဝင်
ဇာတ်လမ်းကြီးစိတ်ကူးယဉ်ဆန်ဆန် ဇာတ်လမ်းစခဲ့ရာ နေရာ
လည်းဖြစ်ပါသည်။

ပေါက်ရဲတိုက်ကြီးနှင့် ရဲတိုက်ပိုင်ရှင် အရှင်သခင်မြို့စား
နှင့် မြို့စားကတော်ကြီးတို့ထံ မကြာသေးမီက ငှားရမ်းခဲ့သည့်
အထိန်းတော်ကလေး ရောက်လာခဲ့သည်။ ယင်းအထိန်းတော်
အပျိုတော်ကလေးမှာ မိဘမဲ့ကလေးဖြစ်ပြီး ပြင်သစ်နိုင်ငံ ဘိုနာ
ပတ်နန်းဆက်ဘုရင် တပ်မတော်သားတစ်ယောက်၏ တရားမဝင်
သမီးဖြစ်သည်။ သူမမှာ ကြေကွဲစရာကောင်းလှသော ကလေးဘဝ



မှ သူ့ဖာသာအတင်းရုန်းထွက်ခဲ့ပြီး အင်္ဂလိပ်မှူးမတ်နိုဘယ်လ်
တစ်ဦး၏ မိသားစုကျေးကျွန်မောင်းမမိသံ အဖြစ်အမှုတော်ထမ်းခဲ့
သည်။ သူမမှာ ငွေရောင်ဆံပင်၊ စိမ်းဖန့်ဖန့်မျက်လုံးပိုင်ရှင်
ကလေးဖြစ်ပြီး ပေါင်းသင်းဆက်ဆံရေးမှာလည်း ရည်မွန်းသူ
ဖြစ်၏။ အကောင်းဆိုးထောက်ခံစာနှင့်အတူ ပရာစလင် စံအိမ်
တော်ကြီးသို့ ရောက်လာခဲ့ခြင်းဖြစ်သည်။ သူမရောက်ရှိလာခဲ့ပြီး
မကြာလိုက်သောအချိန်တိုကလေး အတွင်း၌ မာဒီမွိုက်ဆေးလ်
(သူမ့ အမည်ရင်းမှာ ဟင်နရီ ယက်ဒီလူဇီဖြစ်သည်။) ပြင်သစ်
နိုင်ငံတစ်ဝှမ်းလုံး စိတ်ဝင်စားစရာအမျိုးသမီး ဖြစ်လာခဲ့သည်။

မြို့စားကတော်ကြီး ဖင်နီဆက်အက်စတီနီ၏ ဘက်
တော်သားများက အထိန်းတော်မွိုက်ဆေးလ်အား မြင့်မြတ်သူ
နိုဘယ်မှူးမတ်နွယ်မိသားစုတစ်စုအား အရှက်ခွဲဖို့ အကြံဖြင့်
အရဲစွန့်လာခဲ့သူတစ်ဦးအဖြစ် သူမ၏ပုံတူကို ပန်းချီရေးဆွဲခဲ့ကြ
သည်။ အခြားသူတို့က သူအပေါ်ရေမျောကမ်းတင် ကလေးကဝ
မလေးကို ''ကျီးကန်းသူကောင်းမြောက်လို့ ချေးခြောက်ကောက်
စားခြင်း''ဖြစ်သည်ဟုကဲ့ရဲ့သရော်လှောင်ပြောင်ခဲ့ကြသည်။ သမိုင်းအဆုံး
အဖြတ်က ထိုအခင်းဖြစ်ဇာတ်လမ်းမှ နောက်ဇာတ်ကောင်တစ်ဦး
ခြင်းစီ၏ အကြောင်းအရာအကျဉ်းသား ဖော်ပြထားလေသည်။
မွိုက်ဆေးလ်သည် မြို့စားကြီးတို့ အိမ်ထောင်ရေးမချမ်းမြေ့
စရာဇာတ်လမ်းကို ဖမ်းတီးသူမဟုတ်၊ ''ထန်းသီးကြွေခိုက်၊ ကျီး
နင်းလိုက်'' ဆိုသကဲ့သို့ မြို့စားကတော်ကြီးတို့ အိမ်ထောင်ရေး
ကံဆိုးမိုးမှောင်ကျနေစဉ် သူမရောက်လာခဲ့ခြင်းဖြစ်သည်။ အမှန်

စင်စစ်သူမမှာ''ဆွမ်းခံယင်းငှက်သင့်''ခဲ့ခြင်းဖြစ်သည်။ သို့တည်းမဟုတ် သူမနှင့်မြို့စားကြီးတို့သည် သွေးသားသောင်းကျန်းပြီး တိတ်တိတ်ပုန်းချစ်ခန်းဖွင့်ခဲ့ကြသလော၊ သို့ရာတွင် နုပျိုလှသည့် မြို့စားကတော်၏ အထိန်းတော်ကလေးမှာ ဉာဏ်ပညာထက်မြက်ပါးရေနပ်ရေရှိပြီး အကြံကြီးသူဖြစ်သည်။ မရေမရာမခိုင်မာသည့် နောက်ခံအသိုင်းအဝိုင်းမှ ဆင်းသက်လာခဲ့သော မွဲကျက်ဆေးလ်အဖို့ လက်ရှိရောက်ရှိနေသော ကြီးကျယ်ခမ်းနားထည်ဝါလှသည့် ဖောက်စ်ရဲတိုက်ကြီး ပရာစလင်မိသားစု၏ ဘဏ္ဍာတော်သန်းပေါင်းများစွာသော ကြွယ်ဝချမ်းသာမှု၊ သူတို့တစ်တွေ၏ ရာထူးဂုဏ်ရှိန်နှင့် အခွင့်ထူးများဖြစ်သည်။ ဤလောဘရမက်တို့နှင့် မြို့စားကြီး၏အိမ်ထောင်ရေးသုခ မခံစားရမှုစေတသိကဒုက္ခတို့သည် သူမအား စိတ်လှုပ်ရှားစေသော အတွေးများဖြစ်လာခဲ့သည်။ သို့နှင့် အောက်တန်းစားမိန်းကလေးအထိန်းတော်သစ်မှာ စိတ်ကူးယဉ်အိပ်မက်မက်ခဲ့မည် ဖြစ်သည်။

ပေါက်ရဲတိုက်ကြီးသို့ သူမစတင်ရောက်ရှိ အမှုထမ်းစဉ်ကတည်းက မြို့စားကြီးသီအိုဘောက်က မိမိနှင့် မြို့စားကတော်ကြီးတို့သားသမီးတို့နှင့်ပတ်သက်၍ နှစ်ဦးသဘောတူချုပ်ဆိုခဲ့သောစာချုပ်မှာ စည်းကမ်းကတိကဝတ်တို့ကိုလည်း ပြောပြခဲ့သည်။ ယင်းစာချုပ်မှာ သူမအတွက်ထူးဆန်းနေသော်လည်း သူမအားပရာစလင်မြို့စားစံအိမ်တော်ကြီးတွင် အိမ်ထောင်ထိန်းသိမ်းဖို့တစ်ဦးတည်း အာဏာကုန်လွှဲအပ်ခြင်းခံရခြင်းဖြစ်ကြောင်း နားလည်သဘောပေါက်ထားခဲ့သည်။ အထိန်းတော် မွဲကျက်



ဆေးလ်သည် သူ့အားပေးအပ်သည့် တာဝန်ရာထူးကို လက်ခံခဲ့ပြီး မကြာမီကာလ၌ မြို့စားကြီး၏ သားတော်သမီးတော်တို့နှင့် ပတ်သက်သမျှ စီမံအုပ်ချုပ်ခွင့်ရသွားလေသည်။ မြို့စားကြီး၏ သမီးတော်နှစ်ယောက်ဖြစ်ကြသော ဘာသီနှင့်လူစီတို့မှာ မြန်မြန်ဆန်ဆန်ပင် သူမအားချစ်ခင်ကြည်ညိုလာခဲ့ကြသည်။ အလွန်အကင်းပါးသော အထိန်းတော်သစ်ကလေးလည်း သေသေချာချာလေ့လာစေဖန်သုံးသပ်ပြီး သူတို့ကလေးတွေ၏ မိခင်ကြီးနှင့် နှိုင်းယှဉ်ကြည့်ခဲ့ကြသည်။ သူတို့မိခင် မြို့စားကတော်ကြီးမှာ စိတ်မတည်ငြိမ် မသိမသာထိတ်လန့်နေသည့်ပုံကိုလည်း သတိပေး လိုက်မိသည်။

မကြာမီကာလအတွင်း ပရာစလင်မြို့စားကြီးသီအိုဘောလ်သည် သူတို့၏အေးစက်မာကြောလွန်းသော အိမ်ထောင်ရေးမှ ရုန်းထွက်ကာ အထိန်းတော်ကလေး၏ နွေးထွေးသော ချမ်းမြေ့ရိပ်မြုံကမ္ဘာလေးထဲသို့ နားခိုရာရှာဖွေစပြုလာခဲ့သည်။ သူ့သားသမီးတို့ကို အလွန်ချစ်ရှာပြီး သူတို့ကလေးတွေ ပျော်ရွှင်ကြည်နူးနေသည်ကို ကြည့်ပြီးပီတိဖြစ်နေခဲ့သည်။ မြို့စားကြီးသည် စကားနည်းလာခဲ့သလို ပျင်းရိစိတ်ပြောင်းလဲသွားခဲ့ပြီး အချိန်ရှိသရွေ့ သူ့သားသမီးများနှင့် အထိန်းတော်တို့ကမ္ဘာလေးထဲတွင် အချိန်ကုန်ခဲ့သည်။

မြို့စားကတော်ဖင်နီမှာ ရုတ်တရက်ဒေါသအိုး ပေါက်ကွဲမှုတို့ကို အတတ်နိုင်ဆုံးမဖြစ်အောင် ဆင်ဆင်ခြင်ခြင်ဖြင့် ထိန်းခဲ့သည်။ ဤသို့ဖြင့် အဆင့်မရှိသောမိန်းကလေး မွဲကျက် ဆေးလ်

မှာ မြို့စားကြီး၏စိတ်ချမ်းမြေ့မှုကို ဖော်နိုင်ခဲ့သည့် အမျိုးသမီး ဖြစ်လာခဲ့သည်။ မြို့စားကတော်မှာ သူ့အဖော်ကင်းမဲ့ အထီးကျန် ဆန်သူတစ်ယောက်တည်း နေခဲ့ရသည်။ စက်ရာခန်း ထဲ၌နှစ်ရှည် လများ ရင်နှင့်အောင်ခံစားခဲ့ရသည်။ ကျမ်းစာတွေ စာစီကုံးကာ ချစ်သည့်စိတ်ကို တိတ်တိတ်ကလေးဖြေသိမ့်နေခဲ့ရရှာသည်။ သူမမုန်းတီးလွန်းလှသည့် အထိန်းတော်ကလေးမှာ ရဲတင်းကာ မိသားစုနှင့်အကျွမ်းတဝင် ရင်းနှီးကာ၊ ဩဇာအာဏာလွှမ်းမိုးကာ စပ်စုကာ၊ အတင်းအဖျင်းပြောကာ၊ စော်ကားမော်ကား မထေမဲ့ မြင်ပြုလာခဲ့ပြီ။ လောဘရမက်ကြီးလာခဲ့တော့သည်။

မနာစလင်ရဲတိုက်ကြီး၏ စံအိမ်တော်စိုးအထိန်းတော် မဒါမ္ဘိုက်ဆေးလ်သည် မြို့စားကတော်ကြီး၏ မိသားစုပြိုကွဲအောင် ဖန်တီးခဲ့ပြီး သားသမီးတို့က မိခင်အရင်းခေါက်ခေါက်အား နှုတ် လှန်ထိုးအောင် ရန်တိုက်ပေးခဲ့သူဖြစ်၏။ ဆက်တိုက်ဖြစ်ပွားခဲ့ သော်ကိစ္စတစ်ခုမှာ နောင်ဖြစ်ပေါ်လာမည့် ပေါက်ကွဲမှုအတွက် အထူးထင်ရှားသောအကြောင်းဖြစ်လာခဲ့ပါသည်။ မြို့စားကတော် ဖင်နီဆက်ဘက်စတီယာနီက "စုကောလောက်မှ ဓောက်မနက်" သည့် အထိန်းတော်မလေးသည် သူမကိုယ်သူမ မြို့စားကြီး၏ အချစ်တော်ကိုယ်လုပ်မောင်းမအလား ယင်းပေါက်ကွဲမှုကြီး မဖြစ် ဖြစ်အောင်တမင်လုပ်ကြံသူဖြစ်ကြောင်းနှင့် အတိအလင်းထုတ် ဖော်စွပ်စွဲခဲ့သည်။ မြို့စားကတော်ကြီးမှာ မည်သို့ဆိုစေ သူမ၏ ပြိုင်ဘက်(အထိန်းတော်)သည် သူမကြင်ယာတော်၏ အချစ်ကို ခွဲဝေယူသူဟု သံသယဒွိဟဖြစ်ခဲ့ပုံမရချေ။



လူတိုင်းကတော့ သူမအားမြို့စားကြီး၏အချစ်ကို အဘင်းဝင်လှသူဟု ယုံကြည်ထားခဲ့ကြသည်။ ပရာစလင်စံအိမ်တော် ကြီး၏ စံအိမ်တော်ခိုင်း အထိန်းတော်သစ်ကလေး လူဇီ စံအိမ် တော်ကြီးသို့ ရောက်ရှိအမှုထမ်းပြီး တစ်နှစ်အတွင်း ကောလဟာလ သတင်းများ နားမဆန့်အောင်ဖြစ်ပွားခဲ့သည်။ ပဲရစ် လူမှု ပေါင်းသင်းဆက်ဆံရေး အသိုင်းအဝိုင်း၌ အရက်သောက်ယင်း သူတို့အကြောင်း အတင်းအဖျင်းပြောကြဆိုကြရသည်မှာ အ ကောင်းဆုံးယမကာဝိုင်အရက်သောက်ရသကဲ့သို့ မြိန်နေခဲ့ကြ သည်။ သူတို့အတင်းစကားတို့မှာ ပရာစလင်စံနန်းတော်ကြီးအား အရှက်တကွဲအကျိုးနဲဖြစ်စေခဲ့တော့သည်။

၁၈၄၄ ခုနှစ်နွေရာသီ၌ ကြင်ယာတော်မြို့စားကြီးက လင်မယားကွာရှင်းဖို့ ဆုံးဖြတ်ခဲ့သဖြင့် မြို့စားကတော်ကြီးက မိမိကိုယ်ကို သတ်သေမည်ဟု လူသိရှင်ကြားခြိမ်းခြောက်ခဲ့လေ သည်။ မြို့စားကြီးသည် မိမိသမီးတော်သုံးယောက် နှင့်အတူတူ ထိုကလေးတွေ၏အထိန်းတော် (မာဒီမ္ဘိုက်ဆေးလ်ဒီလူဇီ)ကိုပါ ခေါ် ၍ မြေထဲပင်လယ်ဒေသသို့ အားလပ်ရက်အပန်းဖြေခရီး ရက်ရှည် ထွက်သွားခဲ့သည်။ မြို့စားကတော်ကြီးမှာ အောက်ရဲတိုက် စံနန်းတော်ကြီး၌ တစ်ယောက်ထီးတည်း အထီးကျန်စွာ နေခဲ့ရရှာ သည်။ စံအိမ်တော် အိမ်ထောင်စုနှင့်ပတ်သက်သည့် စုဆောင်း ထားသော အထောက်အထားစာတိုပေစ သတင်းစာဖြတ်စ ဖိုင် ထဲတွင် ထိုစဉ်က ပထမဆုံးအကြိမ် သတင်းဦးအဖြစ် ပေါ်ထွက် လာခဲ့သော ပဲရစ်နေ့စဉ် "ဟိုအကြောင်းဒီအကြောင်းသောင်း

ပြောင်း ထွေလာကဏ္ဍ''တွင် ရေးသားထားသည့် သတင်းတစ်ပုဒ်ကိုတွေ့ရှိရပါသည်။ ယင်းသတင်းထဲ၌ ရေးသားဖော်ပြထားသည်မှာ သူ၏အငယ်အနှောင်းမောင်းမနှင့်အတူ အပျော်ခရီးထွက်သွားခြင်းဖြစ်ကြောင်း ဖော်ပြပါရှိလေသည်။

ဤမကောင်းသတင်းမွှေးခဲ့သည့် သတင်းတိုကလေးမှာ အများပြည်သူတို့ သတိပြုမိကြဖို့တပ်လှန့်လိုက်ခြင်းလည်း ဖြစ်သည်။ သူတို့၏အိမ်ထောင်ရေး အဆင်မပြေမှုဇာတ်လမ်းမှာလည်း ပဲရစ်လူ့အသိုင်းအဝိုင်းတစ်ဝိုက်၌သာ ပြန့်နှံ့ခဲ့သည်မဟုတ်၊ ဥရောပတခွင်တရားရုံးတော်တို့ဆီသို့ပါ ''ပန်းသတင်းလေညှင်းဆောင်၊ လူ့သတင်းလူချင်းဆောင်'' သွားခဲ့တော့သည်။ သတင်းကောင်းကောင်းတီးတိုးဝါဒဖြန့်သူတို့အပြောမှာ ထိုအချိန်က စံအိမ်တော်စိုး အထိန်းတော်မဒါမ္ပိုက်ဆေးလ်အဖို့ ပရာစလင်စံအိမ်တော်ကြီးမှာ စွန့်ခွာရမည်ဖြစ်သည်ဟု ဆိုပါသည်။ သို့သော် တစ်ကယ်လက်တွေ့မျက်တွေ့၌မူ သူမက ခတ်တင်းတင်း၊ ရဲတိုက်ကြီးမှ တစ်ဖဝါးမျှမခွာခဲ့ချေ။ ဤသို့သော အကျဉ်းအကျပ်အနေအထားတွင် ကောလဟာလသတင်းများကို ပစ်ယုံရန်မှတစ်ပါးမရှိချေ။ မြို့စားကြီးက ယင်းမကောင်းသတင်းမွှေးနေသည့်အလုပ်နှင့် အတင်းအဖျင်းသတင်းကို မသိကျိုးကျင်ပြုနေဖို့ စိတ်ဆုံးဖြတ်ခဲ့သည်။

သည်းမခံနိုင်လောက်အောင် အရှက်ကြီးရှက်ပြီး အရှက်ခွဲခံရသော မြို့စားကတော်မှာ သူမစက်ခန်းဆောင်ထဲမှာ ညစာမနက်စာကို တစ်ကိုယ်တည်း စားသောက်ခဲ့သည်။ မြို့စားကတော်



လည်း အထိန်းတော်နှင့်မည်သို့မျှ မဆက်သွယ်ခဲ့ဘဲ သူမကြင်ယာတော်မြို့စားကြီးထံ ပို၍ရင်နှင့်ဖွယ်ရာ ကောင်းသော ရန်တွေ့စာများကို ရေးသားခြင်းဖြင့်သာ မိမိစိတ်ကို ဖြေနေခဲ့သည်။

စိတ်မချမ်းမြေ့စရာကိစ္စရပ်တစ်ခုလုံး တစ်ဖြည်းဖြည်းပေါ်ပေါက်လာခဲ့တော့သည်။ ၁၈၄၆–ခုနှစ်တွင် ၊ မြို့စားကြီးတို့အိမ်ထောင်ရေးရှင်းမပြတတ်လောက်အောင် ပြန်ပေါင်းထုတ်ကြဖို့ပေါ်ပေါက်လာခဲ့သည်။ ယင်းကိစ္စမှာ မြို့စားကတော်ကြီး ရုတ်တရက် စိတ်ပြောင်းကာ သူမကိုယ်သူမစံအိမ်တော်စိုး အထိန်းတော်အလိုကျဖြစ်အောင် စတင်ကြိုးစားခဲ့ရာမှ စခဲ့ခြင်းဖြစ်သည်။ ယင်းသို့ အခြေအနေတွေ တစ်ဆစ်ချိုးပြောင်းလဲသွားခဲ့ခြင်းမှာ သူမ၏တိုက်ကွက်နည်းဗျူဟာပြောင်းလဲမှုတစ်ရပ်ဟု ဆိုရမည်ဖြစ်သည်။ သို့သော်၊ မဒန်ဒီပရာစလင်၏ ကြင်ယာတော်ထံ ပေးစာများထဲတွင် ''ရှင့်နောက်နားမှာ မျက်လုံးစိမ်းမလေးက ရှိနေပြီဆိုတော့ ငါးစိမ်းမြင်၊ ငါးကင်ပစ်တာမဆန်းပါဘူး''ဟူ၍ ခနဲ့ကာ မကျေနပ်မှုကို စကားနာထိုးနေဆဲဖြစ်သည်။ တစ်ကယ်အရှိအတိုင်း၊ အမှန်အမှန်အတိုင်းဆိုရလျှင် အရှက်တကွဲ အကျိုးနဲဖြစ်ခဲ့ရသော မြို့စားကြီးအား လက်စားချေရန်ကြံစည်နေခြင်းတစ်ရပ်ပင်ဖြစ်သည်။

သူမ၏ မဟာစီမံကိန်းကြီးမှာ ၁၈၄၇ ခုနှစ်၊ ဇွန်လတွင် စတင်အကောင်အထည်ဖော်ခဲ့သည်။ ထိုလထဲ၌ မြို့စားကြီးအား သူ၏ယောက္ခထီးဖြစ်သူက ထုံးတမ်းစဉ်းမျဉ်းဥပဒေနှင့်အညီ ရုတ်တရက်ရာဇဒဏ်ပေးခဲ့သည်။ စံအိမ်တော်စိုး အထိန်းတော်ယင်း

ပရာစလင်စံအိမ်တော်ကြီးမှ အပြီးအပိုင်ထွက်ခွာမသွားခဲ့ပါလျှင် သူ၏ဇနီးဖြစ်သူမြို့စားကတော်ကြီးက လင်မယားပြတ်စဲကွာရှင်းရန် ရုံးတော်သို့လျှောက်ထားတရားစွဲဆိုပြီး သားသမီးတို့အား မိခင်တစ်ဦးတည်းအုပ်ထိန်းခွင့်ပါ တောင်းဆိုမည်ဖြစ်ကြောင်း အကြောင်းကြားခဲ့သည်။

ယှင်းခြိမ်းခြောက်အကြပ်ကိုင်မှုကြီးတွင် ကြောက်စရာကောင်းသည့် ရှုပ်ထွေးမှုများရှိနေသည်။ မြို့စားကြီးကိုယ်တိုင်ယုံကြည်ထားသည်မှာ (မည်သို့ပင် ဆင်ခြင်နေသော်လည်း) မိမိသားသမီးတို့မှာ သူတို့မိခင်၏ အုပ်ထိန်းမှုအောက်၌ စိတ်မချရလုံခြုံမှုမရှိနိုင် ဟုယုံကြည်ထားသည်။ သားသမီးတို့ကို သူတို့မိခင်နှင့်ထားရန် မိမိစွန့်လွှတ်ပေးခဲ့ရရုံမျှမက၊ အုတ်အော်သောင်းနင်းလင်မယားကွာရှင်းလိုက်သည့်ကိစ္စမှာ သူ၏သမီးများ–နောင်ရေးအိမ်ထောင်ပြုရေးတွင်ပါ အကြီးအကျယ်ဒုက္ခရောက်နိုင်ကြောင်းနားလည်သဘောပေါက်မိလေသည်။ မဖွယ်မရာကျော်မကောင်းကြားမကောင်း အိမ်တွင်းရေးပြဿနာကြီးမှာ ကြီးကျယ်လာပြီးဤအငယ်အနှောင်းအရှုပ်တော်ပုံ အိမ်ထောင်စုမှာ မိန်းမပျိုကလေးကို စဉ်းစားတွေးခေါ် မြော်မြင်တတ်သည့် နိုဘယ်လ်ခေါင်မှူးမတ်မျိုးမတ်နွယ်၊ မင်းစိုးရာဇာအသိုင်းအဝိုင်းက သူတို့၏သားတို့နှင့် လက်ထပ်ကြဖို့မည်သို့တွင် စေ့စပ်ကြောင်းလမ်းကြပါတော့မည်နည်း။ မြို့စားကြီးအဖို့ မြို့စားကတော်ကြီးပရာစလင်သည် သူမဆင်ခဲ့သည့် အမှုတွင်အနိုင်ရရှိအောင်နိုင်သူဖြစ်ကြောင်း၊ ယုံမှားသံသယမရှိတော့ပေ။ မဖွယ်မရာအိမ်ထောင်



ရေးအရှုပ်တော်ပုံ အကြောင်းတစ်စေ့တစ်စောင်း ဖော်ပြထားသည့်သတင်းစာတို့ကလည်း ထိုအချက်ကိုသိရှိထားခဲ့ကြသည်။

တကယ်တန်းတွင် ဗောက်ရဲစံအိမ်တော်စိုး အထိန်းတော်မလေးမှာ စံအိမ်တော်မှအပြီးအပိုင် ထွက်ခွာပေးခဲ့ရသည်။ မြို့စားကြီးတို့၏ ယောက္ခထီးနှင့် သားမက်အခြေတင်အပြင်းအထန်စကားများခဲ့ကြပြီး မတတ်သာသည့်အဆုံး သူမအရှုံးပေးလိုက်ရသည်။ အိမ်တော်စိုးအမ်လီဒီလူဇီအား တစ်သက်တာ အငြိမ်းစားပင်စင်လစာရိက္ခာငွေပေးပြီးနောက် သူမရှာဖွေမည့် အလုပ်အတွက် နာမည်ကောင်းလက်မှတ်ထောက်ခံစာပါရေးပေးကာ စံအိမ်တော်မှထွက်ခွာခိုင်းခဲ့လေသည်။

ယင်းသို့စံအိမ်တော်မှ အနှင်ခံရသဖြင့် သူမမှာ ဆိုးဆိုးဝါးဝါးခံစားခဲ့ရသည်။ အမ်လီဒီလူဇီမှာ ငယ်ရွယ်သူမိန်းကလေးဖြစ်သည်နှင့်အညီ စံအိမ်တော်ကြီးတွင် ရှေ့ဆက်လက်လျှောက်လှမ်းမည့် အနာဂါတ်ခရီးအတွက် စိတ်ကူးတွေအယဉ်ကြီးယဉ်ခဲ့၊၊ လေထဲတိုက်ဆောက်ခဲ့မိသည်။ သို့သော်–''ကေသရာဇာခြင်္သေ့မင်းတို့အဆီသည် ရွှေခွက်မှာတည်'' ဆိုသကဲ့သို့ မိမိတို့အတူနှင့်ကွာခြားငအူငပါလွှားအဖို့ ရွှေလင်ပန်းနှင့် အချင်းဆေးသည့်အဟာဆီမဟာသွေးမြို့စားကြီးနှင့် မည်သည့်နည်းနှင့်မျှ မတင့်တယ်၊ မည်သူကမျှလည်း လက်မခံကြ။ နှာခေါင်းသာရှုံ့ကြမည်။ သူမ(၆)နှစ်တာမျှ ဤစံအိမ်တော်ကြီးတွင် အမှုတော်ထမ်းခဲ့ရသည့်ဘဝကို ကျေနပ်မိသည်။ သာယာမိခဲ့သည်။ ပရာစလင်နန်းတော်အရှင်သခင်၏ အပေးအကမ်းရက်ရောမှုမှာ မည်သည့်မိသားစု

နှင့်မျှ မန္တိုင်းယှဉ်သာအောင်သာလွန်ကြောင်း သူမကောင်းစွာ သဘောပေါက်ထားခဲ့သည်။ သူမအဖြစ်မှာ သောင်ပြင်လွတ်သည့် ခွေးဖမာအထီးကျန်ဆန်လွန်း၊ ရင်နာရလွန်းလှသည်။ ထိုညတွင် ရင်နှင့်အပြည့်ခံစားရသော သောကကိုမခံမရပ်နိုင်သဖြင့် မျက်ရည်ကိုသာ အဖော်ပြု၍ ကြုံကြုံပါအောင် ငိုရှိုက်ခဲ့သည်။ လောကကြီးတွင် အသက်ဆက်လက်ရှင်သန်လိုစိတ်လည်းမရှိတော့။ သို့နှင့်ပရိဒေဝမီးကို ငြိမ်းရန် အိပ်ဆေးအလွန်အကျွံ သောက်ခဲ့သည်။ သူမ သောက်ခဲ့သည့် ဘိန်းပါသည့်ဆေးမှာ အသက်ပါ ပါသွားနိုင်ခဲ့သော အတိုင်းအတာဖြစ်သည်။ သို့သော် ကံဇာတ်ဆရာက သူမအား သေခွင့်မပေးခဲ့။ နောက်နေ့နံနက်၌ သတိရလာခဲ့သည်။ အချိန်မီပင် အစစအရာရာ ကံခေသူမို့ဘာဆို ဘာကိုမျှ မမျှော်လင့်တော့ဘဲ လောကကို အရှုံးပေး၊ လက်မြှောက် လိုက်သည်။ မြို့စားကြီးပေးသနားတော်မူသည့် နှစ်စဉ်ကရုဏာ ကြေးအထောက်အပံ့ငွေကို လက်ခံကြောင်း သဘောတူစာချုပ်ကို လက်မှတ်ထိုးခဲ့လေသည်။

ပေါက်စံအိမ်တော်အရှုပ်တော်ပုံဇာတ်လမ်းမှာ ဤမှာ တွင်အဆုံးသတ်ရမည်ဖြစ်၏။ သို့သော်လည်း ပရာစလင်အိမ် ထောင်ရေး ပြိုကွဲမှုမှုန်တိုင်းဆင်လာခဲ့သည့်အဓိကသော့ချက်အ ကြောင်းရင်းမှာ အမှောင်ထဲမှ သမုဒယဇာတ်ကွက်ဇာတ်လမ်းပင် ဖြစ်သည်။ ယင်းအကြောင်းရင်းမှာ "မှောင်ထဲမှ သမုဒယမှာ ကာယကံရှင်တို့မှတစ်ပါး မည်သူမျှအမှန်တကယ် မသိနိုင်ကြ" သကဲ့သို့ ဘယ်သောအခါမျှလည်း သိနိုင်တော့မည်မဟုတ်ချေ။



ယင်းမဖြစ်နိုင်သည့် အမှောင်ထဲမှ သမုဒယမှာ ဥပမာအားဖြင့် ပြရသော်သူတိုလေးတွေ၏ ချစ်လှစွာသော အထိန်းတော်မာဒီနှင့် ကွေကွင်းရသည့် "ပီယေဟိသုံပရောဂေါ၊ ဒုက္ခော" မှာ ဖွင့်မပြော သော်လည်း အမှန်တကယ်ခံစားနေခဲ့ကြရှာသည်။ ထိုစဉ် ကာလ အတောအတွင်း၌ မြို့စားကြီး၏ အေးဆေးသောစိတ်အစဉ်မှာ မုန်တိုင်းအမွှေခံရသဖြင့် ဆောက်တည်ရာမရ အလိုလိုနေယင်း ဒေါသအမျက်ခြောင်းခြောင်းထွက်နေသည်။ မိမိမြင်ရာ ရမ်းချင်နေ သည့် သူ့ဒေါသမျက်မာန်ရှမှာကို အောင်နိုင်သူ မြို့စားကတော်ကြီး ကျောစိမ့်နေမိသည်။

မြို့စားကတော် မဒန်ဒီပရာစလင်၏ လျှို့ဝှက်ဒိုင်ယာရီ မှတ်တမ်းတွင် "ကျွန်မလုပ်ခဲ့သည့်အပြစ်ကို မောင်တော်မြို့စား ကြီး ဘယ်တော့မှ ခွင့်လွှတ်တော့မယ်မဟုတ်ဘူးဆိုတာ သိနေပါ တယ်၊ နေ့စဉ်နှင့်အမျှ ကျွန်မတို့အကြား စည်းခြားထားတဲ့ အသူ တစ်ရာနက်တဲ့ ချောက်ကမ်းပါးကြီးဟာလည်း နက်သည်ထက် နက်ရှိုင်းလာတော့ပါတယ်၊ ပြီးတော့ တစ်ဝှနေ့တစ်နေ့ သူဘာတွေ လုပ်ခဲ့သလဲဆိုတဲ့ အကြောင်းကိုလည်း တွေးနေပြီး၊ ကျွန်မကို ပိုလို့ပိုလို့မုန်းနေပေလိမ့်မယ်၊ ကျွန်မအပေါ်လက်စားချေဖို့ကို လည်း ကြံစည်နေမှာ အမှန်ပေါ့၊ အနာဂါတ်ကံကြမ္မာဟာ ကျွန်မ ကိုခြောက်လန့်နေတယ်လေ–အဲဒါတွေးမိယင် တုန်လှုပ်ချောက် ချားမိပါတယ်" စသည်ဖြင့် ရင်ဖွင့်ထားသည်ကိုလည်း ဖတ်ရှု ရ၏။ မြို့စားကြီးအတွက်သော်လည်းကောင်း၊ အနာဂါတ်ဆိုသည် မှာ မရှိခဲ့ကြတော့ပေ။ အကြောင်းဆိုရသော် သူတို့အိမ်ထောင်ရေး

အက်ကြောင်းထင်ခဲ့သည့် "ချစ်ရေးမလွယ်" သပွတ်အူဇာတ်လမ်းမှာ လူသိရှင်ကြား ပေါက်ကြားသွားခဲ့သောကြောင့် ဖြစ်ပါသည်။

အလုပ်မှထွက်ခဲ့သော စံအိမ်တော်စိုးအထိန်းတော်မလေးမှာ ပဲရစ်မြို့တွင်နေထိုင်စရာ ,တည်းဖို့ခိုဖို့ တစ်လည်လည်နှင့် ရှာဖွေခဲ့သည်။ မသိ၍သူမအား တည်းခိုဖို့ အိမ်ခန်းငှားခဲ့မိလျှင် သူမသတင်းအသန့်သန့်ကြားလိုက်သည်နှင့် ချက်ခြင်းနှင်ချခဲ့ကြသည်။ ဂေါလတ်အမည်ရှိ အမည်မထင်ရှားသော အညတြ ခရီယာန်အသင်းတော်တစ်ခုမှ ရဟန်းတစ်ပါးက တည်းခိုခန်းပိုင်ရှင်တို့အား စံအိမ်အထိန်းတော်ဟောင်း အမ်မလီဒီလူဇီသည် အကျင့်ပျက်သည့်မိန်းမဖြစ်ကြောင်း၊ မကြာမီအတောအတွင်း လင်မယားကွာရှင်းရေး ရုံးတော်တစ်ခုမှ ထုတ်ပြန်ကြေငြာတော့မည် ဖြစ်ကြောင်း သတင်းဖြန့်ခဲ့သည်ဟုသိရှိရ၏။ အဆိုပါ အညတြ ရဟန်းဂေါလတ်ဆိုသူမှာ မြို့စားကတော်အား အပြစ်အာပတ်ဖြေပေးခဲ့သူဘုန်းကြီးဖြစ်သည်။

နောက်ဆုံး၌ ပဲရစ်မြို့တွင် ခြေရာထပ်မှုတစ်လည်လည်ဖြင့် ရုန်းကန်လှုပ်ရှားကာ နေစရာတည်းခိုစရာ ရှာဖွေနေခဲ့သော ကံဆိုးမလေး အထိန်းတော်ဟောင်းမှာ ငယ်ရွယ်သူ အမျိုးသမီးများအတွက် တည်ထောင်ထားသော စာသင်ကျောင်းတွင် အခန်းကျဉ်းကလေးတစ်ခန်း ငှားရမ်းရရှိခဲ့ သည်။ ယင်းကျောင်းမှာ ပဲရစ်မြို့သီးပင်စားပင်တို့ စိုက်ပျိုးရာ ဆင်ခြေဖုံးရပ်ကွက်တစ်ခုအတွင်းရှိကျောင်း ဖြစ်သည်။ ပေါက်စံ အိမ်တော်စိုး အထိန်းတော်အရာပြုတ်မလေး အမ်မလီဒီလူဇီမှာ



သူမချစ်ခင်တွယ်တာရသည့် မြို့စားကြီးသားသမီးတို့နှင့် မခွဲချင်မခွာရက်ဘဲ ခွဲခဲ့ရသည်။ ရင်နာအဖြစ်ကို အသည်းကြွေလုမတတ်ခံစားခဲ့ရရှာသည်။ အရဲစွန့်၍ ကလေးတွေထံ သနားစဖွယ် သူမအား မမေ့မမုန်းရစ်ကြပါရန် စာတွေရေးသားဖော်ပြခဲ့ကြသည်။ သူတို့ကလည်း သူမအပေါ်တူညီသော ချစ်ခင်ကြင်နာမှုကို ရေးသားပေးပို့ခဲ့သည်။ သူတို့ကလည်း သူမအပေါ် တူညီသောချစ်ခင်ကြင်နာမှုကို ရေးသားဖော်ပြခဲ့ကြသည်။ သူတို့နှင့်သူတို့မိခင်ကြောက်စရာ၊ လန့်စရာဖြစ်ရပ်များ ဖြစ်ပွားခဲ့ကြကြောင်းကိုလည်း ရေးသားခဲ့ကြသည်။ သူတို့က "အမ်မလီဟာ ကျွန်တော်တို့ ကျွန်မတို့ရဲ့ မိခင်ရင်းဖြစ်ပါတယ်" ဟူ၍လည်း လှိုက်လှဲစွာဖော်ပြစာပြန်ကြားခဲ့ကြသည်။

ဇူလိုင်လ(၂၆)ရက်နေ့တွင် အမ်မလီဒီလူဇီသည် ပဲရစ်မြို့၌ ကလေးနှစ်ယောက်နှင့် သူတို့ဖခင်မြို့စားကြီး သီအိုဘောလ်အား တွေ့ဆုံခဲ့ကြသည်။ ထိုစဉ်က သူမျက်စိမျက်နှာမကောင်း ဖြစ်နေရှာသည်။ သူတို့နှစ်ဦးချိန်းတွေ့ခဲ့ကြစဉ် အချိန်တိုကလေး၌ အထိန်းတော်ဟောင်းအား မြို့စားကတော်က သူမအား ထိတ်လန့်နေသည့် တစ်စုံတစ်ရာသောအကြောင်းကို ပြောပြခဲ့သည်။

ယင်းတစ်စုံတစ်ရာအကြောင်းဆိုသည်ကို ကျွန်ုပ်တို့ မသိရချေ။

ဤကိစ္စမှာလည်း အခြားမသိရသေးသည့် လျှို့ဝှက်ဆန်းကျယ်မှုဖြစ်၏။ ပြင်သင်နိုင်ငံ၊ ပဲရစ်မြို့အမျိုးသားမော်ကွန်းတိုက်တွင် ထိန်းသိမ်းထားသော ပရာစလင်စံနန်းတော်ရဲတိုက်ကြီး၏

အရှုပ်တော်ပုံဇာတ်လမ်းစုံနှင့် ပတ်သက်သော စာရွက်စာတမ်း သက်သေခံပစ္စည်း အထောက်အထားအားလုံးအနက် မှောင်ထဲမှ လျှို့ဝှက်ချက်မှာ ဖြတ်တောက် ထားခဲ့ဖြစ်ဟန်ရှိပေသည်။ ယင်းသိမ်းဆည်းထားသော စာရွက်စာတမ်း သက်သေခံ အထောက်အထား ရုံတိုက်ကြီးတွင် ကြောက်စရာ လန့်စရာ ကိစ္စဖြစ်ပွားခဲ့ပြီး လျှို့ဝှက်မှုများ ဆက်လက်ဖြစ်ပွားခဲ့ကြောင်းနှင့် မြို့စားကတော်ကြီး၏ သူမသားတို့အား အကျင့်ပျက်နေသော အမှုကိုပါ ရည်ညွှန်းဖော်ပြနေကြသည်။ အသက်(၁၀) နှစ်အရွယ် သူမသားဖြစ်သူ ဟော်ရေ့စ်က သူ့ဖခင်မကောင်း သတင်းကို ဝန်ခံပြောဆိုခဲ့သည်ဟုလည်း သိရ၏။

သုံ့တေသနပညာရှင် စတင်လေလူမစ်က (၁၉၆၇)ခုနှစ် ထုတ် သူ၏ချစ်ကြွေးမပြေ ရာဇဝတ်မှုခင်းတစ်ရပ် စာအုပ်၌ ယင်းအမှုကို သူ့ဉာဏ်စွမ်းရှိသလောက် မဖြစ်နိုင်သောအဖြေကို တင်ပြထားလေသည်။ ယင်းစာအုပ်ပါရှင်းတမ်းအရ ကျွန်ုပ်တို့ သိရသလောက်မှာ ပေါက်စံအိမ်တော်ကြီးမှ အထိန်းတော်အမ်မလီ ဒီလူဇီထွက်ခွာသွားပြီးနောက် သူမပြင်သစ်နိုင်ငံမှ လုံးဝထွက်ခွာ မသွားမခြင်း မြို့စားကတော်ကြီးမှာ သူမအား ဇနီးမယားအဖြစ်မှ တရားဝင်ကွာရှင်းပေးဖို့ကိုချည်း ဆက်တိုက်တောင်းဆို ခြိမ်းခြောက် နေခဲ့လေသည်။ ယင်းလုပ်ရပ်နောက်ကွယ်၌ ငုပ်လျှိုး နေသည့်အချက်မှာ မြို့စားကတော်ကြီးအား မြှောက်ပင့်ပေးနေခဲ့ သူမှာ ခရစ်ယာန်ဘုန်းကြီးဂေါလက်ပင် ဖြစ်သည်။ ဖြစ်နိုင်စရာ အချက်မှာ မြို့စားကတော်ကြီးသည် သူမသားများအား ဖခင်ကြီး



နှင့်အထိန်းတော်စကားနားမထောင်ရန် ခံပြောရန်၊ ဆန့်ကျင်ကြရန်၊ တစ်ခါ၊ နှစ်ခါ တိုက်တွန်းသွေးဆောင်ခဲ့ပုံရသည်။ သားငယ် ဟော်ရေးစ်က သူ့ဖခင်နှင့် အထိန်းတော်တို့အတူ အိပ်နေကြသည်ကို သူကိုယ်တိုင်မျက်စိဖြင့် တပ်အပ်မြင်ခဲ့ရကြောင်း ထွက်ဆိုချက်မှာလည်း မိခင်ကြီးသင်ပေးသည့်အတိုင်း ပူဆာထွက်ဆိုခဲ့ခြင်းသာဖြစ်ပေမည်။ သို့တည်းမဟုတ် မြင်ခဲ့၍မြင်ခဲ့ကြောင်း ပြောဆိုခြင်းလည်းဖြစ်ပေမည်။ ကျွန်ုပ်တို့ဆက်လက်သိရသည်မှာ စိတ်တည်ငြိမ်အေးဆေးပြီး စိတ်ဓါတ်မခိုင်မာသော မြို့စားကြီး လည်း သူ့ဇနီးအား အဆုံးစီရင်ရန် ကြံခဲ့ခြင်းပင်ဖြစ်သည်။

ပရာစလင်မြို့စားကြီးသီယိုဘောက်ဒီပရာစလင်သည် ကြင်ယာတော်မြို့စားကြီး ဖင်နီဆက်တာစတီယာနီအပေါ် မည်မျှ မုန်းတီးအာဃာတ အငြိုးကြီးလိုက်ပါသနည်းဆိုလျှင် သူ၏လက်စားချေရန် မဟာအကြံကြီးက ပေါ်လွင်နေသည်။ တစ်နှစ်တစ်ခါ ဆိုသလို သူတို့မိသားစုပဲရစ်မြို့သို့ သွားရောက်လည်ပတ်လေ့ ရှိသည်။ ပဲရစ်မြို့၌ သူတို့မိသားစုအတွက် တည်းခိုကြဖို့ ဟိုတယ် ဘာစတီယာနီဟူသော သီးသန့်ကိုယ်ပိုင်ဟိုတယ်တစ်လုံး ဆောက်လုပ်ထားခဲ့သည်။ သူ၏အကြံက ရယ်လည်းရယ်စရာ ကောင်းကောင်းလွန်းနေသည်။ အလည်အပတ်ခရီးထွက်မလာ သေးခင် သူကဦးခင်အောင်ကြို၍သွားကာ ဟိုတယ်ဆောင်ကြီးထဲ၌တစ်ယောက်တည်း ကြိတ်၍ မဟာစီမံကိန်းကြီးကို အကောင်အထည်ဖော်လုပ်ကိုင်နေခဲ့သည်။ တည်းခိုနေကြစဉ်သူ့ ဇနီးသည် အိပ်စက်မည့်အိပ်ခန်းကုတင်ပေါ်တည့်တည့်တွင် စီးမိုး၍ တပ်ဆင်

ထားသောမျက်နှာကျက်ကို ထောက်ထားသည့် တိုင်လုံးကြီးများမှ ဝက်အူတို့ကို ဝက်အူလှဲ့ဖြင့် လှည့်ထုတ်ဖြုတ်ပစ်လိုက်သည်။ သူ၏ အကြံအစည်မှာ ကြီးမားထုထဲလေးလံလှသော မျက်နှာကျက်ကြီး အမှတ်မထင်ပြုတ်ကျကာ ဖနီးသည့်အပေါ် ပိသေရန် ပင်ဖြစ်သည်။ ဤသို့ဖြင့် သူ့အကြံအောင်မြင်သွားမည်ဖြစ်၏။ မြို့စားကတော်ကြီး သေသွားပြီးမည်သူမျှ မရိပ်မိခင် သူရဲတိုက်ကြီးရှိရာသို့ပြန်ခဲ့မည်ဖြစ်ပြီး၊ ယင်းဟိုတယ်ကြီးထဲသို့ နောက်နှစ် သူတို့အလည်အပတ်မလာမခြင်း မည်သူမျှမဝင်ရန် အမိန့်ထုတ်ခဲ့မည်ဖြစ်သည်။

ဩဂုတ်လ (၁၇)ရက်နေ့တွင် ပရာစလင်မိသားစုတို့ ပဲရစ်မြို့ဟိုတယ်ဆက်ဘာစတီးယာနီ တည်းခိုစံအိမ်တော်ကြီးသို့ အလည်အပတ်ရောက်ရှိလာခဲ့ကြသည်။ မြို့စားကတော်ကြီးမဒန်ဒီပရာစလင်ဆက်ဘာစတီယာနီဟိုတယ်ခန်းမကြီးထဲသို့ ဝင်သွားစဉ် မြို့စားကြီးနှင့်သားသမီးလေးယောက်တို့ တိတ်တစ်ဆိတ်အရာကျ စံအိမ်တော်အိမ်စိုးအထိန်းတော်မလေး နေထိုင်ရာအိမ်သို့လာခဲ့ကြသည်။ သူတို့တစ်တွေ မျက်ရည်စက်လက်ဖြင့် ပြန်လည်ဆုံတွေ့ခဲ့ကြသည်။ အချိန်ရခိုက်တိတ်တခိုးလေးတွေ့ကြရာတွင် မြို့စားကြီးလည်း သူ၏အချစ်တော်မလေးအား တီတီတာတာဖြင့် နောက်တစ်ခေါက်ပြန်လည်ဆုံဆည်းလျှင် မာဒီမွိုက်ဆေးလ်လူဇီအတွက် ရေးထားသော ပေးစာများကို ကြိုးစားရှာဖွေယူခဲ့မည်ဟုလည်း ကတိပေးနှစ်သိမ့်ခဲ့လေသည်။

သို့နှင့်အချိန်တန်၍ သူတို့သားအဖတစ်တွေတည်းခိုရာ



စံအိမ်တော်ဟိုတယ်ကြီးသို့ ပြန်ခဲ့ကြသည်။ သူတို့သားအဖတစ်တွေကိုယ့်အခန်း၌ အသီးသီးအနားယူအိပ်ရာဝင်ခဲ့ကြသည်။ ညဉ့် ၁း၃၀ တွင် အခန်းမီးများ အသီးသီးပိတ်လိုက်ကြသည်။ ဟိုတယ်ဆက်ဘာစတီယာနီတစ်ခုလုံး ဘာသံမျှမကြားရ။ အိပ်မောကျနေကြသည်။ အချိန်မှာ နံနက်လင်းအားကြီး (၄း၃၀) ခန့်ရှိလေပြီ။ ကြောက်စရာလန့်စရာ သည်းတိန်ခမန်းဖြစ်ရပ်များ ဆက်တိုက်ဖြစ်ပွားခဲ့တော့သည်။ သွေးရူးသွေးတန်းအော်သံများ ပဲရစ်မြို့အဝှန်းပဲ့တင်ထပ်မျှ မြည်ဟီးသွားခဲ့သည်။

မြို့စားကြီးမှာ သူဆင်ထားသည့် စံနက်မြို့စားကတော်ကြီးအပေါ် မျက်နှာကျက်ကြီး ပြိုအကျအချိန်ကောင်းကို စောင့်နေဟန်တူပေသည်။ သူလည်း ရုတ်တရက်ဖနီးသည့်အား ဝင်ရောက်အပြုတ်ရှင်းရန် သံမိဍှာန်ချ[illegible]က်လေသည်။ ခိုးကြောင်ခိုးဝှက်ချွတ်နင်း၍ ဖနီးသည်မြို့စားကတော်ကြီး၏ အိပ်ခန်းထဲသို့ မြို့စားကြီးဝင်ခဲ့သည်။ သူ့လက်ထဲတွင် လူသတ်လက်နက်ပစ္စတိုတစ်လက်နှင့် အမဲလိုက်ဓားတစ်ချောင်း အသင့်ကိုင်လျက်ပါလာခဲ့သည်။ နောက်နေ့နံနက်၌ အလောင်းပေါ်မှ ဒဏ်ရာဒဏ်ချက်များက ထိုညကလူသတ်သမားမြို့စားမင်းကြင်ယာတော် မဒန်ဒီပရာစလင်အား လက်တစ်ဖက်ဖြင့် အသံမထွက်အောင် ပါးစပ်ပိတ်၍ ကျန်လက်တစ်ဖက်က သူမလည်တိုင်ကို လှီးဖြတ်ရန်ကြိုးစားခဲ့ကြောင်း ဖော်ပြနေကြသည်။ သို့သော်လည်း သူတို့ကြိုးပမ်းခဲ့သမျှ တစ်ဝက်တစ်ပြက်သာ အောင်မြင်ခဲ့သည်။ လည်ပင်းသွေးပြန်ကြောကြီးမှ သွေးစိမ်းရှင်ရှင်များ ပန်းထွက်

နေယင်း မဒန်ပရာစလင်သည် အိပ်ရာမှလန့်နိုးခဲ့ပြီး ရန်သူ့လက်ထဲမှခါးရှထားသည့် ဒဏ်ရာတို့က ဖော်ညွှန်းနေခဲ့သည်။ အင်းတန်ဝဖြိုးကြံ့ခိုင်သန်မာသည့် အမျိုးသမီးတစ်ဦးဖြစ်သည်နှင့်အညီ ရန်သူ့လက်မှအတင်းကန့်ရုန်းထွက်လာ သံကုန်ဟစ်၍ အကူအညီတောင်းယင်း အရေးပေါ်အချက်ပေးခေါင်းလောင်းကြိုးတို့ကိုလည်း ဆွဲလှုပ်အကြောင်းကြားခဲ့သည်။

အသက်လုတိုက်ခိုက်ပြေးလွှားကာ မြို့စားကတော်ကြီးမှာ ဒဏ်ရာရရှိထားသည့် တောရိုင်းတိရစ္ဆာန်တစ်ကောင်အလားအခန်းထဲလှည့်ပတ်ပြေးလွှားနေခဲ့သည်။ သူမကိုယ်ကို နံရံတွင်အသာမှီရပ်ယင်း လက်မှဒဏ်ရာကလည်း သွေးတွေဒလဟောထွက်ကျလျက်လူစိတ်ကင်းမဲ့ကာ ဘီလူးသဘက်စီးနေသော သူမခင်ပွန်းလက်မှလွတ်အောင် သွေးရူးသွေးတန်းရှာဖွေနေခဲ့သည်။ ထိုအိပ်ခန်းထဲမှ ကုလားထိုင်များ၊ စားပွဲများကျွမ်းထိုးမှောက်ခုံပတ်နေခြင်းက ထိုအခြေအနေကို ဖော်ပြနေခဲ့ကြသည်။ အခန်းထဲရှိအရေးပေါ်ခေါင်းလောင်းကြိုးမှာ သူမမည်မျှသွေးရူးသွေးတမ်းကြောက်လန့်တကြား ဆွဲဖြုတ်ခဲ့ကြောင်း ခေါင်းလောင်းထိုးတံမှာကြမ်းပေါ်ပြုတ်ကျနေခြင်းကလည်း ဖော်ပြနေခဲ့ကြသည်။ အခင်းဖြစ်လူသတ်မှုဖြစ်ပွားရာ အခန်းထဲ၌ နေရာအနှံ့သွေးကွက်ကြီးများ စွန်းထင်းနေခြင်းကို ကြည့်ရှုလေ့လာစူးစမ်းခြင်းအားဖြင့် သက်ဆိုင်ရာရဲအဖွဲ့ကို ထိုစဉ်လူသတ်ကောင်ပုဆိုးနှင့် သားကောင်တို့၏ လှုပ်ရှားခဲ့ကြသော အခြေအနေအရပ်ရပ်ကို အကြမ်းဖြင်းအားဖြင့် ကောက်ချက်ချနိုင်လောက်ပေပြီ။ အခွေးဓါတ်ပေးရာ



မီးလင်းဖိုရှေ့ရှိ ဆိုဖာထိုင်ခုံပေါ်မှ သွေးကွက်ခြောက်တို့က နောက်ဆုံး၌ ချိတ်ဆူးလ်ပရာစလင်ပဋ္ဌမမြောက်မြို့စားကြီး သူ့ဇနီးကိုယင်းဆိုဖာပေါ်မှေ့တင်ခဲ့ကြောင်း ဖော်ပြသက်သေခံလျက်ရှိနေပါသည်။ ထို့ပြင်စင်ပေါ်မှ အလေးချိန်အတန်စီးသည့် ကြေးသတ္တုဖြင့် သွန်းလုပ်ထားသော ဖယောင်းတိုင်စွပ်တစ်ခု အခင်းဖြစ်ဆိုဖာအနီး၌ တွေ့ရခြင်းအားဖြင့် အသက်ငင်နေဆဲမြို့စားကတော်အား တစ်ချက်တည်းဖြင့် အပြတ်ရှင်းခဲ့ကြောင်း ရည်ညွှန်းဖော်ပြနေခြင်း ပင်ဖြစ်သည်။

အခင်းဖြစ်ကြောက်စရာ၊ လန့်စရာ လူမဆန်လွန်းသောလူသတ်မှုကြီးဖြစ်ပွားစဉ် ပထမဦးဆုံးအကြိမ် သွေးရူးသွေးတမ်းကြောက်လန့်တကြား ''ကယ်ပါ ယူပါ'' အော်ဟစ်အကူအညီတောင်းသည့် အသံနက်ကြီးပေါ်ထွက်လာခဲ့သည်။ အိပ်မောကျနေသော ဟိုတယ်တစ်ခုလုံးလှုပ်ရှားလာခဲ့သည်။ ဟိုတယ်အမှုထမ်းတို့ အခင်းဖြစ်အခန်းထဲအပြေးအလွှားဝင်ရန် ကြိုးပမ်းခဲ့ကြသည်။ သို့သော် တံခါးမကြီးအားလုံး ဂျက်ချပိတ်ထားလျက်ရှိနေသည်ကို တွေ့လိုက်ကြရသည်။ နောက်ဆုံးမြို့စားကြီးကိုယ်တိုင်က အမှုထမ်းတို့အား ''ဟ–ဘယ်လိုတွေဖြစ်ကြတာလဲကွ–ဟေ့–ပြောကြစမ်းပါဦး'' ဟူ၍ မသိကျိုးကျင်ပြုမေးခဲ့သည်။ ထိုအချိန် နောက်မရေးမနှောင်း၌ပင် မြို့စားကတော်ကြီးမှာ ဇီဝိန်ချုပ်ခဲ့လေပြီ။ မြို့စားကြီးက စဉ်းလဲစွာဖြင့် အပြင်မှဖောက်ထွင်းတိုးဝင်လာသော ရန်သူ့လက်ချက်ဖြစ်ရမည်ဟု အသံကောင်းဟစ်ကာ မိမိအပြစ်ကို ဖုံးကွယ်ဖို့ကြိုးစားခဲ့လေသည်။ ပြင်သစ်

နိုင်ငံအမျိုးသားလုံခြုံရေးကောင်စီဥက္ကဌက အခင်းဖြစ်ပွားရာသို့ ဦးစွာလာရောက်စစ်ဆေးပြီး ''ဒီလူသတ်မှုကို ကျူးလွန်ခဲ့တဲ့ တရားခံလူသတ်သမားဟာ ဝါရင့်ကြေးစားလူသတ်သမား လက်ရာမဖြစ်နိုင်ဘူး၊ ဒါ-လူကြီးလူကောင်းတစ်ယောက်ရဲ့ အကြံအစည်ပဲဖြစ်တယ်'' ဟူ၍ မှတ်ချက်ချခဲ့သည်။

မြို့စားကြီးလည်း အချိန်ရသရွေ့ သက်သေခံအထောက်အထားတို့ကို ရှာဖွေဖျက်ဆီးကာ ခြေစဖျောက်ခဲ့သည်။ သူ့အိပ်ခန်းဆောင်ထဲရှိ မီးလင်းဖိုမှ မီးခိုးတစ်လူလူထွက်နေသည်ကို တွေ့ခဲ့ကြရသည်။ သွေးစသွေးနများ စွန်းထင်နေသော အဝတ်အစားတို့နှင့် စာရွက်စာတမ်းပေါင်း အတော်များများ မီးရှို့ဖျက်ဆီးပစ်ခဲ့သည်။ ရေချိုးခန်းထဲဝတ်သည့်ဝတ်ရုံကြီးမှာ သွေးစွန်းများဖျက်ရန် ရေနှစ်ထားသည်ကိုလည်း တွေ့ရှိခဲ့ကြရသည်။ ထိုစဉ်က သူ့လက်နှစ်ဖက်စလုံးလက်သည်းဖြင့် ကုတ်ခြစ်ထားရာများနှင့် သွားဖြင့်ကိုက်ထားရာများပါ ပေပွနေသည်ကို တွေ့ရှိခဲ့ကြသည်။ အခင်းဖြစ်စဉ်က အသုံးပြုခဲ့သော လူသတ်လက်နက် အမဲလိုက်ဓါးကိုလည်း သူ့အခန်းထဲဝှက်ထားသည်ကို တွေ့ရှိခဲ့သည်။

ပဲရစ်တစ်မြို့လုံးပေါက်ကြားသွားခဲ့ပြီး ပြည်သူတစ်ရပ်လုံး အုတ်အော်သောင်းနင်းဖြစ်သွားခဲ့ကြသည်။ ဟိုတယ်တစ်ဝိုက်သို့ လူအုပ်ကြီး ချက်ချင်းဝိုင်းခဲ့ကြသည်။ အခင်းဖြစ်လူသတ်မှုတရားခံ လူသတ်သမားအား ဖော်ထုတ်ပေးရန် အရေးဆိုဆန္ဒပြကြွေးကြော်ခဲ့ကြသည်။ ဒေါသအမျက်ခြောင်းခြောင်းထွက်နေကြသော ပဲရစ်



ပြည်သူတစ်ရပ်လုံးအတွက် အမည်းကွက်များ စွန်းထင်နေသော အုပ်ချုပ်ရေးစံနစ်နှင့်အတူ ယင်းလူမဆန်လွန်းသော ရာဇဝတ်မှုကြီးမှာ ကိုယ်ကျင့်တရားပျက်ပြားမှုပင်ဖြစ်သည်။ ထိုအချိန်က ဘိုင်းပြည်အုပ်ချုပ်နေသော စည်းမျဉ်းခံဘုရင်လူဝစ္စဖီးလစ်မှာ အစိုးရအဖွဲ့ဝင် ဝန်ကြီးနှစ်ဦးပါဝင်သည့် ငွေကြေးပြဿနာ အရှုပ်တော်ပုံဖြင့် ရစ်ပတ်နေဆဲဖြစ်သည်။ နောက်နှစ်အရောက်တွင် ပြင်သစ် တော်လှန်ရေးကြီးပေါ်ပေါက်လာခဲ့ပြီး ဘုရင်ဖိလစ်အား ထီးနန်းမှ ဖြုတ်ချခဲ့ကြသည်။ သမိုင်းဆရာတို့က ပရာစလင်လူသတ်မှုကြီးသည် ယင်းပုန်ကန်ခြားနားမှုကြီးအား စနက်တန်မီးထိုးပေးသည့် အဓိကသော့ချက်ဖြစ်စဉ် ဖြစ်ရပ်ဟု ဖော်ပြခဲ့ကြသည်။

ပြည်သူတို့စိတ်ထဲ၌ ဤပြဿနာမှာ ရှင်းနေပါသည်။ မြို့စားကြီးသည် အင်္ဂလိပ်မင်းစိုးရာဇာတို့လက်အောက်၌ ကြီးပြင်းလာခဲ့သော သူ့ချစ်သူအထိန်းတော်မလေးအတွက် မိမိကြင်ယာတော် ဇနီးမယားအား သတ်ဖြတ်ဖယ်ရှားပစ်ခဲ့ခြင်းပင်ဖြစ်သည်။ ထိုစဉ်က ပဲရစ်ပြည်သူတို့ ယင်းလူသတ်မှုကြီးမှာ မြို့စားမင်းရာထူးဂုဏ်ရှိန်ကြောင့် တရားခံလူသတ်ကောင်မှာ ပြစ်ဒဏ်စီရင်ခြင်းမှ လျော့ထွက်သွားလိမ့်မည်ဟု စိုးရိမ်နေခဲ့ကြသည်။ အဖြစ်မှန်မှာ ယင်းသို့မဟုတ်ချေ။ မြို့စားကြီးအား တရားရေးအဖွဲ့ဝင်မှူးမျိုးမတ်နွယ်မြို့စားများ ခုံရုံးတစ်ခု၌တရားစွဲဆို ကြားနာစစ်ဆေးခဲ့သည်။ ယင်းခုံအဖွဲ့မျက်နှာကြီး မျက်နှာငယ်မလိုက် ပြည်သူမျက်နှာကိုသာ ထောက်ထားသောခုံသမာဓိအဖွဲ့ဖြစ်သည်။ အမှန်

စင်စစ် တရားရေးအဖွဲ့ဝင်မှူး မျိုးမတ်နွယ် နိုဘယ်တရားသူကြီးမင်းတို့ စိုးရိမ်မကင်းဖြစ်နေခဲ့ကြသည်မှာ စီရင်ချက်မချမှတ်ခင် ကြားနာစစ်ဆေးနေစဉ် အတောအတွင်း တရားခံပရာစလင်မြို့စား သူ့ကိုယ်သူ သေကြောင်းကြံစည်သွားမည်ကိုသာ ဖြစ်သည်။ ယင်းသို့တရားသူကြီးအဖွဲ့တို့ စိုးရိမ်မကင်းဖြစ်နေကြသည့်သတင်းကို ကြားရသဖြင့် ပြင်သစ်ပြည်ရှင်လူဝစ္စဖိလစ်ဘုရင်လည်း "အလိုလေး ဘယ်လိုတွေဖြစ်ကုန်ကြပြီလဲဟာရို့" ဟူ၍ ငြီးတွားခဲ့သည်။ ထိုအချိန်က တရားရုံးတော်သို့ သက်ဆိုင်ရာတရားသူကြီး အဖွဲ့ဝင်နိုဘယ်တို့အား တက်ရောက်ရန်ဆင့်ခေါ်သည့် သမ္မာန်စာကို လက်မှတ်ရေးထိုးနေချိန်ဖြစ်သည်။ အစိုးရကက်ဘိနက်အဖွဲ့၌လည်း မြို့စားကြီးကောင့်မိုလေးက လုပ်ဖော်ကိုင်ဘက်အစိုးရအဖွဲ့ဝင်တစ်ဦးထံ ဤသို့ရေးသားခဲ့သည်။ (တရားရုံးတော်တရားသူကြီး အဖွဲ့ခေါင်းဆောင်) ရဲ့ထင်မြင်ယူဆချက်ကို ပြောရယင်တော့ ဒီကိစ္စဟာ ပြည်သူတို့ရဲ့ ကံကြမ္မာလို့ဆိုရမှာပေါ့ဗျာ။ အကယ်တန္တဒီလူသတ်ကောင်သတ္တဝါဟာ သူ့ဖာသာသတ်သေသွားလို့ သူကျခံရမယ့်ပြစ်ဒဏ်ကများ လွတ်သွားခဲ့ယင်လဲတိုင်းသူပြည်သားတို့ရဲ့ အကုသိုလ်ကြံမှာဆိုးပေါ့" ဟူ၍ ဖော်ပြထားလေသည်။

သို့ပါသော်လည်း အဖြစ်ကဖန်လာခဲ့သည်။ ကျခံရမည့်ထိုက်တန်သော ပြစ်ဒဏ်စီရင်ခြင်းမှ ရှန်းထွက်လွတ်မြောက်သွားခဲ့သော ပရာစလင်မြို့စား၏လုပ်ရပ်မှာ တရားနှင့်ချိန်ခွင်လျှာကို တည့်မတ်စွာစီရင်ဆုံးဖြတ်လေ့ရှိသော တရားရုံးတော်၏ တရားစီရင်ရေးကို ကျေနပ်မှုရရှိစေခဲ့ပါသည်။ အစောင့်အကြပ်တွေအထပ်ထပ်ချထားသည့်ကြားမှ အာစင်နစ်ခေါ် စိန်အဆိပ်ကို မြိုချ၍ သေကြောင်းကြံစည်သွားခဲ့သည်။ စိန်အဆိပ်ပြင်းထန်သောဝေဒနာကို (၆)ရက်တိုင်အလူးအလဲခံစားခဲ့ပြီး သေအံ့မူးမူးအချိန်တိုင်သူကျူးလွန်ခဲ့သော အပြစ်ကို ဝန်ခံဖြောင့်ချက်ပေးမသွားခဲ့ချေ။



ပြည်သူတို့၏ အခင်းဖြစ်လူသတ်မှု၏ တရားခံမြို့စားအပေါ်၌ အာရုံစူးစိုက်မှုမှာ ပရာစလင်စံအိမ်တော် ပေါက်ရဲတိုက်ကြီး၏ အိမ်စိုးအထိန်းတော်ဟောင်း မာဒီမွိုက်ဆေးလ်ထံ ရောက်သွားခဲ့ကြသည်။ အခင်းဖြစ်လူသတ်မှုကြီး ဖြစ်ပွားပြီး သူမအား(၃)လတိုင် အကျဉ်းချထားခဲ့သည်။ အမှုနှင့်ပတ်သက်သည့်ကွင်းဆက်မေးခွန်းတို့ကိုလည်း စစ်ဆေးမေးမြန်းခဲ့သည်။ မြို့စားကြီး၏အမြှောင်ဇနီးမယားဟု စွပ်စွဲချက်မှာ ဟုတ်မှန်ခဲ့ပါသလော။ အခင်းဖြစ်လူသတ်မှုကြီး ဖြစ်ပေါ်အောင် သူမတိုက်တွန်းခဲ့ပါသလော၊ သူမအားနှိုက်နှိုက်ချွတ်ချွတ်မေးခဲ့သမျှ "ဘူး"ခံ၍သာ တွင်တွင်ငြင်းဆိုခဲ့သည်။ နောက်ဆုံး၌ သူမအားထိန်းသိမ်းထားရာမှ လွတ်ပေးခဲ့ကြသည်။ သို့ရာတွင် တရားဝင်အမှုနှင့်ကင်းရှင်းကြောင်းကြေငြာချက်တစ်ရပ်ထုတ်ပြန်ပေးခဲ့သည်။ အခင်းဖြစ်အမှုနှင့်စပ်လျဉ်း၍ သူမအား ပါဝင်ပတ်သက်မှုမရှိခဲ့ကြောင်း အထောက်အထား စာရွက်စာတမ်းကိုလည်း လက်မှတ်ရေးထိုး အသိအမှတ်ပြုပေးခဲ့သည်။ သို့ရာတွင် ပရာစလင်မြို့စားနှင့် ပြစ်တင်ဖွယ်ရာသံသယဖြစ်စရာ တာဝန်မကင်းရှိခဲ့ကြောင်းကိုတော့ စွဲချက်အတင်

ခံခဲ့ရသည်။

မကောင်းသတင်းစုံမည်သို့ရခဲ့သည့် အမျိုးသမီးမာဒီ မွိုက်ဆေးလ်ဒီလူဗီမှာ ၁၈၄၉–ခုနှစ်တွင် ပြင်သစ်နိုင်ငံမှ ထွက်ခွာခဲ့ပြီး အမေရိကန်၌ဘဝသစ်ကို စခဲ့သည်။ ပရာစလင်စံအိမ်တော် ရာဇဝတ်မှုအရှုပ်တော်ပုံကြောင့် အကြိမ်ကြိမ်ကြားနာစစ်ဆေးခံခဲ့ရသဖြင့် လူရောစိတ်ပါပမ်းခဲ့ရသည်။ သို့သော်သူမမှာ စိတ်ဓါတ်လုံးဝမကျခဲ့။ နေရာဒေသသစ်၌ အခြေချကာ ငယ်ရွယ်သူစကော့တလန် ခရစ်ယာန်ပရက်စဘီတာရီယန်အသင်းတော် အကျိုးတော်ဆောင် ဟင်နရီဖီးလ်နှင့် လက်ထပ်ခဲ့သည်။ သူတို့ဇနီးမောင်နှံမှာ နယူးယောက်မြို့ခရစ်ယာန်အသင်းတော် လူ့အသိုင်းအဝိုင်းတွင် နေလိုလနှယ်ထင်ရှားသည့် ခေါင်းဆောင်ပိုင်းမှ ပုဂ္ဂိုလ်များဖြစ်လာခဲ့ကြသည်။ သူမအတိတ်မှ အရိပ်မည်းကြီးကို သိနေကြသော်လည်း ယင်းအရိပ်ကြောင့် သူတို့ဘဝမှာ ဘာမျှအနှောက်အယှက်မဖြစ်ခဲ့ကြချေ။ ၁၈၇၅–ခုနှစ် အသက်(၆၃)နှစ်ရွယ်မစ္စစ်ဖီးလ်တဖြစ်လဲ ဟာဒီမွိုင်ဆေးလ်ဒီလူဗီသည် ကွယ်လွန်ခဲ့သည်။ သူမ၏ သေစာရင်းမှတ်တမ်း၌ တစ်ချိန်က မရှင်းမရှင်းဖြစ်ခဲ့သော ပရာစလင်ကိစ္စကို ရည်ညွှန်းဖော်ပြထားသော်လည်း သူမ၏ သဒ္ဓါရက်ရောမှု၊ ညှိဝတ်ကျေပွန်မှု၊ သူမ၏ကောင်းမှု၊ ကုသိုလ်လုပ်ဆောင်ချက်များနှင့် ဉာဏ်ပညာထက်မြက်မှုတို့ကို ချီးမွမ်းထောပနာပြုခဲ့ကြသည်။

သူမ မကွယ်လွန်မီက သူမခင်ပွန်း၏ တစ်လတစ်ကြိမ်လစဉ်ထုတ်''ဧဝံဂေလိ''ဘာသာရေးမဂ္ဂဇင်း၌ သူကြုံတွေ့ခဲ့



ရသည့်ပြင်သစ်ပြည်အကြောင်းဆောင်းပါးများ အဆက်မပြတ်ရေးသားတင်ပြခဲ့သည်။ သူမ၏ဆောင်းပါးများထဲ၌ မစ္စစ်ဖီးလ်က သူမယုံကြည်ချက်ကို ဤသို့ရေးသားဖော်ပြထားသည်။ သူမ၏ မွေးရာဇာတိမြေပြင်သစ်နိုင်ငံကြီး၌ မည်သို့ပင်နိုင်ငံရေးမတည်မငြိမ်အုံကြွမှုတွေ တိုင်းပြည်အား ကိုင်လှုပ်စေကာမူ ပြင်သစ်နိုင်ငံကြီး အသက်ရှင်ရပ်တည်ပြီး ''ပန်းပန်လျက်''ရှိနေဖြစ်ကြောင်း သူမက ရဲရဲကြီးအာမခံပေးခဲ့သည်။

သူမရဲရဲအာမခံခဲ့သည့် ပြင်သစ်ပြည်၏ အရည်အချင်းဆိုသည်မှာ ပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝမှ အခြေခံတည်ဆောက်ထားသည့် အမျိုးသားကြံ့ခိုင်စည်းလုံးမှုပင်ဖြစ်ပါသည်။

ပုံစာ။ (၁) ပရာစလင်မြို့စားကတော်၏အိပ်စက်ခန်းဆောင်။

(၂) မြို့စားကတော်ကြီးသေဆုံးနေပုံသရုပ်ဖော်ပန်းချီ။

# (၁၃) "မြေဖြူတွင်းကြီးထဲမှအလောင်း"

၁၉၄၆–ခုနှစ်၊ နိုဝင်ဘာလ(၃၀)ရက်နေ့၊ နေဝင်ဖြိုးဖြ အချိန်လူတစ်ယောက်သည် အင်္ဂလန်နိုင်ငံ၊ ဆာရေးဒီစတြိတ်မြို့ နယ်အတွင်းဝုဒ်လ်ဒင်းအနီး နော့ဒေါင်းစ်မြို့သို့ လမ်းလျှောက်အ သွား သီးခြားထီးစီ တည်ရှိနေသော မြေဖြူကျင်းတစ်ခုထဲ၌ အဝတ်ဟောင်းများနှင့် တူသည့်အပုံကြီးတစ်ပုံကို မသဲမကွဲလှမ်း တွေ့လိုက်ရသည်။ သူလည်း ဘာတွေများပါလိမ့်ဟု သိလို၊စပ်စု လိုစိတ်က သူ့အားဆွဖေးနေသည်။ သို့နှင့် ထိုအပုံကြီးအနီးသို့ လှမ်းကပ်လာခဲ့သည်။ ယင်းအပုံကြီးမှာ ဝတ်ပြီးသား အဝတ်အစား များဖြစ်နေသည်ကို တွေ့ရသည်။ လည်ပင်းတွင် ကြိုးတစ်ချောင်း ရစ်ပတ်ချည်နှောင်ခြင်းခံရသည့် လူရွယ်တစ်ယောက်၏ အ လောင်းကြီးတစ်လောင်းကျင်းထဲ၌ စန့်စန့်ကြီးလဲကျနေသည်ကို တွေ့လိုက်ရလေသည်။ ညစ်ပတ်ပေရေနေသည့် အစိမ်းရောင် အဝတ်စတစ်စကိုလည်း လူသေ၏လည်ပင်းတွင် စွပ်နေသော ကြိုးကွင်းတွင် တွေ့ရ၏။ လူသေအလောင်းမျက်နှာမှာ အညိုမည်း နေသည်။

သက်ဆိုင်ရာ ရဲအဖွဲ့၏ သေမှုသေခင်း စစ်ဆေးသူ ဆေးဘက်ဆိုင်ရာ ပါရဂူများ ဦးစွာစစ်ဆေးပြီး ပြောစကားအရ အခင်းဖြစ်လူသေအလောင်းနှင့်ပတ်သက်သည့် လူသေမှုမှာ ကိုယ့် ကိုယ်ကို သေကြောင်းကြံစည်ဟန်တူကြောင်း သိရှိရ၏။ သို့ရာ တွင် ထိုသူဆွဲကြိုးချသေရန် ချည်နှောင်စရာ သစ်ပင်ဟူ၍ ထို



နေရာ၌ မတွေ့ရချေ။ ထို့ပြင်သေသူ၏ အလောင်းတွင် ဝတ်ဆင် ထားသော အဝတ်အစားတို့တွင် မြေဖြူများပေကျံနေသော်လည်း သူ့ခြေ၌ စည်းထားသော ရှူးဖိနပ်မှာ မြေဖြူဆို၍ တစ်ဝက် တစ်ပွလေမျှ ပေရေနေသည်ကို မတွေ့ရ။ အလောင်းကို သေပြီးမှ ယူလာခဲ့ပြီး ထိုမြေဖြူကွင်းထဲတွင် သေနေလေဟန် တမင်ဆင် ထားခြင်းသာဖြစ်နိုင်ပါသည်။

သေသူလူရွယ်အလောင်းအင်္ကျီအိတ်ထဲမှ တွေ့ရှိရသော စစ်ကြီးအတွင်းက မှတ်ပုံတင်ကဒ်အဟောင်းအရဆိုလျှင် ထိုသူ၏ အမည်မှာ ဂျွန်မက္ကမိန်မာဒီ ဖြစ်ပြီး ထိုစဉ်ကအသက်မှာ(၃၅)နှစ် ဖြစ်ကြောင်း သိရှိရ၏။ မကြာသေးခင်က စစ်တပ်မှ ထုတ်ပယ် ခြင်းခံခဲ့ရပြီး အခင်းဖြစ်မြေဖြူကျင်းကြီးနှင့် (၁၂)မိုင်လောက်ဝေး ကွာသော ရီးဂိတ်ဟီးလ်ဟိုတယ်၌ အရက်ရောင်းစာရေးအဖြစ် ဝင်ရောက်လုပ်ကိုင်နေခဲ့သည်။ လူမှာလူပုံချောလူရွယ် တစ် ယောက်ဖြစ်ပြီး သူနှင့်အကျွမ်းဝင်သူတို့နှစ်သက်ခြင်းကို ခံရသူ ဖြစ်သည်။ မည်သူမျှမာဒီအား လူသတ်ကောင်သော်လည်း ကောင်း၊ ယခုကဲ့သို့ ပိုးစိုးပက်စက်အသတ်ခံရလိမ့်မည် ဟုမထင် ကြပေ။

အခင်းဖြစ်လူသတ်မှုကို ဖော်ထုတ်ရန်အပတ်တစ်ကုတ် ကြိုးပမ်းနေကြသော စုံထောက်အဖွဲ့ဝင်တို့ ဦးစီးသည့်မှုခင်းရဲတပ် ဖွဲ့သည် လန်ဒန်မြို့မြေအောက်လောက၊ ဒုစရိုက်ကမ္ဘာသို့ ပိုက်စိပ် တိုက်ရှာခဲ့ကြရာ လျှို့ဝှက်စွာရာဇဝတ်မှုများ ကြံစည်ကျူးလွန်နေ ကြသော လူဆိုးဂိုဏ်းတစ်ဂိုဏ်းကို ခြေရာကောက်မိခဲ့ကြသည်။

ယင်းဂိုဏ်းတွင် အထူးသဖြင့် လူသုံးယောက်ပါဝင်နေသည်။ ထိုသူတို့မှာ လောရင့်ဂျွန်စမစ်ဆိုသူ ဂိုဏ်းနားခေါ်လူမှုအဖွဲ့အစည်းပေါင်းစုံတွင် ထွက်လာဝင်ထွက်နေသူတစ်ဦးဖြစ်သည်။ နောက်တစ်ယောက်မှာ အငှားကားမောင်းသမားတစ်ယောက်ဖြစ်ပြီး နာမည်မှာဂျွန်ဝီလျံဘတ်ကင်ဟန် ဖြစ်သည်။ တတိယမြောက်သူမှာ ပို၍ကြီးကျယ်သော တစ်ယောက်ဖြစ်သည်။ အသက်(၆၆)နှစ် အရွယ်သော်မတ်စ်ဂျွန်လေးဆိုသူဖြစ်ပြီး ကိုယ်ခန္ဓာထွားထွားကျိုင်းကျိုင်းဝဝဖိုင့်ဖိုင်၊ ယခင်က နယူးဇီလန်တွင် နေထိုင်စဉ်က တရားရေးဝန်ကြီးတစ်ယောက်ဖြစ်ခဲ့ဖူးသည်။ ထိုစဉ်က နယူးဇီလန်နိုင်ငံတွင်ကျင့်သုံးနေခဲ့သော တားမြစ်သည့် ဥပဒေနှင့်ပတ်သက်၍ အကြောက်အကန်ဆန့်ကျင်ခဲ့သော ထင်ရှားသည့်နိုင်ငံရေးသမားတစ်ယောက်လည်းဖြစ်ပြီး ''လင်မနစ်လေး''ဟုသူ့အား အနွတ္တအမည်ပေးခဲ့ကြသည်။ ထိုနိုင်ငံ၌ လင်မနစ်လေးဆိုလျှင် မသိသူမရှိသလောက် ထင်ပေါ်ကျော်ကြားခဲ့သူဖြစ်သည်။

အခင်းဖြစ်လူသတ်မှုနှင့်ပတ်သက်၍ မျက်မြင်သက်သေတို့ထွက်ဆိုချက်၌ ထိုသူသုံးယောက်နှင့်ပတ်သက်ငြိစွန်းနေသည်ကိုတွေ့ရသည်။ မျက်မြင်သက်သေ-ဥယျာဉ်မှူးနှစ်ယောက်က မာဒီပျောက်ခြင်းမလှမပျောက်ခင်နေ့က အခင်းဖြစ်မြေဖြူကျင်းနား၌ လူတစ်ယောက်မသင်္ကာစရာ ရစ်သီရစ်သီလုပ်နေသည်ကို တွေ့ရသည်ဟုဆိုပါသည်။ ထို့နောက်ထိုသူမှာ ကားတစ်စီးမောင်းနှင်ထွက်ခွာသွားခဲ့သည်။ ထိုသူမောင်းနှင်ထွက်ခွာသွားသော ကားနံပါတ်မှာ(၁၀၁)ဖြစ်ကြောင်း ထွက်ဆိုခဲ့ကြသည်။ လူ



သတ်မှုဖြစ်ပွားစဉ်အတောအတွင်းမတိုင်မီ(၃)ရက်ခန့်က ဖို့အိတ်အမျိုးအစား ကားမှတ်ပုံတင်နံပါတ်(အက်ဖ်ဂျီပီ-၁၀၁) ကားတစ်စီးငှားရမ်းသွားခဲ့ကြောင်း စုံစမ်းသိရှိခဲ့ရသည်။

ထိုနောက်သေသူမာဒီ၏ လည်ပင်း၌ ချုပ်နှောင်ထားသောကြိုးကွင်း၌ အဝတ်စုံတစ်စကို တွေ့ရှိရသည်။ ထိုအဝတ်စုတ်မှာ သောမတ်စ်လေနေထိုင်ရာ ရပ်ကွက် ကင်စင်တန်းအမှတ်(၅)မျိုး ဖို့ဂါဒင်းစ်မှ ပြင်သစ်ပေါ်လစ်အရောင်တင်သမားတစ်ယောက်ထံမှ အဝတ်စကို ဆုတ်ဖြဲယူလာခဲ့ခြင်း ဖြစ်မည်။ မြေကြီးခုတ်သည့် ပေါက်ဆိန်ရဲဒင်း တစ်လက်ကိုလည်း မြေဖြူကျင်းထဲ၌ ထပ်မံတွေ့ရှိရသည်။ ဤသက်သေခံပစ္စည်းနှစ်ခုစလုံး အမှတ်(၅)မျိုးဖို့ ဂါးဒင်းစ်မှ ယူလာခဲ့ကြောင်း ခြေရာခံမိခဲ့ကြသည်။ ယင်းရဲဒင်းပုဆိန်မှာ ကွန်ကရစ် စပ်ရာ၌ အသုံးပြုသည့်လက်နက်ကိရိယာဖြစ်၏။

အခင်းဖြစ်လူသတ်မှု၏ ထင်ရှားသောသက်သေခံအထောက်အထားမှာ ပို၍ခိုင်မာသော ထောက်ခံမှုလိုနေသေးသည်။ ဒီဇင်ဘာလ(၁၄)ရက်နေ့တွင် အခင်းဖြစ်အမှုဘတ်တင်ဟန်မှယင်းသက်သေခံအထောက်အထားသို့ ကူးပြောင်းသွားခဲ့ကြသည်။

ဤလူသတ်မှုကြီး ဖြစ်ပွားခဲ့ရခြင်း၏ အကြောင်းရင်းတစ်ချက်မှာ ထစ်ခနဲဆိုသွေးဆူတတ်သည့် မနာလိုဝန်တိုသဝန်ကြောင်မှုနှင့် သွေးအေးအေးဖြင့် ထွက်ချက်ကြံစည်တတ်သည့် စိတ်ဓါတ်တို့မှာ ဘာမျှအဓိပ္ပါယ်မရှိသည့် လူသတ်မှုတစ်ရပ်ကို ကျူးလွန်ဖို့ လျှို့ဝှက်ကြံစည်ရန် တိုက်တွန်းစေ့ဆော်ခဲ့ခြင်းပင် ဖြစ်သည်။

တရားရေးဝန်ကြီးဟောင်းမှာ စကော့တလန်ပတ်ဂျိုင်းရားမှ မစ္စစ်မက်ဂီဘရစ်ဆိုသူ မုဆိုးမတစ်ဦးနှင့် အချိန်အတော်ကြာကတည်းက တိတ်တိတ်ပုန်းညှားနေခဲ့ကြသည်။ ၁၉၃၀–ခုနှစ်တွင် သူတို့နှစ်ဦး လန်ဒန်သို့ ရောက်လာခဲ့ကြပြီး ပြောင်ပြောင်တင်းတင်းပင် လင်မယားလိုနေထိုင်ခဲ့ကြသည်။ သူမအပေါ်ထားရှိသည့် သူ၏ချစ်ခြင်းမေတ္တာမှာ သွေးသားသက်သက်ချည်းမဟုတ်ချေ။ သူတို့နှစ်ဦးပုံမှန်တွေ့ဆုံခဲ့ကြသည်။

မစ္စစ်ဘရစ်မှာ အသက်(၆၆)နှစ်ရှိပြီး တရားခွင်၌ သူမအားတွေ့ရှိရသည်မှာ ကြင်နာတတ်သူဖြစ်ပြီး စိတ်သဘောထားလည်းကောင်းပုံရသည်။ သူမနောက်ကြောင်းသမိုင်း၌လည်း သူတစ်ပါးအငယ်အနှောင်း တိတ်တိတ်ပုန်းမယားဖြစ်ခဲ့ဖူးသည့် ဇာတ်လမ်းမျိုးမရှိခဲ့ချေ။ သေသူနှင့်ဆန့်ကျင်ဘက် သဘောထားချင်း မတူညီသောသူဖြစ်၏။ ကြောင်းကျိုးမဆင်ခြေ၊ ရှေ့နောက်အတိုင်းထွာတတ်ပဲ မနာလိုမဝန်ကြောင်စိတ်ကြောင့် နေရာတကာ ဒေါသရှေ့ထားပြီး ဗိုလ်ကျတတ်သူဖြစ်သည်။ သူ့ချစ်သူမစ္စစ်ဘရစ်အား သူမငှားရမ်းနေထိုင်သည့် ဝင်ဘဲလ်ဒန်တည်းခို အိမ်မှ လူရွှယ်သုံးဦးအနက် တစ်ယောက်မှာအပြစ်မဲ့သူ ဂျက်မာဒီပင်ဖြစ်သည်။

သူသဝန်ကြောင်ပြီး စွပ်စွဲလို့သာ စွပ်စွဲခဲ့သော်လည်း မာဒီမှာ မစ္စစ်ဘရစ်နှင့် စကားဆယ်ခွန်းပြည့်အောင် စကားစမြည်မပြောခဲ့ဘူးချေ။ သူတို့နှစ်ဦးဆက်သွယ်ခဲ့ကြသည်မှာ လှေကားအတက်အဆင်း အခန်းထဲတွင် မေးထူးခေါ်ပြော နှုတ်ဆက်ခဲ့ကြ



သည်မှအပ အခြားမရှိခဲ့။ တရားရေးဝန်ကြီးဟောင်း သဝန်ကြောင်ကြီး သူတို့နှစ်ဦး စကားလက်ဆုံကျနေခဲ့ကြသည်ကို မြင်ကောင်းမြင်ခဲ့သလား မပြောတတ်တော့ပေ။ အားလုံးသောဖြစ်ရပ်တို့ကို ခြုံ၍သူ၏သံသယဒွိဟပွားမှုများ ပြင်းထန်ပေါက်ကွဲလာခဲ့တော့သည်။ တရားရေးဝန်ကြီးဟောင်း၏ သဝန်ကြောင်မနာဝန်တိုစိတ်မှာ ကြီးထွားခဲ့ပြီး လူစိတ်ကင်းမဲ့လာခဲ့လေသည်။ ၁၉၄၆ ခုနှစ်၊ နိုဝင်ဘာလကုန်ခါနီးတွင် သူ၏သံသစိတ်၊ သဝန်ကြောင်စိတ်တွေ အဆိပ်တက်လာခဲ့ပါသည်။

သို့နှင့်သူ့အကြံလက်တွေ့အကောင်အထည်ဖော်ရန် လူတွင်ကျယ် စမစ်နှင့်ဆက်သွယ်ခဲ့သည်။ ထိုသူမှာ သူ၏ဗျူးဖို့ဂါးဒင်းစ်အိမ်ကြီးကို တစ်ထပ်တိုက်ကလေးအဖြစ် ပြုပြင်ပြောင်းဆောက်လုပ်ရာ၌ အကူအညီပေးခဲ့သူဖြစ်သည်။ ဂျွန်ဝီလျံဘတ်ကင်ဟမ်မှာ သို့ကိုယ်သူနှုတ်လုံသူအဖြစ် သူနှင့်လာရောက် မိတ်ဆက်ခဲ့သူဖြစ်သည်။ သူတို့နှစ်ဦးနှင့်အရေးပေါ်ကိစ္စကို တိုင်ပင်ဆွေးနွေးခဲ့သည်။ သူကသူ့အသိအမျိုးသမီးကြီး တစ်ယောက်အားငွေညှစ်လူကိုပြန်ပေးဆွဲလိုကြောင်း၊ ထိုလူအား ကြိုးဖြင့်တုတ်နှောင်ပြီး ဝန်ခံချက်ကို အတင်းအကြပ်လက်မှတ် ရေးထိုးခိုင်းရန် မိမိထံပြန်ပေးဆွဲခေါ်လာဖို့ စမစ်နှင့် ဘတ်ကင်ဟန် တို့ကိုခိုင်းလေသည်။ သူတို့နှစ်ဦးကလည်း ဖြူသည်၊မည်းသည် တစ်ခွန်းတစ်ပါဒမျှ မမေးခဲ့ကြ။ သူတို့နှစ်ဦးအား ကျေနပ်လောက်အောင် တစ်ယောက်လျှင် တစ်နှစ်စာ လစာငွေထက်မက ရက်ရက်ရောရော ပေးကမ်းခဲ့သည်။

သူတို့နှစ်ယောက်သားကောင်မာဒီအား အေးအေးဆေးဆေးဖြင့် အိမ်အပါခေါ်နိုင်ဖို့ နည်းလမ်းရှာဖွေခဲ့ကြသည်။ ဘတ်ကင်ဟာမ်က မိန်းမတစ်ယောက်နှင့်မှုားခေါ်ရန် အကြံရလာသည်။ သူ့အကြံမှာ အမျိုးသမီးတစ်ဦးအား ငှားရမ်းပြီး တစ်နေ့ မာဒီရောင်းချနေရာ အရက်ဆိုင်သို့သွားစေခဲ့သည်။ ထို့နောက် သူနှင့်အဖွဲ့ကျအောင်ပေါင်းပြီး အပြန်ကျသူမအိမ်၌ ပါတီပွဲရှိ၍ လာရောက်အကူအညီပေးပါရန် ဖိတ်ကြားခိုင်းခဲ့သည်။ သူမဆိုသွားသောအခါ ကားမောင်းပို့ရမည့် ဒရိုင်ဘာမှာ ဘတ်တင်ဟာမ်၏သားဖြစ်သည်။ သို့နှင့် ဇာတ်တိုက်ထားသည့် အစီအစဉ်အတိုင်း ငှားရမ်းထားသော လီလီယန်ဘရုစ်ဆိုသူမိန်းမရွှင်က မာဒီအား ဗျူးဖို့စ်ဂါးဒင်းစ်ရှိ 'လေး'၏ စံအိမ်တော်ကြီးသို့ ခေါ်လာခဲ့၏။ စမစ်နှင့်ဖခင်ဖြစ်သူ ဘတ်ကင်ဟာမ်တို့က ဒုတိယကားဖြင့် ရှေ့ကျော်တက်ခဲ့ပြီး လေးအိမ်သို့ကြိုရောက်နေနှင့်ခဲ့ကြသည်။ သူတို့နှစ်ဦးက ပါတီပွဲညည့်ခံကြိုဆိုရေးကော်မတီအဖွဲ့ဝင်များ အဖြစ် ပြင်ဆင် နေခဲ့ကြသည်။ 'လေး'ကိုယ်တိုင်လည်း လည်တစ်ဆန့်ဆန့်ဖြင့် သူတို့နှစ်ဦးနှင့်အတူ သားကောင်ကို စောင့်မျှော်နေခဲ့သည်။

နိုဝင်ဘာလ (၂၈)ရက်နေ့ညနေ၌ စီစဉ်ခဲ့သည့်အတိုင်း အစစအရာရာ အဆင်ပြေခဲ့သည်။ စမစ်နှင့်ဘာကင်ဟာမ်ဗျူးဖို့ဂါဒင်းစ်အိမ်ကြီးအိမ်ရှေ့တံခါးမှ ပထမဆုံးဝင်ခဲ့ကြသည်။ မာဒီအား အသင့်စောင့်ကြိုပြီး အိမ်နောက်ဖေးတံခါးပေါက်မှ ဝင်ခဲ့လေစေသည်။ မစ္စဘရုစ်နှင့်ကားမောင်းသမားတို့နှစ်ယောက် အရက်



ရောင်းသမားလေး မာဒီအား သူထိုက်နှင့်သူ့ကံ ထားရစ်ခဲ့ကြပြီး ချက်ချင်းခြေရာပျောက် လစ်သွားခဲ့ကြသည်။

အခင်းဖြစ်မြေဖြူကျင်းကြီးထဲ တိတ်တဆိတ်လူသတ်ပြီး ပစ်ထားခဲ့သော အမှုကြီးပေါ်ပေါက်ခဲ့ပြီးကတည်းကဆိုလျှင် ယခုလို ဖြစ်ရပ်ရေးသားတင်ပြသည့် ၁၉၇၉ ခုနှစ်အထိပေါင်း (၄၀)နီးပါး ရှိလေပြီ။ ယင်းအခင်းဖြစ်လူသတ်မှုကြီး ယနေ့ထက်တိုင် ဗျူးဖို့ ဂါးဒင်းစ်အိမ်ကြီး၌ ထိုစဉ်အခင်းဖြစ်လူသတ်မှုကြီး ဖြစ်ပွားစဉ် ဘာတွေဘယ်လိုဖြစ်ပျက်ခဲ့သည်ဆိုသည်ကို ဂဃနဏ မသိကြရသေးချေ။ အခင်းဖြစ်လူပြန်ပေး လူသတ်မှုတွင် ပါဝင်ခဲ့သော ကြံရာပါတရားခံ ဘတ်ကင်ဟာမ်၏ ထွက်ဆိုချက်အရ သူ့တာဝန် အခန်းကဏ္ဍမှာ မာဒီအား ကြိုးဖြင့်တုတ်နှောင်ပေးရုံသာဖြစ်ပြီး သူပြန်ခဲ့ပါသည်ဟု ဆိုပါသည်။ ထိုအလုပ်လုပ်ပေးသည့်အတွက် အခကြေးငွေလုပ်ခအဖြစ် 'လေး'ကတစ်ပေါင်တန်ငွေစက္ကူပေါင် (၂၀၀)ဖေးခဲ့ကြောင်း ထွက်ဆိုခဲ့သည်။ ကြံရာပါစမစ်မှာ ဘတ်ကင်ဟာမ်ထက် (၁၀)မိနစ်ခန့်ပိုကြာကြာ တရားခံ 'လေး'နှင့်အတူ ရှိနေခဲ့သော်လည်း သူတို့နှစ်ယောက်အား လန်ဒန်မြို့ ဗဟိုရာ ဘက်တရားသူကြီး ရုံး၌ လူသတ်မှုဖြင့် တရားစွဲဆိုကြားနာစစ်ဆေးခဲ့သည်။

နှစ်ဦးစလုံးက လူသတ်မှုဖြင့် သူတို့အား စွဲဆိုသည်ကို မိမိတို့၌ အပြစ်မရှိကြောင်း၊ မိမိတို့မသတ်ခဲ့ကြောင်း ငြင်းခုံချေလျှောက်လဲခဲ့ကြသည်။ စမစ်၏ထွက်ချက်မှာ အကြမ်းဖြင့်အားဖြင့်တူညီနေသည်။ သူကလည်း ဘတ်ကင်ဟာမ်နည်းတူ မာ

အားကြိုးချည်နှောင်ပေးခဲ့ရသူဖြစ်သည်ဟု ဆိုပါသည်။ သို့သော် သူအလုံးစုံကောင်းစွာသိရှိပြီးဖြစ်သည်။ ဘတ်ကင်ဟမ်ထက် နောက်ချန်၍ (၁၀)မိနစ်နေခဲ့သည့်အကြောင်းကို ကျေနပ်လောက်အောင် အဖြေမထွက်ပေးနိုင်ခဲ့ချေ။ ထို့ပြင် မာဒီမှာ ထိုအိမ်ကြီးမှ အသက်ရှင်လျက်ပြန်သွားခဲ့ခြင်းမဟုတ်မှန်း သူကောင်းကောင်း သိရှိပြီးဖြစ်သည်ဟူသော အထောက်အထားများ အများအပြား ရှိနေပေသည်။

အသတ်ခံရသူမာဒီ၏ ပါးစပ်ကို အသံမပြုနိုင်အောင် ပြင်သစ်ပါလစ်အရောင်တင်သမား၏ အဝတ်ဟောင်းစမှ ဆုတ်ဖြဲယူခဲ့သော အဝတ်စုတ်ဖြင့် ပိတ်ဆို့ခဲ့ကြသည်။ သူ့အား ကြိုးဖြင့် တုတ်နှောင်စဉ် အဆိုပါအဝတ်စုတ်ကို သူ့ဦးခေါင်းပေါ် ပစ်တင်ခဲ့ခြင်းဖြစ်သည်။ ထိုအချိန်က မာဒီက ''ဟော့ကောင်တွေ ငါ့ကို အသက်ရှူမွန်းကြပ်အောင် လုပ်နေကြတာလားကွ''ဟူ၍ အော်ဟစ်ခဲ့ရာ စမစ်သို့မဟုတ် ဘတ်ကင်ဟမ်ကသူ့အား ပြန်ဟောက်ခဲ့သည်။ ''အေး–ဟုတ်တယ်၊ မင်းရဲ့နောက်ဆုံးဝင်သက်ကလေး ရှူသွားရအောင်လို့ပါကွာ''

ဤအချက်နှင့်ပတ်သက်၍ တရားလိုရှေ့နေကြီးက စမစ်အားမေးခွန်းထုတ်ခဲ့သည်။

မာဒီက ''မင်းငါ့ကို အသက်ရှူပိတ်သတ်နေတာလား'' လို့မေးခဲ့တယ်ဆို''

''ဟုတ်ပါတယ်၊ မေးခဲ့ပါတယ်''

''ဒါနဲ့မင်းက– ''အေးဟုတ်တယ်၊ မင်းရဲ့နောက်ဆုံးဝင်



သက်ကလေးရှူသွားရအောင်လို့'' လို့သူ့ကို ပြောခဲ့တယ်မို့လား''

''အဲဒါကတော့ တမင်သက်သက်အပျော်အပြက်နောက်ပြောင်ကျီစယ်ခဲ့တာပါ''

'မင်းရဲ့နောက်ပြောင်သရော်မှုဟာ ဘယ်လောက်ကြောက်စရာကောင်းသလဲဆိုတာကိုရော မင်းတွေးမိရဲလား''

''ဟုတ်ကဲ–ကောင်းကောင်းသဘောပေါက်ပါတယ်''

''ဒါဆို–မင်းခုလို ရွတ်နောက်နောက်ပြောခဲ့တဲ့ စကားဟာ တရားလွှန်ရယ်စရာဟာသမြောက် နေတယ်လို့ မင်းထင်ခဲ့တယ်ပေါ့– ဟုတ်လား''

''မဟုတ်ပါဘူးခင်ဗျာ၊ တရားလွန်ဟာသမမြောက်ပါဘူး ဒီလိုမျိုးမရည်ရွယ်ခဲ့ပါဘူး''

''သူ့ကို ခြောက်ရုံလန့်ရုံသက်သက်ပါ''

သူထွက်ချက်တို့ကပင် မာဒီပျောက်ခြင်းမလှ ပျောက်မသွားခင် အခင်းဖြစ်လူသတ်မှုအလောင်း ဖျောက်ဖျက်ရာ မြေဖြူကျင်းကြီးကို သွားရောက်ကြိုတင်ကြည့်ရှုလေ့လာရန် ကားငှားရမ်းခဲ့ကြောင်း ထင်ရှားပေါ်လွင်နေသည်။ စမစ်အား ရုံးမထွက်နိုင်အောင် ညိနေသောအချက်ပင်ဖြစ်ပါသည်။ အကယ်၍ ထိုစဉ်က သူသည် သင့်လျော်သော သင်္ချိုင်းတစ်ခုထောက်လှမ်းရှာဖွေခဲ့သည်ဟုဆိုပါလျှင် ထိုသင်္ချိုင်းကို မြှုပ်နှံမည့်သူမှာ အသက်ရှင်လျက်ရှိနေသည့် ဓားစာခံသားကောင် မဖြစ်နိုင်ပေ။

မာဒီသေဆုံးရခြင်းနှင့်ပတ်သက်၍ မည်သို့မည်ပုံ သေဆုံးခဲ့ရကြောင်း အတိအကျအမှန်အကန် ဖော်ပြရန်မှာ ယင်း

အခင်းဖြစ်လူသတ်မှုကို စုံစမ်းစစ်ဆေးခဲ့ကြသူ သက်ဆိုင်ရာ ရဲအဖွဲ့ဝင်ပါရဂူတို့ အယူအဆကွဲပြားနေကြသည်ကို တွေ့ရှိရ၏။ ပါရဂူတစ်ဦး၏ အယူအဆအမြင်မှာ အသတ်ခံရသူမှာမာဒီမှာ မသေမခြင်း ရိုက်နှက်အသတ်ခံခဲ့ရသည်ဟု ကောက်ချက်ချခဲ့သည်။ တစ်ဦးက လူသေအလောင်းပေါ်၌ ထင်ကျန်နေသော ဒဏ်ရာဒဏ်ချက်တို့မှာ သူ့အားကြိုးဆွဲချသတ်ခဲ့သည်။ လည်ပင်းမှကြိုးကွင်းတန်းလန်းကြိုးဖြင့် ပွတ်မိခြစ်မိရာမှ ရရှိခဲ့သော ဒဏ်ရာဒဏ်ချက်များသာဖြစ်ကြောင်း ယူဆခဲ့သည်။ ဤရှုထောင့်အမြင်သုံးသပ်မှုတို့မှာ သူတို့ကိုယ်တိုင်ပင် မရေရာမသေချာသည့် အချက်အလက်များဖြစ်နေကြသည်။ သို့သော် ထူးခြားသော လူသတ်သေတစ်ဦးပေါ်ခဲ့သည်။ ထိုသူ၏အမည်မှာ ရောဘတ်ကရစ်ရှန်း ဆိုသူဖြစ်၏။

တရားခံ'လေး'၏ ရှေ့နေက ထိုသူအား တရားခွင်သို့ ခေါ်ယူတင်ပြခဲ့သည်။ နေရာ၏မျက်မြင်သက်သေရောဘတ်က ရုံးတော်တွင်အခင်းဖြစ်ပုံကို သူ့မျက်စေ့ဖြင့် တပ်အပ်မြင်ခဲ့သည့်ဆိုသောအကြောင်းကို စိတ်ဝင်စားဖွယ်ကောင်းလောက်အောင် ဝေဝေဆာဆာ စီကာပတ်ကုံး မည်သို့ထွက်ပြထွက်ဆိုခဲ့သည်။ ထိုအချင်းဖြစ် ညက သူသည် 'လေး'၏နေအိမ်ထဲသို့ ဖောက်ထွင်းခိုးယူရန် အားထုတ်ခဲ့သည်။ ထိုစဉ်အခန်းထဲ၌ သူမြင်လိုက်ရသော မြင်ကွင်းမှာ လူတစ်ယောက်အား ကုလားထိုင်တွင် ကြိုးဖြင့်တုတ်နှောင်ထားပြီး ထိုသူကလည်း ကြောက်ကြောက်လန့်လန့်နှင့် အနှောင်အဖွဲ့မှ လွတ်မြောက်ရန် ရုန်းကန်ထွက်နေခဲ့သည်ဟု



ဆိုပါသည်။ ဤနေရာ၌ ရောဘတ်ခရစ်ရှန်းကမင် မာဒီအား မတော်တဆ ဖြစ်မိခဲ့ခြင်းလော။ ခရစ်ရှန်းဆိုသူကို ဖောက်ထွင်းဝိဇ္ဇာ မှာ ရဲမှတ်တမ်းတွင် မှတ်တမ်းဝင်လူဆိုးတစ်ယောက် ဖြစ်သည်။ သူ၏ သက်သေခံထွက်ဆိုချက်ကို အများကလက်ခံ၊ အယုံအကြည် မရှိခဲ့ကြပေ။ လူသတ်တရားခံလေးထံမှ ဆုလာဘ်ကို မျှော်ကိုးပြီး သူ့ပြစ်မှုကို ဖုံးကွယ်နေခြင်းပေလော။ အခင်းဖြစ်ညက 'လေး'အိမ်ထဲသို့ သူဖောက်ထွင်းခိုးဝင်ရောက်ရှိနေခဲ့သည် ဆိုခြင်းမှာ သံသယဖွယ်ဟု မယုံကြည်နိုင်စရာ ဆင်ခြေသာဖြစ်ပေသည်။

တရားခံ'လေး'က အခင်းဖြစ် ကြံစည်မှုကြီးနှင့်ပတ်သက်၍ သူဘာမျှမသိကြောင်း၊ ဘူးခံငြင်းကွယ်ထွက်ဆိုခဲ့သည်။ အသတ်ခံရသူ မာဒီအား သူ့အိမ်သို့ ခေါ်လာခဲ့သည်ဆိုခြင်းကိုသော်လည်းကောင်း၊ သူ့အား ကြိုးဖြင့်ချည်နှောင်ပြီး ပါးစပ်အဝတ်စုတ်ဖြင့် ဆို့ထားသည်ဆိုခြင်းကိုလည်းကောင်း၊ 'လေး'က သံသယဖြစ်ပုံမရခဲ့ချေ။ သူသည်လွယ်လွယ်ဖြင့် ထိုကိစ္စကို မရိုးမသားပုတ်ထုတ်ခြင်း ဖြစ်သော်လည်း အခင်းဖြစ်လူသတ်မှု ဖြစ်ပွားခဲ့သည့် ညက မိမိ မည်သည့်နေ၌ မည်သူနှင့်အတူ ရှိနေကြောင်း ခိုင်လုံသော အလီဘိုင် သက်သေအထောက်အထား ကျေနပ်လောက်အောင်မပြနိုင်ခဲ့ပေ။ သူ့အဖြေမှာ အကြောက်အကန် ကွေ့ပတ်ရှောင်တိမ်းနေသော်လည်း သူနှင့်အခင်းဖြစ် ရာဇဝတ်မှု ကိုယ်ရေးကိုယ်တာအားဖြင့် ဆက်စပ်နေသော တိုက်ရိုက်အထောက်အထား အားပျော့နေသောအချက်ပေါ်၌သာ

ဝအမှီသဟဲပြုပြီး ထုချေနေခြင်းဖြစ်ကြောင်း သဘောပေါက်နိုင်ပါသည်။ နောက်ဆုံး ကောက်ချက်ချခဲ့သည်မှာ တရားရေးဝန်ကြီးဟောင်း သောမတ်စ်ဂျွန်လေးမှာ အခင်းဖြစ်မာဒီအားကြံစည်သတ်ဖြတ်မှုတွင် အဓေးမှနေ၍ ညွှန်ကြားအမိန့်ပေးခဲ့ခြင်းသာဖြစ်ကြောင်း သိရှိရသည်။ ယင်းသို့ဆိုလျှင် ဂျူရီလူကြီးတို့အနေဖြင့် နယူးဇီလန်နိုင်ငံတရားရေးဝန်ကြီးတစ်ယောက်(လေး)၏စကားကို ယုံကြည် လက်ခံရမလား (သို့မဟုတ်) လန်ဒန်ကလေကချေ အလုပ်သမားနှစ်ယောက်(စမစ်နှင့်ဘတ်ကင်ဟမ်)စကားလက်ခံမည်လား စဉ်းစားရန်ဖြစ်သည်။

အဓေးမှ ကြံစည်အကွက်ချ ညွှန်ကြားကျူးလွန်ရသည့်ရာဇဝတ်မှုခင်းတို့တွင် အမြဲလိုလိုပြဿနာတစ်ရပ်ရှိနေပါသည်။ ယင်းပြဿနာမှာ မိမိခိုင်းစေသည့် တပည့်လက်သားလူမိုက်တို့အပေါ်နေရာမကျလျှင် အပြတ်ရှင်းရသည်အထိ ပြစ်ဒဏ်ခတ်ရခြင်းနှင့် တော်လျှင်တော်သလိုမိမိလက်အောက်ငယ်သား တပည့်တပန်းတို့အား ထိုက်သင့်ဆုငွေပေးရခြင်းပင်ဖြစ်သည်။ တရားခံများဖြစ်ကြသော စမစ်ရောဘတ်မင်ဟမ်ပါ နှစ်ယောက်စလုံးကအခင်းဖြစ်ညက 'လေး'က သူတို့နှစ်ဦးစလုံးအားလုပ်အားခအဖြစ် တစ်ပေါင်တန်ငွေစက္ကူစတာလင်ပေါင် (၂၀၀) စီပေးခဲ့ကြောင်း တစ်ညီတစ်ညွတ်တည်း ထွက်ဆိုခဲ့ကြသည်။ 'လေး'၏ ဘဏ်ငွေစာရင်း၌ အခင်းမဖြစ်ပွားမီက 'လေး'က စတာလင်ပေါင် (၂၅၀)တစ်ခါနှင့် ပေါင်(၃၀၀)တစ်ခါ နှစ်ခါတိတိ ထုတ်ယူသွားခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါသည်။ ယင်းဘဏ်မှ



ထုတ်ယူသွားခဲ့သော ငွေများမှာ တစ်ပေါင်တန် ငွေသားသက်သက်ချည်းဖြစ်သည်။ 'လေး'က ထိုငွေများဘဏ်မှ ထုတ်ယူခဲ့ခြင်းမှာ ပရိဘောဂပစ္စည်းဝယ်ရန်ဖြစ်ကြောင်း ထုချေခဲ့သည်။ ဤသို့ဆိုလျှင် ဘာကြောင့်အလွယ်တကူ ချက်လက်မှတ်ဖြင့်မဝယ်ခဲ့ပါသနည်း။ သူကမိမိ၏ ဖောက်သည် ပရိဘောဂပစ္စည်းရောင်းချသူက ငွေသားဖြင့်ဝယ်စေလို၍ ငွေသား ဖြင့်ဝယ်ခဲ့ခြင်းဖြစ်ကြောင်း ဆင်ခြေလဲခဲ့ပြန်သည်။ သို့သော် ဆိုင်ရှင်ထံမှ ငွေချေပြီးကြောင်း ပြေစာကို မပြနိုင်ခဲ့ချေ။ လေးက အရောင်းအဝယ်လုပ်ခဲ့သည့် သက်သေအထောက်အထား ဘာပြေစာကိုမျှလည်း မပြနိုင်ကြောင်း ရုံးတော်၌ဝန်ခံခဲ့သည်။

အခင်းဖြစ်လူသတ်မှုကို သက်ဆိုင်ရာ ရာဘက်တရားသူကြီးရုံးတော်၌(၄)ရက်တိုင် ကြားနာစစ်ဆေးခဲ့သည်။ သို့ရာတွင် အခင်းဖြစ်လူသတ်မှုကို စီရင်ချက်ချမှတ်ရန် တစ်နာရီနီးပါးမျှ ခေါင်းချင်းရိုက် စဉ်းစားခဲ့ကြသည်။ ထို့နောက် တရားခွင်သို့ ပြန်ဝင်ခဲ့ကြပြီး သူတို့အားလုံးက အခင်းဖြစ်လူသတ်မှု၌ စမစ်ရော 'လေး'ပါ အပြစ်ရှိကြောင်းတညီတညွတ်တည်း ကြေငြာခဲ့ကြသည်။ လေးက သူ့အပေါ်ချမှတ်သည့် တရားသူကြီးမင်း၏ ပြစ်ဒဏ်စီရင်ချက်မှာ တိမ်းစောင်းမှုရှိ၍ မကျေနပ်ကြောင်း ခုခံထုချေခဲ့လေသည်။ သို့ရာတွင် နောက်မှ တင်သွင်းခဲ့သော သူ၏ အယူခံမှာလည်း ပယ်ချခြင်းခံခဲ့ရလေသည်။ တရားခံနှစ်ဦးစလုံးအား ကြိုးပေးသတ်ရန် အပြီးသတ် စီရင်ချက်ချမှတ်ခဲ့သည်။

အခင်းဖြစ် မာဒီအား လုပ်ကြံသတ်ဖြတ်ခဲ့မှု တစ်ခုလုံးမှာ

ကြိုးစင်သို့ စတင် ဦးတည်နေခဲ့သည်။ သို့သော် ယင်းအခင်းဖြစ်အမှုမှာ အပြီးသတ်စီရင်ချက်ဖြင့် အပြီးမသတ်ခဲ့သေးချေ။ အခင်းဖြစ် အမှုကြားနာစစ်ဆေးနေစဉ် တရားခွင်၌ တရားခံဖြစ်သူ သောမတ်ဂျွန်လေး၏ ထွက်ဆိုချက်တို့တွင် သူ၏ မနောလိုဝန်တို စိတ်တို့၌ အရှုးအမူးစွဲလန်းမှုရှိနေကြောင်း တွေ့ရှိရသည်။ ပြစ်ဒဏ်စီရင်ရန် စောင့်နေစဉ် တရားရေးဝန်ကြီးဟောင်း 'လေး' အား ဆေးစစ်ဆေးရေး ဘုတ်အဖွဲ့တစ်ခုမှ စစ်ဆေးခဲ့ကြသည်။ စစ်ဘက်ဆိုင်ရာ စစ်ဆေးချက်အရ တရားခံ'လေး'၌ စိတ်မနှံ့သော သူရူးရောဂါရှိကြောင်း တွေ့ရှိခဲ့ကြသည်။ သို့ဖြင့် သူသည် သဝန်ကြောင်ရုံမျှမက ယုံမှားလွန်း စိတ်ရောဂါ တွေ့ရှိရကြောင်း ဆေးဘက်ဆိုင်ရာ အစီရင်ခံစာက ဖော်ပြထားလေသည်။ သူ့အားကြိုးစင်တင်ရန် (၃)ရက်အလိုမှ၌ မူလချမှတ်ထားသည့် သေဒဏ်ကို ပယ်ဖျက်ပြီး ဘရုတ်မိုးထောင်ကြီး၌ ထောင်တစ်သက်လွတ်ရက်မရှိ ပြောင်းလဲ ချမှတ်ခဲ့သည်။

ဤသို့ဆိုလျှင် မူလစီရင်ချက်တွင် 'လေး'မှာ စိတ်ရောဂါရှင်ဖြစ်၍ သေဒဏ်မှလွတ်ငြိမ်းချမ်းသာခွင့်ရရှိသွားပြီး ကြံဖော်ကြံဖက်နှစ်ဦးသား အနက်မှ စမစ်တစ်ဦးသာ ကျူးလွန်ခဲ့ကြသမျှ ရာဇဝတ်ပြစ်မှု ပြစ်ဒဏ်ကို ခါးစည်းခံရမလိုဖြစ်နေသည်။ သို့သော် ကြောက်ခမန်း လန့်ခမန်း အငြင်းပွားနေခဲ့ကြသော စီရင်ချက်တွင် သူ့အားလည်း မူလစီရင်ချက်ကို ပယ်ဖျက်ပြီး ထောင်ဒဏ် တစ်သက်ကျခံစေခဲ့သည်။ စမစ်မှာ စိတ်ရောဂါဝေဒနာရှိမရှိ ဆိုသော ပြဿနာ မရှိပေ။ သူသည်



ငွေရ၍ လူသတ်ခဲ့ခြင်းဖြစ်သည်။ ဗြိတိန်နိုင်ငံ ပြည်ထဲရေးဌာနမှ ဘစ်ချက်လွှတ် အမိန့်မှာ လူသားဆန်သော တရားမျှတမှု လုပ်ဆောင်ချက်ဖြစ်ကြောင်း ရှင်းလင်းဖော်ပြထားသည်။ ဤအခင်းဖြစ်အမှုတွင် 'လေး'မှာ လူသတ်မှုနောက်ကွယ်မှ စေ့ဆော်သူ(ဝါ)တွန်းအား ပေးနေသည့် အင်အားဖြစ်ပြီး စမစ်မှာ သူ၏ကိရိယာတန်ဆာပလာ (အသုံးတော်ခံ)သာ ဖြစ်ကြောင်း ရှင်းနေသည်။ မာစတာမိုင်း ခေါ် ဥာဏ်ကြီးရှင်(လေး)တော့ သေဒဏ်မှလွတ်စေ၊ သူ့လက်ဝေခံ လက်ထောက်ကျကြိုးဒဏ်ခံစဆိုခဲ့ပါလျှင် ဤစီရင်ချက်လောက် အဓိပ္ပါယ်အနှစ်သာရ ကင်းမဲ့သောစီရင်ချက် မရှိနိုင်တော့ပေ။ လွတ်ငြိမ်းချမ်းသာခွင့် အရည်အချင်းဆိုသည်မှာ (ယုတ္တိယုတ္တာမရှိသော လုပ်ဆောင်ချက်ပင်ဖြစ်လင့်ကစား) အကြပ်အတည်းမှ ထွက်ပေါက်ပေးခြင်းသာ ဖြစ်ပါသည်။

တရားခံလောရင့်စမစ်အား မူလသေဒဏ်အမိန့်ကို လျှော့ပေါ့ပြီး ထောင်တစ်သက်ကျခံစေရန် ပြောင်းလဲချမှတ်ခဲ့သည်။ ထို့ပြင် 'လေး'မှာ ထောင်ဒဏ်တစ်သက်တစ်ကျွန်းဟူသော ဘဝအမှောင်ကျနေရသည့် ဒုက္ခဆိုးကြီးကို ကြာရှည်မခံလိုက်ရပေ။ ပြည်ထဲရေးဌာန အတွင်းဝန်၏ အမိန့်ညွှန်ပေးကို ကံကြမ္မာက ဖြိုခွင်းလိုက်လေသည်။ မှန်ပါသည်။ တစ်ကျွန်းစံ တရားရေးဝန်ကြီးဟောင်း သောမတ်ဂျွန်လေးမှာ ၁၉၄၇-ခုနှစ် ဇူလိုင်လ(၂၄)ရက် နေ့တွင် ဘရုတ်အိုးထောင်ကြီး၌ ဦးနှောက်သွေးယိုသောရောဂါဖြင့် လောကကြီးကို မျက်ကွယ်ပြုသွားခဲ့

လေသည်။

ပုံစာ။ (၁) လက်ဝဲပုံ–နယူးဇီလန်နိုင်ငံ တရားရေးဝန်ကြီး ဟောင်းသွေးမတ်ဂျွန်လေး နေထိုင်ရာ အမှတ်(၅) ဗျူးဖို့ဂါးဒင်းစ် စံအိမ်တော်

(၂) အောက်ပုံ–'လေး' ချစ်သော မစ္စစ်မဂ္ဂီဘရစ်၊ ကင်မရာစက်ကွင်းကိုလက်ဖြင့် ရှောင်ရှားပုန်းကွယ် နေသူ။

(၃) မာဒီအား သူ့သေမင်းထံမည်သို့ လှည့်ဖြားခေါ်ယူခဲ့ သည်ဆိုသော ပြန်လည်ပြုပြင် တည်ဆောက်ထား သည့် ပုံတစ်ပုံ။

(၄) ဆွမ်းခံရင်း ငှက်သင့်ကာ အချောင်အသတ်ခံခဲ့ရ သည့် ဂျွန်မက္ကမိန်းမာဒီ။



## (၁၄) "မုဆိုးတစ်ပိုင်း၊ မိန်းမရှိုင်း"

တစ်ခါက နိုင်ငံကျော်ဖြစ်ရပ်မှန် မှုခင်းဝတ္ထုရေးဆရာ စာရေးဆရာ ဂျော့အိုဝဲလ်က သူ၏ဝတ္ထုကို ဤသို့စတင် နိဒါန်း ဆင်ဖွင့်ခဲ့သည်။ အချိန်မှာ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားခင်၊ အင်္ဂလန်နိုင်ငံ၏ ငြိမ်းချမ်းသာယာလှသည့် တနင်္ဂနွေနေ့တစ်နေ့ နေ့လည်ခင်းဖြစ်ပါသည်။ ကြက်ကောင်လုံးကင်၊ အငွေ့တစ် ထောင်းထောင်းထနေသည့် ပူပူနွေးနွေးပူတင်းနှင့် မဟော်ဂနီ ရောင်ထနေသော အညိုရောင်ရင့်ရင့် လက်ဘက်ရည် တစ်ခွက် ဖြင့်ဖိမ်ကျနေခဲ့သည်။ အနွေးဓါတ်ပေးသည့် အခန်းတွင်းရှိ မီးလင်း ဖိုကြီးကလည်း ထိန်ထိန်ညီးနေပြီး ဆိုဖာကြီးပေါ်ခြေထောက် နှစ်ဘက်စလုံးတင်ပြီး တနင်္ဂနွေနေ့ထုတ် သတင်းစာများ ဖတ်ရှု နေသည်ဆိုပါစို့။ ခုလိုမျိုး ပီတိဖြစ်စရာ၊ ကျေနပ်စရာအခြေအနေ မျိုးမှာ သင်ရောက်ရှိခံစားနေတဲ့အခါ ခင်ဗျားဘယ်လိုသတင်းမျိုး ဖတ်ချင်ပါသလဲ၊ လူ့သဘောသဘာဝအရ ပြောကြရရင် လူ သတ်မှုနဲ့ ပတ်သက်တဲ့သတင်းပဲ မဟုတ်ပါလား။

ပို၍နှစ်သက်ဖွယ်ကောင်းအောင် ဂန္ထဝင်ဝတ္ထုသည် လျှို့ဝှက်နက်နဲပြီး ကြီးမားသော ဂုဏ်ပကာသန ကျောထောက် နောက်ခံအသိုင်းအဝိုင်းကို ပွင့်ပွင့်လင်းလင်း ဆန့်ကျင်သည့် ဝတ္ထု မျိုးဖြစ်သင့်ပေသည်။ စာရေးဆရာအော်ဝဲလ်က သူ၏အင်္ဂလိပ် လူမျိုးတို့ လူသတ်မှုဇာတ်လမ်းများ စိတ်ဝင်စားမှုလျော့ပါးလာခြင်း၊ စာအုပ်တွင် ဂန္ထဝင်မြောက်လူသတ်မှုအနည်းငယ်ခန့်ကို ကိုးကားဖော်ပြထား

လေသည်။ ဥပမာအားဖြင့် ဒေါက်တာပေါ်လ်မား၏ အမှုဆိုလျှင် လူပေါင်း(၁၄)ယောက်အား လျှို့ဝှက်စွာ အဆိပ်ခတ်သတ်ခဲ့သည်။ သူ၏ဝိတိုရိယ ဘုရင်မကြီးခေတ် သမားတော်ဆရာဝန်အကြောင်း တင်ပြထားသည်ကို တွေ့ရှိရသည်။ တစ်ခါက ရိပင်အမှုနှင့် သွန်မဆင် နှင့်ဆိုင်ဝါဟားစ်တို့တွင် လည်းကောင်း ထိုသဘောမျိုး တွေ့ရှိရသည်။

အင်္ဂလန်နိုင်ငံ၊ အက်ဆက်ပြည်နယ်၊ အီလီဖို့မြို့ဆင်ခြေဖုံး ရပ်ကွက်တွင် ဓာတ်လမ်းဓာတ်ကွက်၊ ဓာတ်အိမ်တည်ဆောက် ထားခြင်းကလည်း ဓာတ်လမ်းကို ပိုမိုအားမာန်ပြည့်ဝစေခဲ့သည်။ ချစ်ခြင်း၊ မုန်းခြင်း၊ ဒေါသဖြစ်ခြင်း စသည့် တဏှာရမ္မက်တို့သည် ကြိတ်ကြိတ်ဖြင့် အပေါ်ရုံဂုဏ်ပကာသန ဟန်ဆောင်မှုအောက် တွင် ငုပ်လျှိုးနေသည်။ ထို့ပြင် အက်ဒမ်ဘွန်မဆင်၏ အမင်္ဂလာ မေတ္တာစာများမှာလည်း အလွယ်ကူဆုံးရာဇဝတ်မှုတစ်ခု ကျူးလွန် ဖို့ ကြိုတင်၍ သွေးအေးအေးဖြင့် လျှို့ဝှက်စွာအကွက်ချ ပြင်ဆင်ပြီး သားဖြစ်နေကြောင်းဖော်ပြနေပုံရသည်။

သို့သော် ယင်းသို့ဖြစ်မလာခဲ့ချေ။ သေချာအကွက်ရိုက် ၍ ကြိုတင်ကြံစည်ထားမှုမရှိချေ။ သူမအပေါ်ရာဇဝတ်ရုံးတော်မှ သေဒဏ်အပြစ်ချမှတ်သောအခါ အက်ဒစ်သွန်မဆင်၏ ကြောက် စရာ ကောင်းလှသည့် အော်ဟစ်သံကြီးမှာ ယနေ့တိုင် ကျော်ချမ်း စရာ ဖြစ်နေပေတော့သည်။ "ကျွန်မမှာ အပြစ်မရှိဘူး – အို ဘုရားသခင် ကယ်တော်မူပါ၊ ဘုရားတပည့်တော်မမှာ အပြစ် မရှိပါဘုရား"



ပါစီနှင့် အီဒစ်သွန်မဆင်တို့သည် အင်္ဂလန်နိုင်ငံ၊ အက်ဆက်ပြည်နယ်၊ အီလီဖို့မြို့၌ များစွာ မဖြောင့်ဖြူးသောဘဝဖြင့် နေထိုင်ခဲ့ကြသည်။ ပါစီမှာ သင်္ဘောစာရေးဖြစ်ပြီး ဇက်ဒစ်က အမျိုးသမီးဆောင်း ဦးထုပ်များအကြီးအကျယ် ထုတ်လုပ်ပြီး လက္ကားရောင်းချ ဖောက်ကားနေသည့် လုပ်ငန်းကြီးတစ်ခုတွင် စာရင်းကိုင်အဖြစ် ဝင်ရောက်လုပ်ကိုင်နေသူဖြစ်သည်။ ၁၉၀၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် သူတို့နှစ်ဦးလက်ထပ်ခဲ့ကြသည်။ သူတို့ လင်မယား နှစ်ယောက်စလုံး ကိုယ့်အလုပ်နှင့်ကိုယ် ကိုယ်စီ အသီးသီးရှိကြပြီး သားသမီးတစ်ယောက်မျှ မထွန်းကားခဲ့ချေ။ ထိုအချိန်အထိ ပတ်ဝန်းကျင်၊ အိမ်နီးချင်းတို့ အမြင်၌ ဤ လင်မယား ရိုးရိုးအေးအေးတွေပဲဟု သိရှိထားခဲ့ကြသည်။

၁၉၂၁ ခုနှစ် နွေလရက် တစ်နေ့ဝယ် သူတို့ဘဝကလေး သို့ ဖရက်ဒရစ်ဆိုင်ဝါးတားစ် ဆိုသူ လူရွယ်တစ်ဦးဝင်ရောက်လာ ခဲ့သည်။ သူသည် အင်္ဂလန်နိုင်ငံ ဟမ်ဂျိုင်းယားပြည်နယ်အတွင်းရှိ တိုင်းနယ်ပြည်နယ် တစ်ခုဖြစ်သော ဝိတ်ကမ်းလွန်ပင်လယ်ကျွန်း သို့ ဟောလီးဒေး အပန်းဖြေ ခရီးထွက်ကြမည့် ဩဂုတ်ဘက်မှ အဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။ ပါစီနှင့်အီဒစ်တို့ ဇနီးမောင်နှံပါ ဩဂုတ်ဘက် ဟောလီးဒေးအပန်းဖြေခရီးစဉ်၌ လိုက်ပါနိုင်ရန် ဘိုင်ဝါးတားစ်က ဆက်သွယ်ပေးခဲ့သည်။ သူနှင့်အီဒစ်တို့ အပြန် အလှန် ခင်မင်ရင်းနှီးသွားခဲ့ကြသည်။ အပန်းဖြေခရီး ဟောလီး ဒေးမှ အပြန်၌ သွန်မဆင်တို့အိမ်တွင် အိမ်ငှားအဖြစ် နေထိုင် ခဲ့သည်။ သို့သော် လင်ဖြစ်သူပါစီမှာ သူ့ဇနီးနှင့် မသက်ာဖြစ်

လာခဲ့ပြီး လင်မယားနှစ်ယောက်ခွန်းကြီးခွန်းငယ် ဆဲဟယ် ဆိုဟယ် ရန်ဖြစ်ခဲ့ကြသည်။ ထိုတွင်ကြာကူလီဘိုင်ဝါးတားစ်က သူတို့အိမ်ထောင်ပြိုကွဲအောင် အီဒစ်ဘက်မှ မီးလောင်လေပင့်ပေးခဲ့သည်။

ထိုစဉ်က သူ့အသက်မှာ(၁၉)နှစ်သာရှိသေးသည်။ မီနှင့်အိုရေကြောင်းသယ်ယူပို့ဆောင်ရေးခရီးစဉ်ပြေးဆွဲနေသော သင်္ဘောတွင် သင်္ဘောစာရေးအဖြစ်ဝင်ရောက်လုပ်ကိုင်နေခဲ့သည်။ သူသည် ကျန်းမာသန်စွမ်းပြီး ပင်ကိုစိတ်နေစိတ်ထား ထိန်းထိန်းသိမ်းသိမ်း နေထိုင်တတ်သူဖြစ်သော်လည်း အိမ်ထောင်သည် အမျိုးသမီးထက် အသက်အားဖြင့်(၈)နှစ်မျှ ငယ်သူဖြစ်၏။ သူမျှားမယားကြောင်တောင်နိုက်သည့် ကြာကူလီဘိုင်ဝါးတားစ်က အီဒစ်အား သူမလင်ကြီးကို ကွာပစ်ရန် သင်ဉာဏ်ပေးခဲ့သည်။ ပါစီက ကွာရှင်းပေးရန်ငြင်းဆိုခဲ့သည်။ သို့နှင့် သူနှင့် အီဒစ်တို့ တရားဝင်ပုဆိုးတန်းတင်အကြင်လင်မယား မနေကြရသေးခင် တိတ်တခိုးလေး ခိုးတွေ့ကြ၊ ချစ်တင်းနှောခဲ့ကြလေသည်။ အများအားဖြင့် သူတို့ချစ်သူနှစ်ဦး တွေ့ကြ၊ ဆုံကြရသည်မှာလည်း "တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ သမုဒ်မင်ဖျော်၊ မေယု စုတ်တံချီကာ" ချစ်တာတွေစာစီမကုံးနိုင်ကြရှာပေ။ ခေတ္တခဏလေးသာ လက်ဘက်ရည်ဆိုင်၊ ပန်းခြံထဲစသဖြင့် တွေ့ခဲ့ကြရခြင်း ဖြစ်သည်။ အကြောင်းမှာ နေ့စဉ်ပြေးဆွဲနေသည့် အက်စ်အက်စ်မိုရေး သင်္ဘောပေါ်၌ လိုက်ပါနေရသော သင်္ဘောလက်မှတ်ရောင်းစာရေးဖြစ်နေသောကြောင့် အင်္ဂလန်ဆိပ်ကမ်း၌ 'ခေတ္တနားစဉ်



ခရီးတစ်ခုနှင့်တစ်ခုအကြားတွင်သာ တွေ့ကြရ၊ ဆုံကြရခြင်းဖြစ်ကြောင်း ဖြစ်၏။ သူတို့ချစ်သူနှစ်ဦး ကြားလေသွေး၍ ဝေးကွာနေကြသည့်အခိုက် အီဒစ်က သူမချစ်သူဘိုင်ဝါးတားစ်ထံ သူမကြုံတွေ့နေရသည့် ကံကြမ္မာကို လွမ်းစာချွေခဲ့ရှာသည်။

ယင်း"ချစ်လွမ်းရိပ်သံသရာမှ ချစ်သူထံပါးလိုက်သည့်စာ"များမှာ တောင်လိုပုံနေခဲ့သည်။ အခင်းဖြစ်လူသတ်မှုကို တရား စွဲဆိုကြားနာစစ်ဆေးခဲ့စဉ်က တရားခွင်၌ တရားလိုရှေ့နေကြီးကသက်သေအထောက်အထားအဖြစ် ပေးစာစောင်ရေပေါင်း(၆၂)စောင်ထက်မနည်းကို တင်သွင်းကာ ခုခံထုချေလျှောက်လဲခဲ့သည်။ ယင်းစာတို့မှာ ထူးခြားသောစာချင်းဆက်သွယ်ခဲ့သည့်ပေးစာများဖြစ်ပြီး အချစ်၊ အမုန်း၊ ဒေါသပြင်းပြမှုများ၊ အတိတ်နိမိတ်ဖတ်သည့် အရိပ်အမြွက်များနှင့်စိတ်ဝင်စားစရာကြောင်းများ ပါဝင်လေသည်။

အီဒစ်ကအများအားဖြင့် သူမချစ်သူဘိုင်ဝါးတားစ်အား- "ချစ်ချစ်ကလေး" ဟုချစ်စနိုးခေါ်ဝေါ်လေ့ရှိသည်။ ယင်းပေးစာများထဲ၌ အဝေးရောက်သူလင်ငယ်လေးအား သူမခင်ပွန်းဖြစ်သူအားအဆိပ်ခတ်၍ သော်လည်းကောင်း၊ ပုလင်းကွဲမှုန့် အမှုန့်တစ်မှုန့်တို့ကို အစာထဲထည့်၍ မည်သို့မည်ပုံ ရှင်းပစ်ခဲ့ကြိုးပမ်းခဲ့ကြောင်း ဖော်ပြရေးသားထားသည်ကို တွေ့ရှိရသည်။ သူမစာထဲတွင် အကြောင်းကိစ္စများစွာကို ရေးသားဖော်ပြထားသည်။ သူမ၏အဆိပ်ခတ်သတ်မည့် အကြံကိုသိရှိပြီး ပါစီမှာသူတို့နှစ်ဦးအပေါ်ပိုပြီးမသင်္ကာဖြစ်ခဲ့သည်။ သူက"ဒီလက်ဘက်ရည်ထဲမှာ တစ်ခုခု

ခတ်ထားတယ်နဲ့တူပါတယ်''ဟုပြောခဲ့ကြောင်းကိုလည်း အိတ်သွန်ဖာမှောက်ပြောပြခဲ့သည်။ အကယ်၍ သူတို့အိမ်၌ လျှပ်စစ်မီးရှိခဲ့လျှင်လည်း ခါတ်လိုက်သေအောင် ကြံရအကောင်းသားဟူ၍လည်းကောင်း၊ သူမကအခွင့်သာလျှင်သာသလို ဖန်ကွဲပုလင်းများခတ်ထားသော ရေကိုတိုက်ဦးမည်ဖြစ်ကြောင်းကိုလည်း ရေးသားထားလေသည်။

သူမစာတွေထဲ၌ အီဒစ်က သူမချစ်သူထံအဆိပ်ခတ်သတ်၍ အသုံးသည့် သတင်းပါသောသတင်းစာညှပ်စာတို့ကိုပူးတွဲပေးပို့ခဲ့သည်။ သူမကလင်ဖြစ်သူ ပါစီအား ယင်းတို့ တိတ်တဆိတ်လုပ်ကြံသတ်ဖြတ်ခဲ့လျှင် မိမိတို့နှစ်ဦး(ဘိုင်ဝါးတားစ်နှင့်)ပေါင်းသင်းကြဖို့ ကိစ္စတွင် မည်သို့မျှအဟန့်အတား အန္တရာယ်မဖြစ်နိုင်ဟုထင်ထားခဲ့သည်။ သူမက ''အဲဒီအမြတ်ရတဲ့ကိစ္စဟာတို့နှစ်ယောက်ထာဝစဉ်အတူနေကြဖို့ပဲ မဟုတ်လား၊ ဒါမှ ကိုယ်တို့နှစ်ဦးအကြားမှာ ဘာမျှခြားနားစရာအကြောင်း မရှိတော့ဘူးပေါ့ဒါလင်(ချစ်ချစ်ကလေးရဲ့) မမဆိုလိုတဲ့အဓိပ္ပါယ် မောင်သဘောပေါက်ပါတယ်နော်- ကဲ-ပြောပါဦးလားမောင်ရယ်-မမထက်သာတဲ့သူများရှိကောရှိလို့လားလို့''ဟူ၍ခပ်ညုညုရေးသားသည်။

ယှင်းသို့ဖြင့် အီဒစ်က သူမ၏လင်ငယ်လေး ဘိုင်ဝါတားစ်အားပြိုင်ဘက်လင်ကြီးဖြစ်သူပါစီအပေါ်ဝန်တိုမစ္ဆရိယပွားအောင် သွေးထိုးပေးခဲ့သည်။ ယင်းအချက်အလက်အထူး ထင်ရှားစေသည့်စာတစ်ကြောင်း၌ ထိုသို့ရေးသားထားသည်ကို ဖတ်ရှုရသည်။ ''အဟုတ်ပဲဒါလင်၊ တကယ့်ကို သူ့ကိုမနာလိုဝန်တိုဖြစ်



နေတယ်မို့လား- မရှက်ပါနဲ့မောင်ရယ်-အမှန်တော့အဲလိုပဲဖြစ်ရမှာပေါ့-မောင်က သဘာဝတရားနဲ့ချစ်မေတ္တာသဘောအရမမကိုပိုင်ဆိုင်ခွင့်ရှိပေမယ့်- သူကတရားဥပဒေအရ ပိုင်ဆိုင်သူဖြစ်နေတာက ခက်နေတယ်မောင်- ဟုတ်ဖူးလားဒါလင်- သူ့ကိုမနာလိုမရှုစိမ့်ဖြစ်ကိုဖြစ်သင့်တာပေါ့၊ အဲလိုမျိုးများများမနာလိုမစ္ဆရိယများလေ- မောင်မှာတစ်ခုခုစွန့်စားဖို့ သတ္တိတွေရှိလာလေပေါ့မောင်''

သက်သေခံပေးစာများအားလုံး မကျေနပ်မှုများ ဖော်ပြပြီးသေကြေပျက်စီးအောင် တိုက်တွန်းစေ့ဆော်ထားခြင်းဖြစ်သည်။ အီဒစ်မှာ စိတ်ဓါတ်စစ်ဆင်ရေး တိုက်ပွဲဝင်နေကြောင်း ထင်ရှားနေသည်။ အိမ်ထောင်ရေး အဆင်မပြေ၊ မသာယာဖြစ်နေရှာကြသည့် အိမ်ရှင်မတို့နည်းတူ လင်ကြီးရှိနေသရွေ့ အမုန်းတရားအာဃာတရားတွေထားကာ ဆင်ကြံကြံနေကြောင်း ထင်ရှားနေပေသည်။ သူသည်ငယ်ရွယ်လှပပြီး စိတ်လိုက်မာန်ပါ ကမူးရှူးတိုးလုပ်တတ်သူဖြစ်၏။ မနူးမနပ်အရိုင်းကလေးနွားသိုးကြိုးပြတ်ဘိုင်ဝါးတားစ်သည် သူ့အကျိုးအတွက် လူသတ်မှုကို ကျူးလွန်မည်ဖြစ်၍ သူ့အချစ်ကို မိမိပိုင်ရမည်ဟု မြေကြီးလက်ခတ်မလွဲဟုလည်း အီဒစ်က စိတ်ချနေခဲ့သည်။

၁၉၂၂ ခုနှစ်၊ စက်တင်ဘာလ၌ ဘိုင်ဝါးတားစ်မှ သင်္ဘောခရီးရက်ရှည်မှ ပြန်လာခဲ့ပြီး သူတို့နှစ်ဦး တိတ်တဆိတ်ပြန်လည်ဆုံတွေ့ခဲ့ကြပြန်သည်။ အောက်တိုဘာလ(၃)ရက်နေ့နေ့လည်ခင်း၌ လန်ဒန်မြို့လက်ဘက်ရည်ဆိုင် တစ်ဆိုင်တွင်

ချစ်သူနှစ်ဦး ပြန်လည်ဆုံတွေ့ခဲ့ကြသည်။ ထို့နောက်အီဒစ်မှာ သူမခင်ပွန်းပါစီနှင့်အတူ ပြဇာတ်သွားကြည့်ခဲ့ကြသည်။ သူတို့ လင်မယားပြဇာတ်မှအပြန်တွင် အီလီဖို့ဘူတာရုံမှ ဘဲလ်ဂရေ့လမ်းမကြီးတလျှောက်အိမ်သို့ လမ်းလျှောက်ပြန်ခဲ့ကြသည်။ မှောင်ရိပ်ထဲမှ ဗြုန်းကနဲဘိုင်ဝါးတားစ်ပြေးထွက်လာခဲ့သည်။

သူတို့နှစ်ဦးစကားများရန်ဖြစ်ခဲ့ကြသည်။ ဘိုင်ဝါးတားစ်ကအိပ်ကပ်ထဲမှ သင့်ဆောင်လာခဲ့သည့် ဓါးမြှောင်ဆွဲထုတ်ပြီး သွန်မဆင်အား အချက်ပေါင်းများစွာ ထိုးခဲ့သည်။ ထိုစဉ် သက်သေတစ်ဦးက ဇနီးဖြစ်သူအီဒစ်၏ ငယ်သံပါအောင် အော်ဟစ်အကူအညီတောင်းသံကြားလိုက်ရသည်။ 'မလုပ်ပါနဲ့-မလုပ်ပါနဲ့' ဟူ၍ဖြစ်သည်။ ချောင်းမြောင်းတိုက်ခိုက်သူလူဆိုးမှာ အမှောင်ထဲတိုးဝင်ပျောက်ကွယ်သွားခဲ့သည်။ ဓါးထိုးခံရသည့် ပါစီသွန်မဆင်မှာ နေရာတွင်လဲကျပြီး သွေးများပါးစပ်မှ အံထွက်လာခဲ့သည်။

အီဒစ်မှာ သွေးရူးသွေးတမ်းဖြင့် ခြေကုန်သုတ်၍ ပြေးကာ အော်ဟစ်အကူအညီတောင်းခဲ့သည်။ မကြာမီလူတစ်အုပ်တွေ့ကာ ဆက်တိုက်အကူအညီတောင်းတော့သည်။ ''ဘုရား-ကယ်တော်မူပါ-ကျွန်မယောက်ျားကို ကယ်ကြပါ-ဓါးထိုးခံရလို့ သွေးထွက်နေလေရဲ့''ဟူ၍လည်း ငိုယိုအကူအညီတောင်းခဲ့သည်။ ထို့နောက် ဆရာဝန်သွားပင့်ကြသည်။ သို့သော်ဆရာဝန်မှာ အလာကောင်းသော်လည်း အခါနှောင်းကာ အသက်မမီလိုက်တော့ပဲ ပါစီမှာ သေဆုံးသွားခဲ့သည်။ အီဒစ်မှာ တကျချက်ငိုယိုကာ''ဆရာအလာနောက်ကျလို့ အသက်တောင်မမီလိုက်ပါလား''



အီဒစ်ကသူမယောက်ျားအား ဓါးနှင့်ထိုးပြေးသူလူဆိုးအမည်ကို မဖော်ခဲ့သော်လည်း ရဲအဖွဲ့ကဘိုင်ဝါးတားစ်အား ခြေရာခံပြီး မသင်္ကာမှုဖြင့် ဖမ်းဆီးခဲ့သည်။ ရည်းစားစာအချို့ကို သူ၏သဘော်ာရုံးခန်းအံဆွဲထဲမှ တွေ့ရှိခဲ့ပြီး ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။ ကျန်စာတို့ကို သူ၏မိခင်အိမ်မှရှာဖွေတွေ့ရှိ သိမ်းဆည်းခဲ့ကြသည်။ ယင်းစာတို့တွင် ဘိုင်ဝါးတားစ်၏ တိတ်တိတ်ပုန်းမယားအီဒစ်တို့ ဆက်သွယ်နေ့ကြောင်း ဖော်ပြပါရှိ၍ သူတို့စုံတွဲအားဖမ်းဆီးအရေးယူပြီး လန်ဒန်မြို့အိုလစ်ဘေလီတရားရုံးချုပ်တရားစွဲဆိုတင်ပို့ခဲ့သည်။ ဖရက်ဒရစ်အက်ဒ်ဝပ်ဖရန်စစ္စဘိုင်ဝါးတားစ်အား ပါစီသွန်မဆင်အား သတ်မှုဖြင့် စွဲချက်တင်ခဲ့ပြီး အီဒစ်ဂျက်စီသွန်မဆင်အား အခင်းဖြစ်ရာဇဝတ်မှုဖြစ်ပွားအောင် အားပေးအားမြှောက်လှုံ့ဆော်ပေးသူအဖြစ် စွဲချက်တင်ခဲ့သည်။

သွန်မဆင်က မိမိသည် သတ်ဖြတ်ရန်တိုက်တွန်းခဲ့သည်ဆိုသည်မှာ မှန်ကန်ကြောင်းဝန်ခံဖြောင့်ချက်ပေးခဲ့ပြီး လူသတ်မှုဖြစ်ပွားအောင် မရည်ရွယ်ခဲ့ကြောင်း ထွက်ဆိုခဲ့သည်။ ချောင်းမြောင်းနေသော ဘိုင်ဝါးတားစ်သည် မှောင်ထဲမှ ပြေးထွက်လာခဲ့ပြီး စွဲချက်အတိုင်း ပါစီသွန်မဆင်အား အသေအကြေဝင်ရောက်တိုက်ခိုက်ခဲ့သည်။ သူတို့နှစ်ဦး အော်ကြီးဟစ်ကျယ်ဖြင့် အောက်ပါအတိုင်း ရန်ဖြစ်ခဲ့ကြသည်။

**ဘိုင်ဝါးတားစ်** - ''ခင်ဗျားကြီးဘာကြောင့် ခင်ဗျား မယားကိုကွာရှင်းမပေးတာလဲဗျာ-ဟင်-ကလိန်ကကျစ်ကြီး''

**သွန်မဆင်** - ''ဟေ-သူဟာငါ့မယားလေကွာ- ငါသူနဲ့

ပေါင်းကိုပေါင်းသင်းရမှာပေါ့–အေးမင်းတော့လား ငါ့သေနတ်စာမိမယ်၊ မြဲမြဲမှတ်ထား''

သွန်မဆင်၌ သေနတ်ပါလာသည်ဟုထင်ခဲ့သည်။ သို့နှင့်ဘိုင်ဝါဟားစ်လည်း သူ့အသက်ကာကွယ်ရန်မါးမြှောင်ကို ဆွဲထုတ်ခဲ့သည်။ ''ကျွန်တော်သူ့ကိုသတ်ဖို့ မရည်ရွယ်ခဲ့ပါဘူး၊ သူ့ကိုအနာတရဒဏ်ရာရရုံသာ ရည်ရွယ်ခဲ့ပါတယ်။ သူ့ကိုကျွန်တော်နဲ့ယောက်ျားပီပီ နှစ်ယောက်ချင်းယှဉ်ပြိုင်တိုက်ခိုက်ဖို့ အခွင့်အရေးပေးခဲ့ပါတယ်။ ဒါပေမယ့် သူကအဲဒီအခွင့်အရေးကို မယူခဲ့ဘူး''ဟူ၍ ရုံးတော်တွင်တရားခံဝါးတားစ်က အစစ်ခံထွက်ဆိုခဲ့သည်။ အီဒစ်ထံမှ ရည်းစားစာများအကြောင်းနှင့်ပတ်သက်၍မေးမြန်းစစ်ဆေးခဲ့ရာ သူမဤသို့ပြန်ဖြေခဲ့သည်။ ယင်းစာများပါအတိုင်း အီဒစ်က သူမယောက်ျားပါစီသွန်မဆင်အား တကယ့်ကိုအဆိပ်ခတ်သတ်လိမ့်မည် ဆိုသည်ကို တွေးလည်းမတွေးမိ၊ ထင်လည်းမထင်ခဲ့၊ သူမဟာ ရာဇဝတ်မှုခင်းဝတ္ထုတွေများများဖတ်ခဲ့တယ်၊ သူမဟာသာစိတ်ကူးနဲ့ကြွေးကြော်ခဲ့တာပါ။ စိတ်ကူးယဉ်ဝတ္ထုဖတ်ပြီး ဝတ္ထုထဲကဇာတ်ကောင်လို သူမကိုယ်သူမစိတ်ကူးယဉ်ကြည့်ခဲ့တာဖြစ်ပါတယ်'' ဟူ၍လည်းထွက်ဆိုထုချေခဲ့လျှောက်လဲသွားခဲ့သည်။

တရားလိုရှေ့နေကလင်ကြီးဖြစ်သူ ပါစီသွန်မဆင်အားသတ်ဖြတ်ရန် အီဒစ်နှင့် ဘိုင်ဝါးတားစ်တို့နှစ်ဦးအခင်းဖြစ်နေ့လည်ပိုင်းက လက်ဘက်ရည်ဆိုင်တွင် နှီးနှောတိုင်ပင်ဇာတ်တိုက်ခဲ့ကြကြောင်း စွဲချက်တင်လျှောက်လဲခဲ့သည်။ တရားခံဘိုင်ဝါး



တားစ်က တစ်ဖက်အကျိုးဆောင်ရှေ့နေကြီး စွပ်စွဲချက်ကို မဟုတ်မမှန်ကြောင်း ငြင်းဆိုထုချေခဲ့သည်။ သို့ရာတွင်သူ့ထံမှ အီဒစ်ထံမှပေးစာရည်းစားစာတို့က အခင်းဖြစ်လူသတ်မှုနှင့်ပတ်သက်သည့်အကြံအစည်အကြောင်းအရာညှိနှိုင်းတိုင်ပင်ဆွေးနွေးချက်များ၊ မှန်းမာန်အမျက်နှင့် တဏှာရမက်ချစ်ခြင်းနှင့် ကြံတင်ကြံစည်မှုတို့မှာ မပြေးသော်ကံရာရှိဆိုသကဲ့သို့ ရှုပ်ထွေးပွေလိမ်စွာ ဆက်စပ်နေသည်ကို တွေ့ရှိရ၏။ ကြံရာပါတရားခံအီဒစ်၏ အကျိုးတော်ဆောင်ရှေ့နေကြီးက အထောက်အထားခိုင်လုံနေသောသက်သေခံသဲလွန်စ ပေးစာတို့ကို မခိုင်လုံသောသက်သေခံပစ္စည်းအဖြစ်တရားခွင်မှ ပုတ်ထုတ်ရန်ကြိုးစားထုချေလျှောက်လဲတင်ပြခဲ့သည်။ အခင်းဖြစ်လူသတ်မှုပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ရရန် လျှောက်ထားသော တရားခံ၏အယူခံမှာလည်း ပလပ်ခံခဲ့ရသည်။ တရားခံဘိုင်ဝါးတားစ်၏ သူ၏ချစ်သူအီဒစ်အား အခင်းဖြစ် လူသတ်မှုမှ ရှန်းထွက်လွတ်မြောက်သွားအောင် ကြိုးပမ်းထုချေဆင်ခြေလဲခဲ့သမျှလည်း သဲထဲရေသွန်အရာမထင် အရေးနိမ့်ခဲ့လေသည်။ သူမမှာ အခင်းဖြစ်အမှုနှင့် ပတ်သက်၍ကြားနာစစ်ဆေးခံရန် တာဝန်မရှိချေ။ သို့သော်တရားလို၏ရှေ့နေက တရားခံဘိုင်ဝါးတားစ်ထံမှ တွေ့ရှိသိမ်းဆည်းခဲ့သောရုံးရှေ့သက်သေခံတင်ပြီး ပြထားသည့် သူမထံမှပေးစာ ရည်းစားစာများနှင့် ပတ်သက်၍ပြန်လှန်မေးခွန်းထုတ်ရန်သာ အခွင့်အရေးရှိလေသည်။ သို့သော်လည်း ကြံရာပါ တရားခံဖြစ်သူ အီဒစ်ကစွပ်စွဲသူတစ်ဖက်တရားလိုရှေ့နေအား ရဲရဲဝံ့ဝံ့ရင်ဆိုင်ကာ တစ်ချိန်

လုံးထပ်တလဲလဲတင်ပြ၍တွင် အားမရနိုင်သေးပဲ တရားခွင်၌ပင် တင်ပြနေသောသူမထံမှ ပေးစာရည်းစားစာတို့နှင့် ပတ်သက်၍ ဖြစ်တင်ရှုတ်ချခဲ့လေသည်။

ယင်းရှုံးရှေ့သက်သေခံတင်ပြထားသော ရည်းစားစာတို့မှ ဆိုးဆိုးဝါးဝါးကောက်နှုတ်ချက်တို့မှာ မည်သည့်အကြောင်းအရာများဖြစ်ပါသနည်း တရားခွင်၌ ဖတ်ပြသောစာပုဒ်တို့မှာ တရားလိုရှေ့နေကြီး ရွေးချယ်ထားသောစာပုဒ်တို့ဖြစ်၏။ အလုံးစုံသောမေတ္တာစာ၊ ရည်းစားစာတို့နည်းတူ ကိုယ်ရေးကိုယ်တာလျှို့ဝှက်ချက်တို့ကို သွယ်ဝိုက်သောနည်းဖြင့် စာရေးသူ(အီဒစ်)က ရည်ညွှန်းရေးသားခဲ့ခြင်းဖြစ်ပါသည်။ ယင်းသို့သွယ်ဝိုက်ရည်ညွှန်းသည့်အဓိပ္ပါယ်ကို တိတ်တိတ်ပုန်းလင်ငယ်(ဝါ) မယားငယ်တို့သည် သဘောမပေါက်ပဲကိုယ်လိုရာတွေးပြီး ကျရောက်နေဆဲပစ္စက္ခအချစ်ရေးသပွတ်အူမှ ရုန်းထွက်ဖို့အမျိုးမျိုးတွေးတောကြံဆခဲ့ကြလေသည်။ လင်မယားကွာရှင်းပစ်ဖို့၊ ခိုးရာလိုက်ပြေးကြဖို့နောက်ဆုံးကုန်ကုန်ပြောရလျှင် သေကြောင်းကြံစည်ကြဖို့ပင် စဉ်းစားတတ်ကြသည်။ လူသတ်မှုမှာ သွယ်ဝိုက်သောရည်ညွှန်းချက်ကို အနက်မထင်တတ်သည့် တစ်လွဲချော်တွေးသူတို့ လုပ်တတ်သော နည်းတို့အနက် နည်းတစ်နည်းဖြစ်သည်။ အထက်ဖော်ပြပါထိရောက်သော လှုပ်ရှားမှုကိုရည်ညွှန်းပြောဆိုရေးသားသောသွယ်ဝိုက်သည့် နည်းများစွာ သို့မဟုတ် အလားတူတို့မှာ အနက်အဓိပ္ပါယ်အယူအဆ အကောက်အလွဲတတ်ဆုံးဖြစ်ပါသည်။

ကြံရာပါတရားခံမအီဒစ်သည် ဘိုင်ဝါးတားစ်သို့ ရေး



သားပေးပို့ခဲ့သော ရည်းစားစာတို့ထဲတွင် စကားလုံးပေါင်းထောင်သောင်းမက သုံးစွဲခဲ့ရာ အများအားဖြင့် ချစ်သောသူတို့နှလုံးသားမှ ပေါက်ကွဲထွက်ပေါ်လာခဲ့သော စကားလုံးများသာဖြစ်ပေသည်။ ယင်းသက်သေခံအဖြစ်တင်ပြထားသော ပေးစာတို့ကိုတည်းဖြတ်၍ အဓိပ္ပါယ်ပြန်ဆိုချက်အရ ယင်းပေးစာတို့သည် အခင်းဖြစ်လူသတ်မှု၏တရားခံမှာ အမျိုးသမီးလူသတ်သမား(အီဒစ်)အမှန်ပင်ဖြစ်ကြောင်း ပေါ်လွင်နေပါသည်။ လယ်ပြင်တွင်ဆင်သွားသလိုထင်ရှားပေါ်လွင်နေသည့် ကြောက်စရာ၊ လန့်စရာစာပုဒ်အချို့တို့မှာ ယင်းတို့၏ဆိုလိုရင်းအတိုင်း တစ်စုံတစ်ရာကို ရည်ညွှန်းပြောဆိုနေသည်မှာ ရှင်းနေသည်။ ယင်းတစ်စုံတစ်ရာဆိုသည်ကို တရားခံရှေ့နေကြီးပင် တရားခွင်၌ ရှင်းလင်းမပြခဲ့သောစာပုဒ်အဓိပ္ပါယ်ဖြစ်သည်။ ယင်းတရားခွင်၌ ရှင်းရှင်းလင်းလင်းမတင်ပြဝံ့သာစာပုဒ်မှာ တရားခံအီဒစ်စီစဉ်သည့် ကိုယ်ဝန်ဖျက်ချမှုပင်ဖြစ်သည်။ (သူမစာထဲ၌ "ဒါလင်သာ"(ဘိုင်ဝါးတားစ်)အရာရာကိုစွန့်စားရဲတယ်ဆိုယင် မမကလည်း လုပ်လိုက်လေကြာသလားလို့ အားလုံးကိုစိန်ခေါ်ဝံ့တယ်") တရားခံရှေ့နေကလည်း ထိုကိစ္စကို ညောင်မြစ်တူးလျှင် ပုတ်သင်ဥလုံးလုံးပေါ်မည် ဆိုသည်ကိုအတတ်သိရှိနေပါသည်။ ယင်းကဲ့သို့ ကိုယ်ဝန်ဖျက်ချမှုကြီးသာဖော်ထုတ်ခဲ့ပါလျှင် အရှက်တကွဲအကျိုးနဲဖြစ်ရမည့် လင်ကြီးရှိလျက် လင်ငယ်နေမှု၊ မျောက်မထားမှုဆိုသည့် ပုတ်သင်ဥပေါ်သွားပြီး ကျော်မကောင်းကြားမကောင်းဖြစ်သွားမည်ဖြစ်သည်။ ကလေးဖျက်ချသည့် ကိစ္စသာလူသိရှင်ကြား ဖြစ်သွားပါက အီဒစ်

မှာ အဖတ်ဆည်မရအောင် နာမည်ပျက်ကာ တံတွေးကွက်ထဲ ပက်လက်မျှောဖို့ပင် ရှိတော့သည်။

ယင်းရည်းစားစာထဲပါ လူသတ်ရန်ကြိုးပမ်းမှုကို တိုက်ရိုက်ရည်ညွှန်းရေးသားထားသော စာပုဒ်အနည်းငယ်မှာ အီဒစ်၏ လေလုံးမိုးလုံး ပြောကြားမှုများသာဖြစ်သည်။ သူမက ရုံးတော်၌ယင်းကဲ့သို့ ရေးသားခဲ့သည်မှာ ဘိုင်ဝါးတားစ်အား မိမိအလိုကို လိုက်၍ မိမိအားမခွဲနိုင်မခွာရက်အောင် ချည်နှောင်ရန် ကြိုးပမ်းအားထုတ်မှုများသာ ဖြစ်ပါသည်ဟု အစစ်ခံထွက်ဆိုခဲ့လေသည်။ အကယ်၍သာ ရုံးတော်မှ လိုပြသက်သေခံတင်ပြထားသည့် သမီးရည်းစားပေးစာ စာပုဒ်တို့ပါ အချက်အလက်တို့ကိုသာ အတည်ယူယုံကြည်ယူဆခဲ့ပါလျှင် ပါစီစားသောက်နေသည့် နေ့စဉ်အစားအစာတို့ထဲ၌ ပုလင်းပွဲ၊ ဖန်ကွဲစများနှင့် အဆိပ်ဆေးလုံးများပါသွားမည်မှာ မြေကြီးလက်ခတ်မလွဲပေ။ အမှန်စင်စစ် အသတ်ခံရသူ ပါစီ၏အလောင်းကို ခွဲစိပ်စစ်ဆေးခဲ့သည့် ရောဂါဗေဒပညာရှင် ဆရာဝန်၏ ဆေးစာ၌ အဆိပ်ကိုလည်းကောင်း၊ ဖန်ကွဲအစအနကိုသော်လည်းကောင်း၊ ပါစီသွန်မဆင်၏ ခန္ဓာကိုယ်ထဲတွင် သဲလွန်စမျှမတွေ့ရဟု ဖော်ပြအစီရင်ခံထားသည်။

အားလုံးအချက်အလက်တို့ကို ခြုံ၍ဆန်းစစ်ကြည့်လျှင် သက်သေအထောက်အထားတို့သည် အီဒစ်၏ချစ်သူ၏ သတ်လိုဖြတ်လိုသည့် စိတ်လိုက်မာန်ပါများ ဂမူးရှူးထိုးစိတ်ကို ညွှန်ပြနေသည်ကို တွေ့ရှိရသည်။ တရားခံဘိုင်ဝါးတားစ်အဖို့ သားကောင်ပါစီနှင့် တွေ့ဆုံရန်ချောင်းမြောင်းနေစဉ်က အထူးတလည်



လက်နက်ဆောင်စရာ မလိုပေ။ အခင်းဖြစ်လူသတ်မှုတွင် အသုံးပြုခဲ့သော လူသတ်လက်နက် ဓားမြှောင်မှာ သူ့ကုတ်အင်္ကျီအိတ်ထဲ အမြဲဆောင်ထားသည့်ဓားသာဖြစ်သည်။ (ပင်လယ်ပျော်သင်္ဘောသားများ နိုင်ငံရပ်ခြားဆိပ်ကမ်းတို့၌ အန္တရာယ်နှင့် တွေ့ကြုံလျှင် ကာကွယ်ရန် ဓားဆောင်ကြသည်မှာ အဆန်းမဟုတ်တော့ချေ။) အခင်းဖြစ်စဉ်က မျက်မြင်သက်သေတို့က လင်ဖြစ်သူ အလစ်ဝင်တိုက်ခိုက်ခံရပြီး ဓားဖြင့်အထိုးခံရသည်ကို မျက်မြင်ကိုယ်တွေ့ကြုံလိုက်ရသည့် ဇနီးသည် အီဒစ်မှာ စိတ်အားအလွန်ငယ်သွားပြီး တုန်လှုပ်ခြောက်ခြားသွားခဲ့သည်ဟု တညီတညွတ်တည်းအစစ်ခံထွက်ဆိုခဲ့ကြသည်။

ထိုအချိန်ကသူမက ''အို–ဒီလိုမလုပ်နဲ့လေ'' ဟု ဓားသမားအားလှမ်းတားယင်း ပတ်ဝန်းကျင်ကိုလည်း အော်ဟစ်အကူအညီတောင်းခဲ့သည်။ ထို့နောက်သူမချစ်သူ လူသတ်သမား ဘိုင်ဝါးတားစ် အဖမ်းခံရသည်ဆိုသော သတင်းကြားလိုက်ရသဖြင့်– ''အို–ဘုရားသခင်–သူဘာကြောင့်သူ့ကို သတ်ရတာလဲ၊ ငါ–သူ့ကိုဒီလိုအလုပ်ခိုင်းခဲ့တာမဟုတ်ဘူး'' ဟူ၍ရေရွတ်ယင်း ကြုံကြုံပါအောင်ချုံးမဲချငိုခဲ့လေသည်။

အီဒစ်မှ လင်ကြီးအား ဆင်ကြံကြံ၍ သေကြောင်းကြံစည်ခဲ့ပုံထင်ရှားပေါ်လွင်နေသည့် အချက်အလက်တို့ပင် ဖြစ်ပါသည်။ တရားပြိုင်တို့က ဝက်ခြံကလေးထဲမှ ကြားနာစစ်ဆေးခံနေသော တရားခံမအား မည်သို့ဖော်ပြကြသနည်း ဆိုလျှင် ဂျူရီလူကြီးတို့၏သနားညှာတာ ကင်းမဲ့လာအောင်တဏှာရမက်ကြီးမားပုံကို

သူမရုပ်ရည်က ပေါ်နေဟန်တွေ့ရသည်ဟုဆိုပါသည်။ ကြားနာစစ်ဆေးနေသည့် ရာဘတ်တရားသူကြီး၏ ကောက်ချက်၌ တရားခံနှစ်ဦးစလုံးအပေါ် ပြင်းစွာအမျက်ထွက်ပြီး စူဠသုဘဒ္ဒါလို မိန်းမ အီဒစ်၏သူမချစ်သူအပေါ်ထားရှိသည့် ကောက်ကျစ်စဉ်းလဲသောချစ်မေတ္တာကိုလည်း ရည်ညွှန်းဖော်ပြထားသည်။ ဂျူရီလူကြီးတို့လည်း အခင်းဖြစ်အမှုကို စီရင်ချက်ချရန် သူတို့အဆုံးအဖြတ်ကို ၂ နာရီကြာမျှ ဆွေးနွေးစဉ်းစားခဲ့ကြသည်။

ရှေ့ဖက်စာရေး။ ။ ဂျူရီအဖွဲ့ဝင်လူကြီးမင်းများခင်ဗျား၊ လူကြီးမင်းတို့ ဆုံးဖြတ်ချက်(ကောက်ချက်)ကို အားလုံးလက်ခံ သဘောတူပြီးကြပါပြီလား။

ဂျူရီအဖွဲ့ဝင်ဦးစီးနာယက။ ။ သဘောတူပြီးကြပါပြီ။

ရှေ့ဖက်စာရေး။ ။ တရားခံအကျဉ်းသား ဖရက်ဒရစ် အက်ဒ်ဝပ် ဘိုင်ဝါးတားစ်ဟာ အခင်းဖြစ် ပါစီသွန်မဆင်အား သတ်မှုတွင် အပြစ်ရှိသလော၊ ဂျူရီလူကြီးမင်းတို့ ဆုံးဖြတ်ပြီးကြပါပြီလား။

ဂျူရီအဖွဲ့ဝင်ဦးစီးနာယက။ ။ အပြစ်ရှိပါသည်။



ရှေ့ဖတ်စာရေး။ ။ အခင်းဖြစ်ပါစီသွန်မဆင်လူသတ်မှု၌ တရားခံမ အီဒစ်ဂျက်စီသွန်မဆင်အား အပြစ်ရှိသည်သို့မဟုတ် အပြစ်မရှိဟု ဂျူရီလူကြီးမင်းတို့ မည်သို့မြင်ပါသနည်း။

ဂျူရီအဖွဲ့ဦးစီးနာယက။ ။ အပြစ်ရှိပါသည်။

ရုံးတော်မှတရားခံဘိုင်ဝါးတားစ်အား သေဒဏ်စီရင်ချက်မချမှတ်ခင် ဘာများပြောချင်ပါသေးသလဲဟု မေးခဲ့သည်။ ဘိုင်ဝါးတားစ်က''ဂျူရီလူကြီးမင်းတို့ရဲ့ ဆုံးဖြတ်ချက်ကောက်ချက်ဟာ မှားယွင်းနေပါတယ်။ အီဒစ်သွန်မဆင်မှာ လုံးဝအပြစ်မရှိပါခင်ဗျား။ ကျွန်တော်ဟာ လူသတ်သမားမဟုတ်ဘူး လုပ်ကြံသတ်ဖြတ်သူလဲ မဟုတ်ဘူး''ဟူ၍ ပြောကြားသွားခဲ့သည်။ တရားသူကြီးမင်းက တရားခံတို့အပေါ် လူသတ်မှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှား သေဒဏ်အမိန့်ချမှတ်လိုက်သည်နှင့် တရားခံမအီဒစ်မှာ သွေးရူးသွေးတမ်း ထအော်လိုက်ပါသည်။ ''ကျွန်မမှာအပြစ်မရှိဘူး။ အိုဘုရားသခင်–ဘုရားတပည့်တော်မမှာ အပြစ်မရှိပါဘုရား''

သူမ၏အယူခံလွှာမှာလည်း ပယ်ချခံရသည်။ တရားခံမအီဒစ်အတွက် ပြည်သူထောင်ပေါင်းများစွာ လက်မှတ်ရေးထိုးပြီး ပြည်ထဲရေးဌာနအတွင်း ဝန်ခံတင်သွင်းခဲ့ကြသည်။ သို့သော် မူလစီရင်ချက်အမိန့်အတိုင်း တည်စေပြီး လွတ်ငြိမ်းချမ်းသာခွင့်မပေးခဲ့ချေ။ တရားခံအီဒစ်၏ ကြိုးတိုက်ထဲသို့ သူမမိခင် ထောင်ဝင်စာ

လာရောက်တွေ့ဆုံခဲ့သည်။ အမေဖြစ်သူက" နေစမ်းပါဦး သမီးရဲ့၊ ဘာကြောင့်များ ညည်းလင်ငယ်လေးဆီ ရည်းစားစာတွေ စာတစ်တန်ပေတစ်တန် ရေးရသလဲလို့ဟင်–"ခေါင်းငိုက်စိုက်ချယင်း သူမကပြန်ဖြေခဲ့သည်။ "သူ(ဘိုင်ဝါးတားစ်)သမီးဆီ ရေးခဲ့တဲ့စာတွေကိုတော့ ဘယ်သူမျှမသိကြပါဘူး မေမေရယ်"

ဘိုင်ဝါးတားစ်မှာ နောက်ဆုံးကြိုးစင်တက်သည်အထိ သူ့ချစ်သူအီဒစ်၌ အပြစ်မရှိပါဟု တစာစာအော်ဟစ်သွားခဲ့သည်။ သူကကြိုးမိန့်ကို တည်တည်ငြိမ်ငြိမ်လက်ခံပြီး စာတစ်စောင်ရေးသားသွားခဲ့သည်။ သူ့စာထဲ၌"အီဒစ်အဖို့ ရာဇဝတ်သားတစ်ဦးကဲ့သို့ ကြိုးပေးအသတ်ခံရသည်မှာ လွန်စွာမှကြောက်စရာကောင်းလွန်စွာမှရက်စက်လွန်းရာကျပါသည်။ သူမသည် လူသတ်မှုကို မကျူးလွန်ခဲ့သည်။ ကျူးလွန်သူက ကျွန်တော်သာဖြစ်ပါသည်။ သူမဘယ်တုန်းကမှ ယင်းသို့သော လူသတ်မှုမျိုးကိုမျှ မကြံစည်ခဲ့ဘူးပေ။ ထိုသို့သော အကြံအစည်ကိုလည်း သူမမသိနားမလည်ခဲ့ရှာပါ။ သူမမှာအပြစ်ကင်းစင်သူ၊ အပြစ်မဲ့သူသာဖြစ်ပါသည်။ လုံးဝအပြစ်ကင်းစင်ပါသည်။ သူမမှာ အပြစ်ကင်းစင်သူ၊ အပြစ်မဲ့သူသာဖြစ်ပါသည်။ လုံးဝအပြစ်ကင်းစင်ပါသည်။ သူမကို ကြိုးပေးသတ်ကြတော့မည်ဆိုခြင်းကို ကျွန်တော်ဖြင့် ယုံတောင်မယုံကြည်နိုင်လောက်အောင် ဖြစ်မိပါတယ်" ဟူ၍ရေးသားဖော်ပြထားခဲ့သည်။

သို့သော်သူတို့နှစ်ဦးစလုံး ကြိုးဒဏ်ခံသွားခဲ့ကြရသည်။ ၁၉၂၃ ခုနှစ်၊ ဇန်နဝါရီလ(၉)ရက်နေ့ နံနက်တွင် သွန်မဆင်နှင့်



ဘိုင်ဝါးတားစ်တို့ နှစ်ဦးစလုံး အသီးသီး ကြိုးမိန့်ကျသွားခဲ့ကြသည်။ ဖရက်ဒရစ်ဘိုင်ဝါးတားစ်သည် သူ၏နေ့ဝင်ချိန်ကို ရဲရဲဝင့်ဝင့်ဖြင့်ပင် ပန်တွိုင်းထောင်ကြီးချုပ်ကြိုးစင်၌ ရင်ဆိုင်သွားခဲ့သည်။ ဟိုးလိုးဝေးထောင်ကြီးချုပ်၌ အီဒစ်သွန်မဆင်အား ကြိုးစင်သို့ ခေါ်ဆောင်လာခဲ့ကြသည်။ သူမမှာ သေဘေးနှင့် ကြုံရတော့မည်ဖြစ်၍ ထိတ်လန့်တုန်လှုပ်လွန်းသဖြင့် မတ်တပ်မှ လဲကျခဲ့ရာ ထောင်အမှုထမ်းတို့ ဝိုင်းဝန်းကူမပြီး ကြိုးစင်တင် လည်ပင်းကြိုးကွင်းစွပ်၍ ကွပ်မျက်လိုက်ကြသည်။

ပုံစာ။ ။ (၁) အီလီဖို့တူဟာရုံတွင် လူသတ်ကောင်ဖရက်ဒရစ်ဘိုင်ဝါးတားစ်အား လက်ရ ဖမ်းဆီးလိုက်စဉ်။

(၂) ဘိုင်ဝါးတားစ်အား စစ်ဆေးမေးမြန်းနေစဉ်။